www.burmeseclassic.com

# နေမင်းသူရိုန်

ဒေါက်တာထွန်းလူနှင့်

မနုရက္ခဝိညာဉ်



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

### ပြည်သူ့သဘောထား

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

စီးပွားရေး ဦးတည်ချက် (၄) ရပ်

လူမှုရေး ဦးတည်ချက် (၄) ရပ်

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

BURMESE CLASSIC

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘုရား၊ တရား၊ သံဃာတို့ကို ဦးစွာကန်တော့ပါ၏။

ကျေးဇူးရှင်မိခင်ကြီးနှင့်ကွယ်လွန်သွားပြီဖြစ်သော ဖခင်ကြီးတို့အား ဝပ်တွားဦးခိုက်၍ ဤစာအုပ်ဖြင့် ကျေးဇူးဆပ်ပါ၏။

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအပေါင်းနှင့်တကွ မြင်အပ်သော ဆရာသမားများ၊ မမြင်အပ်သော ဆရာသမားများနှင့် ကကြီးမှ အ, အဆုံးဗျည်း ၃၃လုံး၊ အ, အိ, အု,အေ, အဲ, အော, အံ, အို သရရှစ်လုံးတို့၏ ကျေးဇူးကိုလည်း လက်ဆယ်ဖြာနှင့် ရှိခိုးပါ၏။

ဤစာအုပ်အား ပရိသတ်ရှေ့မှောက်ရောက်စေရန် ဝိုင်းဝန်းကူညီကြသော ကျေးဇူးတင်ထိုက်သူအားလုံးလည်း အထူးကျေးဇူးတင်လျက် . . . ။

ဤဇာတ်လမ်းကို ဖတ်၍ သင့်အတွက် အဆိပ်မဖြစ်ဘဲ အကျိုးရှိရာတစ်စုံတစ်ခု (စိတ်ပိုင်းဖြစ်စေ၊ ရုပ်ပိုင်းဖြစ်စေ) ခံစားရရှိမည်ဆိုပါက ကျွန်ုပ်ကြီးစားရကျိုးနပ်ပါပြီ။

စာပေသစ္စာမွန်ဖြင့်
(နေမင်းသူရိန်)
၁၉. ၈. ၂၀၀၃ (အင်္ဂါနေ့)
ည ၁၁း၁၅ နာရီ
စာနယ်ဇင်းအဖွဲ့ဝင်အမှတ် ၆၅၆၄

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၉၄၄/၂၀၀၄ (၉)

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၂၄၅၀၅၀၃

ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ၂၀၀၅၊ မေလ။

ထုတ်ဝေသူ - ဦးတင့်လွင် (၃၅၂၃)
(သော်ကာလစဉ်)
အမှတ် ၆၀၅၊ သုမေ္ဓာလမ်း၊
၅-တိုးချဲ့ရပ်ကွက်၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့် - ဦးအေးလွင် (၂၅၅၉)

အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၁/၃၃၊ ၅၃ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။

တန်ဖိုး - ၆၀၀ ကျပ်

အုပ်ရေ - ၁၀၀၀

BURMESE CLASSIC

တစ်ခုသော ညနေခင်း၌ ကျွန်ုပ်နှင့်ဒေါက်တာထွန်းလူတို့သည် ပင်လယ်ကမ်းခြေ၌ လမ်းလျှောက်ဖြစ်ကြ၏။ ထိုကမ်းခြေမှာ ရောဝတီတိုင်း၊ လပွတ္တာမြို့နယ်တွင်းဟု သိရပြီး လပွတ္တာမှ မည်မျှဝေးသည်။ သို့မဟုတ် ပုသိမ်မှ မည်မျှဝေးသည်ကိုမူ ကျွန်ုပ် မသိပါ။

ကျွန်ုပ်တို့ရောက်နေသည်ကား ဤပင်လယ်ကမ်းခြေနှင့် နာရီဝက်ခရီးလမ်းလျှောက်ရသော အိမ်ခြေငါးဆယ်ကျော်ခန့်သာရှိသည့် ရွာငယ်ကလေးဖြစ်၏။ ထိုရွာသို့လာရခြင်း အကြောင်းကို နောက်မှ ဖော်ပြပါမည်။ ယခုလောလောဆယ် ကမ်းခြေတွင် လမ်းလျှောက်နေခြင်းကို ဆက်လက်ရေးပါအံ့။ ကျွန်ုပ်နှင့်ဒေါက်တာထွန်းလူတို့ စကားမပြောဖြစ်ကြဘဲ ဆားငံရည်နံ့သင်းနေသော ပင်လယ်လေပြင်းပြင်းကို ရှူရှိုက်ရင်း ကိုယ့်အတွေးနှင့်ကိုယ် လျှောက်နေကြခြင်းဖြစ်သည်။

အဆုံးမဲ့ပင်လယ်ကို ဖြတ်တိုက်လာသော လေသရမ်းသည် ပင်လယ်ရေကို တစ်တောင်ခန့် တစ်ထွာခန့်ရှိသော လှိုင်းများဖြစ်စေ၏။ ထိုလှိုင်းခေါင်းဖြူတို့သည် ဒေသာင့်ကမ်းပေါ်သို့ အလုံ အယက်ပြေးတက်လာလိုက် ကမန်းကတန်းပြန်ဆင်းသွားလိုက်နှင့် တာဝန်တစ်ခုကို ထမ်းဆောင်နေသည့်နှယ် မမောနိုင် မပန်းနိုင် ပြုလုပ်နေကြရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ယောက်လျှောက်နေကြသည်မှာ သောင်ပြင်သဲခုံကြီး၏ အဆုံးဖြစ်သော အုန်းပင်တန်းများအရင်း၌ ဖြစ်သည်။ ဆားငံရည်ကြိုက်သော အုန်းပင်မြင့်မြင့်မားမားတို့သည် လေတိုက်လိုက်တိုင်း တရှိုးရှိုး တဝေါဝေါနှင့် လေတိုးသံကိုပြုကြသည်။

တစ်နေရာအရောက် ဒေါက်တာထွန်းလူခြေစုံရပ်ကာ ပင်လယ် ပြင်သို့ မျက်နှာမူလိုက်၏။ ကျွန်ုပ်လည်း သူရပ်သလို ရပ်ကာ ပင်လယ်ဘက်လှည့်ပြီး အသက်ပြင်းပြင်း ရှူနေသည်။

"ဒီရာသီနဲ့ ဒီလိုအခြေအနေမှာ ပင်လယ်ဟာ အပြစ်မရှိသလိုပဲနော်"

အစမရှိပြောလိုက်သော ကိုထွန်းလူ၏စကားကြောင့် ကျွန်ုပ်သူ့ကို လှည့်ကြည့်မိသည်။ သည်လူ ဘာကိုရည်ရွယ်၍ ပြောပါလိမ့်ဟု တွေးလိုက်ဖြစ်သည်။

"ပင်လယ်ပြင်ပဲဗျာ၊ ဘာအပြစ်ရှိရမှာလဲ၊ သူ့ခမျာ လှိုင်းခေါင်းဖြူတွေကို အလှည့်ကျ ကမ်းဆီပို့နေရတာနဲ့တင် ပင်ပန်းလှပါပြီ၊ ဒါကို ခင်ဗျားက အပြစ်တင်ချင်သေးတယ်"

"ခင်ဗျားက ပင်လယ်အကြောင်းကိုမှ မသိတာဗျ၊ ပင်လယ်ဆိုတာ လျှို့ဝှက်ချက်တွေအများကြီးရှိတဲ့အရပ်၊ ရက်စက်တယ်၊ ကြမ်းကြုတ်တယ်၊ ဘယ်သူ့မျက်နှာမှမထောက်တတ်ဘူး"

ပင်လယ်၏ဆိုးကွက်များကို မနားတမ်းပြောနေသော ကိုထွန်းလူကို ကျွန်ုပ်ဘုကြည့်ကြည့်လိုက်ပြီး မေးတင်နေသော နေလုံးနီရဲရဲကြောင့် နီစွေးစွေးဖြစ်နေသော ပင်လယ်ကိုငေးလျက်. .



"ကိုထွန်းလူ . . ပင်လယ်ကို တော်တော်မုန်းတီးနေပုံရတယ်၊ ပင်လယ်နဲ့ပတ်သက်ပြီး ခံစားချက်ပြင်းပြင်းရှိပုံရတယ်"

"ဟုတ်တယ် ကိုအောင်ပွင့်၊ ကျုပ်မှာ ပင်လယ်ရဲ့ ရက်စက်မှုတွေကို အပြင်းအထန် ခံစားခဲ့ရဖူးတယ်လေ. ."

ကျွန်ုပ်ပြောတာ မှန်သွားသောကြောင့် မေးတစ်ချက်ဆတ်ပြလိုက်ပြီး. . .

"ခင်ဗျား ဘယ်လိုပဲ မကျေနပ်နေသည်ဖြစ်စေ ခုလောလောဆယ်ပင်လယ်ကို ကြည့်လိုက်ပါဦး ဘယ်လောက်လှပြီးချစ်စရာ ကောင်းလိုက်သလဲဗျာ နုညက်ပြီးလှနေတဲ့လေးဆယ်ကျော် မိန်းမတစ်ယောက်ရဲ့အလှကို ခံစားနေရသလိုပဲ"

"တယ်ဆိုတဲ့ စာပါလား"

"ဟုတ်တယ်လေဗျာ ဟိုမှာကြည့် နီရဲနေတဲ့နေလုံးကြီးက ပင်လယ်ထဲကို ခုန်ဆင်းတော့မယ် သူ့ရဲ့နီရဲရဲအရောင်တွေဟာ လောကဓာတ်နဲ့ပင်လယ်ကိုပါ အရောင်ကြပ်ထားလိုက်တာ ကြည့်စမ်းပါဦး ဘယ်လောက်လှလဲ၊ ပင်လယ်ပြာဆိုတာ ခုတော့ပင်လယ်နီဖြစ်နေပြီ၊ ဒါသဘာဝတရားရဲ့ဖမ်းစားမှုပဲ ဟိုးကအိပ်တန်းပြန်ငှက်တွေရယ် ရွာခြေကိုပြန်ဝင်လာနေတဲ့ တံငါလှေကလေးတွေရယ် ဒါတွေဟာ ဒီရှုခင်းကို အသက်ဝင်စေတာပဲပေါ့"

"ဟင်း. . ဟင်း. . ကျုပ်စာရေးဆရာကို ပြိုင်မပြောတော့ပါဘူး၊ အရှုံးပေးပါတယ်ဗျာ အချိန်ရလို့ ပင်လယ်ရဲ့ရက်စက်

www.burmeseclassic.com



ကြမ်းကြုတ်မှုကို ပြောတဲ့အခါ ခင်ဗျားသဘောပေါက်မှာပါ။ ကဲ ကျုပ်တို့ ရွာဘက်ပြန်ကြစို့"

နေလုံးကြီးတဝက်နီးနီး ပင်လယ်တွင်းသို့ နစ်မြုပ်နေပြီ။ မကြာခင် နေမင်းကွယ်ပျောက် ညရောက်တော့မည်။ ကျေးလက်၏ညအမှောင်သည် ကြယ်ရောင်လရောင်အပြင် အခြားအလင်းမရှိသည်မို့ ယခုကဲ့သို့လပြည့်ကျော် ၁၃ရက်လိုညမျိုးတွင် လရောင်မဲ့ကာ မှောင်နေပေတော့မည်။

"ဟုတ်တယ် ဒေါက်တာရေ တော်ကြာဆိုမှောင်တော့မှာ"

"ကျုပ်တို့ရွာခြေအရောက်မှာ မှောင်နေပြီပေ့ါ"

ဒေါက်တာထွန်းလူ ပြောပြောဆိုဆို ရွာမြောက်သို့ ခြေဦးလှည့်လိုက်သည်။

ဒေါက်တာထွန်းလူသည် ရူကွဲဗေဒဘာသာရပ်တွင် ဒေါက်တာဘွဲ့ရထားသူဖြစ်၏။ ရူကွဲဗေဒပညာရှင်တစ်ယောက်ဖြစ်သော်လည်း သူသည် စုံထောက်ရခြင်းပညာကို လွန်စွာစိတ်ဝင်စား၏။ ထို့ပြင် စွန့်စွန့်စားစားလှုပ်ရှားရသည်ကို ပို၍ဝါသနာပါသည်။ ထို့ကြောင့် စွန့်စားလှုပ်ရှားရသော စုံထောက်အလုပ်ကိုလုပ်လေ့ရှိသည်။ ငှားသူရှိပါက အလွတ်စုံထောက်သဖွယ် ခက်ခဲ၍ အသက်စွန့်ရမည်ကဲ့သို့သော အမှုများကိုပင် လိုက်လံစုံစမ်းထောက်လှမ်းတတ်သော အကျင့်ရှိသည့်အပြင် တချို့အမှုများကိုလည်း အမှုအပ်သူမရှိပါဘဲလျက် သူ့စာရိတ်သူစားကာ အမှုမှန်ပေါ်အောင် ထောက်လှမ်းလေ့ရှိသည်။



ယခုလည်း အမှုတစ်ခုအတွက် ဤကမ်းခြေငယ်ကလေးသို့ ရောက်လာခဲ့ခြင်းဖြစ်၏။

အမှုက လပွတ္တာမြို့နယ်တွင်း၌ ဖြစ်ခဲ့ခြင်းဖြစ်သည်။ အမှု၏ တွင်းဆက်များကို လိုက်လံစုံစမ်းရာ ကမ်းခြေရွာနှင့် ပတ်သက်မှုရှိသည်ဟု ယူဆသောကြောင့် ဤရွာကလေးဆီ ရောက်လာခဲ့ကြသည်။ ဤအမှုတွင် ငှားရမ်းသူရှိသော်လည်း ငွေမရ။ တာဝန်ရှိသူမြန်မာပြည်သားတစ်ယောက်အနေဖြင့် တာဝန်ကျေပွန်စေရန် ကိုယ့်စားရိတ်ကိုယ် စား၍ စုံစမ်းရန်ထွက်လာခဲ့ကြခြင်းဖြစ်လေသည်။

အမှုကို စတင်သိရှိခဲ့ရခြင်းကား အောက်ပါအတိုင်းဖြစ်လေတော့သည်။

xxxxx

တစ်ခုသော နံနက်ခင်း၌ ဖြစ်ပါသည်။

ရုံးပိတ်ရက်ဖြစ်သောကြောင့် ကျွန်ုပ်လည်း အတော်နေမြင့်မှ အိပ်ရာထဖြစ်ခဲ့သည်။

"ဘယ့်နှယ် ခုမှအိပ်ရာထသလားဗျာ"

ကျွန်ုပ်အခန်းအပြင်သို့ ထွက်လာချိန်၌ ဒေါက်တာထွန်းလူ တစ်ယောက် အားကစားဝတ်စုံနှင့် ချွေးသံရွှဲရွှဲ နံနက်ပိုင်းလေ့ကျင့်ခန်းလုပ်ပြီးချိန်ဖြစ်နေပြီ။

"အေးဗျာ ဒီနေ့ဆန်းဒေးဆိုတော့ အေးအေးဆေးဆေး အိပ်ပစ်လိုက်တာ၊ ခင်ဗျားတောင် လမ်းလျှောက်ပြန်လာပြီ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"လမ်းလျှောက်ပြန်လာရုံမဟုတ်တော့ဘူး၊ ကော်ဖီဖျော်ပြီးပြီဗျ၊ ပေါင်မုန့်မီးကင် ထောပတ်သုတ်ထားတယ်၊ ခင်ဗျား နိုးလာရင် အဆင်သင့်စားလို့ရအောင်"

"သင့် (Thank). . . ကိုထွန်းလူ ကျေးဇူးအများကြီးတင်ပါတယ်ဗျာ၊ ကျွန်တော်ကမန်းကတန်း ရေချိုးလိုက်ပါ့မယ်"

ကျွန်ုပ် ရေချိုးခန်းဝင်ပြီး အလျင်အမြန်ရေချိုးလိုက်သည်။ ရေချိုးပြီး ပြန်ထွက်လာချိန်တွင် ကိုထွန်းလူက ကျွန်ုပ်အတွက် ကော်ဖီငှဲ့ထဲ့ပေးထား၏။ ကျွန်ုပ်ရေသုတ်ရင်း စားပွဲတွင် ဝင်ထိုင်လိုက်၏။ ပေါင်မုန့်ထောပတ်သုတ်စားပြီး ကော်ဖီတစ်ခွက်ကို နှစ်ကျိုက်မျှဖြင့် ကုန်အောင် မော့သောက်ချလိုက်တော့သည်။

ကျွန်ုပ်ကား အင်္ဂလိပ်အစိုးရလက်အောက်၌ ဝန်ထမ်းအဖြစ် လုပ်ကိုင်နေသူဖြစ်၍ ရုံးထုံးစံအတိုင်းစနေနေ့ နေ့တစ်ဝက်နှင့် တနင်္ဂနွေနေ့ တစ်နေ့လုံးရုံးပိတ်သဖြင့် ထိုရက်များ၌သာ ဒေါက်တာထွန်းလူနှင့် နေကုန်တွေ့ရတတ်ပြီး အခြားရက်များတွင်(ကိုထွန်းလူအိမ်ကပ်သော ရက်များတွင်) ကျွန်ုပ်ရုံးမှ ပြန်ရောက်လာသောအခါ အတူထမင်းစားဖြစ်၊ စကားပြောဖြစ်ကြသော်လည်း ကိုထွန်းလူအလုပ်များသောရက်များ အမှုလိုက်နေသောရက်များ၌ တစ်အိမ်ထဲအတူနေကြပေမယ့် စကားမပြောဖြစ်သည့်ရက်များပင် ရှိတတ်ပါသည်။

"ခုတလော အတော်ပျင်းဖို့ကောင်းတယ်ဗျာ၊ ခင်ဗျားလည်း အမှုအပ်သူမရှိဖြစ်နေတယ် မဟုတ်လား"



"ဟုတ်တယ် ကိုအောင်ပွင့်ရေ ဒါကြောင့် ဘာလုပ်ရင်ကောင်းမလဲ စဉ်းစားနေတာ နေရှင်နယ်လိုင်ဘရီသွားပြီး စာဖတ်ရင်ကောင်းမလားလို့"

"ဘယ်မှသွားစရာမရှိလည်း (BOXING) လက်ဝှေ့ပွဲရှိတယ်လေဗျာ၊ မထမအလံလုပွဲဗျ၊ ဒီနေ့ပွဲက စိုင်းလုံနဲ့မဲကြီးတို့ ထိုးကြမှာ၊ အတော်ကြည့်ကောင်းမယ့်ပွဲဗျ"

ကိုထွန်းလူလည်း ပေါင်မုန့်ထောပတ်သုတ်တစ်ချပ်ကို ပလုပ်ပလောင်းစားရင်း. . .

"အင်း. . မဆိုးဘူးဗျ ခင်ဗျားအစီအစဉ်ကောင်းသားပဲ၊ အခြေအနေပေးရင် ကျုပ်တောင် တစ်ပွဲတစ်လန်းလောက် ဝင်နွဲလိုက်ချင်သေးတယ်"

လက်ဝှေ့ပွဲလည်း ဒီလူပါတာပဲဟူသည့်သဘောဖြင့် ကျွန်ုပ် ကိုထွန်းလူကို တစ်ချက်ကြည့်လိုက်မိသည်။ ကိုထွန်းလူက ကျွန်ုပ်၏အကြည့်ကို ချက်ချင်းဘာသာပြန်လိုက်နိုင်သည် ထင်၏။ ခပ်ပြုံးပြုံးမျက်နှာထားဖြင့် ကျွန်ုပ်ကို စေ့စေ့ကြည့်ရင်း. .

"ခင်ဗျားအကြည့်တွေက ကျုပ်ကို ပါလေရာငါးပိချက်လို့ ပြောနေသလိုပဲ ဘာလဲဗျ ကျုပ်လက်ဝှေ့ မထိုးတတ်ဘူး ထင်လို့လား"

"ဒေါက်တာက လက်ဝှေ့ထိုးတတ်တယ်လား"

"ထိုးတတ်ပြီလားဗျာ ခုခေတ်အခါကြီးမှာ ကျုပ်တို့မြန်မာတွေ မြန်မာ့လက်ဝှေ့ကို ပိုင်ပိုင်နိုင်နိုင်ကို ထိုးတတ်သင့်တယ်ဗျ"

"ဘာကြောင့်လဲ ကိုထွန်းလူရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့လို ဗြိတိသျှဝန်ထမ်းတွေကို ပြောရတာ လက်ပေါက်ကပ်တယ်ဗျာ၊ မြန်မာလက်ဝှေ့ဆိုကတည်းက မြန်မာအမျိုးသားထု တစ်ရပ်လုံးပိုင်ဆိုင်တဲ့ အားကစား တစ်ရပ်ဗျ၊ ဇာတ်သွေး ဇာတိမာန်တက်ကြွစေတဲ့ အမျိုးသား ကိုယ်ခံပညာတစ်ရပ်ဖြစ်တယ်"

"ဘာကြောင့် အမျိုးသားကိုယ်ခံပညာလို့ပြောရတာလဲ ကိုထွန်းလူ၊ ဘာအထောက်အထားရှိလို့လဲ၊ ဗြိတိသျှတွေမှာ လည်း လက်ဝှေ့ပညာဆိုတာရှိတာပဲ မဟုတ်လားဗျ"

"ဟုတ်ပါတယ် သူတို့မှာလည်း လက်ဝှေ့ပညာဆိုတာ ရှိတာပါပဲ၊ ဒါပေမယ့် ကျုပ်တို့မြန်မာရိုးရာလက်ဝှေ့ပညာရဲ့ အစကို ဘယ်သူတွေဆီကမှ ဘယ်ခေတ်ကစခဲ့တယ်ဆိုတာ သေသေချာချာ မပြောနိုင်ဘူးဗျ၊ အနီးစပ်ဆုံးအယူအဆ တစ်ခုကတော့ ပုဂံကောင်းစားစဉ် အနော်ရထာမတိုင်ခင်က အရည်းကြီးဆိုတဲ့ တက္ကဒွန်းတစ်မျိုးရှိခဲ့ဖူးတယ်၊ အနော်ရ ထာမင်းနှိမ်နင်းလို့ ကွယ်ပျောက်ခဲ့ရတာ ခင်ဗျားသိပြီးသား ပါ"

ဒေါက်တာထွန်းလူ၏ စိတ်ရင်းအတိုင်း အမျိုးသားရေး တိုင်းရေးပြည်ရေးများပြောလာသည့်အခါ စိတ်ရော ကိုယ်ပါ တက်ကြွလာလေပြီ၊ အင်္ကျီလက်ကိုပင့်တင်လိုက်ပြီး . .

"အဲဒီအရည်းကြီးတွေဟာ မြင်းစီး၊ ဓါးခုတ်၊ လှေလှော်၊ လှံထိုး၊ နပမ်းလုံး၊ လက်ဝှေ့ထိုးသတ်ခြင်းကို အထူးလေ့



ကျင့်ပြီး အားစမ်းပွဲတွေ လုပ်ကြတယ်ဗျ၊ ဒါ့ကြောင့် လက်ဝှေ့ဟာ ပုဂံခေတ် ကတည်းကပေါ်ပေါက်နေပြီလို့ ယူဆရ တာပဲ၊ ဒါကြောင့် ရိုးရာအားကစားလို့ ခေါ်တာပေါ့ဗျ၊ ဟုတ်တယ်မဟုတ်လား"

"ဟုတ်ပါတယ်ဗျာ ဟုတ်ပါတယ် ခင်ဗျားဟာလေ စုံလည်း စုံတဲ့လူပဲ"

"ဟင်းဟင်း. . ဟိုစာအုပ်ဖတ် သည်စာအုပ်လှန်နဲ့ ဒါမျိုး တွေကိုဖတ်စရာရှိဖတ်၊ မှတ်စရာရှိမှတ်ရတာပေါ့ဗျာ၊ ရှေး မြန်မာမင်းတွေလက်ထက်ကဆို လက်ဝှေ့ထူးချွန်သူတွေ အတွက် လက်ဝှေ့တော်ဘွဲ့ပေးပြီး ရွှေတိုက်စာရင်းဝင် အဖြစ် အသိအမှတ်ပြုခံရတယ်ဗျ၊ ကဲ မြန်မာဘုရင်တွေ လက်ဝှေ့ပညာကို ဘယ်လောက်အလေးပေးသလဲလို့"

ကိုထွန်းလူ၏ တက်ကြွစွာပြောပြနေသောကြောင့် ကျွန်ုပ် လည်း အတော်အတန် စိတ်ပါဝင်စားလာခဲ့သည်။

"ဒါဆို. . ဘုရင်ခေတ်က လက်ဝှေ့ကျော် နာမည်ကြီးတွေ ဘာတွေမရှိဘူးလား"

"ဟာ. . ရှိပြီလားဗျာ၊ ပင်းယခေတ် အောင်စည်းခုံသံယ ရာဇာဟာ လက်ဝှေ့ပညာအရမ်းကောင်းတယ်၊ နှစ်တိုင်း ဆုအဖြစ်နဲ့ မြင်းအစီး ၂၀ ကောင်ကိုရတယ်ဆိုပဲ၊ အဲ သူ့နောက် အင်းဝမင်းခေါင်လက်ထက်အုန်းပေါင်စော်ဘွား က လက်ဝှေ့အထိုးကောင်းတဲ့ ရှမ်းကြီးကိုအင်းဝခေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



ပြီး ထိုးခိုင်းတာ တကယ့်ကို လက်ဝှေ့ဘုရင်တစ်ဆူ ဖြစ်ခဲ့တယ်တဲ့"

"နောက်ဆုံး ရှမ်းကြီးမှာ ပြိုင်ဘက်မရှိဖြစ်လာတော့ အင်းဝမင်းခေါင်လည်းစဉ်းစားမရဖြစ်တာပေါ့ဗျာ၊ နောက်တော့ သံယရာဇာ အကြောင်းကြားသိရပြီး သံယရာဇာ ရှိရာကို စုံစမ်း တစ်ခါတည်းခေါ်ခဲ့ဖို့ မှူးမတ်တော်တွေကို စေလွှတ်ပါလေရော. . ."

"ဒီဘုရင်တော်တော် ပေါက်ကရလုပ်တာပဲ၊ ဒါနဲ့ သံယရာဇာကို တွေ့ရောလား"

"တွေ့တာပေါ့ဗျာ သံယရာဇာခမျာ အသက် ၆၉ နှစ်တောင် ရှိရှာပြီတဲ့ဗျ၊ ဒါပေမယ့် ရှမ်းကြီးနဲ့ ယှဉ်ထိုးခဲ့သေးတယ်၊ ရှမ်းကြီး ရှုံးတာပါပဲ၊ ရှင်ဘုရင်နဲ့စော်ဘွားတို့က သံယရာဇာကိုမြင်းနှစ်ကောင်ဖျင်သုံးလိပ်နဲ့ ငွေတစ်ပိဿာဆုအဖြစ် ပေးလိုက်တယ်"

ကျွန်ုပ်တို့လက်ဝှေ့ပွဲအကြောင်း အားပါးတရပြောနေရင်း ကိုထွန်းလူ နားတစ်ချက်စွင့်ဟန်ပြုကာ. .

"အမှုအပ်မယ့် လူနှစ်ယောက်ဗျို့၊ လှေကားတနေ ခပ်သွက်သွက်တက်လာနေတယ်၊ ကျုပ်တို့စားလက်စတွေ သိမ်းလိုက်ဦးစို့"

ပြောပြီးသည်နှင့် ကိုထွန်းလူလည်း ကော်ဖီခွက်ကို မော့ချလိုက်သည်။ ကျွန်ုပ်က ကော်ဖီကုန်နေပြီမို့ လက်သုတ်ပုဝါဖြင့် ပါးစပ်သုတ်နေစဉ်. .



"ဒေါက် ဒေါက် ဒေါက်"

"သွားဖွင့်ပေးလိုက်ပါ ကိုအောင်ပွင့် သူတို့ခမျာ စိတ်ပူပင်နေကြပုံရတယ်ဗျ၊ ကျုပ်ဧည့်ခန်းမှာ ရှိနေမယ်"

"ကောင်းပါပြီ ဒေါက်တာ"

ကျွန်ုပ်အခန်းတံခါးဆီ ခပ်သွက်သွက်လျှောက်သွားပြီး တံခါးဖွင့်ပေးလိုက်၏။

အသက်လေးဆယ်ကျော်ကျော်ခန့်ရှိမည့် ယောကျ်ားနှစ်ယောက် တံခါးဝတွင် တောင့်တောင့်ကြီး ရပ်နေကြသည်။ တဘက်ကြီးခေါင်းပေါင်းလျက် လွယ်အိတ်ကြီးတစ်လုံးစီလွယ်ထားကြသည်။ ဖျင်ကြမ်းလုံချည် အကွက်ကြဲကြဲကို ခပ်တိုတိုဝတ်ထား၏။ ဖိနပ်မပါသော ခြေဗလာတို့က တုတ်ခိုင်သန်မာမှုအပြည့်. .။ တောသူတောင်သားများဖြစ်လိမ့်မည်ကို မြင်ရုံနှင့်သိသာလွန်းလှသည်။

"ဒါ ဦးထွန်းလူတို့အိမ်လား"

"ဟုတ်ပါတယ်ခင်ဗျာ အထဲကိုကြွကြွပါ"

"ဆရာကြီးက ဦးထွန်းလူလား"

ကျွန်ုပ်က ခပ်ပြုံးပြုံးနှင့် ခေါင်းခါပြလိုက်ရင်း. . .

"မဟုတ်ပါဘူးခင်ဗျာ ဦးထွန်းလူက ဧည့်ခန်းထဲမှာ ခင်ဗျားတို့ကို စောင့်နေပါတယ်"

"ဘယ်လိုဗျ ကျုပ်တို့လာမှာကို သိနေလို့လား"

"ဆိုပါတော့ ခင်ဗျာ"

ထိုအခါ ခပ်ငယ်ငယ်လူက လူကြီးကို တစ်ချက်လှမ်းကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"ဘယ့်နှယ် ကျုပ်ပြောတာမဟုတ်ဘူးလား . . ဟင်"

သူတို့နှစ်ယောက် အခန်းထဲဝင်ကာ ကျွန်ုပ်နောက်မှလိုက်လာခဲ့ကြသည်။

ဒေါက်တာထွန်းလူမှာ ဧည့်သည်နှစ်ယောက်ကို မတ်တပ်ရပ်ကြိုဆိုသည်။ ဧည့်သည်များကို နေရာပေးသောအခါ တောသားများဖြစ်သည့်အတွက် အောက်ခင်းကော်ဇောပေါ်တွင် ထိုင်ချလိုက်ကြသည်မို့ ကိုထွန်းလူက လွန်စွာအားနာစွာဖြင့်

"အလို ဒီလိုတော့မလုပ်ပါနဲ့ဗျာ ခုံပေါ်မှာ ထိုင်ကြပါ"

"ရပါတယ် ကျုပ်တို့ကဘယ်မှာထိုင်ရထိုင်ရ အရေးမကြီးဘူး၊ အရေးကြီးတာ ဦးထွန်းလူနဲ့တွေ့ဖို့ပဲ ကျုပ်တို့အတွက် ဦးထွန်းလူကို ခေါ်ပေးပါ"

ဒေါက်တာထွန်းလူ ပြုံးလိုက်၏။ ခွင့်လွှတ်ခြင်းအပြည့်နားလည်မှုအပြည့်ပါသော အပြုံးမျိုးဖြစ်သည်။ ကိုထွန်းလူတောသားကြီးနှစ်ယောက်ကို ညှာတာစွာကြည့်နေ၏။

"ခင်ဗျားတို့ ခုံပေါ်သာ တက်ထိုင်လိုက်ကြပါ၊ ခင်ဗျားတို့ သိပ်တွေ့ချင်တဲ့ ဦးထွန်းလူဆိုတာ ခင်ဗျားတို့ရှေ့က ခုံပေါ်မှာ ထိုင်နေတဲ့သူပဲ"

ကျွန်ုပ်ဝင်ပြောလိုက်တော့မှ တောသားကြီးနှစ်ယောက် ကိုထွန်းလူဆီ အကြည့်စုပြုံရောက်သွားကြပြီး လွန်စွာအားကိုးသော အမူအရာဖြင့် သူတို့ကိုယ်ကို အလွန်အမင်း နှိမ့်ချသည့်ဟန်များဖြစ်သွားသည်။



"ကျုပ် ကျုပ်တို့ကိုကယ်ပါ၊ ဦးထွန်းလူ ကျုပ်တို့ကမ်းခြေရွာတစ်ရွာလုံးကိုကယ်ပါဗျာ၊ ကျုပ်တို့ရွာကလေး ဒုက္ခဘေးဆိုးတွေ တွေ့နေရပါတယ်"

"ဟုတ်ပါတယ်ဗျာ ရွာတော်ရှင်နတ်မင်းကြီးမကျေနပ်လို့ဆိုလို့ကျုပ်တို့တစ်ရွာလုံး ရွာတော်ရှင်ကို တောင်းပန်ပြီးပါပြီ၊ ဒါပေမယ့် မရပါဘူး၊ ပိုလို့သာ ဆိုးလာပါတယ်၊ ခုဆိုတစ်ရွာလုံး အိမ်ထဲက အိမ်ပြင်မထွက်ရဲတော့ပါဘူး"

"ဒါကြောင့် လယ်တွေဆိုလည်း ပစ်ထားရ၊ တံငါလုပ်ငန်းတွေကိုလည်း လှည့်မကြည့်ဖြစ်နဲ့ ရွာပျက်တော့မယ့်အခြေအနေ ရောက်နေရပါပြီ"

တောသားကြီးနှစ်ယောက် လုယက်ပြောနေကြသည်ကိုကြည့်နေသော ကျွန်ုပ်ရယ်ချင်စိတ်ကို မြိုသိပ်ထားလိုက်ရသည်။ အကြောင်းမှာ သူတို့သည် ဒေါက်တာထွန်းလူကို နတ်တစ်ပါးအားတိုင်တည်ပြောကြားနေသည်နှင့် တူနေသောကြောင့် ဖြစ်၏။

"ကဲပါ နောင်ကြီးတို့ရယ် နောင်ကြီးတို့ရွာရဲ့ အခက်အခဲမှန်သမျှကို ကျုပ်အတတ်နိုင်ဆုံး ကူညီပါ့မယ်၊ ခုလောလောဆယ်တော့ နောင်ကြီးတို့ ခုံပေါ်တက်ထိုင်ကြပါ။ ကိုအောင်ပွင့်တစ်ဆိတ်လောက်ဗျာ သူတို့အတွက် ကော်ဖီနဲ့ မုန့်ကလေး လုပ်ပေးပါဦး၊ သူတို့ဘာမှစားကြဦးမယ်မထင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းလှ ထိုင်ရာမှထကာ တောသားကြီးနှစ်ယောက်ကို ထိုင်ခုံပေါ်တွင် အတင်းထိုင်စေတော့မှ သူတို့ဆက်တီကုလားထိုင်ပေါ်၌ မဝံ့မရဲထိုင်ကြ၏။

"ကျုပ် ဦးထွန်းလှပါ ခုနကျုပ်မိတ်ဆွေကတော့ ကိုအောင်ပွင့်တဲ့ ခင်ဗျားတို့ဘယ်သူတွေလဲ ဘယ်ရွာကလဲ၊ ဖြစ်ပျက်ပုံက ဘယ်လိုဆိုတာ ကော်ဖီသောက်ရင်း ပြောပြဗျာ ကျုပ်သိထားမှ ဖြစ်မယ်"

ကျွန်ုပ်လည်း ကော်ဖီနှစ်ခွက်ဖျော်ကာ ပေါင်မုန့်ထောပတ်သုတ်နှစ်ချပ်နှင့်အတူ ယူဆောင်လာပြီး သူတို့ရှေ့စားပွဲတွင် ချပေးလိုက်သည်။

"ကဲ စားရင်းသောက်ရင်းပြောကြတာပေါ့ဗျာ၊ ခင်ဗျားတို့လည်းဆာနေရောပေါ့ စားကြပါ"

ကျွန်ုပ်က ကိုထွန်းလှနဘေးရှိ ခုံတွင်ဝင်ထိုင်၏။ တောသားကြီးနှစ်ယောက်သည် ခေါင်းပေါင်းတဘက်ကြီးများကို ဖြုတ်လိုက်ကာ မျက်နှာပေါ်မှ ချွေးများသုတ်လိုက်သည်။ ထိုအခါမှ သူတို့၏ရုပ်ကို အမှန်အတိုင်းမြင်ရပါတော့သည်။ တစ်ယောက်က ကိုထွန်းလှနှင့်မတိမ်းမယိမ်း သုံးဆယ်ဝန်းကျင်ခန့်သာရှိဦးမည်ဖြစ်ပြီး တစ်ယောက်က အသက်ငါးဆယ်ခန့် ရှိမည့်သန်မာသော လူများဖြစ်ကြသည်။

"ကျုပ်က ဆယ်အိမ်ခေါင်း ဖိုးမှန်ပါ၊ သူကတော့ ကျုပ်တို့ရွာက ရွာဆော် မောင်ခန့်တဲ့"

ကိုမောင်ခန့် ပေါင်မုန့်ပလုပ်ပလောင်းနှင့် ကျွန်ုပ်တို့ကို ပြုံးပြရင်း ခေါင်းညိတ်သည်။



"ကျုပ်တို့ရွာရဲ့ ပြဿနာကို အကျဉ်းချုံးပြီး အတိုချုပ်ပြောပြရရင်တော့. . "

"နေပါဦး မောင်ခန့်ရဲ့ ငါပြောလို့မှစကားမဆုံးသေးတာကွ၊ ရွာရဲ့အခြေအနေနဲ့ ပုံစံကိုတော့ အရင်ပြောပြဦးမှပေါ့၊ ပတ်တယ်မပတ်တယ်လား ဦးထွန်းလှ ဒါမှ စဉ်းစားကြည့်လို့မြင်မှာပေါ့"

ကိုထွန်းလှက သူတို့ကိုဘာမှမပြောတော့။ သူတို့ပြောလာမည့်စကားကိုသာ ပြုံးပြုံးကြီးနားထောင်နေသည်။ ဤသည်ကလည်းကိုထွန်းလှ၏ အကျင့်ကောင်းတစ်ခုဟုပင် ပြောရမည်ဖြစ်ပါသည်။ တစ်ဘက်လူ အကျိုးအကြောင်းရှင်းပြ ပြောပြသည်ကို မဝှက်မသုန် အကုန်အစင် မှတ်သားလေ့ရှိသည်။ မရှင်းလင်းသောအချက်အလက်ပါလာပါက ပြန်လည်မေးမြန်းခြင်း၊ အသေးစိတ် သိထားသင့်သည်ဟု ထင်ရသောအချက်များကို အသေးစိတ်မေးမြန်းပြီး မှတ်စုစာအုပ်တွင် ရေးမှတ်သင့်သည်ဟု ယူဆပါကလည်း ရေးမှတ်တတ်သည်။

"ကျုပ်တို့ ရွာနာမည်က သက္ကယ်သောင်ရွာလို့ ခေါ်ပါတယ်၊ လပွတ္တာပိုင်မှာ ရှိတာပါ၊ ရွာကနေပင်လယ်ကို နာရီဝက်ခရီးလောက်လမ်းလျှောက်ရုံနဲ့ ရောက်နိုင်ပါတယ်၊ ရွာကလူတွေ စိုက်ပျိုးရေးနဲ့ ရေလုပ်ငန်းတင်ပါပေါ့ ဆရာရယ် အဲဒါသည်တွေပေါ့"

"အိမ်ခြေက ဘယ်လောက်ရှိလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အိမ်ခြေ ငါးဆယ်ကျော်လောက်ပဲ ရှိပါတယ် ဆရာထွန်းလူ"

"ဆက်ပြောပါ ဦးဖိုးမှန်"

ဦးဖိုးမှန်သည် ခွက်တွင်းမှ ကော်ဖီလက်ကျန်ကို ကျိုက်ခနဲ ကျိုက်ခနဲမော့သောက်ချလိုက်သည်။ ပါးစပ်ကို သူ့လက်ဖမိုးမည်းမည်းနှင့်သုတ်ပြီး စကားဆက်ပြန်၏။

"သေသေချာချာ ဂဃနဏကိုတော့ သူကြီးက ပိုသိပါတယ် ဆရာ၊ ကျွန်တော်ကတော့ သိသလောက်ပဲ ပြောပြပါ့မယ်၊ ဟော့ကောင် မောင်ခန့် လိုအပ်တာရှိရင် မင်းကလည်းဖြည့်ပြောပေးဦးနော်. ."

"ပြောပေးပါ့မယ် ဖိုးမှန်ရာ ပြောမှာသာပြောပါ"

"ဒီလိုပါ အဓိကအချက်ကတော့ ရွာက လူတွေပျောက်၊ ပျောက်သွားတာပါပဲ"

"ဟာ. . ဖိုးမှန်ကလည်း မြို့ပေါ်ကနေစပြောမှပေ့ါ လပွတ္တာ မြို့ပေါ်မှာ လူတွေပျောက်ပျောက်သွားကြပါတယ် ဆရာ၊ ပုလိပ်ကိုတိုင် ဌာနမှာအမှုဖွင့်တော့လည်း သူတို့စုံစမ်းလို့ ဘယ်လိုမှမရဖြစ်နေပါတယ်၊ နောက်ကြတော့ ကျုပ်တို့ရွာမှာပါ လူပျောက်တဲ့ကိစ္စ ဖြစ်ပါလေရော"

"ဟုတ်ပါတယ် ဆရာကြီးရယ် ဒီပြဿနာကြီး ကျုပ်တို့ရွာရောက်လာတော့ ပထမဆုံးကောင်လေးတစ်ယောက် ပျောက်ပါတယ်၊ နွားကျောင်းသားပါ. . သူပျောက်တော့ နတ်ဖွက်တာလို့ယူဆပြီး ပွဲတွေဘာတွေပေး ရွာတော်ရှင်ကို



တောင်းပန်ပေမယ့်သူက ပြန်ပေါ်မလာတော့ပါဘူး၊ အသေးစိတ်ကို သူကြီးက ပိုသိပါတယ်ခင်ဗျာ"

ကိုထွန်းလူ ငြိမ်သက်စွာ နားထောင်နေရာမှ ရှေ့သို့အနည်းငယ်ငိုက်လာပြီး. .

"ခုချိန်ထိ ဘယ်နှစ်ယောက်ပျောက်ဆုံးခဲ့ပြီလဲ"

ဦးဖိုးမှန် တွေတွေကြီး စဉ်းစားနေသည်။ အတန်ကြာတော့မှ မောင်ခန့်ဘက်သို့ လှည့်ကာ. . .

"ငါးယောက်လားမသိဘူး. . ဟုတ်လား မောင်ခန့်"

"မဟုတ်ဘူးဗျ စုစုပေါင်းခုနှစ်ယောက် ကလေးနှစ်ယောက် ကိုယ်ဝန်ဆောင်မိန်းမတစ်ယောက် အဘိုးကြီးနှစ်ယောက် ကာလသားတစ်ယောက်နဲ့ အပျိုလေးတစ်ယောက်ပါ"

ကျွန်ုပ်လည်း သင့်၏ မသင့်၏ မစဉ်းစားတော့ဘဲ သိချင်ဇောနှင့် ဝင်ရောက်မေးမြန်းမိပါသည်။

"အဲဒီကာလသားနဲ့ အပျိုလေးက သမီးရည်းစားတွေလား"

"ဗျာ မဟုတ်ဘူး မဟုတ်ပါဘူး ဆရာ၊ ကောင်လေးက ရွာအနောက်ပိုင်းအလယ်မှာ စာရင်းငှားလုပ်တဲ့ကောင်လေးပါ၊ ကောင်မလေးက ရွာလယ်ပိုင်းက ဝါးသူဌေးရဲ့သမီးပါ၊ သူက ကျုပ်တို့ရွာနီးချုပ်စပ်မှာတော့ အလှဆုံးပဲ ကွန်းတောင်ကိုင်ဆိုပါတော့"

ဒေါက်တာထွန်းလူ ထိုင်ရာမှထကာ ဆက်တီစားပွဲဝိုင်း၏ အပြင်တွင်ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်နေ၏။ ဖိနပ်ကြွ အိုက်၍လျှောက်နေခြင်းမဟုတ် အမှုကို အလွတ်ကျက်နေခြင်း ဖြစ်ပေလိမ့်မည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်ပွင့်ရေ ကျုပ်တို့တော့ အရမ်းကိုစိတ်ဝင်စားစရာ ကောင်းတဲ့အမှုတစ်ခုရတာပဲဗျ ခင်ဗျားသဘောကရော"

"ကျွန်တော်လည်း ဒီလိုပဲ ထင်ပါတယ်၊ ဒါပေမယ့် အမှုမှာ ကွင်းဆက်တွေ အများကြီးပျောက်နေတယ်လို့ ထင်တယ်"

"အဲဒါကြောင့် ပိုစိတ်ဝင်စားဖို့ကောင်းတာပေါ့ဗျ၊ ကွင်းဆက်တွေ အများကြီးပေါ်နေတဲ့အခါ အမှုဖော်ရတာ သိပ်လွယ်နေမှာပေါ့၊ ဒီတော့ ကျုပ်တို့ ဦးနှောက်အလုပ်လုပ်ရမယ့် အင်အားနည်းမှာလေ၊ ဟော ခုလိုကွင်းဆက်ပျောက်လေ ဦးနှောက်ပူအောင်စဉ်းစားရလေ အရည်အသွေးပိုမို မြင့်မားလာလေပဲ ကဲပါဗျာ ရှာက ပျောက်သွားတဲ့လူတွေရဲ့ စာရင်းကို နာမည်အပြည့်အစုံယူထားလိုက်ဗျာ ကျုပ်အပြင် ခဏသွားဦးမယ်"

ကိုထွန်းလူ ဖလေဇာကုတ်အင်္ကျီလှမ်းယူနေသည်ကို ကျွန်ုပ် ငေးကြည့်နေမိပါသည်။ အမှုအရေးကြီးသည်ဟုလည်း ပြောသေးသည်။ ယခုလည်း အပြင်ထွက်ဦးမည်ဆို၍ ဦးမှန်နှင့် မောင်ခန့်တို့ ကိုထွန်းလူကို ကြည့်နေကြသည်။

"ဆရာဦးထွန်းလူက ဘယ်သွားမှာလဲဗျ"

ကိုထွန်းလူ ဘန်ကောက်လုံချည် အစိမ်းနုရောင်ကို ချပ်ယပ်စွာ ဝတ်ပြီးအပေါ်မှ ခါးပတ်ပတ်နေရင်း ဦးမှန်တို့ဘက်သို့ ရှည်ကာ..



"လက်ဝှေ့ပွဲဗျို့ အင်္ဂလိပ်ဘောက်စင်လေ အခြေအနေပေးရင်တော့ ဒီကောင်တွေနဲ့ တစ်ပွဲတစ်လမ်းလောက် အကဲစမ်းလိုက်မလားလို့"

ပြောပြောဆိုဆိုထွက်သွားသော ဒေါက်တာထွန်းလူကို ငေးကြည့်လျက် ကျွန်ုပ်တို့သုံးယောက် ကျန်ရစ်ခဲ့သည်။ ကိုထွန်းလူ၏ သဘောကို သိပြီးသားဖြစ်သော ကျွန်ုပ်အတွက် မထူးဆန်းသော်လည်း ဦးဖိုးမှန်နှင့် မောင်ခန့်တို့အတွက်မူ အထူးအဆန်းဖြစ်သွားရှာသည်။

"ကဲပါဗျာ အချိန်တန်ရင် သူပြန်လာမှာပါ"

"ဒီကိစ္စကို သူစိတ်မဝင်စားလို့သား ဆရာရယ် နောက်ပြီး လက်ခံမခံဆိုတာ"

"သူလက်ခံလိုက်ပြီဗျ ဒါကြောင့် လူနာမည်တွေ ပြောဖို့မှာခဲ့တာပေါ့၊ ဘာမှစိတ်ပူမနေနဲ့တော့၊ ခင်ဗျားတို့ဒီအိမ်မှာပဲ ဒီညအိပ် မနက်ဖြန် သို့မဟုတ် သဘက်ခါလောက် သူကိုယ်တိုင်ခင်ဗျားတို့နဲ့အတူ လိုက်လိမ့်မယ်ထင်တယ်"

"ဒါဆို ဆရာကရော"

"ကျုပ်ရုံးမှာ အခွင့်တင်ရဦးမယ်ဗျ၊ အဆင်ပြေရင်လိုက်ဖြစ်မှာပေါ့ဗျာ၊ကဲ ပျောက်ဆုံးနေတဲ့ လူစာရင်းပြောပါဦး"

ထိုအခါမှ သူတို့နှစ်ယောက် စိတ်အေးသွားဟန်နှင့် သက်ပြင်းကိုယ်စီချလိုက်ကြသည်။ ပြီးမှ မောင်ခန့်က ပျောက်ဆုံးသူစာရင်းကို တစ်ဦးချင်း ပြောလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"နွားကျောင်းသားက မောင်တင်မြင့်၊ နောက်ကလေး တစ်ယောက်က မောင်အောင်ဘော်၊ ကိုယ်ဝန်ဆောင်မိန်းမက ဒေါ်ခွေးမ၊ အဘိုးကြီးနှစ်ယောက်မှာ တစ်ယောက်က ဦးအုန်း၊ နောက်တစ်ယောက်က ဘကြီးဖိုးခွါး၊ ကာလသားက မောင်ကြိုင်၊ ကွမ်းတောင်ကိုင်က ဘုတ်ဆုံမ အဲဒါပါပဲ ဆရာကြီး"

xxxxx

ကျွန်ုပ်တို့ရွာထဲရောက်ချိန်မှာ အတော်မှောင်နေပြီ။ ကျွန်ုပ်တို့ သူကြီးအိမ်ရောက်သည်နှင့် ဆယ်အိမ်ခေါင်းဦးဖိုးမှန် ကမန်းကတန်းပြေးဆင်းလာ၏။

"ဆရာကြီးတို့ ဘယ်တွေလျှောက်သွားနေကြတာလဲဗျ၊ အတော်တောင်မှောင်နေပြီ၊ ဒီမှာ ကျုပ်တို့ထမင်းပွဲပြင်ပြီး စောင့်နေကြတာ"

"ပင်လယ်ဘက် လျှောက်ကြည့်တာပါ ဦးဖိုးမှန်"

ကျွန်ုပ်နှင့်ဒေါက်တာထွန်းလူတို့ ခြေလက်ဆေးကြောပြီး အိမ်ပေါ်တက်လာကြသည်နှင့် ဧည့်ခန်းတွင် ထမင်းစားပွဲကြီး အသင့်ပြင်ထားသည်ကို တွေ့ရပါသည်။ စားပွဲဝိုင်းကြီးတွင် ထမင်းပန်းကန်နှစ်ခုနှင့် ဟင်းပွဲများပြည့်နေ၏။

"ကဲ တစ်ခါတည်းစားလိုက်ကြဗျို့၊ စားပြီးရင် ခင်ဗျားတို့ သိချင်တာမေး ကျုပ်ပြောမယ်"



သူကြီးဦးဘတင်က ထမင်းစားပွဲနဘေးတွင် ထိုင်လျက် တုံးတိတိ ပြောလိုက်၏။ ဦးဘတင်သည် ကွမ်းတမြုံ့မြုံ့နှင့် သဘောကောင်းသော သူကြီးဖြစ်၏။ ၎င်းတို့မှာ သူကြီးမျိုးရိုးဖြစ်သည်။ ဦးဘတင်၏ဖခင်ကလည်း သူကြီး အဘိုးကလည်း သူကြီးဖြစ်သော သူကြီးမျိုးရိုးဖြစ်လေသည်။ ဤအိမ်ငါးဆယ်ကျော်ခန့်ရှိရွာကလေး၌ တရားမျှတမှန်ကန်စွာ အုပ်ချုပ်နေသူဖြစ်၍ တစ်ရွာလုံးကလည်း ချစ်ကြောက်ရိုသေကြ၏။

"သူကြီး ဟင်းတွေ ဘာကြောင့် ဒီလောက်များရတာလဲဗျ"

"ကျုပ်တို့ရွာရဲ့စေတနာပေါ့ဗျာ ကျုပ်ကတော့ ဟင်းနှစ်မျိုး ချက်ပြီး တို့စရာနဲ့ငါးပိရည်ကောင်းကောင်းလေး ဖျော်ထားတာ၊ ဒါပေမယ့် ဆရာတို့ ကျုပ်တို့ရွာကို လာယ်ဖို့ရောက်လာကြတယ်ဆိုတာသိထားတော့ တစ်အိမ်ဟင်းတစ်ခွက်ပို့ထားကြတာလေ စားဆရာ အဝသာစား"

ကျေးလက်၏ ဖြူစင်သော စေတနာကိုခံစားရသော ကျွန်ုပ်ရင်မှာ လွန်စွာအေးချမ်းမိပါသည်။ သူတို့ရွာအတွက် ကျွန်ုပ်တို့ အလုပ်လုပ်မပေးရသေးသော်လည်း သူတို့ကတော့ ကျွန်ုပ်တို့ အပေါ် စေတနာတွေ ပိုနေကြပါပြီ။

ထမင်းစားပွဲနဘေး၌ ရွာဆော်မောင်ခန့်ယပ်တောင်တစ်ချောင်းနှင့် ယပ်ခပ်ပေးနေ၏။

ပင်လယ်စာများကို စားသောက်ပြီး ကျွန်ုပ်တို့နှစ်ယောက် အေးအေးလူလူထိုင်ကာ ကျွန်ုပ်က စီးကရက်တစ်လိပ်ထုတ်

www.burmeseclassic.com

www.burmeseclassic.com



သောက်နေစဉ် ကိုထွန်းလူက ရေနွေးပူပူတစ်ခွက်မှုတ်သောက်နေသည်။

"ဆရာတို့ သိချင်တာလေးတွေ သူကြီးမင်းကို မေးလို့ရပါတယ်"

ဆယ်အိမ်ခေါင်းဦးဖိုးမှန်က ကျွန်ုပ်တို့သိလိုသော အချက်အလက်များမေးနိုင်ရန် စကားဦးစပေးသည်။ သူကြီးမင်းကလည်း ကျွန်ုပ်တို့မေးလာမည့်စကားကို စောင့်မျှော်နေဟန်ရှိ၏။ ကိုထွန်းလူကမူ ချက်ချင်းမမေးသေးဘဲ ရေနွေးသောက်ရင်း စဉ်းစားခန်းဝင်နေ၏။ တစ်ဖက်လူကို အားနာတတ်သော ကျွန်ုပ်က. .

"ဒီလိုပါ ဦးဘတင် ခုရွာမှာဖြစ်ခဲ့တဲ့အမှုက အတော်ကလေး ချောက်ချားစရာ ကောင်းနေပါတယ်"

"ဟုတ်ပါတယ် ဆရာရယ် တစ်ရွာလုံးဟာ ဘယ်လောက် တုန်လှုပ်နေကြသလဲဆိုရင် ခုလိုချိန်မပြောနဲ့ ဆရာတို့ပြန် မရောက်ခင် မှောင်ရီဖြိုးဖျဆိုရင်တောင် ဘယ်သူမှ အိမ်ထဲ က အိမ်ပြင်မထွက်ရဲကြတော့ဘူး၊ ခုနဆရာတို့ ပြန်မရောက် သေးတာတောင် ရွာထဲက လူတွေ အရမ်းစိတ်ပူကြတာ"

ဦးဘတင်စကားရပ်လိုက်သည်နှင့် ဆယ်အိမ်ခေါင်း ဦးဖိုးမှန်က. .

"ဆရာတို့အတွက် ဟင်းပို့တာတောင် မမှောင်ခင် ခပ် စောစောကတည်းက လာပို့ထားကြတာဗျ"



"အဲဒီပြဿနာတွေ ဖြစ်ပျက်ခဲ့သမျှကို ဦးဘတင် မှတ်မိ သလောက်ပြောပြပါလား၊ ဒီကိစ္စရဲ့အရင်းအမြစ်ကို ကျွန်တော်တို့ သိထားဖို့လိုပါတယ်"

သူကြီးဦးဘတင်သည် ငှဲ့ထားသော ရေနွေးခွက်တစ်လုံးကို ကောက်ယူမော့သောက်ချလိုက်၏။ ထို့နောက် ကျွန်ုပ်နှင့် ဒေါက်တာထွန်းလူတို့ကို တစ်လှည့်စီကြည့်ပြီး ဘယ်ကစပြောရ မည်ကိုစဉ်းစားနေဟန်ပြုသည်။ အစကို စဉ်းစားမရဖြစ်နေဟန်မို့ ကျွန်ုပ်က အစဖော်ပေးမည့်ဟု ဟန်ပြင်လိုက်စဉ်တွင် ကိုထွန်းလူ ကျွန်ုပ်ကို ရှက်ကာပြုပြီး. . .

"ဦးဘတင် အစရှာမရဖြစ်နေတယ်မဟုတ်လား၊ လပွတ္တာမှာ စပြောရင်ရမလား"

"အဲဒီမှာလည်း ကျုပ်သိပ်မသိဘူးဗျ ဆရာထွန်းရ ကျုပ်စဉ်း စားနေတာက နွားကျောင်းသားမောင်တင်မြင့်နဲ့ ကလေး မောင်အောင်ဘော်တို့က တစ်နေ့ထဲပျောက်သွားကြတာ ဆိုတော့ ဘယ်သူက စပြောရမလဲဆိုတာပါ"

"ဒါဆိုလည်း နွားကျောင်းသား မောင်တင်မြင့်က စပြောဗျာ" ကျွန်ုပ်ကြားဖြတ်ပြောလိုက်သည်နှင့် သူကြီးဦးဘတင်လည်း ကျွန်ုပ်ဘက်သို့လှည့်ကာ . .

"ကောင်းပြီဗျာ၊ ကျုပ် မောင်တင်မြင့်ကနေ စပြောပါ့မယ်"

×××××

www.burmeseclassic.com

www.burmeseclassic.com



"ဝေါ ဝေါ ဝေါ"

"ဝုန်း . . . ဝုန်း . ."

ထိုနေ့က လေပြင်းတိုက်နေ၍ ပင်လယ်ပြင်တွင်လည်း လှိုင်းတပိုးတို့ မို့မောက်မြင့်တက်လျက် တဝုန်းဝုန်းတဒိုင်းဒိုင်း သောင်းကျန်းနေကြလေသည်။ ထို့ကြောင့် ငါးဖမ်းလုပ်သားများ ပင်လယ်ပြင်မထွက်ကြ၊ ပင်လယ်ပြင်၌ လှိုင်းတို့ဒေါသတကြီး ဖြစ်နေကြသကဲ့သို့ ကမ်းခြေရွာဟု အလွယ်ခေါ်နေကြသော သက်ကယ်သောင်ရွာကလေးတွင်းရှိ အုန်းပင်မြင့်မြင့်တို့လည်း လေကြမ်းကြောင့်ဘယ်၊ ညာယိမ်းလျက်အမြစ်ကျွတ် ထွက်မတတ်ဖြစ်နေကြရသည်။

ရှေ့တော်ပြေးလေလာနေပြီး မကြာခင်မှာ မိုးစက်မိုးပေါက်တို့ခပ်စိတ်စိတ်ကျလာကြသည်။

အိမ်ခြေငါးဆယ်ကျော်ခန့်သာရှိသော သက်ကယ်သောင်ရွာသူရွာသားများသည် မည်သူမျှအိမ်ပြင်မထွက်ကြဘဲ ကိုယ့်အိမ်တွင်း၌သာ မိုးအေးအေးနှင့် ကွေးနေကြဟန်တူ၏။ တစ်ရွာလုံးလူသူအရိပ်အယောင်ကိုမှ မမြင်ရ. . .။

နံနက်ခင်းတစ်ခုလုံးမိုးဒဏ်၊ လေဒဏ်ကြောင့် ရွာတွင်း၌ အပြင်ထွက်သူမရှိအောင် ဖြစ်နေသော်လည်း ဆွမ်းခံပြန်ချိန်ခန့်တွင်လေရောမိုးပါ လုံးဝရပ်စဲသွားလေပြီ။ ထို့ကြောင့် ရွာသူရွာသားတချို့ မိမိတို့လုပ်ငန်းခွင်သို့ ဝင်ရန်အိမ်ပြင်ထွက်လာကြ၏။ ၎င်းတို့အထဲတွင် နွားကျောင်းသားမောင်တင်မြင့်တစ်ယောက်လည်း အပါအဝင်ဖြစ်လေသည်။



"ဟော့ကောင် တင်မြင့်မိုးတောင် မစဲသေးဘူး၊ ဘယ်လဲကွ"

ဆယ်အိမ်ခေါင်းဦးဖိုးမှန်အိမ်ရှေ့မှ ဖြတ်အလျှောက်တွင် ဦးဖိုးမှန်က လှမ်းမေးလိုက်ခြင်းဖြစ်သည်။ ခမောက်ဆောင်းလျက် တုတ်တစ်ချောင်းကိုင်လာသော မောင်တင်မြင့်တစ်ယောက် အိမ်ရှေ့တွင် ရပ်ကာ. .

"နွားကျောင်းထွက်ရဦးမှာပေါ့ အဘမှန်ရဲ့ တော်ကြာဖွားမယ်တင်ဆူနေဦးမယ်၊ ဘာခိုင်းစရာရှိလို့လဲ၊ ခိုင်းလေ နွားကျောင်းမသွားခင် လုပ်ပေးခဲ့မယ်"

"မခိုင်းပါဘူးကွာ. . သွား. . သွား"

"သွားပြီ. . အဘမှန်"

နွားကျောင်းသားတင်မြင့် ဆယ်အိမ်ခေါင်းအိမ်ရှေ့မှ ထွက်သွားလေသည်။

သူသည် နွားရှင်ဖြစ်သော ဒေါ်မယ်တင်အိမ်သို့ တန်းတန်းမတ်မတ်သွားခဲ့၏။ ဒေါ်မယ်တင်မှာ ရွာအနောက်ပိုင်းတွင် နေသော လယ်ရှင်တစ်ယောက်ဖြစ်သည်။ ဒေါ်မယ်တင်၌ ခိုင်းနွားသုံးရှင်းရှိပြီး နွားမနှစ်ကောင်နှင့် နွားပေါက်နှစ်ကောင်ရှိသည်။ မောင်တင်မြင့်မှာ ထိုနွားများ ကျောင်းပေးရန် တာဝန်ယူရ၏။

"အရီး. . ကျွန်တော်နွားတွေ ထုတ်သွားတော့မယ်"

"ဟဲ့ တင်မြင့် မိုးတောင်မစဲသေးဘူး၊ နွားကျောင်းသွားမလို့လား"

"ဟုတ်ကဲ့ သွားမယ်လေ အရီး"

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ နားချင်လည်းနားလိုက်လေ တင်မြင့် နင် ထမင်း
စားပြီးပြီလား"

"ဘယ်စားရအုန်းမှာလဲ"

"ဒါဆိုလည်း ဒီမှာ စားပြီးမှ သွားတော့"

"ဟုတ်ကဲ့ အရီး"

မောင်တင်မြင့် . . အရီးဒေါ်မယ်တင်၏ မီးဖိုချောင်တွင် ထမင်းအဝစားသည်။

ထို့နောက် ရေဗူးထဲရေထည့်ကာ နွားများထုတ်၍ ထွက်သွားလေတော့သည်။

ထို့နေ့က နံနက်၌သာ မိုးရွာခဲ့သော်လည်း ညနေခင်းတလျှောက်လုံးရာသီဥတု သာယာကြည်လင်နေ၏။ လှေသမားက လှေပြင်ဆင်ခြင်းများပြုလုပ်သကဲ့သို့ လယ်သမားများလည်း လယ်ထဲဆင်းကြ၍ ကျေးရွာတွင်းမှာ ပုံမှန်အတိုင်းပြန်လည်သက်ဝင်လှုပ်ရှားနေလေပြီ . . .။

ဤသို့ဖြင့် ညနေစောင်းသော် လှေသမားတို့လှေသိမ်းပြီး လယ်သမားတို့လည်း လယ်ထဲမှ တက်လာကြပြီမို့ ရွာထဲမှ အရှေ့မှအနောက်၊ အနောက်မှအရှေ့ သွားလာနေကြသူများဖြင့်စည်ကားသောညနေခင်းကလေး ဖြစ်နေသည်။ အသက် ၈ နှစ်အရွယ်သာရှိသေးသော မောင်အောင်ဘော်သည်လည်း အိမ်ပေါ်မှဆင်းလာ၏။ အိမ်တွင်မည်သူမျှမရှိ ဖခင်ကသူများလယ်တွင်စာရင်းငှားလုပ်သူမို့ပြန်မရောက်သေး။ မိခင်ကလည်း



ညနေစာချက်ပြုတ်ရန် ဟင်းရွက်သွားခူးနေသည်။ မောင်အောင်ဘော် သူတို့အိမ်ကလေးပေါ်မှဆင်းကာ မိခင်ထွက်သွားရာဘက်သို့ တစ်ယောက်တည်း လျှောက်ထွက်သွားနေ၏။

"အောင်ဘော် နင်ဘယ်သွားမလို့လဲ"

"အမေနောက်လိုက်မလို့"

"ဘာလိုက်လုပ်မှာလဲ၊ နင့်အမေ တောစပ်ခဏသွားတာ၊
ခုပြန်လာမှာပဲ"

ရွာတွင်းရှိ မိန်းမတစ်ယောက်က ကလေးကို မလိုက်ရန်တားသော်လည်းမရ။

မောင်အောင်ဘော်သည် သူ့မိခင်သွားသည်ဆိုသော တောစပ်သို့ ထွက်သွားလေသည်။ ၎တာဆိုသော်လည်း သစ်ကြီးဝါကြီးတို့ဖြင့် ထူထပ်သောတောမဟုတ်။ ခြုံနွယ်ပိတ်ပေါင်းများနှင့် ရှုပ်ထွေးနေပြီးဝါးရုံကြီးများ ခပ်ကြဲကြဲပေါက်နေသော တောဖြစ်ပါသည်။ မိုးဦးကျအခါများတွင် မျှစ်ချိုးသူများ၊ စား၍ရသော ဟင်းရွက်၊ ဟင်းညွန့်ခူးသူများ အစုလိုက်အဖွဲ့လိုက် လာရောက်ခူးလေ့ရှိကြ၏။

ထိုခြုံတောတွင်း၌ အဆိပ်ရှိသော မြွေများအောင်းနေလေ့ရှိပြီး အခြားသားကောင်ကြီးများ မရှိတတ်ပေ။ ယုန်၊ ဖွတ်၊ ပဒတ် နှင့် တွင်းအောင်းသတ္တဝါများသာ ကျက်စားလေ့ရှိ၏။

အောင်ဘော်၏ မိခင်သည်ဟင်းချိုချက်ရန်လိုအပ်သော ဟင်းညွန့်ကလေးများခူးနေရင်း မလှမ်းမကမ်း၌ ဝါးရုံပင်ကြီး

www.burmeseclassic.com

www.burmeseclassic.com



အောက်ခြေတွင် မြေမှ ငွါးငွါးစွင့်စွင့်ထွက်နေသော မျှစ်စို့ကြီးသုံးလေးခုကိုမြင်လိုက်သည်။ နောက်နေ့အတွက် နံနက်စာအဆင်ပြေနိုင်ကြောင်းတွေးမိသောကြောင့် ထိုမျှစ်စို့ကြီးများကိုသွားရောက်ချိုးယူလေ၏။

ထိုသို့ သူမ တောတွင်းသို့ ခေတ္တဝင်သွားခိုက် မောင်အောင်ဘော်လေး တောစပ်ရောက်လာသည်။

"ဟင် အမေ့ကိုလည်း မတွေ့ဘူး၊ အမေဒီဘက်လာတာမှ
ဟုတ်ရဲ့လား"

ကလေးတွေးတွေးပြီး တောစပ်အတိုင်း အရှေ့ဘက်သို့ လျှောက်သွားရင်း မိခင်ကို လိုက်ရှာလေတော့သည်။

ထိုအခါမှ မိခင်ဖြစ်သူ မျှစ်စို့ကြီးများအပွေ့တပိုက်နှင့် တောထဲမှထွက်လာ၏။ သူမမျက်နှာမှာ ရွှင်ပြုံးနေသည့် မှီရသည့် မျက်နှာမျိုးနှင့် မျှစ်ရသည့်မျက်နှာ ဖြစ်နေ၏။

"အင်း အိမ်မှာ ကလေးတစ်ယောက်တည်း ငါသွက်သွက်
သွားမှ"

အောင်ဘော်ကို တစ်ယောက်တည်းထားခဲ့သည်မို့ ရွာလည်လမ်းဆီသို့ ခပ်သွက်သွက်လျှောက်လာပြီး အိမ်သို့သုတ်ခြေတင်တော့သည်။ လမ်းတွင် ခလုတ်တိုက်မိ၏။ လက်တွင်းမှ မျှစ်စို့တစ်ခုပင် ပြုတ်ကျသွားသည်။ သူမ ချက်ချင်းပြန်ကောက်ကာ ခပ်သွက်သွက် ဆက်လျှောက်သွားတော့သည်။

"ဟဲ့ မိတမာ နင်ဘယ်ကလာလဲ"



"တောစပ်မှာ ဟင်းချိုရွက်ကလေးသွားခူးတာ အရိုးရေ၊
အဲဒါ မျှစ်စို့ကြီးတွေတွေ့လို့ ခူးလာခဲ့တာ အရိုးယူပါဦးလား"

"မယူတော့ပါဘူးအေ၊ ညည်းသားလေး ညည်းနောက်
လိုက်လာတာတွေ့လား"

"ဟင် အောင်ဘော် ကျွန်မနောက်လိုက်လာတယ်
ဟုတ်လား"

"ဟုတ်တယ်လေ မတွေ့ဘူးလား၊ တောစပ်သွားတယ်ဆိုလို့
လိုက်သွားလေရဲ့"

"ဟောတော် ဒုက္ခပါပဲ ဒါတွေခဏယူထားပါဦး အရိုးရယ်၊
မမှောင်ခင်လေး ကျွန်မသွားရှာလိုက်ပါဦးမယ်"

မိတမာ ဟင်းရွက်များနှင့် မျှစ်စို့ကြီးများကို အရိုးငွေခင်အား ပေးခဲ့ပြီးတောစပ်သို့ အပြေးထွက်လာခဲ့ရှာသည်။ အချိန်က ညနေပိုင်းရောက်နေပြီမို့ မကြာခင် အမှောင်ရောက်ခဲ့လျှင်ရှာရ ခက်ပါတော့မည်။ သူမရင်ထဲမှာ မီးတောက်မီးလျှံကြီး တဖြိုးဖြိုး လောင်မြိုက်နေရှာပြီ။ ထို့ကြောင့် လမ်းတလျှောက် ဘာကိုမှမ မြင်တော့. . .။ မည်သူမှလည်း အကူအညီမတောင်းမိတော့ဘဲ တောစပ်ရောက်သည်နှင့် သားဖြစ်သူ၏အမည်ကို အကြော်ကြော်အော်ခေါ်ရင်း တောထဲဝင်ရှာပါတော့သည်။

"အောင်ဘော်ရေ. . . သား. . . ရေ. . . အောင်ဘော်"

မှောင်စပျိုးချိန်မှာ အောင်ဘော်၏ဖခင် ကိုမှုတ်ကြီး ပေါက်ဘူးလေးထမ်းလျက် လယ်ထဲမှ တက်လာ၏။ သူလည်း ဗိုက်ဆာနေပြီမို့ ရွာလယ်လမ်းအတိုင်း ရွာလည်လမ်းအတိုင်း ခပ်သွက်သွက်လျှောက်လာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . . မှတ်ကြီး၊ ဒီမှာ မင်းမိန်းပထားခဲ့တာတွေ ယူသွားအုံး"

အရီးငွေခင် အိမ်ရှေ့အရောက် မိတမာထားခဲ့သော ဟင်းရွက်နှင့်မျှစ်များကို အရီးငွေခင်က လှမ်းခေါ်ပေး၍ သူဝင်ယူရင်း. . .

"ဒါတွေက ဘာလုပ်တာလဲ အရီး၊ မိတမာရော ဘယ်သွားလို့လဲ"

အရီးက မိတမာဟင်းရွက်ခူးရန် တောစပ်သွားသည်မှစ၍ အောင်ဘော်လိုက်သွားပုံ၊ အောင်ဘော်နှင့်မိတမာ လူချင်းလွဲကာ အောင်ဘော်ပျောက်နေ၍ မိတမာပြန်ရှာရန်ထွက်သွားကြောင်းတို့ကို စီကာစဉ်ကာ ပြောပြနေသည်။

"ဟာ. . . ဒါဆို သူ ကလေးကို ပြန်တွေ့ပြီလား"

"အဲဒါတော့ မသိဘူးကွယ့်၊ ငါ့ကိုလည်း ဘာမှပြန်လာမပြောဘူး၊ အိမ်ပဲပြန်ရောက်နေပြီလား ဘာလား ငါလည်း မသိဘူးလေ"

"အဲဒါမှ ဒွကျတာပဲ၊ ကျုပ် အိမ်အလျှင်ပြန်အုံးမယ်ဗျာ၊ အိမ်မှာမတွေ့မှ လိုက်ရှာမယ်၊ အောင်လည်းမှောင်တော့မယ်"

မှတ်ကြီး ဟင်းရွက်နှင့်မျှစ်စို့တို့ မယူနိုင်သည့်အပြင် သူ့ပေါက်ဆွတူးပါထားခဲ့ပြီး အိမ်ရှိရာသို့ ပြေးသွားလေသည်။

"ကျုပ်သား အောင်ဘော်ပျောက်နေလို့"

"ကျုပ်သားလေး ပျောက်သွားလို့"



"တောစပ်ကို သွားရင်းပျောက်တာ"

ပြေးရင်း လွှားရင်းလမ်း၌ တွေ့သမျှတို့ကို ဟစ်အော်ပြောဆိုရင်း အိမ်ရှေ့ရောက်လာသည်။ အိမ်တံခါး ဖွင့်လျက်ရှိသည်မို့ သူ အိမ်ပေါ်ခုန်တက်လိုက်သည်။

"မိတမာ သား အောင်ဘော် လူလေး ဟေ့ မိတမာ"

ပြန်ထူးသံ မကြားရသည်မို့ သူတို့သားအမိ အိမ်ပြန်မရောက်သေးကြောင်းသေချာသွားပြီ။ သူအိမ်ပေါ်မှခုန်ချကာ ဆယ်အိမ်ခေါင်း ဦးဖိုးမှန်အိမ်သို့ ပြေးလေသည်။

လမ်းခုလတ်တွင် သူကြီးနှင့် ရွာဆော်မောင်ခန့်တို့ ခပ်သုတ်သုတ်လျှောက်လာသည်နှင့် ထိပ်တိုက်တိုးလေသောကြောင့်. . .

"ဟာ. . . သူကြီး. . . သူကြီး. . . ဟောဟဲ. . . ဟောဟဲ. . ."

"ဟေ့ကောင် မှတ်ကြီး ဘာယ်လိုဖြစ်လို့ အမောတကော ပြေးလာရတာလဲ"

"ဟို၊ ဟိုဒင်း. . . ကျွန်တော်. . . မိတမာ"

သူကြီး သူ့စကားကို ဆုံးအောင်နားမထောင်တော့ဘဲ၊ ရွာဆော် မောင်ခန့်ဘက်သို့ လှည့်ကာ. . .

"မောင်ခန့် ရွာထဲမှာ တစ်အိမ်တစ်ယောက် မီးတုတ်တစ်ခုစီ၊ လှံလက်နက်ကိုယ်စီနဲ့ ငါ့အိမ်ရှေ့မှာ စုခိုင်းလိုက်ကွာ၊ သွား မြန်မြန်လုပ် မှောင်နေပြီ"

ထိုအခါမှ မှတ်ကြီး ဝန်းကျင်ကို သတိထားမိသွား၏။ ရွာတွင်းရှိ အိမ်တိုင်းမီးခွက်၊ မီးအိမ်ကလေးများကိုယ်စီ ထွန်းထားကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ. . . မင်းလည်း မီးတုတ်ကိုင်ပြီး လိုက်ခဲ့ပေတော့၊ တင်မြင့်နွားကျောင်းရင်းနဲ့ လူရောနွားတွေပါ ပြန်မလာလို့ လိုက်ရှာရမယ်"

"ဗျာ. . . တင်မြင့် ပြန်မလာဘူး ဟုတ်လား၊ ကျုပ် ကျုပ်မိန်းမနဲ့ ကလေးလည်း တောထဲမှာဟင်းရွက်ခူးလိုက်သွားရင်း ခုထိပြန်မလာလို့"

"ဟေ မင်းမိန်းမရော ကလေးပါ ပျောက်နေတာပေါ့ ဟုတ်လား"

"ဟုတ် ဟုတ်ပါတယ် သူကြီး"

"ဟာ ဒါဆိုပိုရှုပ်ကုန်ပြီပေါ့၊ ကဲ ကဲ လာရွာထဲက လူတွေစုပြီးမှ နွားစားကျက်နဲ့ တောစပ်ကို နှစ်သုတ်ခွဲပြီး ရှာကြမယ်"

သူကြီးနှင့် မှတ်ကြီးတို့ သူကြီးအိမ်ရှေ့ရောက်တော့ မီးတုတ်နှင့်လက်နက်ကိုယ်စီ ကိုင်ထားကြသော ရွာသားများကို တွေ့ရသည်။ သူကြီးလည်း သူ၏နှစ်လုံးပြူးသေနတ်ကြီးကိုယူကာ လူအုပ်ကြီးရှေ့တွင် ရပ်လိုက်ပြီး. . .

"ရွာသားတို့ ခုပျောက်နေတာ တင်မြင့်တစ်ယောက်တည်း မဟုတ်တော့ဘူး၊ မှတ်ကြီးမယား တမာနဲ့သားအောင်ဘော်တို့ပါ၊ တောစပ်ကိုသွားရင်းနဲ့ ခုချိန်ထိပြန်မလာသေးဘူးတဲ့၊ အဲဒီတော့ ကိုဖိုးမှန်"

"ပြောပါ သူကြီး"



ဆယ်အိမ်ခေါင်းဦးဖိုးမှန်လည်း ညာလက်မှာ ဓားကြီးတောင်ဓါးကိုကိုင်လျက် ဘယ်လက်တွင် မီးတုတ်ကိုကိုင်လျက် လူအုပ်ကြီး၏ရှေ့တွင် ရပ်နေ၏။ လူအုပ်ကြီးကား ငြိမ်သက်စွာဖြင့်သူကြီးပြောမည့်စကားကို စောင့်နားထောင်နေကြသည်။

"နွားစားကျက်နဲ့ တောစပ်ဟာ တောင်နဲ့မြောက်ဖြစ်နေတယ်၊ ဒီတော့ ခင်ဗျား ဒီလူအုပ်ကြီးထဲက တဝက်ယူပြီး နွားစားကျက်ကိုသွားရှာ ကျုပ်နဲ့ကျန်တဝက်က တောထဲကို ဝင်ရှာမယ်"

"ဟုတ်ကဲ့ပါ သူကြီး၊ ကဲ တို့လူတဝက် ငါ့နောက်လိုက်ခဲ့ကြ"

"မှတ်ကြီး မင်းငါတို့နဲ့ လိုက်ခဲ့"

"ဟုတ်ကဲ့ပါ သူကြီး"

သူကြီးမှတ်ကြီးကိုခေါ်ပြီး တောတွင်းသို့ဝင်ရန်ရှေ့ရှုသွားနေသကဲ့သို့ ဆယ်အိမ်ခေါင်းဦးဖိုးမှန်က လူအုပ်တစ်အုပ်ကို ဦးဆောင်ကာ နွားစားကျက်ဘက်သို့ ထွက်လာကြသည်။ တစ်ရွာလုံးမှောင်အတိ ဖုံးနေပြီမို့ မီးတုတ်ကိုင်အဖွဲ့ကြီး နှစ်ဖွဲ့သည် တောင်နှင့်မြောက်အရပ်ဆီသို့ နှစ်အုပ်ကွဲ၍ ထွက်သွားကြလေပြီ။ လူဆယ်ယောက်ကျော် ကိုင်ဆောင်လာသော မီးတုတ်ဆယ်ခုမကများလှသောကြောင့် သူတို့လူအုပ်ကြီးသွားရာလမ်းတလျှောက်လုံးထိန်လင်းနေတော့သည်။

အိမ်များတွင်းရှိ မိန်းမနှင့်ကလေးများကမူ လူအုပ်ကြီးကိုကြည့်လျက် တစ်ယောက်တစ်ပေါက် ပြောဆိုဘုန်းရင်ကြ၏။

www.burmeseclassic.com



ကလေးသူငယ်ရှိသော အိမ်များမှ မိခင်များသည် သူတို့သား သမီးများကို ပွေ့ပိုက်ထားလျက် မောင်အောင်ဘော် အစား မိမိတို့သားသမီးများဖြစ်လျှင်မှုသော အတွေးမျိုးတွေးကာ စိုးရွံ့ ကြောက်ထိတ်နေကြသည်။

"ဩော်. . အောင်ဘော်. . အောင်ဘော် ငါတားတုန်းက သူ့အမေနောက်လိုက်မသွားရင် ခုလိုဖြစ်မှာမဟုတ်ဘူး၊ အို ဖွတ်ဟဲ့ လွဲပါစေ၊ ခုလဲ သူဘာမှဖြစ်သေးတာမှမဟုတ်ဘဲ ဘာမှမဖြစ်ပါစေနဲ့. သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေ မစပါ. ."

အရီးငွေခင်တစ်ယောက်တည်းအိမ်တံခါးကိုမှီကာလူအုပ် ကြီးကိုကြည့်ရင်း မောင်အောင်ဘော်လေးအတွက် ဆုတောင်း ပေးလိုက်မိသည်။

"မြန်မြန်လျှောက်ကြဟေ့ တောစပ်ရောက်တာနဲ့ တို့သုံးစု ခွဲပြီး တောထဲဝင်မယ်"

တောစပ်ကိုအရိပ်မည်းများအဖြစ် လှမ်းပြင်နေရပြီ။သူတို့ အုပ်ကြီး၏ရှေ့ဆုံးမှ ဖိုးတုတ်နှင့်အောင်ခင်တို့ ရှေ့ဖျားချီ (ရှေ့ပြေးကင်း) သဖွယ် ၁၅ပေခန့်ခွါ၍ သွားနေကြ၏။

"ဟေ့ ဘယ်သူလဲ"

တောစပ်မှ လူရိပ်လိုလိုမြင်လိုက်ရသော ဖိုးတုတ်ဇာန့်ခနဲ ရပ်ပြီး အသံကုန်အော်လိုက်သည့်အတွက် သူကြီးနှင့်အဖွဲ့လည်း ရပ်လိုက်ကြ၏။ သူကြီးနှင့်မှတ်ကြီးတို့ ဖိုးတုတ်တို့ အနီးအပြေး ရောက်လာကြသည်။



"ဘာလဲ ဖိုးတုတ် ဘာမြင်လို့လဲ"

"လူရိပ်တွေ့လိုက်လို့ သူကြီး"

"လာ ဖြည်းဖြည်းချင်း ရှေ့တိုးသွားကြရအောင်"

သူကြီးနှင့်ဖိုးတုတ်တို့ လေးယောက်ရှေ့သို့ တရွေ့ရွေ့တိုး သွားကြ၏။ နောက်မှလူအုပ်ကြီးလည်းတိုးသွားသည်။ ဝါးတပြန် ခန့်သွားမိသောအခါ မီးရောင်ရောက်ရာနေရာ၏ အစပ်တွင် သူတစ်ယောက်လဲကျနေသည်ကို တွေ့ကြရ၏။

"သတိထားကြ ရှေ့မှာ လူတစ်ယောက်လဲနေတယ်"

လက်နက်ကိုယ်စီအသင့်ပြင်လျက် လဲနေသူကို သူတို့ လူအုပ်ဝိုင်းလိုက်ကြသည်။

မှတ်ကြီး၏အာရုံခံစားမှုမှ တစ်စုံတစ်ခုကိုသိသွားသည့်နှယ် လူအုပ်ကိုထိုးဖောက်ကာ လဲနေသူထံပြေးဝင်သွားလေသည်။

"ဟေ့ကောင် မှတ်ကြီး၊ ဘာလုပ်တာလဲ"

"မှတ်ကြီး သတိထား"

လဲနေသူနံဘေးရောက်တော့ မှတ်ကြီးဒူးထောက်ထိုင်လိုက် သည်။

"ဒါ မိတမာဗျ သူကြီး၊ မိတမာ သတိမေ့နေတာ"

"ဟေ ဟုတ်လား"

မီးတုတ်များကိုင်ထားလိုက်သည်မို့ မိတမာကို သေသေ ချာချာ မြင်နေရပြီ။ မိတမာတစ်ကိုယ်လုံးမှာ ဆူးခြစ်ရာနှင့် သွေးစသွေးနများ ပြည့်နှက်နေသည်။

"မိတမာ မိတမာ၊ သားကော သားကော သားတို့တွေ့လား"

www.burmeseclassic.com

www.burmeseclassic.com



မှတ်ကြီးတစ်ယောက် ဇနီးဖော သားဖောရောထွေးကာ သတိမေ့နေသော ဇနီးသည်ကို အတင်းလှုပ်မေးနေသည်။ မိတမာကား လုံးဝမေ့မြောလျက်ရှိ၏။

"ခေါ်မနေနဲ့တော့ မှတ်ကြီး၊ သူသတိမေ့နေတာ၊ မင်းနဲ့တစ်ယောက်သူကို ရွာထဲခေါ်သွား ဆေးဆရာဦးခိုနဲ့ သတိရအောင် လုပ်ထားလိုက်"

"ဟုတ် ဟုတ်ကဲ့ပါ သူကြီး"

မှတ်ကြီးလည်း ဇနီးသည်၏ခန္ဓာကိုယ်ကြီးကို ပုခုံးထမ်းကာ ရွာဘက်သို့ ပြေးလေတော့သည်။ မီးတုတ်ကိုင်ထားသော ရွာသားတစ်ယောက် မှတ်ကြီးနောက်သို့ လိုက်သွားလေ၏။

သူတို့သုံးဖွဲ့လုံး တစ်တောလုံးဖွတ်ဖွတ်ကြေအောင် ရှာခဲ့ပြီးလေပြီ။ အချိန်ကလည်း ခုနစ်စဉ်ကြယ်အမြီးထောင်သောအချိန်သို့ ရောက်နေပြီ။ ထိုအချိန်မှ သူကြီးဦးဆောင်သော အဖွဲ့သည် တောစပ်သို့ ပြန်ထွက်လာခဲ့၏။

"ဟိုအဖွဲ့တွေကို ပြန်ထွက်ခဲ့ဖို့ အချက်ပေးလိုက်ကွာ"

"တကူ. . . ကူး. . . ကူး. . . ကူး. . . ကူး. . ."

သူကြီးနှင့်အတူပါသောအဖွဲ့မှ အချက်ပေးသံကြောင့် အခြားအဖွဲ့များမှလည်း ကြားသိကြောင်းအချက်ပေးပြီး သတ်မှတ်ထားသည့်စုရပ်သို့ တောတိုး၍ ပြန်ထွက်လာနေကြသည်။

"ဟော ဟိုမှာ မီးရောင်တွေ့တယ်၊ တစ်ဖွဲ့တော့ ပြန်ထွက်လာနေပြီ သူကြီး"



"အေး ဒီကပဲစောင့်ပါ၊ ဒီကိုလာကြမှာပေါ့"

မကြာခင် တောတိုးလာသော အဖွဲ့တစ်ဖွဲ့ သူကြီးနှင့်အဖွဲ့အနီးသို့ ရောက်လာသည်။

"ဘာထူးခြားလဲကွ"

"ဘာမှမထူးခြားပါဘူး သူကြီး၊ အရိပ်အရောင်ဆိုလို့ ဘာမှမတွေ့ပါဘူး"

"အေးကွ ကလေးပျောက်ပုံကတော့ တော်တော်ကို ထူးခြားနေပြီ"

ထိုစဉ် အောင်ခင်နှင့်အဖွဲ့လည်း သူကြီးထံရောက်လာ၏။

"မင်းတို့ အဖွဲ့ရော ဘာထူးခြားလဲ"

"မထူးပါဘူး သူကြီး"

"ဘိနပ်တစ်ဘက်တွေ့တယ်လေ. . . ကိုအောင်ခင်"

"အင်း. . . ဟုတ်တယ်. . . ဒီဘိနပ်ကလေးတစ်ဘက်တွေ့ပါတယ် သူကြီး. . . ကလေးဘိနပ် ဟုတ်မဟုတ်တော့ မသိဘူး"

"အေး. . . အဲဒါလေး. . . မပျောက်စေနဲ့၊ မှတ်ကြီးတို့ လင်မယားကို မေးကြည့်ရမယ်"

လိုရမယ်ရ ယူခဲ့ကြခြင်းဖြစ်သော်လည်း သူတို့ရှာတွေ့ ကလေးမဆိုထားနှင့် လူကြီးများပင် ဘိနပ်စီးလေ့မရှိသော သို့သော် အထောက်အထား တစ်စုံဖြစ်လာလေမလားဟု ယူခဲ့ကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အားလုံးပြန်ကြမယ်ဟေ့. . . သန်းခေါင်ကျော်လောက် တော့ရှိပြီ"

မီးတုတ်များစွာတို့ကိုင်လျက် ရွာဘက်သို့ စိတ်ပျက်လက်ပျက် ပြန်လာခဲ့ကြသည်။

မကြာခင် ရွာသည့်လမ်းမကြီးကို ရောက်လာပြီဖြစ်သော သူကြီးနှင့်အဖွဲ့ကြောင့် လမ်းမပေါ်တွင်မီးရောင်များ ထိန်ထိန်လင်းလျက်ရှိ၏။ ခြေသံများမှတစ်ပါး အခြားအသံမကြားရ။

"ဝုတ်. . . ဝုတ်. . . ဝုတ်. . . ဝုတ်. . ."

ရွာတွင်းမှ ခွေးလေခွေးလွင့်များသည် မမြင်စဖူးထူးထူးခြားခြား လူအုပ်ကြီးကိုတွေ့သောကြောင့် မနေမနားထိုးဟောင်နေကြ၏။ ရွာသားများသည် ဟောင်နေသော ခွေးကိုလည်းဂရုမပြုနိုင်တော့ဘဲ နွတ်ဆိတ်လျက်သာ မိမိတို့အိမ်အရောက်ပြန်လာကြလေသည်။

သူတို့နည်းတူ ဆယ်အိမ်ခေါင်းဦးဖိုးမှန် ခေါင်းဆောင်သောနွားကျောင်းသားရှာဖွေရေးအဖွဲ့သည်လည်း လူကိုရှာမတွေ့ကြ မောင်တင်မြင့်၏ ရေဘူးကိုသာတွေ့ရ၍ ကောက်ယူခဲ့ကြသည်။ ညတစ်ဝက်ရှာဖွေရေး အစီအစဉ်များကား မအောင်မမြင်နှင့် အဆုံးသတ်ခဲ့ရလေပြီ။

သူကြီး၊ ဆယ်အိမ်ခေါင်းအပါအဝင် ရှာဖွေရေးအဖွဲ့တွင် ပါဝင်သူများကိုယ်စီ အိမ်ပေါ်သို့ အသီးသီးတက်သွားကြပြီ။



မကြာခင် သက်ကယ်သောင်ရွာကလေးမှာ ငြိမ်သက်မှုပကတိဖြင့် သက်မဲ့ရွာနှယ် မှောင်ကြီးမည်းထဲမှာ အထီးကျန်ရပ်တည်နေလျက်။

ညကလည်း မှောင်မည်း. . . နက်နေဆဲ။

လရောင်မရှိ. . .။

ကြယ်ရောင်တို့ကလည်း အားမရစရာ။ အလင်းရောင်နည်းနည်းနှင့် အမှောင်အားများများ။

xxxxx

"အဲဒီနေ့ကစပြီး ကျုပ်တို့ရွာကလေးလည်း တကယ့်ကို အသက်မဲ့သွားတော့တာပါပဲဗျာ၊ ဘယ်လောက်အထိတောင် ဆိုးဝါးလာသလဲဆိုတော့ ဟိုတုန်းကလို တောတိုး၊ ငါးရှာ၊ လယ်ယာချောင်းမြောင်းလုပ်ငန်းတွေလုပ်ဖို့ပါ သွားရေးလာရေး ကိစ္စတွေမှာ ရွံ့လာကြတယ်၊ ကလေးတွေအတွက် ကျောင်းလွှတ်ဖို့အထိ ဝန်လေးလာကြပါလေရော ဆရာရယ်"

သူကြီးဦးဘတင်သည် အတန်ငယ်မောသွားပုံရသည်။ ရေနွေးအေးစက်စက်ကို မော့သောက်ချလိုက်၏။ ကျွန်ုပ်က ဦးဘတင်ဆက်ပြောလာမည့် စကားကိုစောင့်နားထောင်နေသော်လည်းကိုထွန်းလူက တစ်နေရာသို့စူးစိုက်ကြည့်ကာ ငြိမ်သက်တွေဝေနေ၏။ အကြောင်းမသိသော သူကြီးကသူ

www.burmeseclassic.com



ပြောသည့်အကြောင်းအရာများကို စိတ်ဝင်ဂစားနားထောင်ဟန်မရှိဟုထင်ပေလိမ့်မည်။ အမှန်မှာ ထိုသို့မဟုတ်ပါ။ ဒေါက်တာထွန်းလူသည် သူကြီးပြောသမျှကို ခရေစေ့တွင်းကျ မှတ်မိနေပေလိမ့်မည်။

"ကိုမအောင်ပွင့် ရေဗူးလေးသိမ်းထားလိုက်ဗျာ၊ ဒါနဲ့ဘိနပ်တစ်ဘက်ဟာ ကလေးဘိနပ်ဟုတ်မဟုတ်ဆိုတာ သူ့မိဘတွေကို မေးကြည့်သေးလား"

ကိုထွန်းလူက ကျွန်ုပ်အားရေဗူးယူသိမ်းထားစေပြီး သူကြီးဘက်သို့ လှည့်မကြည့်ဘဲ မေးသည်။

"မောင်ခန့် နောက်ဖေးမှာ ရေဗူးချိတ်ထားတယ်၊ သွားယူပေးလိုက်ကွာ"

ထို့နောက် ကိုထွန်းလူဘက်သို့ လှည့်ကြည့်လိုက်ပြီး. .

"မေးကြည့်ပါတယ်ဆရာ ကလေးမှာ ဘိနပ်မရှိဘူးလို့ သိရပါတယ်"

"အင်း ဒါဆိုကလေးအတွက်က ဘာမှသဲလွန်စမကျန်ခဲ့ဘူးပေါ့။ နောက်နေ့တွေမှာ ကျုပ်တို့ သွားကြည့်ကြရအောင်ဗျ"

"ရပါတယ်ဆရာ ဆရာတို့သွားချင်တဲ့အချိန်သာ ပြောပါ၊ ကျုပ်တို့ရွာခံတစ်ယောက်ယောက်နဲ့ ကျုပ်ပါလိုက်ပါ့မယ်၊ သွားကြည့်ပါ၊ သွားကြည့်ပါ"

"ဒီမှာ ငွေ့ူးအဘ"



မောင်ခန့် ရေဗူးကို သူကြီးထံကမ်းပေးသည်။ ဆယ်အိမ်ခေါင်း ဦးဖိုးမှန်လှမ်းယူလိုက်ပြီး ကျွန်ုပ်ထံလှမ်းပေး၏။ ရေဗူးကျွန်ုပ်လက်ထဲရောက်သည်နှင့် ရေအနည်းငယ်ကျန်နေသေးကြောင်းသိလိုက်ရသည်။

"ရေနည်းနည်းကျန်နေပါလား"

"ဟုတ်တယ်ဆရာ ကျုပ်တို့ယူလာတဲ့အတိုင်းပဲထားထားတာ တစ်ခါမှကို ယူမကြည့်သေးဘူး"

သူကြီးက ကျွန်ုပ်စကားကို ကြားဖြတ်အဖြေပေးလိုက်၏။

"ရေဘယ်လောက်ကျန်သေးလဲဗျ ကိုအောင်ပွင့်"

"ငါးပုံတစ်ပုံလောက်ကျန်သေးတယ် ကိုထွန်းလူ"

ကျွန်ုပ် ကိုထွန်းလူကို အဖြေပေးရင်း ရေဗူးကို သူ့လက်ထဲ တမ်းပေးလိုက်သည်။ ကိုထွန်းလူရေဗူးကို လှုပ်ကာ ရေသံနားထောင်သည်။ ထို့နောက် ရေဗူးအဖုံးဖွင့်ပြီး အဝ,ကို နမ်းကြည့်နေပြန်၏။ စိတ်တိုင်းကျ စစ်ဆေးမှုပြုပြီးနောက်. . .

"ဒီကျွန်းကျောင်းသားဟာ ဒီရေဗူးနဲ့အတူ ညနေပိုင်းလောက်အထိ အတူနေခဲ့တာပဲဗျ၊ ဒါနဲ့ ဒီရေဗူးကိုတွေ့တာ ဘယ်လိုနေရာကလဲ၊ ဥပမာဗျာ မြက်ခင်းပေါ်ကလား ခြုံပုတ်ထဲကလား ဒါမှမဟုတ် ဝါးရုံအစပ်ကလား အဲဒီလိုမျိုးသိချင်တာ"

ထိုအခါ ဦးဖိုးမှန်က ထိုညကအဖြစ်အပျက်ကို ပြန်စဉ်းစားသည့်အလား ခေတ္တစဉ်းစားဟန်ပြုပြီး

"ကိုဘတင့် အနောက်က လျှိုသိတယ်မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"အေး ငါသိပါတယ်၊ အဲဒီလျှိုအနားကလား"

"ဟုတ်တယ်၊ လျှိုစပ်ဝါးရုံနားက တွေ့တာ"

"ဒီလျှိုက တော်တော်လှမ်းတာ၊ ဒီကောင် အဲဒီနေရာအထိ နွားကျောင်းပါ့မလား"

သူကြီးနှင့်ဆယ်အိမ်ခေါင်း ပြောဆိုနေကြသည်ကို ကိုထွန်းလူ သေသေချာချာ နားထောင်မှတ်သားနေ၏။ သူကြီး ရော ဆယ်အိမ်ခေါင်းပါ ပြောလက်စ စကားများ တုန့်ခနဲ ဖြစ်သွားတော့မှ

"အဲဒီလျှိုဝန်းကျင်ဟာ နွားစားကျက်ကောင်းတွေရှိလို့လား သူကြီး"

"စားကျက်ကောင်းတော့ မရှိပါဘူး၊ တစ်ခါတစ်လေမှ နွားတွေ အဲဒီဘက်ကို ခရီးလွန်တတ်လို့ ရောက်ဖူးတဲ့ နွားကျောင်းသားတွေတော့ ရှိပါတယ်၊ ကျုပ်လည်း လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က တစ်ခေါက်ရောက်ဖူးတာပါ၊ နောက်ပိုင်းတော့ လုံးဝမရောက်ဖြစ်တော့ပါဘူးဗျာ"

စကားဝိုင်းသည် တိတ်ဆိတ်ငြိမ်သက်သွားကြ၏။ မည်သူက စကားစ,မည်လည်းဟု စောင့်နေကြဟန်တူသည်။ သူကြီး ဦးဘတင် ကွမ်းတစ်ရာ ယာနေသည်။ ဆယ်အိမ်ခေါင်းဦးဖိုးမှန် ရေနွေးတစ်ခွက်ငုံ့နေ၏။ တခြားလူများ သူကြီးကို ကြည့်သူကြည့် ကိုထွန်းလူကို ကြည့်သူကြည့်နေကြသည်။

"ဒီနွားကျောင်းသားဟာ လူတစ်စုရဲ့ ဖမ်းဆီးခြင်းခံရတာ ဖြစ်နိုင်တယ်၊ သူရုန်းကန်ရင်း အားမတန်လို့မာန်လျှော့ခဲ့



ရတာ ဖြစ်မယ်၊ နောက်ဆုံးဘာမှလုပ်လို့မရတော့တဲ့အခါမှ သူ့ကိုယ်ပေါ်က ရေဘူးကို ဖြုတ်ထားခဲ့တာ ဖြစ်ရမယ်"

အားလုံးစကားလုံးမဲ့စွာ ငြိမ်သက်သွားကြ၏။

သူကြီးနှင့် ဆယ်အိမ်ခေါင်းဦးဖိုးမှန်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေကြသည်။ ငြိမ်သက်မှုက ကိုထွန်းလူ၏ စကားကို ထောက်ခံနေသည်။ သူတို့စကားဝိုင်းသာ တိတ်ဆိတ်နေသည်မဟုတ် တစ်ရွာလုံးမှာ အပ်ကျသံပင်ကြားရမျှ တိတ်ဆိတ်လွန်းလေသည်။ ထိုမျှမက မှောင်အတိလည်းဖုံးလွှမ်း၏။

"ကဲ သူကြီးနောက်တစ်ယောက်အကြောင်း ဆက်ပြောပါဦး"

"အလို တယ်လည်းစိတ်လောကြီးနေပါလား ကိုအောင်ပွင့်ရဲ့၊ သူကြီးနဲ့အဖွဲ့လည်း နားကြပါစေဦးဗျာ"

ကိုထွန်းလူပြောလိုက်၍ ကျွန်ုပ်လည်း စကားမဆက်တော့ဘဲ ရေနွေးပန်းကန်လုံးကို ကောက်ယူမော့သောက်လိုက်လေသည်။

"ရပါတယ် ဆရာရဲ့၊ ကျုပ်တို့မအိပ်ချင်သေးပါဘူး၊ ပြောဆို ပြောပါ့မယ်"

"နေပါစေတော့ သူကြီးရယ် ပျောက်ဆုံးပုံဆိုတာ အမှုအတွက် အရေးကြီးပေမယ့် ကွင်းဆက်တွေရဖို့ကလည်း လိုသေးတယ်၊ ဒီနေ့တော့နားကြပါစို့ သူကြီးရယ်၊ နားနား နေနေ နေပြီး စဉ်းစားကြသေးတာပေါ့"

ကမ်းခြေသို့ လှိုင်းရိုက်သံများ အဆက်မပြတ်ကြားနေရသည်။

www.burmeseclassic.com



တဝုန်းဝုန်း၊ တဝေါဝေါ အသံတို့သည် အမှောင်ညကို မင်းမူစိုးမိုးနေကြ၏။ ညဥ့်က အလွန်နက်နေသည် မဟုတ်သော်လည်း အမှောင်ကတော့ နက်ရှိုင်းလွန်းလှသည်။

"အူ. . အူ. . အူ"

ရွာအရှေ့ဖျားမှ အူလိုက်သော ခွေးလေခွေးလွင့် တစ်ကောင်၏ တစ်ဆို့ဆို့အူလိုက်သံကြောင့် ရွာလည်လမ်းတလျှောက်ရှိ ခွေးများသံယောင်လိုက်၍ အူကြသည်။

သူကြီးအိမ်ပေါ်ရှိသူများ. . မည်သူမှ အိမ်ပြန်ကြမည် မဟုတ်။

သူတို့ရွာတွင် မှောင်ခိုစပျိုးအချိန်မှစ၍ အိမ်လည်ခြင်း၊ တစ်အိမ်မှ တစ်အိမ်ကူးလူးခြင်းမရှိတော့ဘဲ ကိုယ့်မိသားစုကလေးအိမ်ရှေ့ သို့မဟုတ် အိမ်ခန်းတွင်း၌ ငြိမ်သက်နေကြရှာတော့သည်။ သူကြီးအိမ်ပေါ်ရှိသူများလည်း . . ထိုအိမ်ပေါ်တွင် အိပ်ကြတော့မည်ဖြစ်သည်။

"ဘယ်နှယ့် ကိုထွန်းလူ ငြိမ်လှချည်လားဗျ. . အမှုကြောင်းကို တွေးနေတာလား"

"မဟုတ်ပါဘူးဗျာ. . ခုလိုညမျိုးမှာ ဒီလူတွေ အိပ်လို့ကောင်းသွားအောင် ကျုပ်ပုံပြင်တစ်ပုဒ်လောက်ပြောပြရရင် ကောင်းမှာပဲလို့ စဉ်းစားနေတာ"

"အိုင်ဆေး ဘာပုံပြင်များပြောမှာလည်းဗျ"

"သူ့ရဲ့အခြောက်ခံရတဲ့ သူရဲအကြောင်းပြောရင် ဒီလူတွေ စိတ်ဝင်စားမယ်ထင်တယ်ဗျ နော်"



"ခင်ဗျားမှာ ပေါက်ပေါက်ရှာရှာပြောစရာအကြောင်းရှိမယ်ထင်တယ်၊ ပြောလေဗျာ ကျွန်တော်လည်း ဗဟုသုတအနေနဲ့ နားထောင်ချင်တယ်ဗျ"

သူကြီးနှင့်ပရိတ်သတ်က ကျွန်ုပ်နှင့်ကိုထွန်းလူတို့ ပြောလာမည့်စကားကို စောင့်နေကြဟန်ရှိ၏။

"ဆရာတို့ ဘာတွေပြောမှာလဲ၊ ကျွန်တော်တို့လည်း နားထောင်ရအောင်"

"နားထောင်ချင်ရင်တော့ ပြောရမှာပေါ့ဗျာ၊ ဆရာကိုထွန်းလူက ခင်ဗျားတို့အိပ်ချင်ပြေ နားထောင်လဲကောင်းမယ့်အကြောင်းပြောမလို့တဲ့ဗျ၊ အဲဒါကတော့ သူ့ရဲ့ခြောက်ခံရတဲ့ သူရဲအကြောင်းပြောမယ်"

သူကြီးအပါအဝင်အိမ်ပေါ်ရှိသူအားလုံး ကျွန်ုပ်တို့ရှိရာသို့ တရွေ့ရွေ့တိုးကပ်လာသည်။ လူသည် မမြင်ရသော သူရဲကို ကြောက်ကြသည်။ သို့သော် သူရဲအကြောင်းပြောမည်ဆိုလျှင် လွန်စွာကြားချင်ကြ၏။ ယခုလည်း သူတို့သူရဲအခြောက်ခံရသော သူရဲအကြောင်းနားထောင်ရန် စိတ်စောနေလေသည်။

"ဘာဗျ. . သူရဲက. . သူရဲခြောက်ခံရတယ်. . ဟုတ်လား"

"ဟား ဟား နာမည်ကိုက ထူးဆန်းတယ်၊ အဲဒီသူရဲအရောသူ့ကိုခြောက်တဲ့သူရဲကို ကြောက်တာပဲလား"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ သိချင်ရင်နားထောင်ပေါ့ဗျာ၊ ကိုထွန်းလူစတော့လေဗျာ၊ အားလုံးက ခင်ဗျားပြောမယ့် စကားကို မျှော်နေကြပြီ"

"အဖြစ်အပျက်က ကျုပ်တို့ရွာမှာ ဖြစ်ခဲ့တာဗျ၊ ကျုပ်အဖေကြုံခဲ့ရတာကို ပြန်ပြောပြလို့ ကျုပ်လည်းသိခဲ့ရတာ၊ အဲဒါကို တစ်ဆင့်စကားအဖြစ် အပိုအလိုမရှိ ပြန်ပြောပြပါ့မယ်ဗျာ၊ ကျုပ်အဖေက ရွာသူကြီးပေါ့"

×××××

ဆောင်းဦးပေါက်ရာသီ. . . . ။

အာရုဏ်တက် နှင်းမကွဲမီမှ ဦးတုတ်ကြီးတစ်ယောက် နွားကြီးတစ်ရှဉ်းကိုဆွဲကာ သူ့လယ်ဆီသို့လျှောက်လာခဲ့သည်။ သူ့လက်ျာဘက်လက်တွင်း၌ မီးအုပ်ဆောင်းတစ်ခုကို ကိုင်လာခဲ့၏။ မီးအလင်းရောင်က အားနည်းလွန်းသောကြောင့် တစ်ကြောင်း၊ နှင်းများပိတ်နေ၍တစ်ကြောင်း အုပ်ဆောင်းမီးရောင်သည် ရှေ့တစ်ကိုက်ခန့်ကိုသာမြင်ရသည်။

ထိုမီးအုပ်ဆောင်းရောင်ကလေးဝန်းကျင်မှာသာ အလင်းရှိပြီး ဦးထုတ်ကြီး၏ရှေ့နောက် ဝဲယာတို့၌မူ အမှောင်ထုက ကြီးစိုးထား၏။

ဦးတုတ်ကြီး၏အိမ်မှာ ရွာ၏အနောက်ပိုင်း၌ဖြစ်သော်လည်း သူပိုင်လယ်ကမူ ရွာအရှေ့ဖျားရွာဦးဘုရားမှ ၁၅မိနစ်ခန့်



လျှောက်ရသော ခရီးတွင်ရှိသည်။ သူ့တွင် လယ် ၁၅ဧက ပိုင်ဆိုင်သည်။ ထိုလယ်များကို ဦးတုတ်ကြီးကိုယ်တိုင်ဦးစီးပြီး သူရင်းငှားတစ်ယောက်ငှားကာ လယ်စောင့်တဲတွင် နေစေသည်။ သူကိုယ်တိုင်ကတော့ မိုးမလင်းမီ စောစီးစွာထပြီး နွားတစ်ရှဉ်းဆွဲကာ လယ်ထဲသို့ လျှောက်နေကြဖြစ်သည်။

သည်လမ်းသည်ခရီးသည် သူ့အတွက် ရိုးနေပြီ. . ။ ဘယ်လိုလျှောက်လျှောက် လမ်းပျောက်စရာမရှိ. . ။ တစ် ယောက်တည်းလည်း စိုးရွံ့ထိတ်လန့်မှုမဖြစ်ဘဲ သွားလာနေကြ ဖြစ်လေသည်။ သို့သော် သည်ကနေ့ နံနက်လျှောက်လာနေရ သည်မှာဦးတုတ်ကြီး ရင်ထဲတစ်စုံတစ်ခုကို ကြောက်ရွံ့နေမိသလိုဖြစ်နေ၏။

"ဟင်. . ဒီနေ့မနက်. . ငါဘာဖြစ်နေပါလိမ့်. . ကျောထဲက ဖြန်းခနဲ. . ဖြန်းခနဲနဲ့ ရာသီဥတုက အေးလို့နဲ့တူတယ်"

သူ့အတွေးနှင့်သူ ကျောချမ်းနေသည့်ကိစ္စကို လျှော့ပေါ့စဉ်းစားရင်း. . တရွေ့ရွေ့လျှောက်လာ၏။ သူ့လယ်များမှာမနှစ်က အတော်အထွက်ကောင်းခဲ့သည်။

ထို့ကြောင့်ဦးတုတ်ကြီးတို့မိသားစုစီးပွားရေးအတော်အဆင်ပြေခဲ့ကြသည်။

ပြီးခဲ့သည့်နွေရာသီက ဦးတုတ်ကြီး သူ့သားငယ်နှင့်တူနှစ်ယောက်ကို ရှင်ပြုပေးနိုင်သည်။ ခြိမ့်ခြိမ့်သဲအလှူပွဲ၌ အလှူ့ဒါယကာကြီးဦးတုတ်ကြီးတစ်ယောက် လွှန်စွာအားတက်ကျနပ်ခဲ့သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ဦးတုတ်ကြီးတစ်ယောက် နွားတစ်ရှဉ်းဆွဲလျက် မှောင်ရိပ်ပွင် လျှောက်လာနေရင်း တူရှုမှ လာနေသော မီးအုပ်ကလေးကို တွေ့နေရလေသည်။ မီးအုပ်မှာ မြေကြီးမှ တစ်ထွာခန့်အကွာလောက်တွင် တရွေ့ရွေ့လာနေခြင်းဖြစ်သည်။ သာမန်လူတစ်ယောက်ဆိုလျှင် မြေကြီးမှ တစ်ပေခွဲနှစ်ပေခွဲခန့် အမြင့်တွင် မီးအုပ်ဆောင်းရှိသင့်ပါလျက် ယခုလာနေသည်မှာ တစ်ထွာခန့်သာရှိနေသည်မို့ ဦးတုတ်ကြီး ဇဝေဇဝါဖြစ်သွား သည်။

"ဟ . . ဘာလဲဟ . . ဘာဖြစ်လို့ ဒီလိုနိမ့်နိမ့်ကလေးဖြစ်နေရတာလဲ . ."

သူတွေးရင်းမှ . . တုန့်ခနဲ ရပ်လိုက်သည်။

ကြက်သီးက ဖြန်းခနဲထသွား၏။

နွားနှစ်ကောင်က . . တရှူးရှူးနှင့်နှာမှုတ်ရင်း . . ခပ်ကြမ်းကြမ်းရုန်းထွက်ဖို့ ကြိုးစားနေသည်။

"ရှူး . . ရှူး . . ရှူး"

"ဟိတ် . . ပြာကြီး . . ဘာဖြစ်လဲ . . ဟင် . . သားကြီး . . ငြိမ်စမ်း"

သူ့နွားကြီးနှစ်ကောင်စလုံး ဤမျှ လူပ်ရှားနေခြင်းမှာအကြောင်း တစ်စုံတစ်ခုကြောင့်ဖြစ်ကြောင်း သူသိနေသည်။ နမ်လောကသားတို့၏လှုပ်ရှားမှုတစ်စုံတစ်ခုရှိလာသည့်အခါ ဤတိရစ္ဆာန်များက ပို၍အာရုံခံနိုင်စွမ်းသည်ကို ဦးတုတ်ကြီး ကြားဖူးနားဝရှိထား၏။ သည်နွားကြီးများ နာမ်လောကသား တို့နှင့် မျက်နှာချင်းဆိုင်တွေ့နေပြီထင်၏။



"သားတို့ ငြိမ်စမ်း . . ငြိမ် . . ငြိမ်နေကြ . . ကျွတ် . . ကျွတ် ကျွတ် . ."

အမှန်တော့ ဦးတုတ်ကြီးသည် ကြောက်တတ်သူမဟုတ်ပါ။ သို့သော် . . သူ့ဆီသို့ တရွေ့ရွေ့လျှောက်လာနေသော မီးအိမ်နိမ့်နိမ့်ကလေးနှင့် လူလား . . နာမ်လားမသိသည့်အရာကြောင့် သူ့ကျောပြင်တစ်ခုလုံး ကြက်သီးထသည်မှာ . . သုံးကြိမ်ထက်မနည်းပြီ . .။ ယခုနွားများကလည်း နှာမှုတ်၊ ခွာယက်လုပ်လာပြန်သောကြောင့် . . သူပို၍ ထိတ်လန့်လာမိသည်။

"အို . . ဖြစ်ချင်ရာဖြစ်ပေါ့ကွာ . . မင်းဘာသာမင်း သူရဲမကလို့ တစ္ဆေပဲဖြစ်ဖြစ် . . ငါမကြောက်ဘူး . . တုတ်ကြီးနဲ့တွေ့ရင် သူရဲက လူကို ပြန်ကြောက်သွားစေရမယ်ကွ"

ဦးတုတ်ကြီး မာန်တင်းလျက် . . ဆက်လျှောက်လာသည်။ တူရှုမှ လာနေသော မီးအိမ်ကလေးကလည်း သူ့နှင့်ဝါးတရိုက်အကွာသို့ ရောက်နေပြီ။

ထိုမှ . . ထိုမှ တရွေ့ရွေ့နီးကပ်လာ၏။

သူ . . မီးအိမ်အလင်းရောင်အောက်မှာ ရွေ့မှလာနေသူကို ဖျက်ခနဲ မော့ကြည့်လိုက်မိသည်။

"ဟာ . . ဘာသူရဲလဲ . . ဟ"

လက်ကြီးနှစ်ဘက်က တစ်ဘက်လျှင် . . လေးပေခန့်ရှည်ပြီး ဘယ်ညာ . . ဆန့်ဆန့်ကြီးတန်းထား၏။ လက်ဝဲဘက် လက်

www.burmeseclassic.com

www.burmeseclassic.com



မောင်းရင်း၌ မီးအိမ်ကို ချိတ်ထားသည်။ ဦးခေါင်းကြီးက တင်းတောင်းကြီးနီးပါးရှိသည်။

"သူ. . သူရဲ. . ကွ"

နွားနှစ်ကောင်ကလည်း. . အထိတ်တလန့်ဖြစ်ကာ. . ရှေ့မှဆွဲပြေး. . ဦးတုတ်ကြီးကလည်း စိုးရိမ်တုန်လှုပ်ကာ နောက်မှပြေးလိုက်ရင်း. . မျက်နှာချင်းဆိုင်မှ သူရဲကြီးကို ဆောင့်ကန်ချလိုက်ပြီး ဦးတည်ရာဘက်သို့ ဆက်ပြေးလေ၏။ နှုတ်မှလည်း သူရဲ. . သူရဲ. . ဟု. . မနားတမ်းဟစ်အော်နေသည်။

"သူရဲ. . သူရဲ . . သေပေတော့ . . သူရဲ . . သူရဲပုလေး . . ခေါင်းကြီးသူရဲ"

မနားတမ်းပြေးလေသောကြောင့် သူလက်တွင်းရှိ လက်ဆွဲမီးအိမ်လည်း မီးငြိမ်းသွားပြီ။ သို့သော်. . ရှေ့မှ ဦးဆောင်ပြေးနေသော. . နွားကြီးနှစ်ကောင်၏ နဖါးကြိုးရှည်ကို မလွှတ်တမ်းဆွဲကာ ပြေးနေသည်မို့ ကန်သင်းမှန်းမသိ မြေပြင်မှန်းမသိဖြစ်ကာ ခလုပ်တိုက်ပြီး. . ချော်လဲကျသွား၏။

"အား. ."

"ဘုန်း. ."

"အမယ်လေး. ."

လက်တွင်းမှ နဖားကြိုးလွတ်သွားပြီမို့ နွားကြီးနှစ်ကောင်လည်း. . ခြေဦးတည်ရာပြေးသွားကြ၏။



တစ်ဘက်တွင်လည်း ဦးတုတ်ကြီးကန်လိုက်သည့်အတွက် သရဲပုလေးမှာ ထမ်းလာသော ထွန်တုံးပြုတ်ကျကာ ပိုးလိုးပက်ယက် . . လန်ကျသွားလေတော့၏။

ထို့နောက် သူသည်. . ထမ်းလာရွက်လာသော ပစ္စည်းများနှင့် မီးငြိမ်းနေသော မီးအိမ်ကို လှမ်းမကြည့်တော့ဘဲ ကမန်းတတန်းထပြေးလေသည်။ ဖနောင့်နှင့်တင်ပါးတစ်သားတည်း ကျအောင် ပြေးလေသည်မို့. . အမှောင်ကိုလည်း ဂရုမစိုက်အားတော့ပေ။ သို့သော်. . အမှောင်သည် တဖြည်းဖြည်း ပါးလျားလာပါသည်။ မကြာမီမိုးလင်းတော့မည်မို့ အရှေ့ဖျားဆီမှ ရောင်ခြည်ဦး၏အစ . . ပထမသည် . . ခပ်ရေးရေးထွက်ပြူနေ၏။

လူပုကလေး သူကြီးအိမ်သို့ ပြေးလာနေသည်။

"သူကြီး. . သူကြီး. . ကျုပ်ကို ကယ်ပါဦး. . ကယ်ပါဦးဗျို့. ."

သူအော်သံကြောင့် အိပ်ရာမှ နိုးထနေသူတစ်ချို့. . အိမ်ရှေ့သို့ အပြေးအလွှားထွက်ကြည့်ကြ၏။

"ဘာတွေဖြစ်လာတာလဲ. . ကိုပုလေး"

"သူရဲ. . သူရဲခြောက်လို့. . ကျုပ်ကို. . သူရဲကန်လိုက်လို့. . လုပ်ကြပါဦး. . သူကြီး. . ကျုပ်ကိုကယ်ပါဦး"

သူကြီး. . သူကြီးဟု အော်ကြီးဟစ်ကျယ် တကြော်ကြော်ခေါ် လျက်. . သူကြီးအိမ်ထဲသို့ ပြေးဝင်လာသည့်အတွက် သူကြီးလည်း . . နှစ်လုံးပြူးသေနတ်ကိုဆွဲကာ. . ပြေးထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . မိုးမလင်းသေးဘူး . . အောင်ကြီးဟစ်ကျယ်နဲ့
ဘယ်သူလဲကွ . . "

"ကျုပ် . . ကျုပ်ပါ . . သူကြီး . . ကျုပ် . . ငပုပါ"

သူကြီးတစ်ယောက် . မေးမေးပြောပြောနှင့် သူ၏ခြေတံ ရှည်အိမ်ကြီးပေါ်မှ . . ဆင်းလာသည်။ သူကြီးအိမ်မှာ ခြေတံ ရှည်မြေစိုက်အိမ်ကြီးဖြစ်ပြီး . . မြေစိုက်တွင် . . ခုံတန်းရှည် ကြီးများနှင့် စားပွဲရှည်ကြီးတစ်လုံးချထား၏။ ဤနေရာသည် သူကြီး၏ တရားစီရင်ရာတရားရုံးလည်းဖြစ်သလို . . မြို့ပေါ် လာသော နယ်ဖက်ဝန်ထမ်းများ . . မြို့ပိုင်၊ နယ်ပိုင်များ ဧည့်ခံရာနေရာလည်းဖြစ်၏။

သူကြီးက . . နှလုံးပြူးသေနတ်ကြီးကို . . စားပွဲရှည်ကြီးပေါ် ပက်နှင့်တင်လိုက်ပြီး . . ခုံတန်းရှည်တွင် ဝင်ထိုင်လိုက်လေ၏ ပြီးမှ ကိုပုလေးကို လှမ်းခေါ်ပြီး . . သူ့ရှေ့စားပွဲနှင့် တစ်ဘက် တစ်ချက်ရှိ ခုံတန်းရှည်၌ ဝင်ထိုင်စေသည်။

"ဟော့ကောင် . . ငပု . . ခုံမှာ လာထိုင်၊ မင်းဘာဖြစ်ခဲ့တယ်
ဆိုတာ ပြောပြစမ်း"

"ဟုတ် . . ဟုတ်ကဲ့ပါ . . သူကြီး"

ငပုလေးလည်း . . ခုံတန်းပေါ်သို့ . . ခုန်တက်ပြီး နေသာ တကျ နေရာယူလိုက်သည်။

ငပုလေးသည် . . အသက်လေးဆယ်ခန့် ရှိပြီဖြစ်၏ သူ့အရပ်မှာ . . နှစ်ပေခွဲခန့်သာရှိသည်။ မွေးရာပါ အဆစ် ပြီး ပုနေသူဖြစ်၏။ သူသည် . . ဤရွာဇာတိမဟုတ် . . မည်သည့်



အရပ်မှ ရောက်လာသည်ကို မည်သူမျှမသိကြ . . ။ ရွာမှလယ် ပိုင်ရှင်ဘစ်ဦး၏ လယ်တွင် သူရင်းငှားလုပ်နေသူဖြစ်သည်။ ရွာ ထဲသို့လည်း . . သိပ်လာလေ့ လာထမရှိ။ ထို့ကြောင့် ရွာထဲမှ လူတွေနှင့် ပေါင်းသင်းဆက်ဆံမှုမရှိ။ ထို့ကြောင့် သူ့ကို လူသိ နည်းလှသည်။

ငပုလေးခမျာ . . တွေ့ကြုံခဲ့သော အဖြစ်အပျက်ကြောင့် တုန်လှုပ်ချောက်ချားနေရှာလေသည်။

"ဟော့ကောင် . . ငပု . . ပြောဆို . . ပြောလေကွာ . . "

"ဟုတ် . . ဟုတ်ကဲ့ . . ကျုပ် . . ကျုပ် . . ပြောပါမယ် . .
ကျုပ်စိတ်ထဲမှာ ကြောက်နေသေးလို့ပါ . . "

"ဟ . . ကောင်ရ . . မင်းဘာဖြစ်ခဲ့လို့ ဒီလောက်ကြောက်
နေရတာလဲ . . မနက်စောစောကြီး မင်းဘာတွေ တွေ့ခဲ့လို့
လဲ"

ကြောက်စိတ်ကို အတန်ကြာအောင် ဖြေနေပြီးမှ . . သူ့အ ဖြစ်အပျက်ကို ခပ်လေးလေးပြောပြလေသည်။

"ကျုပ် . . ထွန်တုံးထမ်းပြီး . . ပြန်လာတာ . . ရွာထိပ်
ညောင်ပင်နားရောက်တော့ . . ရှေ့ကလာနေတဲ့သူက မျက်
လုံး တစ်လုံးတည်း . . စကောလောက်ရှိတဲ့ . . သူ့ရဲကြီး . . "

"ဟေ . . မျက်လုံးစကောလောက် . . ဟုတ်ရဲ့လား . .
ငပုရာ"

"ဟုတ်ပါတယ် . . သူကြီးရဲ့၊ အဲဒါနဲ့ ကျုပ်လည်း . .
ကြောက်ကြောက်နဲ့ ရှေ့တိုးလာတော့ လား . . လား

www.burmeseclassic.com



သူဆွဲလာတဲ့ခွေးကြီးနှစ်ကောင်က နွားသိုးကြီးတွေလောက် ရှိတယ်. . တရှူး ရှူးတရှဲရှဲနဲ့ ကျုပ်က အရမ်းကြောက်တာ ပေါ့. . ဒါပေမယ့် မထူး တော့ဘူးဆိုပြီး ကျုပ်လည်း သူ့ဘေးကနေ အတင်းဖြတ်ထွက် လာတာ. . သူ့ရဲ့ကြီးက ကျုပ်ဆီ. . ပြေးဝင်ပြီး. . ဘယ်လိုလုပ်လိုက်တယ် မသိပါ ဘူး. . သူကြီးရာ. . ကျုပ်. . နေရာတွင် ပုံးခနဲ့ လဲကျသွား ပါလေရော. . ကျုပ်ခေါင်းမှဆောင်းလာတဲ့ ခွဲတောင်းကြီး လည်းလွင့်ကျ. . ၊ ကျုပ်ထမ်းလာတဲ့ ထွန်တန်ကြီး လည်း ပြုတ်ကျ. , ကျုပ်လည်းကြောက်လွန်းလို့. . လှည့်မ ကြည့် တော့ဘဲ. . သူကြီးအိမ်. . တန်းပြေးလာခဲ့တာပါပဲ. . ”

လင်းရောင်ခြည်က ပွင့်ပွင့်လင်းလင်းပေါ်လာပြီး သူကြီး ဘာမှပြန်မပြောဘဲ. . သူ့ရှေ့မှာထိုင်နေသော ငပုလေးကိုစေ့ စေ့ကြည့်နေ၏။

“မင်းပြောတာတွေ တကယ်ပဲလား. . ငပုလေး”

“တကယ်ပါ့ သူကြီးရယ်. . ကျုပ်. . ကျုပ်မညာပါဘူး. ဘုရားစူး. . မိုးကြိုးပစ်. . ကျိန်ပြောပါတယ်သူကြီး ရယ်. . ကျုပ် ကျုပ်လယ်ထဲကို. . ပြန်မသွားရဲတော့ပါဘူး”

“ဟေ. . ဘာဖြစ်လို့လဲ. . ကွ”

“ဟို. . ဟို. . သူရဲကြီးနဲ့ တွေ့ခဲ့တဲ့နေရာကို ကျုပ်. . ကျုပ်. . ဖြတ်. . ဖြတ်မသွားရဲလို့ပါ. . သူကြီး. . ကျုပ်ကိုလိုက်ပို့ပါဗျာ. . ”

“ဒီကောင်. . ခက်တော့တာပါပဲ. . ငါတော့လိုက်မပို့ နိုင်ဘူး. . ငပု. . ဆယ်အိမ်ခေါင်းတွေခေါ်ပြီး လိုက်ပို့



ခိုင်းလိုက်မယ်. . . မင်းတို့မလဲ ရွာထဲမလာလိုက်နဲ့. . လာလိုက်တာနဲ့ အရာနဲ့အကြောင်းကြောင်းပဲ. . ကဲ. . ကဲရေလေးဘာလေး သောက်. . အမောအပန်းဖြေ ပြီးတော့မှပြန်. . ဟုတ်ပြီလား. . ”

“ဟုတ်. . ဟုတ်. . ကဲ့ပါ့ သူကြီး. . ”

နံနက်မိုးလင်း၍. . ဆယ်အိမ်ခေါင်းနှစ်ယောက်ရောက် လာသောအခါ သူကြီးက. . ငပုလေးကို ရွာပြင်လယ်ကွက်များ အစပ်အထိ လိုက်ပို့ခိုင်းလိုက်သည်။

“မင်းတို့ ဒီကောင့်ကို လယ်ကွက်အစပ်ရောက်တဲ့အထိ လိုက်ပို့လိုက်ကြ. . သူကျကျန်ခဲ့တဲ့ ထွန်တုံးနဲ့စွဲတောင်း ကိုလည်း ကောက်ပေးလိုက်. . မင်းတို့မထမ်းနဲ့ သူ့ဘာ သာထမ်းပလေ့စေ၊ အခင်းဖြစ်တဲ့နေရာက အခြေအနေကို လည်း လေ့လာခဲ့. . ”

“ဟုတ်ကဲ့ပါ. . သူကြီး. . ”

ထိုနေ့က. . သူကြီးအတွေးထဲတွင်. . ငပုလေးကို ခြောက် သည့် သူရဲနှင့် ထိုသူရဲဆွဲလာသော. . နွားသိုးလောက်ရှိသော ခွေးကြီးများအကြောင်းကို တွေးနေမိတော့သည်။

နေ့လည်မွန်းလွဲချိန် . . သူကြီးတရေးတမောအိပ်နေခိုက်. .

“သူကြီး. . သူကြီးမင်း. . ရှိပါသလား. . ခင်ဗျား”

ခေါ်သံကြောင့်. . သူကြီးကတော်ကြီး. . အိမ်ရှေ့ထွက် လာပြီး. .

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့. . ဘယ်သူလဲ. . ဪ ဦးတုတ်ကြီး. . ရှင်တို့ သူကြီး အိပ်နေတာ. . ကိစ္စအရေးတကြီးရှိလို့လား. . ကျုပ်နှိုးလိုက်ရမလား. . "

"ဟာ. . ဟာ မနှိုးပါနဲ့ သူကြီးကတော်. . ကျုပ်. . အောက်ကပဲ. . စောင့်နေပါ့မယ်. . ကျုပ်အဖြစ်အပျက်ကလေးတစ်ခု သူကြီးကို တင်ပြချင်လို့ပါ. . "

"ဘယ်သူလဲ. . ရှင်မရဲ့"

စကားပြောနေသံများကြောင့် သူကြီးမင်း အိပ်ရာမှ နိုးသွားဟန်ရှိ၏။ အိပ်ရာထက်မှ ခပ်လေးလေးထရင်းလှမ်းမေးသည်။

"တုတ်ကြီးရယ်. . တော်. . တော့်ကိုတွေ့ချင်လို့တဲ"

"အေး. . ကိုတုတ်ကြီးလား. . ခဏစောင့်လို့. . ကျုပ်ခုဆင်းလာခဲ့မယ်. . "

ကိုတုတ်ကြီးလည်း. . ခုံတန်းရှည်တွင်ဝင်ထိုင်ပြီး. . ရေနွေးတစ်ခွက်ငှဲ့သောက်လိုက်၏။ သူကြုံတွေ့ခဲ့ရသမျှကို မည်သို့စပြောရပါမည်လဲ. . ဟုစဉ်းစားနေဖြစ်သည်။ ထိုအကြောင်းများကို ပြန်စဉ်းစားလိုက်တိုင်း. . သူရင်ထဲ ထိတ်ခနဲဖြစ်ကာ. . ကျောတစ်ခုလုံးကြက်သီးဖြန်းဖြန်းထရသည်. . အမှန်တော့ ကိုတုတ်ကြီးသည် ကြောက်တတ်သူတစ်ယောက်မဟုတ်ပေ. . ။ သို့သော် အရက်တက်ကအဖြစ်ကတော့. . မိမိကိုယ်ကိုမကြောက်တတ်သူဟု. . မာန်တင်းခဲ့သမျှ. . အရည်ပျော်ရသောပွဲဖြစ်၍. . မိမိကိုယ်တိုင်မကျေမနပ်ဖြစ်ရမလိုလို. . ၊ သူ့ရဲကိုပဲမကျေနပ်ရမလိုလိုဖြစ်နေ၏။



"ဘာတွေဒီလောက်တွေးနေရတာလဲကွ. . တုတ်ကြီးရဲ့"

သူကြီးက. . တုတ်ကြီးကို တရင်းတနှီးနှုတ်ဆက်လိုက်၏။

သူတို့နှစ်ယောက်သည် အလွန်ရင်းနှီးကြသော. . ငယ်ပေါင်းများဖြစ်ကြသည်။ တစ်ရွာတည်းနေ. . တစ်ရေတည်းသောက်. . တစ်ယောက်အကြောင်းတစ်ယောက်သိနေကြသူများဖြစ်ကြ၏။ တစ်ယောက်က. . သူကြီးဖြစ်နေပြီး. . တစ်ယောက်က. . လယ်ပိုင်ရှင်ဖြစ်နေသည်။

"ဘယ်ကစပြီးပြောရင်ကောင်းမလဲ. . လို့ စဉ်းစားနေတာကွ"

"ဟေ. . အဲဒီလောက်တောင်. . စဉ်းစားရအောင်. . ဘာတွေ. . ဘယ်လောက်ရှုပ်ထွေးနေလို့လဲ. . တုတ်ကြီးရ. . မင်း. . ပြောချင်တဲ့ဆီက. . စပြော"

"ရှုပ်ထွေးသလားတော့မမေးနဲ့. . သူကြီးရာ. . ဒီနေ့မနက်. . ငါ. . သူရဲခြောက်ခံရလို့ကွ. . "

"ဟေ. . လာပြန်ပြီ ဒီသူရဲ. . "

သူကြီးက အံ့သြသွားခြင်းမဟုတ်ဘဲ ရယ်ကျဲကျဲနှင့် မေးလိုက်ခြင်းဖြစ်သည်။

"ကဲ. . ကဲ. . ပြောစမ်းပါဦးကွာ. . သူရဲက မင်းကို ဘယ်လိုခြောက်လိုက်လို့လဲ"

ထိုအခါမှ. . ကိုတုတ်ကြီးလည်း. . ငှဲ့ထားသော ရေနွေးခွက်ကို ကောက်သောက်လိုက်ပြီးမှ သူ. . သူရဲခြောက်ခံရသောအကြောင်းကို အစ,အဆုံးပြောပြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့ . . မနက် လက်ကြားမြင်လောက်မှာ . . ငါ . . လယ်ထဲကို ထွက်လာခဲ့တယ်ကွ . . ခါတိုင်းဆိုဒီလို ဒီနေ့မနက် စောစောသွားပို့မှ . . သူတို့လယ်ထွန်နိုင်မှာ မဟုတ်လား၊ ဒါကြောင့် ငါသွားပို့တာ"

ကိုတုတ်ကြီးစကားကို နားလိုက်၏။

ရေနွေးတစ်ခွက်ငုံ့နေသည် . . သူကြီးက သူပြောနေသည့်စကားကို တွေးရင်း . . နားထောင်နေဟန်ရှိသည်။ သူ့စိတ်ထဲမှာ တစ်စုံတစ်ခုကို ကြိုသိနေဟန်တူသည်။

"အင် . . ဆက်ပါဦးကွ . . တုတ်ကြီးရ . မှင်းအဖြစ်ကစိတ်ဝင်စားဖို့တော့ ကောင်းသား"

"ရွာထိပ်ရောက်တော့ . . မြဿနာက . . စတာပဲဟေ့ . ခပ်လှမ်းလှမ်းမှာ . . မီးဆွဲတစ်ခုကိုတွေ့ရတယ် . . သာမန်လူတစ်ယောက် . . မီးအိမ် . . မီးခွက်ကိုင်လာရင် . . မြေကြီးကနေ နှစ်ပေ . . နှစ်ပေခွဲလောက်အကွာမှ ရှိရမှာပေါ့ . ခုတော့မဟုတ်ဘူး သူကြီးရေ . . သူကမြေကြီးနားကပ်နေတယ် . . ဒီတော့ထူးခြားတယ်ဆိုပြီး ငါလည်း . . ဂရုတစိုက်ကြည့်မိတာပေါ့ သေသေချာချာကြည့်မိတော့မှ . . သူ့လက်ကြီးနှစ်ဘက်က . . တစ်ဘက်ကို . . သုံးပေကျော်ကျော်လောက်ထွက်နေတာဟေ့ လက်ကြီးက . . တန်းတန်းကြီးကွ . . ငါလည်းကြက်သီးဖြန်းခနဲ ထသွားပြီ နွားနှစ်ကောင်ကို ခပ်တင်းတင်းဆွဲထားတာပေါ့ . . နွားတွေ



က တရှူးရှူးနဲ့နှာမှုတ်နေကြပြီး . . ဒါဟာ . . မကောင်းဆိုးဝါးတွေ့တဲ့လက္ခဏာပဲ . . ဟေ့ကောင် . . မင်းက . . ဘာပြုံး တာလဲ . . ပြောပါဦး . ."

သူ့စကားကို နားထောင်ရင်း . . သူကြီးက . . ပြုံးလိုက်မိသည့်အတွက် . . သူလှမ်းပြောလိုက်ခြင်းဖြစ်သည်။

"ဘာမှ . . မပြုံးပါဘူးကွာ . . မင်းဘာသာ ဆုံးအောင်ဆက်ပြောစမ်းပါ . ."

"သူက . . ငါ့ကိုတွေ့တော့ . . ခြေလှမ်းတွေ နှေးသွားတယ်ကွ . . သူ့အရပ်က သုံးပေလောက်ပဲရှိတယ် . . အောက်နောက် တစ်ခုထူးခြားတာက . . သူ့ခေါင်းကြီးက တင်းတောင်း ကြီးလောက်ရှိတယ် . . ကိုယ့်လူရေ . . ဒီလောက်အရပ်နဲ့ ဒီလောက်ခေါင်းကြီး လက်ကြီး တွေကလည်းရှည် . . ငါ့စိတ်ထဲ အရမ်းကို ထိတ်လန့်သွားတယ်ကွာ . . ဒါကြောင့် . . ခပ်သွက် သွက်လျှောက်သွားပြီး . . ဆောင့်ကန်ချလိုက်သာ . . သူရဲလဲ ခြေပစ်လက်ပစ်ကိုလဲကျသွားတော့တာပဲ . . ငါလည်းနောက်လှည့် မကြည့်တော့ဘဲ . . ပြေးတာ . . ဘာပြောကောင်းမလဲကွာ . . ကန်သင်းကို ခလုပ်တိုက်ပြီးချော်တောင်လဲတယ် . ."

"ဟား . . ဟား . . ဟား . . ဟား . . ဟား . ."

စကားဆုံးသော် . . သူကြီးသည် မပြုံးဘဲ ဝါးလုံးကွဲသာ ရယ်ချလိုက်ပါတော့သည်။

ကျွန်ုပ်နှင့်ဒေါက်တာထွန်းလူတို့ သင်္ကြန်ကာလသို့ သည့်ကာလ ပိတ်ရက်ကာလကို

www.burmeseclassic.com

www.burmeseclassic.com



အပြန်တွင်. . လပွတ္တာမြို့နယ် ရဲဌာနသို့ ဝင်ရောက်ခဲ့ကြသည်။ ပုလိပ်သားတစ်ယောက်၏ အကူအညီနှင့် ဌာနအုပ်ရုံးခန်းသို့ ရောက်ခဲ့ကြသည်။

ရုံးခန်းတွင်း. . ဝင်လိုက်သည်နှင့် ဦးစွာတွေ့လိုက်ရသည်က ယူနီယံဂျက်အလံဖြစ်၏။

ထိုအလံ၏အောက်တွင် ဌာနာအုပ်မင်းထိုင်နေသည်။

အခန်းတွင်းရောက်သည်နှင့် ပုလိပ်သားကလေးက ဌာနအုပ်ကို အလေးပြုလိုက်ပြီး။

"ရန်ကုန်က ဧည့်သည်တွေ ဌာနအုပ်မင်းကို တွေ့ချင်လို့ ရောက်လာကြပါတယ် "

"အေး. ငါတွေ့တယ်. . မင်းသွားတော့. . "

လေသံမာမာနှင့် ပြောလိုက်သော အမိန့်ဆန်ဆန်စကားသံကြောင့် ပုလိပ်သားလေး. . အလေးပြုပြီးပြန်ထွက်သွားတော့သည်။ ကျွန်ုပ်တို့လည်း. . ဌာနအုပ်မင်း၏ စားပွဲရှေ့သို့ တိုးကပ်လာခဲ့၏။

သူ့မျက်နှာမှာ . တင်းမာခက်ထန်လွန်းသည်ဟု ကျွန်ုပ်ယူဆမိပါသည်။

သူ့လက်အောက်ငယ်သားကိုသာမဟုတ်. . ကျွန်ုပ်တို့ကို ကြည့်သော အကြည့်ကလည်း. . တရားခံကိုကြည့်သော အရာရှိတစ်ယောက်၏ အကြည့်မျိုးဖြစ်နေသည်။ သူ့ရာထူးနှင့်သူ့ဟန်ပန်က မလိုက်ဖက်ဟု. . ယူဆလိုက်မိပါသည်။ ရာထူးက. . ဌာနအုပ်သာဖြစ်နေသော်လည်း. . သူမျက်နှာထား သူ့ဟန် သူ့



လေသံက ဘုရင်ခံတစ်ယောက်ပမာ. . တင်းမာခက်ထန်လွန်းသည်။ ဗျူရိုကရေစီအရာရှိတစ်ယောက် ပီသလွန်းပေသည်။

" လုကလေးတို့. . ကျွန်ုပ်ကိုတွေ့ချင်တာ . . ဘာကိစ္စပါလဲ. . "

စကားပြောသံကို ကြားလိုက်ရသောအခါ ကျွန်ုပ်မှာ. . ရယ်ချင်စိတ်ကို မနည်းထိန်းထားလိုက်ရလေသည်။ သူ့ရှေ့မှထွက်သွားချင်လောက်အောင် စိတ်ပျက်သွားမိပါသည်။ ကိုထွန်းလူကို လှမ်းကြည့်မိသော်. . မည်သို့မျှခံစားမိပုံမပေါ်သည့်မျက်နှာထားနှင့် ကျွန်တော်တို့ကိုထိုင်ခွင့်ပြုပါဟု. . အင်္ဂလိပ်လိုပီပီသသပြောကာ. . ဝင်ထိုင်လေသည်။ ထိုအခါ ဌာနအုပ်မင်းက ကိုထွန်းလူကို. . စေ့စေ့ကြည့်ပြီး. .

"လူကလေးက. . ဘယ်သူပါလဲ. . "

သူက. . မြန်မာစကားကို ပြောလေ့ပြောထမရှိသူတစ်ယောက်နှယ်မပီမသ. . ခပ်လေးလေးပြောနေသော်လည်း ကိုထွန်းလူက အင်္ဂလိပ်လိုသာပြန်ဖြေ၏။ ဒေါက်တာထွန်းလူသည်. . အင်္ဂလိပ်စကားပြောအလွန်ကောင်းသူဖြစ်သည်။ စကားပြောသည့်အခါတွင်လည်း . . ဝါကျတိုများထက်. . ဝါကျရှည်များကိုသာ သုံးလေ့ရှိပြီး. . သူ့အသံထွက်သည် ကောင်းမွန်သော အသံထွက်များဖြစ်နေသည်။ သို့သော် ကိုထွန်းလူသည် မြန်မာစာ၊ မြန်မာစကားကိုမြတ်နိုးသူဖြစ်၏။

ထို့ကြောင့် စာရေးလျှင် မြန်မာလိုသာရေးလေ့ရှိပြီး. . စကားပြောလျှင်လည်း မြန်မာစကားကို ပီပီသသပြောလေ့ရှိသူဖြစ်သည်။ ယခု. . ကိုထွန်းလူ အင်္ဂလိပ်လိုပြောနေခြင်းမှာ. .

www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခုသောအကြောင်းရှိ၍ ပြောနေခြင်းဖြစ်ကြောင်း.. ကျွန်ုပ်မှန်းဆမိပါသည်။

"ကျွန်ုပ်က ..ထွန်းလူ..ဒေါက်တာထွန်းလူပါ..ရုက္ခဗေဒနဲ့ သတ္တဗေဒအထူးပြုပါ.."

အလွန်ပီသသော ကိုထွန်းလူ၏ စကားကြောင့် ဌာနအုပ်က မထိလေးစားတစ်ချက်ပြုံးလိုက်ပြီး..။

"ကြော်သိပြီ ..ကျွန်ုပ်သိပြီး..မောင်ထွန်းလူ..လူကလေးဟာ..တစ်ခါတလေ..သေးငယ်တဲ့အမှုလေးတွေကိုလည်း စုံစမ်းထောက်လှမ်းတဲ့ စုံထောက်အလုပ်ကလေးတွေလုပ်တဲ့သူလို့ ကျွန်ုပ်ကြားဖူးတယ်.."

ကျွန်ုပ် ..ဆက်ခနဲ့ ဒေါသထွက်သွားမိ၏။

သူ့စကား ဒေါက်တာထွန်းလူကို တစ်ဘက်သက်ချိုးနှိမ်ပြောဆိုသွားခြင်းမို့..ဒေါသထွက်သွားမိခြင်းဖြစ်သည်။ ကျွန်ုပ်၏စိတ်ကို သိနှင့်နေသော ကိုထွန်းလူက ယှဉ်ထိုင်နေသော ကျွန်ုပ်၏ပေါင်ကို ခပ်ဖွဖွတစ်ချက်ဖမ်းဆုပ်သည်။ ပြီးနောက်.. ဌာနအုပ်ကို စေ့စေ့ကြည့်ကာ..လွန်စွာပီသသော အင်္ဂလိပ်စကားဖြင့် ပြောလိုက်ပြန်လေသည်။

"ဟုတ်ပါတယ်ခင်ဗျာ..ကျွန်ုပ်ဟာ..စုံထောက်ပညာကိုဝါသနာပါလို့..ပြဿနာကလေးတွေကို စုံထောက်နေတာ ဖြစ်ပါတယ်..ကျွန်ုပ်တို့ သက္ကယ်သောင်ရွာက..ပြန်လာကြ တာပါ..အဲဒီရွာနဲ့ ..လပွတ္တာမြို့နယ်တွင်းမှာ..လူပျောက် နေတဲ့အမှုကို စုံစမ်းဖို့ဖြစ်ပါတယ်..ဌာနအုပ်မင်းသိထား ရင်..ကျွန်ုပ်တို့ကို သတင်းအစအနကလေးများပေးပါ.. ခင်ဗျား.."



"ဒါဆို..ကျွန်ုပ်..ဘာကူညီရမလဲ..ပြောပါ.."

ဌာနအုပ်မင်းသည် ကိုထွန်းလူ၏ ရှည်လျားလှသော စကားတို လုံးစေ့ပတ်စေ့ နားလည်ဟန်မတူ..။ သူပြောချင်ရာပြောချလိုက်ခြင်းခြင်းဖြစ်ကြောင်း..ကျွန်ုပ်တို့နှစ်ယောက်စလုံးသိလိုက်ကြသည်။

"ကျွန်ုပ် ပြောတဲ့အထဲမှာ..အကူအညီတောင်းတာပါသွားပြီ..ခင်ဗျာ ..လူကြီးမင်း ကျွန်ုပ်စကားကို လုံးစေ့ပတ်စေ့ နားလည်ပုံမရဘူး..ဒီလိုပါ.."

ကိုထွန်းလူစကားကြောင့် ဌာနအုပ်မင်း..အကြီးအကျယ်မျက်နှာပျက်သွား၏။ ဘယ်ကာစ၍ ဘာပြောရမည်မသိဖြစ်သွားရှာသည်။ ခဏနေမှ စိတ်ကူးတစ်ခုပေါ်သွားဟန်ဖြင့်..

"တော်ပြီ..တော်ပြီ..လူကလေးတို့နဲ့..စကားပြောဖို့အချိန်မရှိဘူး..ကျွန်ုပ်ခရိုင် ရာဇဝတ်ဝန်နဲ့ တွေ့ဖို့သွားရဦးမယ်.."

ပုလိပ်အရာရှိကလေးတစ်ယောက် အခန်းထဲဝင်လာသည်။

"သတင်းပို့ပါတယ်..ဌာနအုပ်မင်း ရာဇဝတ်ဝန် ရန်ကုန်ရုံးက ပြန်မလာသေးပါဘူး.."

"ဟော..ဟုတ်လား..သူပြန်မလာလို့ ကျွန်ုပ် မသွားဖြစ်တော့ပေမယ် ..ဒီလူကလေးနဲ့..ဆက်စကားပြောနေဖို့အချိန် မရဘူး..မောင်ဘတင့် သူတို့ကို ရှင်းလိုက်ပါ..လူကလေးတို့ မောင်ဘတင့်နဲ့ လိုက်သွားချေဆော့"

www.burmeseclassic.com



ဌာနအုပ်မင်းသည် ဆက်ပြောပါက လွန်စွာအရှက်ရတော့မည်ကို တွေးမိသဖြင့် ကျွန်ုပ်တို့ကို အတင်းနှင်ထုတ်နေခြင်းဖြစ်ကြောင်းသိနေသည်မို့ ကျွန်ုပ်နှင့်ဟိုထွန်းလူလည်း ပုလိပ်အရာရှိကလေး ကိုဘတင့်နှင့်အတူ ဌာနအုပ်အခန်းမှ ထွက်လာခဲ့ကြသည်။

"လာပါ. . အစ်ကိုကြီးတို့ ကျွန်တော်ကတော့ ရုံးခန်းသီးသန့်မရှိပါဘူး. . ဂတ်ဝရုံတာက ခုံတွေမှာပဲ. . ထိုင်ပြောကြပါစို့. ."

ကိုဘတင့်သည် ပုလိပ်ယူနီဖေါင်းဝတ်ထားသော်လည်း မြန်မာစိတ်မကုန်သေးကြောင်း သူ၏ ဖေါ်ရွေပျူငှာမှုကြောင့် သိသာသည်။ ကျွန်ုပ်တို့လည်း ကိုဘတင့်နှင့်အတူ ဂတ်တဲ၏ဝရံတာသို့ လျှောက်လာခဲ့ကြသည်။ ဌာနအုပ်ရုံးမှ ထွက်၍ ဂတ်စာရေးစားပွဲကို ဖြတ်လျှောက်လာကြသည်။ ခြေလှမ်းဆယ်လှမ်းခန့်တွင် တံခါးမရှိပြီး ၎င်းတံခါးမအပြင်တွင် အကျယ်ငါးပေခန့်ရှိ ဝရံတာရှိလေ၏။ ထိုဝရံတာထောင့်တွင် ခုံတန်းရှည်နှစ်ခုနှင့် စားပွဲတစ်လုံးချထားလေ၏။

"ထိုင်ကြပါ. . အစ်ကိုကြီးတို့ ကျွန်တော်ကိုယ် ကျွန်တော့် မိတ်ဆက်ဖို့. . လိုတော့မယ်မထင်ပါဘူး. . အစ်ကိုကြီးတို့က. ."

"ကျုပ်က. . အောင်ပွင့်ပါ။ သူကတော့ ကိုထွန်းလူ. . ဒေါက်တာထွန်းလူပါ. . မောင်ရင်တို့ပုလိပ်တွေတော့. . သူ့အကြောင်းကို ကြားဖူးမယ်ထင်ပါတယ်. ."



"ဗျာ. . ဒေါက်တာထွန်းလူ. . ကြားဖူးပါတယ်ခင်ဗျာ. . ကြားဖူးလို့လဲ. . လူမတွေ့ဖူးပေမယ့် အရမ်းကိုလေးစားနေခဲ့ရတာပါ. . ခုမှ လူကိုယ်တိုင်တွေ့ဖူးတော့တယ်. . ဆရာတို့ ဘာကိစ္စနဲ့များ ရောက်လာတာပါလဲ ခင်ဗျာ. . ကျွန်တော်ကူညီနိုင်တာဆိုရင် . . အစွမ်းကုန်ကူညီပါ့မယ်"

ကိုဘတင့်သည် ဒေါက်တာထွန်းလူဟူသော နာမည်ကိုကြားလိုက်ရသည်နှင့် ရုတ်ခနဲ့ထရပ်ကာ အလွန်လေးစားသော ဟန်ဖြင့် အလေးပြု ဦးညွှတ်အရိုအသေပေးနှင့် ထိုင်ရခက် . . ထရခက်ဖြစ်နေဟန်ရှိသည်။

"ဟုတ်တယ်. . ကိုဘတင့်. . ကျုပ်တို့ အကူအညီတစ်ခုလိုလို့လာတာပါ. . ဒါပေမယ့်. . ဗျာ ခင်ဗျားတို့ ဌာနအုပ်မင်းက သူ့ကိုယ်သူ တယ်အထင်ကြီးတာပဲဗျာ. ."

"ဟုတ်ပါတယ်. . ဆရာ. . သူ့ကိုယ်သူ . . အိုင်စီအက်(စ်) ဆိုပြီး မာန်တက်နေတာပါ. . သူဘယ်က ဘယ်လို အိုင်စီအက်(စ်) ဖြစ်တယ်တော့ မသိပါဘူး. . ဆရာရယ်. . အင်္ဂလိပ်စကားတောင် ရေရေလည်လည် မပြောတတ်သလို သူများပြောရင်လည်း နားမလည်ဘူး"

ကိုထွန်းလူက. . ဟက်ခနဲ့ တစ်ချက်ရယ်လိုက်သည်။ သူဘာကြောင့်ရယ်သည်ကို မောင်ဘတင့်မသိသော်လည်း ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



သိလိုက်ပါသည်။ မကြာမတင်က ကြုံတွေ့ခဲ့ရသော ဌာနအုပ်မင်း၏ အဖြစ်အပျက်နှင့် မောင်ဘတင့်စကား . . တိုက်ဆိုင်နေ၍ ဖြစ်သည်။

"ဟုတ်တယ် . . ကိုဘတင့်ရေ . . ခုလေးတင်က . . ကျုပ်တို့ ကိုယ်တွေ့ကြုံခဲ့ရပြီ၊ ကိုထွန်းလူပြောတဲ့အင်္ဂလိပ်စကား ကိုနားမလည်ဘဲ . . သူပြောချင်ရာပြောတော့တာကိုး ဗျ . . ကျုပ် တို့ပြောလိုက်တော့မှ . . သူရုက်ပြီး ရာဇဝတ်ဝန်နဲ့ တွေ့ဖို့ရှိတယ်လို့ ပြောပြီး အပြင်သွားဖို့ပြင်တာ . . ခင်ဗျားရောက်လာလို့ ကျုပ်တို့ကို ခင်ဗျားနဲ့ ထည့်ပေးလိုက်တာလေ . ."

"အင်း . . သူက . . ဒီလိုပါပဲ . . ဆရာ . . ရယ် . . ကဲ . . ကျွန်တော် ဘာကူညီရမလဲ . . ပြောပါ . ."

"ဟုတ်ကဲ့ . . သိသင့်သမျှကိုတော့ . . တော်တော်ပြည့်ပြည့်စုံစုံသိပါတယ် . . ဆရာ . ."

"ဒါဆို . . ဒီမြို့ပေါ်မှာ . . လူဘယ်နှစ်ယောက် ပျောက်သွားဖူးလဲ . ."

"မြို့ပေါ်က လူပျောက်စာရင်း . ."

ကိုဘတင့် စဉ်းစားနေ၏။ အတန်ကြာသော် . .

"နှစ်ယောက်ပါ ဆရာ ယောကျ်ားလေးတစ်ယောက် မိန်းကလေးတစ်ယောက်ပါ . . အသက်နှစ်ဆယ်ကျော် အပျိုလူပျိုတွေပါ . . ခဏ ဆရာ . ."



ပြောပြောဆိုဆို အမှုကိုင်စာရေးကြီးစားပွဲသို့သွားကာ . . အမှုတွဲဖိုင်များကို သွားရောက်လှန်လှော ရှာဖွေပြီး . . ဖိုင်တွဲတစ်ခုကို ယူလာသည်။ ကျွန်ုပ်တို့ရှေ့ရှိစားပွဲပေါ်တွင် ဖိုင်ကို ချပေးပြီး သူကိုယ်တိုင် တိုင်ချက်အမှုတွဲကို လှန်ရှာပေး၏။

"ဒီမှာပါဆရာ . . အမျိုးသားက ကိုတိုးအောင်တဲ့ . . အမျိုးသမီးက . . ."

သူ . . စာရွက်နှစ်ရွက်ထပ်လှန်လိုက်ကာ . .

"ဟောဒီမှာ . . မခင်မြင့်ပါတဲ့ . . ဆရာ . ."

ကိုထွန်းလူသည် စာရွက်ကို တစ်ချက်မျှကြည့်ရုံကလေး ကြည့်လိုက်ပြီး . . ကိုဘတင့်သို့ မျက်နှာမူကာ

"ခုလို တိုင်ချက်မဖွင့်ဘဲ . . ပျောက်တဲ့အမှုတွေရော ရှိသေးလား ကိုဘတင့် . ."

"ကျွန်တော် သိသလောက်တော့ မရှိပါဘူးခင်ဗျာ . ."

"ဒီမြို့နယ်အပိုင်ကျေးရွာတွေမှာ ပျောက်လို့ ဌာနမှာ လာတိုင်ထားတာရော ရှိလား . ."

"အဲဒါလည်း မရှိပါဘူး . . ဆရာ"

"ခင်ဗျား . . . သက္ကယ်သောင်ရွာက လူပျောက်မှုတွေကို အရပ်သတင်းအနေနဲ့ရော ကြားလိုက်မိသလား . . ."

"ခင်ဗျား . . သက္ကယ်သောင်မှာလည်း . . . လူပျောက်တယ် . . ဒီရွာလေး သေးသေးကလေးမှာတောင် လူပျောက်တာ ပြန်မတွေ့ဘူးလား . ."

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းလူ ခေါင်းကို ခတ်လေးလေးခါပြသည်။ ထို့နောက် သူ့ရှေ့မှလှန်ထားသော စာမျက်နှာကို ဖတ်ကြည့်နေ၏။

တိုင်ချက်အမှတ် (၁၄)

နေ့စွဲ. ၁၅. ၆. ၁၉၃၆

တိုင်ကြားသူ ဦးမောင်လှ

အဘအမည် ဦးကျောက်ခဲ

အမိအမည် ဒေါ်ကျင်ငွေ

လပွတ္တာမြို့ ကမ်းနားလမ်းနေ ကျွန်တော်မျိုး မောင်လှ တိုင်ကြားအပ်ပါသည်။

ကျွန်တော်မျိုး၏ သမီးဖြစ်သူ မခင်မြင့်အသက် ၂၁နှစ်သည် ၁၃. ၆. ၁၉၃၆နေ့ နံနက် ရှစ်နာရီခန့်တွင် မိခင်ထံမှ ဈေးဖိုးတောင်းကာ နေအိမ်မှ. . ငါးမိနစ်ခန့်လျှောက်လျှင်ရောက်နိုင်သော ဈေးသို့. . ဈေးထွက်သွားပါသည်။

မွန်းတည့်ချိန်အထိ ပြန်မလာသောကြောင့် ကျွန်တော်မျိုးတို့ သတင်းစုံစမ်း၍လိုက်ရှာခဲ့ပါသည်။ သို့သော်. . သတင်းအစ,အနကိုမျှမရသည့်အပြင်. . သမီးမခင်မြင့်ကိုလည်း ရှာမတွေ့ခဲ့ပါ. .။ ထိုနေ့ ညနေစောင်းတွင် သူမ၏သူငယ်ချင်းလည်းဖြစ်. . ဈေးထဲတွင် ဈေးရောင်းနေသူလည်းဖြစ်သော. . မသက်လယ်ဆိုသူမိန်းကလေးမှ မခင်မြင့်. . သူမထံမှ. . ဈေးဝယ်သွားခဲ့ကြောင်း. . ပြောပြပါသည်။ ထို့ကြောင့်. . . သူမကို ဆက်



လက်မေးမြန်းရာ. . မခင်မြင့်၌. . ချစ်သူရှိကြောင်းသိရပါသည်။ သူမချစ်သူမှာ. . မောင်တိုးအောင်ဆိုသူဖြစ်ကြောင်းသိရ၍. . . ကျွန်တော်မျိုးတို့ မောင်တိုးအောင်အိမ်သို့လိုက်သွားခဲ့ကြရာ. . မောင်တိုးအောင်လည်း အိမ်တွင်မရှိ ပျောက်ဆုံးနေကြောင်း. . ကြားသိရပါသည်. .။

ကျွန်တော်မျိုးတို့အထင်မှာ. . ၎င်းတို့နှစ်ယောက်ခိုးရာလိုက်သွားသည်ဟုထင်ကာ. . တစ်ရက်. . နှစ်ရက်စောင့်နေသော်လည်း. . သတင်းမကြားရ၊ အဆက်အသွယ်လည်းမရသဖြင့်. . ယခုကဲ့သို့ တိုင်ကြားရခြင်းဖြစ်ပါသည်. .။

တိုင်စာကို ဖတ်ပြီးသွားသော . . ကိုထွန်းလူ. . ထိုင်ရာမှထကာ. . ဝရံတာတွင် လက်ထောက်လျက် ဂတ်ရှေ့ခြံအပြင်ရှိ. . လယ်ကွင်းများသို့ ကြည့်နေသည်။

"တိုင်စာက တိုတိုလေးပါ. . ဆရာရယ်. . ဘာသဲလွန်စမှမပါတော့. . ကျွန်တော်တို့လဲ ဘယ်ကဘယ်လို အစရှာရမယ် မသိဘူးဖြစ်နေတယ်. . ဒါကြောင့် မစုံစမ်းဖြစ်ပါဘူး"

"ခုချိန်ထိရော. . ကာယကံရှင်တွေဆီ ပြန်ရောက်တယ်လို့ သတင်းကြားလား ကိုဘတင့်. "

"ပြန်မရောက်ကြပါဘူးဗျ. . ခုဆိုရင်. . ဒီနှစ်ယောက် ပျောက်သွားတာ. . တစ်လနီးပါးရှိသွားပြီ. . "

ကျွန်ုပ်နှင့်ကိုဘတင့်တို့စကားပြောနေကြစဉ် ကိုထွန်းလူကာ ဘာမှဝင်မပြောဘဲ. . ခပ်လှမ်းလှမ်းသို့ ငေးမြင်းကြည့်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့. . ဆရာ. . ခုနစကားပြတ်သွားတယ်. . သက္ကယ်သောင်လိုရွာငယ်ကလေးမှာ. . လူကြီး. . လူရွယ်. . လူငယ်နဲ့ ကလေးပါအပါအဝင် စုစုပေါင်း . . ၈ယောက် တိတိပျောက်သွားတယ်"

"ရှစ်ယောက်. . များလှချည်လား. . ဆရာ. ."

"ဟုတ်တယ်. . ကိုဘတင့်. . ရှစ်ယောက်စလုံးဟာ ပျောက်ခြင်းမလှပျောက်သွားလိုက်ကြတာ. . အစ,အနတောင် ရှာမတွေ့ခဲ့ဘူး. . ခုတော့. . တစ်ရွာလုံး. . အိမ်ထဲက အိမ်ပြင်မထွက်ဝံ့အောင်ကြောက်နေကြရှာတယ်. . အဲဒီအမှု ကိုဘတင့်တို့ဆီ ရောက်လာသလားဗျ. ."

ကိုဘတင့်မျက်နှာတွင် မယုံနိုင်လောက်အောင် ဖြစ်နေရှာသည်။ ခေါင်းကို လေးတွဲစွာခါရင်း. .

"တစ်မှုမှမတိုင်ကြဘူး. . ဆရာ. . အဲဒီလောက်ခြေရာပျောက်တဲ့ကိစ္စ. . ဘယ်က. . ဘယ်လို အစရှာကြမလဲ. . ဆရာရယ်. . ကျွန်တော်တော့ အရမ်းကိုစိတ်ရှုပ်သွားပြီ၊ ဌာနာအုပ်မင်းကို အစီရင်ခံစာရေးတင်ပြီး. . သက္ကယ်သောင်ကို သွားကြည့်သင့်ရင်ကြည့်ရမယ်"

သူ့စကားဆုံးတော့. . ကိုထွန်းလူ. . ကျွန်ုပ်တို့ဘက်သို့ လှည့်လာ၏. . ။

"မသွားပါနဲ့ ကိုဘတင့်. . သူတို့ရဲ့လှုပ်ရှားမှုတွေကို. . ခြောက်လှန့်လိုက်သလို ဖြစ်သွားမှာစိုးရိမ်ရတယ်. . ခင်ဗျား. . အထက်ကို တင်ပြစရာရှိရင်တင်ပြပါ. . မြို့ပေါ်မှပျောက်တဲ့အမှုကို သဲလွန်စတစ်ခုခုရအောင် ကြိုးစားထား



ပါ. . အကယ်၍ ခင်ဗျား. . သက္ကယ်သောင်ကို သွားမယ်ဆိုရင်လည်း. . ပုလိပ်အရာရှိတစ်ယောက်လို မသွားပဲ. . တခြားပုံစံနဲ့. . ရုပ်ဖျက်ပြီးသွားစေချင်ပါတယ်. . ခု. . ကျုပ်ပြောတဲ့ကိစ္စတွေကို လိုက် နာဆောင်ရွက်မယ်ဆိုရင်. . ကျုပ်တို့ကို ကူညီတယ်လို့. . ကျုပ်ယူဆပါမယ်. . ကိုဘတင့်"

"စိတ်ချပါ ဆရာ. . ဦးထွန်းလူ. . ကျွန်တော်လိုက်နာဆောင်ရွက်ပါ့မယ်"

"ကျေးဇူးပါပဲ. . ကိုဘတင့်. . ခင်ဗျားအကျိုးရှိမှာပါဗျာ ကဲ. . ကျုပ်တို့ကို ခွင့်ပြုဦး. . ရန်ကုန်ပြန်ရဦးမယ်"

xxxxx

ကောင်းကင်၌ တိမ်သားတို့ ပြေးလွှားနေကြ၏။

လမင်းသည်. . တခြမ်းနီးပါးရှိနေပြီ. . သည်ကနေ့သည် လဆန်း(၇) ရက်မို့. . လတခြမ်းပြည့်လုလု ဖြစ်နေခြင်းပင်. . တခြမ်းပဲ့ လကလေးကိုတိမ်တိုက်ထို့က. . ဖြတ်သန်းကျော်လွှား ပြေးနေ၏။ လရောင်ကြောင့် တိမ်သားအစွန်းတို့၌ ငွေရောင် အနားကွပ်တို့ ပေါ်တစ်လှည့်. . ပျောက်တစ်လှည့်. . ။

အ,ကာလ. . ညသည်. . လွန်စွာ . . လှပနေ၏။

မှိုတ်တုတ်ကြယ်တို့နှင့်. . ငွေနားကွပ်တိမ်တို့ကြားမှ လတခြမ်းပဲ့သည် . . ည၏ပန်းချီကားတစ်ချပ်ဖြစ်နေသည်။ ကျွန်ုပ်

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း. . ပက်လက်ကုလားထိုင်တွင်. . ထိုင်ရင်း ဆေးတံဆေးတစ်အိုးကုန်အောင် သောက်ရင်း. . ပြတင်းပေါက်မှ မြင်နေရသော ကောင်းကင်၏အလှကို ခံစားမိနေခြင်း ဖြစ်သည်။

ထိုစဉ် တအိအိတန္နဲ့နဲ့. . တယောသံညင်းပြောင်းပြောင်းကလေးနှင့်အတူ. . ကလူကျီစယ်လေ၏။ ထိုတယောသံ၏ နောက်မှ အောင်မြင်ခန့်ညားသော အသံဝါကြီးနှင့် သီဆိုလိုက် သည့်ကိုထွန်းလူ၏ အသံကိုကြားလိုက်ရလေသည်။ကိုထွန်းလူ မှာ တယောထိုးကောင်းသူတစ်ယောက်ဖြစ်သလို သီချင်းဆိုလည်း ပိုင်သူတစ်ယေက်ဖြစ်လေသည်။ အထူးသဖြင့် ရှေးသီချင်းကြီးများကို ကိုယ်တိုင်သံစဉ်ရှာကာ ဆိုတီးသည့်အခါ များတွင် နားထောင်၍ မညည်းနိုင်လောက်အောင် ကောင်းလှ ပေသည်။

“. . . ဆဲရွှေရည်×××မိုးကိုရည်×××နေလည်းတောင်ပါး သွားခဲ့ပြီ×××လေ×××မယ့်ကြင်သူယူလှည့်လေ××× ကြွတ္တိကာ နှင့်×××သော်တာရောင်နှုန်း×××တန်ဆောင်မုန်း ×××ချမ်းတုန်းပြန်ခဲ့ပြီလေ××××× မယ့်ကြင်သူ××× ယူလှည့်လေး×××”

တယောသံက. . အိလဲ့လဲ့နှင့်ချွဲနွဲ့သည်. . .။ ကိုထွန်းလူ၏အသံဝါကြီးက. . လွမ်းသံမပါဘဲနှင့် . . . ကြားရသူကို အလွမ်းပိုစေသည်. . .။ ကျွန်ုပ်. . . ကိုယ်တိုင်ခြေလက်တို့ပင် မလှုပ်ရှား မိဘဲ ငြိမ်သက်ဆဲငြိမ်သက်စွာဖြင့် ရာသီဘွဲ့၏ခေါ်ရာ နောက်သို့ လိုက်သွားမိတော့သည်. . ။



“×××နှော်ဇာရွှေဆင်း×××ပင်လုံးဝင်း×××နှင်းဆီနှင့်ကြွေ ပြန်ခဲ့ပြီလေ×××မယ့်ကြင်သူ×××ယူလှည့်လေး×××ဆီး နှင်းမှိုင်း ဝေ ××× မြောက်လေပြည်ညင်း ××× အစွမ်းသွင်း ×××ရင်တွင်းငြိမ်း ပြန်ခဲ့ပြီ××××ချိုမြခင်းဦး ××တပ်ခြုံတူ မစုံ×××မလိုအေး ××× ကွေးမစက်ရှင်××× ”

စာသားက ပီပြင်လွန်းလှသည်။

မြောက်လေပြေနှင့်အတူ ဝင်လာသော လေညင်းကို. . သွင်းယူသော်မှ. . ရင်တွင်းရှိသောကအပူငြိမ်းအေးခဲ့ရရှာသည်။ ခြုံနေကြ ခင်းနေကြစောင်ကို. . ထပ်ကာထပ်ကာခြုံ၍ အိပ်သော်လည်း ဖေါ်မစုံ. . တစ်ကိုယ်တည်း အိပ်ရသူအဖို့. . မည်သို့ပင် ကွေးအိပ်သော်လည်း. . ချမ်းအေးမှုကို မကာကွယ်နိုင်ခဲ့ . . . အထီးကျန်ဖြစ်သူတစ်ယောက်၏ အချမ်းနှင့် အလွမ်းကို တပြိုင်တည်း သရုပ်ဖေါ်ထားခြင်းဖြစ်လေသည်။ စာလှသကဲ့သို့ သဘာဝလည်းကျပေသည်။

“မပြန်ခင်×××တင်ပါလှည့်လေ××××ခြုံခဲ့မြဲဖြစ်ခြည်မစွန်း ဘုန်းတန်တော်ဇာ×××ရောင်ဖါထွန်းတင့်××× နေမင်းလုလင် ××× မယ့်ရှင်ဘုရင်××××မယ့်ထိပ်နင်း××××ချစ်ခြင်း:××× လွန်း××××၍×××မယ့်ကြင်သူ×××× ယူလှည့်×××လေ××× လေ××××”

www.burmeseclassic.com

www.burmeseclassic.com



သီချင်းဆိုသံအားရှိမှ . . တပေါသံက . . အရှေ့ပိုဒ်မို့ . ဖြည်းဖြည်းလေးလေးနှင့် တိမ်ဝင်သွားတော့သည်။ အတန်ကြာသည်အထိ ငြိမ်သက်မှုအားကောင်းနေ၏။ ကိုထွန်းလူမှာ တယောကို ပိုက်လျက် မျက်လုံးစုံမှိတ်ကာ . . တိတ်ဆိတ်နေသည်။ ကျွန်ုပ် . . သည်းမခံနိုင်တော့ပြီမို့ . . ဆေးတန်ကို မီးညှိဖွာရှိုက်လိုက်သည်နှင့် မီးခိုးငွေ့တို့ . . ကိုထွန်းလူဆီပြေးသွားကြသည်။

"ဟာ . . ကိုအောင်ပွင့် ခင်ဗျားဘော်တော်ဆိုးပါလားဗျ . . လေတင်ကနေ ဆေးတန်သောက်တော့ . . ကျုပ်ဆီကို ဆေးတန်ငွေ့တွေ . . တန်းတန်းမတ်မတ်ရောက်လာပြီး ကျုပ်ရဲ့ စိတ်ကူးကိုဖြတ်တောက် ပစ်လိုက်တာပေါ့ . . ဟုတ်လား . . ကိုအောင်ပွင့်"

ကိုထွန်းလူ ထင်မြင်ချက်မှန်နေသောကြောင့် ကျွန်ုပ် . . ဘာမှပြန်မပြောဘဲ . . ငြိမ်နေလိုက်သည်။

"ကျုပ်ကို အသံပေးရမှာ အားနာလို့ . . အသံမပေးရတဲ့ နည်းသုံးလိုက်တာပေါ့ . ."

"ဆိုပါတော့ . . ကိုထွန်းလူ . . သီချင်းကို စိတ်ပါလက်ပါဆိုပြီး . . ခံစားနေတော့ . . အသံပေးလိုက်ရမှာ အားနာတာနဲ့ ဒီနည်းကိုသုံးလိုက်ရတာပါ . . ဒါနဲ့ . . ကိုထွန်းလူ အထီးကျန်သမားမို့ ဆောင်းအေးအေးမှာ တကယ်ပဲအိပ်မပျော်ဘူးလား"

ကိုထွန်းလူ . . ဟက်ဟက်ပက်ပက်ရယ်လိုက်သည်။



သူ့ဘဝတွင် လူပျိုကြီးတစ်ကိုယ်တည်းဖြစ်နေသော်လည်း သူ့ကိုယ်သူအထီးကျန်သည်ဟု . . လုံးဝမယူဆသူ . .။

"ကျုပ် . . ဘယ်တုန်းက အထီးကျန်လို့လဲ . . ကိုအောင်ပွင့် ခုနှစ်ရက်သားသမီးတွေကို . . တစ်ယောက်မဟုတ်တစ်ယောက်ကူညီနေတာနဲ့ အချိန်မလောက်နိုင်ပါဘူးဗျာ . . ခုလည်း . . စိတ်ကူးပေါက်တာနဲ့ . . ရှေ့မင်းတွေလက်ထက်က . . ရာသီဘွဲ့ကြိုးသီချင်းတစ်ပုဒ်ကိုအသံစမ်းနေတာဗျ . ."

"စမ်းတာလည်း . . စမ်းတာပေါ့ဗျာ . . ဒါပေမယ့် . . ကျုပ်တို့ သဏ္ဍာယ်သောင်ရွာကိစ္စကိုတော့ မေ့မထားပါနဲ့ဦး . ."

"ပထမပိုဒ်မှာကြည့်လေ . . တန်ဆောင်မုန်းလရဲ့ အလှကိုဖွဲ့ထားတာ . . ဒုတိယအပိုဒ်မှာ ဆီးနှင်းနှင့်လို့ မသုံးဘဲ နှင်းဆီးနှင့်လို့ သုံးထားပုံက . . မဆန်းဘူးလား . ."

ကျွန်ုပ် စိတ်အနည်းငယ် တိုသွား၏။

သဏ္ဍာယ်သောင်ရွာ လူပျောက်မှုမှ . . အလွန်အရေးကြီးနေမှန်း . . သူကိုယ်တိုင်လည်း . . သိနေပါလျက် တယောတစ်လက်နှင့် အလွမ်းဘွဲ့သီချင်းကို . . ဆိုနိုင်တီးနိုင်သည့်အပြင် . . သီချင်းအကြောင်းကိုပင် ဆွေးနွေးနေလိုက်သေးသည်။ သူ့အတွေးတွင် . . အမှုကိုမည်သို့သဘောထားကြောင်း . . ကျွန်ုပ်တွေးမရနိုင်အောင်ဖြစ်မိ၏။ ကျွန်ုပ်သက်ပြင်းတစ်ချက်ချပြီး မရိတာမှသည် . . ဟိုခပ်ဝေးဝေးသို့ ကြည့်နေလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



လောကသည် . . မှောင်အတိပြီးနေသည်။

ကျွန်ုပ်၏အတွေးတို့လည်း . . မှောင်မည်း . . ရှုပ်ထွေးနေတော့သည် . . ။

"ဘာလို့ ဒီလောက်ခေါင်းရှုပ်ခံနေရတာလဲ, . ကိုအောင်ပွင့်ခုလို . . အေးအေးချမ်းချမ်းနေလို့ရတဲ့အချိန်မှာ . . နေစမ်းပါဗျာ . . တော်ကြာဆို . . ကျုပ်တို့နှစ်ယောက်ထဲ . . တွေးရတောရ . . ဖမ်းရဆီးရတွေ . . လုပ်ရဦးတော့မှာ . . အဲဒီအခါကြ တော့လည်း . . မလျှော့တမ်းအားစိုက်ရဦးမှာမို့ . . ခုလိုနေလို့ရ တုန်းလေး . . နေပါရစေ . . ဗျာ"

"နေတာလဲ . . နေတာပေါ့ဗျာ . . ရွာကိုပြန်သွားဖို့လည်း စဉ်းစားပါဦးဗျ . . "

"သွားမယ်လေ . . တရားခံမိပြီးမှ . . ကျုပ်တို့နှစ် ယောက် . အောင်ပွဲနဲ့အတူ သက္ကယ်သောင်ကိုပြန်သွားကြတာပေါ့ . . သက္ကယ်သောင်က လူတွေရဲ့ . . လွတ်လပ်ပျော်ရွှင်မှုကို ကြည့်ပြီး . . ကျုပ်တို့ ကျေနပ်ကြရအောင်ဗျာ . . "

ဤမျှလောက် ခိုင်ခိုင်မာမာပြောနေသော . . ကိုထွန်းလူတွင် ပိုင်နိုင်သော . . အကြောင်းအရာ . . အချက်အလက်များရှိနေလောက်ပြီဟု ယူဆမိသည်။

သူက . . တယောထိုးပြီး သီချင်းဆိုချိန်တွင် စိတ်ပါလက်ပါ ဆိုတတ်၊ ထိုးတတ်သကဲ့သို့ . . အလုပ်ကိစ္စလုပ်ကိုင်သည့်အခါ



တွင်လည်း စိတ်ရောကိုယ်ပါ . . နှစ်မြှုပ်လုပ်ကိုင်တတ်လေသည်။ အမှုတစ်ခုကို လိုက်သည့်အခါတွင် . . အမှုမပြီးမချင်း . . မလျှော့သောဇွဲ . . လုံ့လဝီရိယနှင့်အကြံကုန်စိုက်ထုတ်ကြိုးကုတ်သူရှိ၏။ ထို့ကြောင့် သူလိုက်လံစုံစမ်းထောက်လှမ်းသော အမှုန်သမျှ မပေါ်ဟူ၍ . . မရှိပေ . . ။

xxxxx

နောက်တစ်နေ့ နံနက်စောစော . . ကျွန်ုပ်ရုံးသွားရန်ပြင်ဆင်နေခိုက် . ကိုထွန်းလူတစ်ယောက် စာကြည့်ခန်းတွင် . . ဗေဒနှင့်သတ္တဗေဒဆိုင်ရာစာအုပ်များ . . အခြားသော ဝိလိပ်ဝတ္ထုများ လှန်လှောရှာဖွေနေ၏။

"ဘယ်နှယ့်အိုင်ဆေး . . စာတွေဖတ်လှ ချည်လားဗျ . . ဘာစာမေးပွဲတွေများ အရေးတကြီးဖြေဖို့လို . . လို့လဲ . . "

"ဟင်း . . ဟင်း . . စာမေးပွဲရှိလို့ စာဖတ်တာမဟုတ်ပါဘူးဗျာ . . ၊ ဒီနေ့ အပြင်လည်းမထွက်ချင်တာနဲ့ . . စာဖတ်မလားလို့ . . စာအုပ်ရှာနေတာပါ . . ခင်ဗျား ရုံးမသွားသေးဘူးလား"

"ခုတင်သွားတော့မှာ . . ကိုထွန်းလူ . . . စာလည်းဖတ် သက္ကယ်သောင်ကိစ္စလည်း . . . စဉ်းစားပေးဦးနော် . "

"ဒါက . . ဦးစားပေး အဆင့်တစ်ပေါ့ဗျာ . . "

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းလူနှင့်စကားပြောနေစဉ်. . ဝရံတာဘက်ဆီမှ. . သတင်းစာပစ်တင်လိုက်သံကြောင့်. . ကျွန်ုပ်သတင်းစာ သွားကောက်ယူပြီး. . ဆက်တီတွင် ခေတ္တထိုင်ဖတ်နေလိုက်သည်။

ဂျာမဏီတွင်. . ဖက်ဆစ်အဖွဲ့ကိုဖွဲ့စည်းပြီး. . စစ်တပ်သဏ္ဌာန်ဖွဲ့စည်းနေမှုများ. . ၊ အီတလီနိုင်ငံတွင် မူဆိုလိုနီ. . အာဏာရလာကြောင်းနှင့် နောက်ဆက်တွဲသတင်းများ. . ၊ ဗြိတိသျှတို့၏ နေမဝင်အင်ပါယာကြီးကောင်းစားဖွံ့ထွားနေမှုများကို အားရပါးရရေးထားသည်။

ကြော်ငြာကဏ္ဍကိုရောက်သော်. . ထူးခြားသော ကြော်ငြာတစ်ခုကြောင့်. . ကျွန်ုပ်. . မျက်လုံးများ ထိုနေရာတွင် ရပ်တန့်သွားကြ၏။

အလိုရှိသည်. .

ရက္ခဗေဒ (သို့မဟုတ်) သတ္တဗေဒ. . အထူးပြုဘာသာရပ်ဖြင့်. . ဒေါက်တာဘွဲ့ရထားသူ အမျိုးသားပညာရှင် တစ်ယောက်အလိုရှိသည်။ လခကောင်းမည်. . ၊ နေစရာပေးမည်။

ဆက်သွယ်ရန်

ဒေါက်တာကျော်သာ. . **M.A,F.R.G.S**

ရက္ခဗေဒပါရဂူ

ခေတ္တ. . ထရင်းဟိုတယ်

ကမ်းနားလမ်း၊ ရန်ကုန်မြို့။



"ကိုထွန်းလူ. . အိုင်ဆေး. . ကိုထွန်းလူ. . "

ကျွန်ုပ်၏. . အလန့်တကြားခေါ်သံကြောင့် . . ကိုထွန်းလူ စာကြည့်ခန်းအတွင်းမှ. . ခပ်သွက်သွက်ထွက်လာသည်။

"ဘာလဲဗျ. . ကိုအောင်ပွင့်. . အလန့်တကြားနဲ့"

"ဟောဒီ. . ကြော်ငြာကို. . ဖတ်ကြည့်စမ်းပါဦးဗျ. . ခင်ဗျားနဲ့ အတော်လိုက်ဖက်တဲ့ ကြော်ငြာပဲ. . "

သူ့ရှေ့သို့ သတင်းစာချပေးလိုက်သည်။

ကိုထွန်းလူ. . သတင်းစာကြော်ငြာကိုကြည့်နေရင်း. . အတန်ကြာအောင်ငြိမ်သက်သွားသည်။ ကျွန်ုပ်အထင် ငါးမိနစ်မက. . ငြိမ်သွားသည်ထင်၏။ မျက်လုံးအစုံက. . ကြော်ငြာကိုတွေကြည့်နေသော်လည်း. . ဖတ်နေခြင်းမဟုတ်မှန်း. . သိသာလှသည်။ ပိုသေချာအောင်. . ကျွန်ုပ်. . သူ့မျက်စိရှေ့ရှိ သတင်းစာကိုဆွဲယူလိုက်သော်လည်း. . သူ့အကြည့်က. . ထိုနေရာမှ ဖယ်ခွာမသွားသေး. . ။

"ကျော်သာ. . ဒေါက်တာ. ကျော်သာ. . ဒေါက်တာကျော်သာ. . ရက္ခဗေဒပါရဂူ. . "

"အိုင်ဆေး. . သူ့ကို သိလို့လား. . ကိုထွန်းလူ. . "

သူ. . ချက်ချင်းမဖြေ. ၊ ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်ခုံတွင်. . ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

"သိခဲ့ဖူးတယ်. . ဆိုပါတော့ဗျာ. . ဒါပေမယ့်. . တရင်းတနှီးတော့မဟုတ်ပါဘူး. . သူကကျုပ်ထက်. . စီနီယာ. .

www.burmeseclassic.com

www.burmeseclassic.com



သိပ်စောတယ်. . ဒီလူ. . ဒီပညာရပ်မှာ တစ်ဘက်ကမ်း ခတ်လွန်းတယ်. . ဒေါက်တာဘွဲ့ရချင်းတူတာတောင်. . သူ့စိတ်ကူးသူ့ အတွေးအခေါ်တွေကို ကျော်လွှားနိုင်ဖို့ သိပ်ခက်တယ်"

"ဟာ. . . ဒီလောက်တောင် တော်လားဗျ"

"တော်တယ် ကိုအောင်ပွင့် ဉာဏ်ရည်ဉာဏ်သွေးကလည်း ကောင်းလွန်းတော့ နိုင်ငံခြားသားတွေတောင် သူ့ကိုလက်မြှောက်ကြရတယ်"

"ဒီလိုလူမျိုး ကျုပ်တို့မြန်မာအမျိုးသားဖြစ်ရတာ ဂုဏ်ယူစရာပေါ့ဗျာ"

သူက ကျွန်ုပ်စကားကို ပြန်မဖြေဘဲ စာကြည့်ခန်းဘက် ပြန်လျှောက်သွား၏။ ခဏကြာမှ ဒိုင်ယာယီစာအုပ်ဟောင်းလေး တစ်အုပ်ကိုင်ကာ မူလနေရာတွင် ပြန်ထိုင်သည်။ စာအုပ်ကြားမှ ဖြတ်ပိုင်းကလေးတစ်ခုကို ထုတ်ယူပြီးကျွန်ုပ်ကို ကမ်းပေးလာ၏။ ဖြတ်ပိုင်းမှာ အင်္ဂလိပ်သတင်းစာတစ်စောင်မှ ဖြတ်ယူထားသော အပိုင်းကလေးဖြစ်သည်။ သတင်းတိုကလေးတစ်ခုသာဖြစ်၏။

မြန်မာပြည်သား ရုက္ခဗေဒပါရဂူဘွဲ့ရ ဒေါက်တာကျော်သာ ဆိုသူသည် အင်္ဂလန်ပိုင် ကျွန်းစုတစ်ခု၌ ရုက္ခဗေဒပညာရှင် ဒေါက်တာဖီးလစ် သတ္တဗေဒပညာရှင် ဒေါက်တာကျော့တို့နှင့် အတူရုက္ခဗေဒနှင့် သတ္တဗေဒစမ်းသပ်မှုများ ပြုလုပ်ရန် ယမန်နေ့ ကဒေါက်တာကျော့ပိုင်သင်္ဘောဖြင့် ထွက်ခွာသွားကြသည်။ ၎င်းတို့၏ဆောင်ပုဒ်မှာ"သတ္တရုက္ခဗေဒပညာဖြင့် ကမ္ဘာကြီးကိုကယ်တင်အံ့" ဟူ၍ဖြစ်ကြောင်းသိရပါသည်။

ဖြတ်ပိုင်းပါသတင်းကို ဖတ်ကြည့်ပြီး နားမလည်၍ကိုထွန်းလူကို လှမ်းကြည့်မိသည်။

"ဘာတွေလဲဗျာ ကိုထွန်းလူ ဒါဘယ်သတင်းစာက ဖြတ်ယူထားတာလဲ"

"ကျုပ်လန်ဒန်မှာ ပညာတော်သင်သွားနေတုန်း လန်ဒန်တိုင်း(မ်) သတင်းစာမှာ တွေ့လို့ဖြတ်ယူလာခဲ့တာ ဘာရည်ရွယ်ချက်မှတော့မရှိပါဘူးဗျာ၊ ကိုယ့်မြန်မာပြည်သားတစ်ယောက်ရဲ့ ထူးချွန်မှုသတင်းမို့ သိမ်းထားချင်လို့ပါ"

"ဒါဆို ဒီလူ ခု မြန်မာပြန်ရောက်လာတာပေါ့"

ဒေါက်တာထွန်းလူ ခေါင်းညိတ်ပြပြီး. . .

"ဟုတ်တယ် ကိုအောင်ပွင့် သူမြန်မာပြည်ပြန်ရောက်လာပြီ သူလိုပညာရှင်ကိုဆင့်ခေါ်ပြီး ဘာလုပ်ဖို့လဲဆိုတာ သိချင်လိုက်တာဗျာ၊ ကျုပ်ကိုယ်တိုင်က ဒီမှာ အမှုတန်းလန်းမို့ နို့မို့ဆို သူနဲ့ သွားဆက်သွယ်ပါတယ် 'သတ္တရုက္ခပညာဖြင့် မြန်မာပြည်ကြီးကိုကယ်တင်အံ့' ဆိုတဲ့ ခေါင်းစဉ်နဲ့ အလုပ်လုပ်လိုက်ရရင် ကျုပ်တို့ကိုယ်တိုင်းပြည်ကို ကျေးဇူးဆပ်ရာလည်း ရောက်တာပေါ့ဗျာ၊ ဘယ်နှယ့်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ တားပါရစေ ကိုထွန်းလူ ခင်ဗျားသွားချင် ခုလိုက်နေတဲ့ သက္ကယ်သောင်ရွာ လူပျောက်မှုကြီးပြီးမှ သွားပါဗျာ"

စာအုပ်ကြားသို့ သတင်းစာဖြတ်ပိုင်းကလေးကို သေသေချာချာပြန်ညှပ်သည်။ စာအုပ်ကိုသူ့ပေါင်ပေါ်မှ မချပဲ စဉ်းစားနေပြန်၏။

"ဒီသတင်းစာကြော်ငြာအရ သူ့ဆီသွားဖို့အရည်အချင်းပြည့်မီတဲ့လူဆိုလို့ မြန်မာပြည်မှာ သုံးယောက်ပဲရှိတယ်၊ ဒါပေမယ့် တစ်ယောက်က ခုလောလောဆယ်မရှိဘူး။ အိန္ဒိယမှာလုပ်နေတဲ့ ရုက္ခဗေဒဆိုင်ရာ ညီလာခံတစ်ခုသွားတက်နေတယ်၊ မြန်မာပြည်မှာ ကျုပ်ရယ်၊ ကိုကျော်ဇောရယ်ပဲရှိတယ်၊ ကျုပ်မသွားရင် ကိုကျော်ဇောသွားမှာပဲ"

ပြောပြောဆိုဆိုနှင့် ကိုထွန်းလူ အငိုက်ထဲဝင်ပြီး အဝတ်အစားသွားလဲနေတော့သည်။ ကျုပ်လည်းတိုက်ပုံအင်္ကျီထပ်ဝတ်ကာ. . . .

"ကိုထွန်းလူရေ ကျုပ် ရှုံးသွားပြီဗျာ"

"ကောင်းပြီ ကိုအောင်ပွင့် ခင်ဗျားရှုံးသွားပြီး ကျုပ်လည်း အပြင်ထွက်မှာပဲ၊ သက္ကယ်သောင်ရွာလူပျောက်မှုအတွက် စုံစမ်းလိုက်ဦးမယ်ဗျာ"

xxxxx



ကျွန်ုပ်နှင့် ဒေါက်တာထွန်းလူတို့ ရန်ကုန်တွင် ၁၅-ရက်ခန့်နေကြပြီး သက္ကယ်သောင်ရွာသို့ ထွက်လာခဲ့ကြသည်။ စတတ်ဘတ္တူလှေကြီးပေါ်တွင် ခရီးသည်အနည်းငယ်နှင့် ကျုပ်တို့နှစ်ယောက်မြစ်ရေပြင်ကို ကြည့်ကာလိုက်ပါလာခဲ့ကြသည်။

"ဘုတ်. . ဘုတ်. . ဘုတ်. . ."

ကတ္တူလှေကြီးသည် ကုန်တဝက်၊ ခရီးသည်ကတာ(ဟ)ာ်တင်ဆောင်ကာ ဧရာဝတီတိုင်း၏မြို့တော် ပုသိမ်သို့သွားမည်ဖြစ်၏။ ကျွန်ုပ်တို့နှစ်ယောက်လှေသူကြီးကို အကျိုးအကြောင်းပြောကာလိုက်ခဲ့ခြင်းဖြစ်သည်။

ရေက ရေစုန်ဖြစ်သော်လည်း လေက လေစုန်မဟုတ်. . ။

လေဆန်ကို ဖြတ်ခုတ်နေရသော ကတ္တူလှေမှာ အတော့်ကိုစက်အားပြင်းပြင်းခုတ်နေရခြင်း ဖြစ်သည်။

"ဒီမြစ်က အတော်ကျယ်သားဗျနော် ကိုထွန်းလူ"

"ဟုတ်တယ် ကိုအောင်ပွင့်၊ ဒီနေရာမှာ တော်တော့ကိုကျယ်တာပ၊ ဘယ်လောက်ကျယ်ကျယ်ပါဗျာ မြစ်တို့မည်သည် ကမ်းစပ်ဆိုတာတော့ ရှိစမြဲပါပဲ"

အတော်နက်ရှိုင်းသော ဒဿနတစ်ခုပြောလိုက်ခြင်းမို့ သူဘာကိုရည်ရွယ်သည်ဟု ကျွန်ုပ်ချက်ချင်းမသိပါ။ သူ့စကားဆက်တော့မှ အမှုအကြောင်းပြောမှန်းသိပါတော့သည်။

"ရာဇဝတ်မှုတို့မည်သည် ဘယ်လောက်ကြီးလျှို့ဝှက်နိုင်သည်ဆိုပေမယ်လို့ တစ်နေ့နေ့တော့ အမှုမှန်ပေါ်လာရမှာပါပဲဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တာပေါ့ သက္ကယ်သောင်အမှုလည်း တစ်နေ့တော့
ပေါ်မှာပဲလို့ ကျုပ်ယုံကြည်တယ် ကိုထွန်းလူ"

"သေချာတာပေါ့ ကျုပ်မှန်းဆကြည့်ရသလောက် ကျုပ်တို့နဲ့
ယှဉ်ရတဲ့လူဟာ သာမာန်သူတစ်ယောက် မဟုတ်နိုင်ဘူးဗျ
သူဟာအလုပ်ကို စေ့စေ့စပ်စပ် လုပ်တတ်တတ်တဲ့သူ၊ ခြေသံ
မကြားအောင် စောင့်တတ်တဲ့ကြောင်ဖားကြီး၊ ဒီကြောင်
ကြီးဟာ သူ့လုပ်ရပ်တိုင်းမှာ ဘာသဲလွန်စမှ မကျန်အောင်
သေသေသပ်သပ်လုပ်နိုင်စွမ်းသူဖြစ်သလို သူနဲ့တွဲလုပ်နေ
တဲ့သူ့တပည့်တွေဟာလည်း သူ့အပေါ်မှာ သစ္စာရှိသူတွေ
ဖြစ်ဟိမ့်မယ်"

"ဟား သေချာလှချည်လား ကိုထွန်းလူရဲ့"

"သေချာဆို သူ့တပည့်တစ်ယောက်သာ သစ္စာဖောက်ခဲ့ရင်
ဒီကိစ္စတွေအားလုံး ဗူးပေါ်သလို ပေါ်ပြီပေါ့ဗျာ"

ကတ္တူလှေကြီးသည် မြစ်ရိုးအတိုင်းလာနေရာမှ မြစ်ကွေ့
အတိုင်း လက်ဝဲဘက်ဆီသို့ ကွေ့ချလိုက်၏။ ကျွန်ုပ်တို့ဆိပ်ကမ်း
တစ်ခုကို လှမ်းမြင်နေရပါပြီ။ လှေသည် ထိုဆိပ်ကမ်းသို့ ဦးတည်
ခုတ်မောင်းလာသည်။

"လပွတ္တာရောက်တော့မယ်"

လှေသားတစ်ယောက် သတိပေးလိုက်၍ ကျွန်ုပ်တို့နှစ်
ယောက် ခရီးဆောင်အိတ်ကိုယ်စီ ကိုင်ထားလိုက်ကြသည်။
မကြာခင် ကတ္တူလှေကြီး လပွတ္တာဆိပ်ကမ်းသို့ ဆိုက်ကပ်ပြီး. .
ဆိပ်ကမ်းရောက်သော် မြင်းလှည်းတစ်စီးငှားလိုက်ပြီး. . .



"ရဲဌာနကိုသွားမယ် ညီလေး"

မြင်းလှည်းကလေးသည် ဌာနဆီသို့ ဦးတည်ပြေးသွားသည်။

"ဘာကိစ္စဝင်မှာလည်း ကိုထွန်းလူ သက္ကယ်သောင်ကို
တန်းသွားလိုက်ရင်ပြီးတာပဲ၊ ဒီဌာနအုပ်နဲ့က စကားပြောရ
တာ အဆင်မပြေပါဘူးဗျာ"

"ကျုပ်တို့ဌာနအုပ်နဲ့မတွေ့ပါဘူးဗျာ၊ ကိုဘတင့်နဲ့တွေ့ပြီး
မြို့ပေါ်က အကျိုးအကြောင်းလေးမေးရုံပါပဲ၊ သိသင့်သိ
ထိုက်တာလေးတွေတော့ သိထားဦးမှပေါ့"

ကျွန်ုပ်တို့မြင်းလှည်းပေါ်မှ ဆင်းလိုက်သည်နှင့် ရဲဌာနရှေ့
တွင် အင်္ကျီစပက်တာ ကိုဘတင့်က ကျွန်ုပ်တို့ကို မြင်သွားပြီး
ခြေလှမ်းကြဲကြီးများနှင့် လာကြိုသည်။

"ဟာ ဆရာတို့လာမယ်ဆို သံကြိုးလေးဘာလေး ကြိုရိုက်
လိုက်ရောပေါ့"

"အဲဒီလောက်မလိုပါဘူး ကိုဘတင့်ရာ ဘယ်နှယ့် ခင်ဗျားတို့
မြို့ပေါ်မှာ ဘာထူးလဲ"

"မြို့မှာတော့ဘာမှမထူးပါဘူးဆရာ ဒါနဲ့ဟိုရက်ပိုင်းက
ကျွန်တော်သက္ကယ်သောင်ကို သွားခဲ့သေးတယ်"

"ဟာ ကိုဘတင့် ခင်ဗျားကို ကိုထွန်းလူမှာခဲ့သေးတယ်
မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းလူမပြောခင် ကျွန်ုပ်က ဝင်ရောက်ပြောဆိုရင်း ကိုဘတင့်ကို အပြစ်တင်လိုက်သည်။

"ဟုတ်ပါတယ် ဆရာအောင်မွင့်. . ကျွန်တော့. . ပုလိပ် လိုသွားတာမဟုတ်ပါဘူး. . လာပါဗျာ. . ကျွန်တော့ . . တန်လျားကို အခန်းရောက်မှ. . ကျွန်တော်လုံးစေ့ပတ်စေ့ ပြောပြပါမယ်"

ကျွန်ုပ်တို့လည်း. . စခန်းဆီသို့ ဦးတည်ထားရာမှ. . စခန်း နံဘေးလမ်းကလေးအတိုင်းဝင်လာခဲ့ကြသည်။ ထိုလမ်းကလေး ၏ လက်ျာဘက်တွင်. . ပုလိပ်တန်းလျားမှာ. . ကပိုကရိုတည် ရှိနေ၏. . ။ အင်ခပက်တာကိုဘတင့်၏ တန်းလျားမှာ. . တောင့်စွန်းအခန်းဖြစ်သည်။

"လာကြ၊ . ဆရာတို့. . ဒီမှာ. . ကျွန်တော့အခန်း. . ဌာန ထက်စာရင် ပိုလွတ်လပ်တာပေါ့. ."

ထိုစဉ်. . ပုလိပ်သားလေးတစ်ယောက်. . လမ်းရှေ့မှ. . ဖြတ်အလျှောက်. . .

"ဟေ့. . မောင်ခင်. ."

"ဗျာ. . ဆရာ. ."

"ကာဖီဆိုင်က. . ကာဖီသုံးခွက်နဲ့ စီကရက်တစ်ဗူးဝယ်ပြီး ငါ့အခန်းကိုလာပို့လှည့်ကွာ သိပ်မကြာစေနဲ့နော်. ."

"ဟုတ်ကဲ့. . ဆရာ. ."

ကိုဘတင့် ငွေစက္ကူတစ်ချပ် ထုတ်ပေးရင်း. . သူ့တပည့် ကို ခိုင်းလိုက်သည်။



ကျွန်ုပ်တို့နှစ်ယောက်လည်း. . ကိုဘတင့်၏ အခန်းတွင်း သို့ ဝင်ထိုင်မိကြ၏။ အခန်းက သပ်သပ်ယပ်ယပ်ရှိပြီး . . ခေါင်း ရင်းဘက်တွင်. . ဘုရားကျောင်းဆောင်တစ်ခုနှင့် ၈-လက်မခန့် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူသပ္ပါယ်စွာတည်ရှိနေ၏။ ထိုဘုရားစင် အောက်တွင်. . ရှေးမြန်မာစစ်သူကြီးတစ်ယောက်၏ ပုံပန်းချီ ကားတစ်ချပ်ချိတ်ဆွဲထားလေသည်၊ အခန်းမှာ. ဆက်တီမရှိ ကိုဘတင့်က. . သင်းဖြူဖျာချောတစ်ချပ်ကို. . ကမန်းကတန်းခင်း ပေးသည်။

"ကျွန်တော့အိမ်မှာတော့. . ကုလားထိုင်တွေ. . စားပွဲတွေ မရှိဘူး. . ဖျာပဲရှိတယ်. . ဆရာတို့ကို အားနာသို့က်တာ"

"ရပါတယ်ဗျာ. . ဗမာအိမ်ပဲ. . သင်းဖြူးခင်းပြီး ထန်းလျက် ခဲနဲ့ ညှော်ခံတာ သဘာဝကျပါတယ်. . ကဲ. . ပြောပါဦး. . သက္ကယ်သောင်. . သွားခဲ့ပုံလေး. ."

ကိုဘတင့်သည် သူ၏ပုလိပ်ဝတ်စုံနှင့် ခါးပတ်၊ ဘိနပ်တို့ကို ချွတ်ကာ. . ချိတ်၌ဆွဲထားပြီး. . ကျွန်ုပ်တို့နှင့် ဝင်ထိုင်ရင်း. .

"ဘာထူးခြားမှုမှတော့ မတွေ့ခဲ့ရပါဘူး. . ဆရာ. . ကျွန်တော် . . အလုပ်ရှာတဲ့ တောသားတစ်ယောက်လို သွားပြီး. . ဦးဆုံး လှေသူကြီးတစ်ယောက်အိမ်ဝင်ခဲ့ပါတယ် အဲဒီအချိန်က . . မှောင်ရီဖြိုးဖြဖြစ်နေပါပြီ. . ကျွန်တော် ကလည်း တမင်ဒီအချိန်ကို ရွေးသွားတာပါ. . အိမ်ထဲ ရောက်တော့. . လှေသူကြီးက. . ကျွန်တော့်ကို မယုံကြည်တဲ့ မျက်လုံးတွေနဲ့ ကြည့်ပြီး.

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်သူလဲ. . ဘာကိစ္စနဲ့. . ကိုယ့်ရွာကိုလာတာလဲ"

"ကျွန်တော့်နာမည်. . မောင်တင့်ပါ. . ဒီရွာမှာ အလုပ်အကိုင်ကောင်းတယ်ဆိုလို့ ကျွန်တော် အလုပ်လာရှာတာပါ. ."

"ဟေ. . တို့ရွာမှာ အလုပ်ကောင်းတယ်. . မင်းဘယ်သူပြောလဲ. . တစ်ရွာလုံးတော်တော့်မလိုဖြစ်နေပြီ. . ကွ . . ဘာအလုပ်မှမကောင်းဘူး . . ငါ့လှေတွေ ငါးဖမ်းမထွက်တာလည်း ကြာလှပြီ. ."

"လှေမလိုက်ရလည်း. . အိမ်အလုပ်. . လယ်အလုပ်ကလေးများ. . ရနိုင်မလားလို့ပါ"

လှေသူကြီးက. . ကျွန်တော့်ကို နားမလည်စွာကြည့်ပါသည်။ ထို့နောက် သက်ပြင်းတစ်ချက် ခတ်ဆတ်ဆတ်ချလိုက်၏။ အလွန်အမင်း စိတ်မကောင်းဖြစ်သည့်လေသံနှင့်. .

"ဒီမှာ. . မောင်ရင်. . ကျုပ်တို့ရွာ ကပ်သင့်နေတယ်. . အိမ်အလုပ် လယ်အလုပ်ရဖို့လည်း. . မဖြစ်နိုင်ဘူး၊ ဘယ်သူမှ လယ်ထဲမဆင်းကြဘူးကွယ်၊ တို့ရွာမှာ ဘာတွေဖြစ်နေလဲ မင်းမသိဘူးလား"

"မသိပါဘူး ဘကြီးရယ်၊ သိခွင့်ရရင်ပြောပြပါလား"

သူက အိမ်အပြင်လမ်းပေါ်နှင့် ဝဲယာဟိုသည်ကို ကြည့်လိုက်သည်။ ရွာကို အမှောင်ဖုံးနေပြီ။



"ဟာ မိုးတောင်ချုပ်နေပြီ၊ မင်းဘယ်မှာတည်းမှာလဲ၊ ပြန်ပြန်တော့ နောက်နေ့ကြမှ ဒီအကြောင်းတွေဆက်ပြောမယ်၊ တို့ရွာမှာ ဒီအချိန်ဆို ဘယ်သူမှ အပြင်ထွက်တော့တာမဟုတ်ဘူးကွ . . . သွား . . . သွား"

"ဟုတ်ကဲ့"

ကျွန်တော်သွားမယ်ဆိုပြီး ထ,ရပ်လိုက်မိပေမယ့် တည်းခိုဖို့ဘာမှအစီအစဉ်မရှိသေးပါဘူး။ ဒါကြောင့် ကျွန်တော် ပွင့်ပွင့်လင်းလင်းပဲ ပြောလိုက်ပါတယ်. . ။

"သွားတာကတော့ သွားမှာပါ ဘကြီး၊ ဒါပေမယ့် ကျွန်တော်က ဒီရွာမှာအသိလည်းမရှိ ဘယ်မှာတည်းရမှန်းလဲ မသိပါဘူး၊ ရွာအနောက်ပိုင်း သချိုင်းဇရပ်မှာ အိပ်ရင်တော့ ဖြစ်မယ်ထင်ရပါတယ်နော် ဘကြီး"

"ဟေ သချိုင်းဇရပ်မှာ အိပ်ဖို့လား၊ မလုပ်ပါနဲ့ မောင်ရင်လေး မအိပ်နဲ့"

"ဘာလို့လဲ သူရဲခြောက်လို့လား ဘကြီး. . ဟင်း. . ဟင်း ကျွန်တော်က သူရဲမကြောက်တတ်ပါဘူး"

"ဘယ်ကလာ သူရဲရမှာလဲ. . ကွ. . လူ. . လူ. . တို့ရွာက လူတွေကို ဘယ်သူတွေဒုက္ခပေးနေလဲ မသိပါဘူး၊ တစ်ယောက်ပြီးတစ်ယောက် ပျောက်ပျောက်သွားတာ ခုဆိုရှစ်ယောက်တောင်ရှိနေပြီ မောင်ရင်ရဲ့၊ အဲဒါတစ်ယောက်ယောက် ဖမ်းသွားတာလို့ထင်တာပဲ၊ ဒါကြောင့်ရွာကလူတွေ

www.burmeseclassic.com

www.burmeseclassic.com



လယ်ထဲ၊ ယာထဲ၊ ပင်လယ်ထဲလုံးဝမဆင်းရဲကြတော့ အလုပ်အကိုင်တွေလည်းပိတ်ဆို့ပြီးမနှစ်က ဝမ်းစာကလေးကိုဘဲ ရွာထဲမှာဝေငှစားနေကြရတယ်"

လေ့သူကြီးအဖိုးကြီးက ရွာထဲမှာ ပျောက်ဆုံးသွားတဲ့လူတွေအကြောင်းကို အကြမ်းပြောပြတော့တာပါပဲ. . ။ ပြီးတော့ ကျွန်တော့်ကို ညနေစာကျွေးပြီး သူ့အိမ်မှာပဲ အိပ်ခိုင်းတယ်။ နောက်နေ့ ပြန်ဖို့နားချတော့ ကျွန်တော်လည်း ပြန်ပါ့မယ်လို့ ကတိပေးလိုက်ပေမယ့် မနက်ကျရင် အကြောင်းတစ်ခုရှာပြီး နောက်တစ်ညလောက် ထပ်အိပ်ဖို့စဉ်းစားထားပါတယ်။

နောက်နေ့မနက်မှာ ကျွန်တော်လေ့သူကြီးကို နှုတ်ဆက်ပြီး လယ်အလုပ်တစ်ခုလောက် ရှာဖို့မဟုတ်ပါဘူး။ သူတို့လူပျောက်တယ်ဆိုတဲ့တောထဲကို သွားကြည့်ချင်လို့ပါ။ အဲဒီနေ့တစ်နေ့လုံး ကျွန်တော်တောထဲမှာ လျှောက်သွားပြီး သဲလွန်စကလေးများ ရမလားလို့ ရှာဖွေနေမိပါတယ်။

ဒါပေမယ့် ဘာမှမတွေ့ပါဘူး။

ညနေကြတော့ ကျွန်တော် လေ့သူကြီးအိမ်ပြန်လာပြီးလေ့သူကြီးကျွေးတဲ့ ထမင်းကိုစား သူ့အိမ်မှာပဲ ညအိပ်လိုက်ပါတယ်။

"ဆရာ ကာဖီရပါပြီ"

"ဩော် အေး ပေး ကွာ ကျေးဇူးပဲ"



ကာဖီသွားဝယ်သော ပုလိပ်သားပြန်လာပြီ။ ကော်ဖီနှင့်စီးကရက်ဗူးကိုယူပြီး ပိုငွေအကြွေစေ့များပြန်ပေးသည်ကို မယူဘဲ ပုလိပ်သားလေးကို ပြန်ပေးလိုက်၏။

ခဏအကြာ ကာဖီသုံးခွက်နှင့်စီးကရက်ဗူးကို ကျွန်ုပ်တို့ရှေ့တွင် ချပေးလာသည်။

"ကာဖီသောက်ကြပါ ဆရာတို့ စီးကရက်လည်းသောက်ပါ"

ကိုထွန်းလူကော်ဖီခွက်ကို တစ်ကျိုက်ကောက်မော့လိုက်ပြီး. .

"ခင်ဗျား ခုနစကားဆက်ပါဦး ကိုဘတင့် အဲဒီအိမ်မှာ အိပ်ပြီး နောက်နေ့ ပြန်လာရောလား"

"ဟုတ်ပါတယ် ဆရာ နောက်နေ့ကျွန်တော်ပြန်. . ဟာ. . မေ့လို့. . တောထဲမှာ ဘာမှမတွေ့ခဲ့ပေမယ့် ပင်လယ်ကမ်းစပ်ကို ဆင်းတော့ ပစ္စည်းတစ်ခုကောက်ရတယ်၊ ဒါ ဆရာဝန်တွေသုံးတဲ့ ပစ္စည်းမျိုးဖြစ်လိမ့်မယ် ထင်တယ်၊ ဆရာခဏလေး ကျွန်တော်ယူပြမယ်"

ကိုဘတင့် အတွင်းခန်းထဲသို့ ပြန်ဝင်သွားပြီး ပစ္စည်းတစ်ခုကိုင်ကာ. . . ကမန်းကတန်းပြန်ထွက်လာ၏။ သူ့လက်တွင်းမှပစ္စည်းကို ကိုထွန်းလူထံလှမ်းပေးရင်း. .

"ဒီ ဖန်ဗူးထဲမှာ. . စာတိုလေးတစ်စောင်နဲ့. . ဒီဗူးကို ဖော့စို့နဲ့ပိတ်ထားတာ. . "

ကိုထွန်းလူ. . ဖန်ဗူးကို စေ့စေ့စပ်စပ်ကြည့်ကာ . . . ဖော့စို့ကိုဖွင့်ပြီး အတွင်းမှ. . စာရွက်ပိုင်းကလေးကို ထုတ်ဖတ်ကြည့်နေ၏။ စာမှာ. . ရှည်ရှည်လျားလျားမဟုတ် နှစ်လုံးသာည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကယ်ပါ"

"ဒါ . . တက်စ်ကျူ(ပ်)လို့ခေါ်တယ် . . ဗျ . . စမ်းသပ်ခန်းသုံးဖန်ပြွန်ပေါ့ဗျာ . . ဒီလိုပစ္စည်းမျိုးဟာ . . ဘာလို့ . . ပင်လယ်မှာ မျောလာရတာလဲ . . နောက်ပြီး . . ဒီကယ်ပါ ဆိုတဲ့စာကိုကြည့်စမ်း . . ကိုအောင်ပွင့်"

ကျွန်ုပ်လည်း . . ကိုယွန်းလူလက်မှ . . စာရွက်ပိုင်းသေးသေးကလေးကို ယူကြည့်မိသည်။ 'ကယ်ပါ' ဟုခပ်သော့သော့ ရေးထားသောစာလုံးမှတပါး အခြားမမြင်ပါ။

"ဟာ . . ထူးခြားလို့လဲ ဆရာ"

"ခင်ဗျားဘယ်လိုထင်လို့လဲ ကိုထွန်းလူ"

ကျွန်ုပ်နှင့် ကိုဘတင့် ရှေ့ဆင့်နောက်ဆင့်မေးလိုက်သည်။

"လက်ရေးဟာ သော့တယ်ဆိုတာထက် ကမန်းကတန်းရေးလိုက်ရပုံရှိတယ်၊ နောက်ပြီးမင်မခြောက်ခင် စာရွက်ကိုလိပ်ပြီး ကျူ(ပ်)ထဲထည့်လိုက်ရတာဖြစ်မယ်၊ ဒါကြောင့်မင်တွေ နည်းနည်း ပျံ့နေတာတွေ့လား"

ထိုအခါ ကျွန်ုပ်တို့လည်း စာရွက်ကလေးကို ထပ်မံကြည့်လိုက်မိသည်။ စာလုံးမှာ မင်ပျံ့နေ၏။

"အဲဒီတော့ ဒုက္ခရောက်သူတစ်ယောက် သို့မဟုတ် လူတစ်ယောက်ဟာပင်လယ်ပြင်နဲ့ ဆက်စပ်ရာဆိုတော့ ဘာဖြစ်နိုင်မလဲ ကိုအောင်ပွင့်"

"ကျွန်းပေါ့ဗျာ ကျွန်းတစ်ခုခုပေါ်မှာပေါ့"



"ဟုတ်တယ် ကျွန်းတစ်ခုခုပေါ်မှာလူတစ်စုရဲ့ အချုပ်အနှောင်ကို ခံထားကြရတယ်၊ ဒါဟာလပွတ္တာနဲ့သက္ကယ်သောင်မှာ ပျောက်သွားတဲ့လူတွေထဲက တစ်ယောက်ယောက်ရေးလိုက်တာပဲ ခင်ဗျားရလာတဲ့အထောက်အထားဟာ အရမ်းကိုတန်ဘိုးကြီးတယ် ကိုဘတင့် မကြာခင်မှာ ကျုပ်တို့တရားခံကို ဖမ်းမိတော့မှာပါ"

ကိုထွန်းလူက တရားခံကို ဖမ်းမိတော့မည်ဖြစ်ကြောင်း အပိုင်ပြောချလိုက်သည်။ သူကိုယ်တိုင်တရားခံ မည်သူမည်ဝါ ဖြစ်သည်ကိုသိထားပုံရသော်လည်း ဖွင့်မပြောတတ်သည့် သူ့အကျင့်ကြောင့် နောက်ဆုံးတရားခံကို ပုလိပ်လက်အပ်မှသာ ကျွန်ုပ်မှာ သိခွင့်ရသည်ချည်းဖြစ်၏။

"စားလို့သောက်လို့တော့ပြီးပြီ ကျုပ်တို့သက္ကယ်သောင်ကို ဆက်သွားကြဦးမှာလား ကိုထွန်းလူ"

"သွားရမှာပေါ့ဗျ ဟိုက လူတွေမျှော်နေရော့မယ်၊ သူတို့စိတ်ချမ်းသာအောင် နှစ်သိမ့်ရမယ်လေ၊ ပြီးတော့ ထုံးနှစ်ပုံးလောက် ဝယ်သွားရဦးမယ်ဗျာ"

"ဒါဆိုလည်း အချိန်ရှိတုန်းသွားကြရအောင်ဗျို့"

"ကိုဘတင့် ဟောဒီကျူ(ပ်)နဲ့စာရွက်ကလေးကို ခင်ဗျားသိမ်းထားပေးဗျာ"

"ဟုတ်ကဲ့ပါ ဆရာ မပျောက်မပျက်သိမ်းထားပေးပါ့မယ်"

xxxxx

www.burmeseclassic.com

www.burmeseclassic.com



"မျှော်လိုက်ရတာ ဆရာတို့ရယ် ကျုပ်တို့တစ်ရွာလုံးက ဆရာတို့အလာကို မျှော်နေကြတာ ဘယ့်နှယ် ကျုပ်တို့ရွာသားတွေကို ဖမ်းတဲ့တရားခံတွေ မိပြီလားဗျ"

ကျွန်ုပ်တို့သူကြီးအိမ်ပေါ် ရောက်သည်နှင့် သူကြီးဦးဘတင်က အားရဝမ်းသာပြောလေသည်။

"မိတော့မှာပါ သူကြီးသိပ်မကြာတော့ပါဘူး၊ နောက်ပြီး သူကြီးတို့ရွာသားတွေပုံမှန်လည်ပတ်နိုင်မှ ရွာမှာ အေးအေးချမ်းချမ်းနဲ့ စားဝတ်နေရေးပြေလည်မှာလေ"

"ဟုတ်တော့ ဟုတ်ပါတယ် ဆရာ၊ ဒါပေမယ့် ကျုပ်တို့ ရွာသားတွေကို တရားခံမိပြီဆိုမှ သူတို့ရဲရဲဝံ့ဝံ့အလုပ်ပြန်လုပ်ရဲမှာ"

ကျွန်ုပ်တို့လည်း တရားခံမိကြောင်းသက်သေပြရန်မှာ မဖြစ်သေးသောကြောင့် ဘာမှဆက်ပြော၍မရဖြစ်ကာ သူကြီး၏ အိမ်ရှေ့ခန်းတွင် ခြေပစ်လက်ပစ်ထိုင်နေကြသည်။

သူကြီးကတော်ကြီးနှင့် ဆယ်အိမ်ခေါင်းတို့က စားသောက်ဖွယ်ရာများ၊ ရေနွေးကြမ်းတို့ပြင်ဆင်ကာ ကျွန်ုပ်တို့ကို ချကျွေးလေ၏။

"ကိုအောင်ပွင့်ရေ ကျွေးတာစားပြီး ဒီရွာမှာ လေးငါးရက်လောက်အနားယူကြတာပေါ့ဗျာ၊ အမှုကိစ္စလာတယ်လို့ သဘောမထားဘဲ အပန်းဖြေပင်လယ်လေ ရှူရှိုက်ဖို့ လာတယ်လို့ပဲ သဘောထားကြတာပေါ့"



"ရွာသူရွာသားတွေ လုပ်ငန်းခွင်ပြန်ဝင်ဖို့ ဘယ်လိုလုပ်မလဲ ကိုထွန်းလူရဲ့"

"အခြေအနေအရ မီးစင်ကြည့်ကကြတာပေါ့ဗျာ၊ မနက်ဖြန် ကျုပ်တို့ ပင်လယ်ပြင်ထွက်မယ်၊ လှေတစ်စီးစီစဉ်ပေးဖို့ သူကြီးကို ပြောရအောင်"

သူကြီးမင်း ကွမ်းတမြုံ့မြုံ့နှင့် ကျွန်ုပ်တို့အနီးသို့ ရောက်လာ၏။

"ကျုပ်ကို ဘာပြောစရာရှိနေလို့လဲ ဆရာကိုထွန်းလူ"

"သူကြီး ဒီညနေ ကျုပ်တို့ ရွာဦးစေတီဝန်းကျင် သန့်ရှင်းရေးလုပ်မယ်ဗျာ၊ အဲဒါကုသိုလ်ယူချင်တဲ့ ရွာသူရွာသားတွေ လိုက်ခဲ့ဖို့ ပြောပေးပါ"

သူကြီးက ကိုထွန်းလူကို တွေတွေကြီး ကြည့်နေ၏။ အမှုစုံစမ်းရန်လာသော စုံထောက်တစ်ယောက်က ဘုရားပရဝုဏ်သန့်ရှင်းရေးလုပ်မည်ပြောနေ၍ မယုံနိုင်လောက်အောင် ဖြစ်နေသည်။

"နောက်ပြီး မနက်ဖြန်မနက်ကို ပင်လယ်ထဲထွက်လည်ချင်တယ်ဗျာ၊စိတ်ချရတဲ့လှေကြီးတစ်စင်းနဲ့ ပင်လယ်ပြင်ကျွမ်းကျင်တဲ့လူလေးငါးယောက်လောက် ထည့်ပေးလိုက်ပါ"

"ခင်ဗျားသဘောက"

www.burmeseclassic.com



"ပင်လယ်ပြင်လေ့လာရေးနဲ့ အနီးဆုံးကျွန်းတစ်ကျွန်းကို သွားကြည့်ချင်လို့ပါ၊ အလည်သဘောဆိုပေမယ့် အမှုနဲ့လည်း ပါတ်သက်လာနိုင်တယ်၊ ဒါကြောင့် ဖြစ်နိုင်ရင်လှေပေါ် လိုက်မယ့် လူတွေဟာ သတ္တိကောင်းတဲ့လူတွေပဲ လိုချင်တယ်"

အမှုနှင့်ပတ်သက်သည်ဟုပြောလိုက်မှ သူကြီးအနည်းငယ်သဘောတွေ့သွားဟန်ရှိကာ ရွာဆော်မောင်ခန့်ကို ခေါ်ပြီး လှေပိုင်ရှင် အိမ်သို့လွှတ်၏။ ညနေဘုရားပရဝုဏ်သန့်ရှင်းရေးလုပ်မည်ပြောနေ၍ မယုံနိုင်လောက်အောင် ဖြစ်နေသည်။

ကိုထွန်းလူ ဘာကြောင့် ဤသို့ လုပ်နေမှန်း ကျွန်ုပ် မသိပါ။ သို့သော် သူသည် အဓိပ္ပါယ်မရှိသော အလုပ်တစ်ခုကို အပင်ပန်းခံ၍ လုပ်မည်မဟုတ်ဟု ကျွန်ုပ်ယုံကြည်သည်။ ကိုထွန်းလူက ကျွန်ုပ်နှင့် မျက်နှာချင်းဆိုင်တွင်ထိုင်ကာ ရေနွေးသောက်လိုက်၊ အမြည်းစားလိုက်နှင့် ရှေ့ဆက်မည့် သူ့လုပ်ကွက်အတွက် စီစဉ်တွေးတောနေပုံရသည်။

သူပြောသည့် ရွာဦးစေတီဆိုသည်မှာ ရွာဦးထိပ်မှ အတော်လှမ်းလှမ်း တောစပ်တွင်ရှိပြီး ယခုလိုအချိန်၊ အခြေအနေမျိုး၌ မည်သူမျှ သွားဝံ့မည် မဟုတ်သည့်နေရာဖြစ်သည်။ ဤသို့တွေးမိရင်း ကိုထွန်းလူ၏ လုပ်ကွက်ကို ဖျတ်ခနဲ မြင်လိုက်မိ၏။ ရွာသူရွာသားများကို မြေပြင်ရော ရေပြင်မှာ ထွက်ရဲလာအောင် လေ့ကျင့်ပေးနေခြင်းဖြစ်ပေမည်။



"အိုင်ဆေး ကိုထွန်းလူ၊ ခင်ဗျား ရွာသူရွာသားတွေကို အိမ်ထဲကနေ လမ်းပေါ်ပြန်ဆွဲထုတ်ဖို့ ကြံစည်နေတာ မဟုတ်လား"

ကိုထွန်းလူက ကျွန်ုပ်ကို ပြုံးပြုံးကြီး ပြန်ကြည့်ရင်း . . .

"ဟိုတစ်ခေါက်ရောက်တုန်းက ရွာဦးစေတီတော်ပရဝုဏ်မှာ မြက်ရိုင်းတွေ ခြုံတွေနဲ့ ပြီးတော့ ဘုရားမှာလည်း ထုံးသင်္ကန်းတွေ ကွာနေတာတွေ့တော့ ကျုပ်စိတ်မကောင်းဘူး၊ ဒါကြောင့် လပွတ္တာက ထုံးနှစ်ပုံးဝယ်ခဲ့တာပေါ့"

"ဩော် ခင်ဗျားမှာ အစီအစဉ်ရှိပြီးသားကိုးဗျ၊ လုပ်ပါဗျာ၊ လုပ်ပါ ကျုပ်ကတော့ ခင်ဗျားကို ကူညီပါရမီဖြည့်ပေးရမှာပဲ"

ကျွန်ုပ်လည်း ထိုနေရာတွင် တုံးလုံးပက်လက်လှဲရင်းမှ အိပ်ပျော်သွားတော့သည်။ မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။

ကျွန်ုပ်၏အမည်ခေါ်သံကြား၍ မျက်လုံးဖွင့်ကြည့်လိုက်တော့ ကိုထွန်းလူ ကျွန်ုပ်ကို နှိုးနေခြင်းဖြစ်၏။ ကျွန်ုပ်ကမန်းကတန်းလူးလဲထ,လိုက်သည်။

"ကိုအောင်ပွင့် . . . ကိုအောင်ပွင့် . . ထတော့ဗျာ၊ လုပ်အားပေးသွားကြရအောင်"

"ဟင် ကိုထွန်းလူ ကျုပ်အိပ်ပျော်သွားတယ် ဗျာ"

"အိပ်ပျော်သွားတော့ အားရှိတာပေါ့ဗျာ၊ ထ,တော့ ဟိုမှာ ရွာသူရွာသားတွေ စုနေကြပြီ၊ မြန်မြန်ထ ကိုအောင်ပွင့်၊ တော်ကြာခင်ဗျားကို သိပ်ပျင်းတဲ့လူကြီးလို့ ထင်နေဦးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ကျုပ်လူကြီးမဖြစ်သေးပါဘူး ကိုထွန်းလူရာ"

ကျွန်ုပ် အိပ်ရာမှကမန်းကတန်းထ,ပြီး သူကြီးအိမ်ရှေ့သို့ လှမ်းကြည့်လိုက်ရာ ရွာသူရွာသားလူနှစ်ဆယ်ကျော် ပေါက်တူး၊ ပေါက်ပြား၊ ဓါး၊ တောင်းတို့နှင့် စောင့်နေကြသည်။

မကြာခင် သူကြီးခေါင်းဆောင်သော ရွာသူ၊ ရွာသားများနှင့် ကျွန်ုပ်တို့နှစ်ယောက် ရွာဦးစေတီရှိရာသို့ လျှောက်လာကြသည်။ ကျွန်ုပ်ကို လူကြီးဟုပြောလာသော ကိုထွန်းလူကို ဂရုစိုက်ကြည့်မိ၏။ သူသည် ပုဆိုးတိုတိုစွတ်ကျယ်လက်ပြတ်အင်္ကျီနှင့်မို့ လက်မောင်းကြွက်သားများပေါ်ငွေ့နေ၏။ ကျန်းမာသန်စွမ်းသော လူငယ်တစ်ယောက်ဖြစ်ကြောင်း ရင်အုပ်ကားကား၊ ကြွက်သားအဖုအထစ်တို့က ဖေါ်ပြနေသည်။ သူနှင့်ကျွန်ုပ်မှာ အသက်နှစ်နှစ်ခန့်သာကွာ၏။ ကိုထွန်းလူက ၃၂ နှစ်ဖြစ်ပြီး၊ ကျွန်ုပ်က ၃၄-နှစ်ရှိပြီ။ သူက ကြံ့ခိုင်မှုအပြည့်ရှိသော်လည်း ကျွန်ုပ်က သူ့လောက် မကြံ့ခိုင်သူဖြစ်သည်။

အရပ်အမောင်းက မတိမ်းမယိမ်းငါးပေဆယ်လက်မခန့်ရှိကြသော်လည်း ကျွန်ုပ်က ပါးလျားပြီး မျက်မှန်တပ်ရသူဖြစ်၍ အနည်းနယ်ပိုမိုရင့်ရော်သည်ဟု ထင်ရသည်။

ကျွန်ုပ် အတွေးများမဆုံးခင် ရွာပြင်သို့ရောက်လာပြီ. .။ ရွာသားများတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ စိုးရိမ်ပူပန်နေ၏။ ရွာဦးရှိ ကိုးတောင်ပြည့်စေတီကလေးကို လှမ်းမြင်နေ



ရပြီ။ စေတီပရဝုဏ်ဟုဆိုသော ဝန်းကျင်မါတ်လည်တွင်မြက်ရိုင်းများရှည်လျားနေကြသည်မှာ ခါးစောင်းခန့်ရှိကြ၏။ စေတီကလေးမှာလည်း ထုံးရောင်မရှိတော့ဘဲ ရေညှိများကြောင့် ညိုညစ်နေလေပြီ။

"ကဲ . . မောင်ခန့်နဲ့ ဆယ်ယောက်လောက် မြက်တွေ ခုတ်ကွာ ငါးယောက်လောက်က ခုတ်ပြီးသား မြက်တွေ ပစ်ဖို့နေခဲ့၊ ငါနဲ့ကျန်တဲ့လူတွေ စေတီတော်ကို သန့်ရှင်းရေးလုပ်ပြီး ထုံးသက်န်းကပ်ကြမယ်"

သူကြီးအလုပ်ခွဲဝေပေးလိုက်၍ ကျွန်ုပ်တို့ ဘုရားရှိရာသို့ တစ်ပေခန့် လူသွားလမ်းကလေးမှ လျှောက်လာခဲ့ကြစဉ် ကိုထွန်းလူတစ်ယောက် ကျွန်ုပ်တို့နှင့်ပါမလာဘဲ မြက်ခုတ်သောအဖွဲ့နှင့် ဓါးတစ်ချောင်းကိုင်ကာ မြက်ခုတ်နေလေသည်။

ကျွန်ုပ်နှင့် သူကြီးအပါအဝင် ရွာသားတချို့စေတီတော်ကို ဆေးကြောသုတ်သင်၍ အသင့်ပါလာသော အုန်းဆံဖတ်များနှင့် ရေညှိများကို ပွတ်တိုက်သန့်စင်နေကြသည်။ လူအင်အားကောင်းကောင်းနှင့် အားကြိုးမာန်တက်မခိုမကပ် လုပ်ကိုင်ကြသောကြောင့် တစ်နာရီခန့်အကြာတွင် စေတီတစ်ခုလုံးရှိရေညှိများ၊ အညစ်အကြေးများသန့်ရှင်းပြီးနေပြီ။ ဘုရားပရဝုဏ်သို့ ငုံ့ကြည့်လိုက်သောအခါ မြက်ရိုင်းတောကြီးသည်လည်း ရှင်းလင်းပြီးနေလေပြီ။

"ဗျို့ ကိုအောင်ပွင့် ဆင်းခဲ့လေဗျာ"

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းလူ လှမ်းခေါ်၍ ကျွန်ုပ် သူ့ကိုတွေ့လိုက်သည်။ သူ့တစ်ကိုယ်လုံး ချွေးသံရွှဲရွှဲနှင့် လက်တွင်းမှာ ဓါးတစ်ချောင်းကိုင်လျက် အလုပ်သမားကြီးတစ်ယောက်နှင့်ပို၍ တူနေသည်။ သည် ပုံစံကိုမြင်ရသူ တောသူတောင်သား လယ်သမားကြီးလိုလို ရေလုပ်သားကြီးလိုလို. . .။

"လာလေဗျာ၊ ထုံးတွေဖျော်ရအောင် မဲနယ်ထုပ်တွေရော ပါရဲ့လား"

"ပါ့, ပါတယ်ဗျာ၊ လာပါပြီ လာပါပြီ"

ကျွန်ုပ်ရောက်သွားတော့ အစိတ်ဝင်စဉ့်အိုးတွင်း၌ ထုံးများ ဖျော်နေသည်။ ကျွန်ုပ်က အသင့်ပါလာသော မဲနယ်ထုပ်များကို ထုံးအိုးထဲသို့ ဖောက်ထည့်ပေးရ၏။ ကိုထွန်းလူက သူ့လက်ကြီးနှင့် ပယ်ပယ်နယ်နယ် မွှေနေလေသည်။

"ထုံးတွေလည်း ပေါက်ပါဦးမယ်ဗျာ"

"မပေါက်ပါဘူးဗျာ၊ ဒီထုံးတွေက ကွမ်းစားထုံးလို ပေါက်တာမျိုးမဟုတ်ဘူး . . ဟော့ . . ဟော့လူ တော်ပါတော့ . . ဟ . . မဲနယ်တွေ များသွားလို့ ပြာနှမ်းနှမ်းဖြစ်ကုန်ဦးမယ်. ."

"သူကြီး တံမြက်စည်းအသစ်တွေ သွားယူတာရောက်ပြီလား"

"ရောက်ပြီ ဆရာ၊ ထုံးသက်န်းကပ်ဖို့ အသင့်ပဲ"

မကြာခင် ကျွန်ုပ်တို့အားလုံး ကိုးတောင်ပြည့်ရွာဦးစေတီကလေးကို ထုံးသက်န်းကပ်လှူကြလေတော့သည်။ တက်ညီ



လက်ညီ လုပ်ကိုင်နေကြသော ရွာသူရွာသားများသည် ယခင်က ဖြစ်ခဲ့သမျှကို မေ့လျော့နေကြဟန်တူ၏။ ကြောက်ရွံ့အားငယ်နေရရှာသော ရွာသားများ ပျော်ရွှင်စွာဖြင့် သီချင်းဆိုသူဆိုလေချွန်သူချွန် စည်းဝါးလိုက်သူလိုက်နှင့် ထုံးသက်န်းကပ်နေကြသည်ကို တွေ့မြင်ရသော သူကြီးမင်းခမျာ အတော်ကျေနပ်အားရဖြစ်နေဟန်တူသည်။

"ဘယ့်နှယ် သူကြီး ကျေနပ်ရဲ့လား"

"ကျေနပ်ပြီလား ကိုအောင်ပွင့်ရာ၊ ခင်ဗျားလူ ဒေါက်တာကိုထွန်းလူကတော့ တော်တော့်ကို ဉာဏ်ကောင်းတဲ့လူပဲဗျာ အားလုံး စိတ်လက်လန်းဆန်းလာအောင် လုပ်တဲ့နည်းကတော့ ရှားမှရှားပဲ၊ ရွာဦးစေတီလည်း ထုံးဖွေးဖွေးနဲ့သန့်ရှင်းစင်ကြယ်သွားသလို ရွာသားတွေလည်း အတိတ်ကိုမေ့ပြီးစိတ်ကြည်လင်သွားကြတယ်"

"ဒါပေါ့ သူကြီးရဲ့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတာအန္တရာယ်တွေ တကယ်ကင်းရှင်းသွားပါပြီ၊ မကြာခင်မှာ သူကြီးတို့ ရွာသူရွာသားတွေကို အကြောင်းမဲ့ဖမ်းဆီးတဲ့ တရားခံကို ဖမ်းမိပြီး ဘာကြောင့် ဖမ်းရတယ်ဆိုတာ. . အဖြေသိရမှာပေါ့ . . ဗျာ"

ကျွန်ုပ်တို့ သူကြီးအိမ်ပြန်ချိန်မှာ နေရီဖြိုးဖျဖြစ်နေပြီ။ ရွာသူရွာသားများ တစ်ဦးနှင့်တစ်ဦး မေးထူးခေါ်ပြောနေကြသံကြောင့် ရွာတွင် အသက်ဝင်ခဲ့ပြီး. . တိတ်ဆိတ်ခြောက်ကပ်ကာ စိုးရွံ့ထိတ်လန့်နေရမှုများ လျော့ပါးစပြုလာပြီး. . မှောင်ည

www.burmeseclassic.com

www.burmeseclassic.com



မှာပင်. . ကျွန်ုပ်တို့ရှိရာ သူကြီးအိမ်သို့ကူးသူကူးလာကာ ကျွန်ုပ်တို့ပြောမည့်စကားကိုလာရောက်နားထောင်သူရှိနေပြီး. . ယခင်တစ်ခေါက်နှင့် အလွန်ကွာခဲ့ပြီဖြစ်ကြောင်း တွေ့ရှိရလေသည်။

"ပြီးခဲ့တဲ့ အခေါက်က ဆရာပြောတဲ့ ပုံပြင်ကို နာမထောင်လိုက်ရဘူး သူများတွေပြန်ပြောမှတာပဲ နားထောင်လိုက်ရလို့ ဒီနေ့ညတော့ထွက်လာခဲ့တာ. ."

"ဟင်း. . ဟင်း . . ဟိုရက်တွေတုန်းက ခင်ဗျားတို့မှ အပြင်မထွက်ရဲတာဗျ. . ခုတော့ ထွက်ရဲသွားပြီပေါ့. ."

"ဟုတ်ပါတယ် ဆရာ ကျွန်တော့်စိတ်ထဲမှာ တော်တော်လေးပေါ့ပါးသွားပါတယ်. . ဒါတောင်တရားခံကို မမိသေးဘူး မိများမိရင် ကျွန်တော်တို့ရွာ တစ်ရွာလုံးဇာတ်ပွဲတောင်သွင်းရမလောက် ပျော်ကြမှာ. ."

အထူးသဖြင့် သူကြီးအိမ်ထက်တွင် ရွာသားများ အတော်များများရောက်နေကြသည်။ ညနေက ဘုရားပရဝုဏ်လုပ်အားပေးမှာ ပါသူများရော မပါသူများပါ. . သူကြီးအိမ်တစ်အိမ်လုံးပြည့်နေ၏။ ကိုထွန်းလူ. . ထိုရွာသားများကို လိုက်ကြည့်နေရင်းပီတိဖြစ်နေပုံရသည်။

"ခင်ဗျားတို့ စိတ်မပူကြပါနဲ့. . ဒီတရားခံဘယ်သူဖြစ်နိုင်တယ်ဆိုတာ ကျုပ်မှန်းဆမိနေပါပြီ ခိုင်လုံတဲ့သက်သေအထောက်အထားပဲလိုတော့တာပါ . . ဒါလည်းမကြာခင်



ရမှာပါ အဲဒီလိုရတဲ့အချိန်မှာ ကျုပ် သူ့ကို ဖမ်းပါ့မယ်. . ခင်ဗျားတို့ စိတ်အေးချမ်းသာစွာနဲ့ လုပ်မြဲလုပ်ကြပါ. . နေမြဲနေကြပါ သူဟာ ခင်ဗျားတို့ရွာဘက်ကို အာရုံမရောက်နိုင်တော့ပါဘူး. ."

"ဟုတ်ရဲ့လား. . ဆရာတို့ရယ်. ."

မယုံမကြည်ပြောလာသူများတို့ ကျွန်ုပ်က ကြားဝင်ပြောပေးရ၏။ သို့သော် ကိုထွန်းလူပြောသောတရားခံဆိုသည်မှာ မည်သူမည်ဝါဖြစ်၍ ကိုထွန်းလူ မည်မျှပိုင်နိုင်စွာ ထောက်လှမ်းထားပြီးပြီဆိုသည်ကိုလည်း ကျွန်ုပ်မသိပါ။

"ဒေါက်တာ ထွန်းလူကပြောရင် ပြောတဲ့အတိုင်းလုပ်တယ် မပိုင်ရင် ဘယ်တော့မှပြောလေ့မရှိဘူး. . ခင်ဗျားတို့ စိတ်ချပါ"

"ကျုပ်ကတော့ စိတ်ချတယ်ဆရာ. . မနက်ဖြန်ကစပြီး လုပ်ငန်းပြန်စတော့မယ်"

"ကျုပ်လည်း လှေသူကြီးကိုပြောပြီး. . ပင်လယ်ပြန်ထွက်မှဖြစ်မယ်. . ဒါမှ. . ရွာမှာလည်း ငါးဝဝစားရ ကျုပ်လည်း ချေးသုံးရမှာ. ."

"ကြားရတာ ဝမ်းသာပါတယ်ဗျာ . . ကျုပ်သဘောကလည်း . . ခင်ဗျားတို့တစ်ရွာလုံးပုံမှန်ဖြစ်သွားဖို့နဲ့ တရားခံကို ဥပဒေနဲ့ ဆုံးမနိုင်ဖို့ပါပဲ. . ကောင်းပြီ. . ဒါဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



ဒီညတော့ ဒီလောက်ပဲဗျာ. . မနက်ဖြန်မနက်ကိုယ့်အလုပ်ကိုလုပ်ကြပြီး ညကြရင်ရွာဦးစေတီမှာ ဆီမီးတစ်ထောင်ပူဇော်ကြရအောင်၊ ရွာဆော်ကိုခန့်. ခင်ဗျား မနက်စောစော လပွတ္တာတက်ဗျာ၊ ဖရောင်းတိုင် တစ်ထောင်ဝယ်ခဲ့ ရော့ ငွေယူသွား"

မှောင်ကြီးမည်းထဲ ယခင်က အပြင်မထွက်ရဲကြသူများ. .၊ သူကြီးအိမ်မှာပင်ဖြစ်သလို အိပ်လိုက်ကြသူများ. . .၊ သည်ညတော့ နှစ်ယောက်တစ်တွဲ သုံးယောက်တစ်တွဲ ကိုယ့်အိမ်ကိုယ်ပြန်သွားကြလေသည်။

×××××

"လူကလေးတို့ သိပ်ညံ့တယ်၊ မနေ့က ပုလိပ်မင်းကြီး ကျွန်ုပ်ကို ခေါ်ပြောတယ်၊ ကျွန်ုပ် ဘာမှမသိရဘဲ အဆူခံလိုက်ရတယ်၊ ဒါ လူကလေးတို့ အသုံးမကျလို့ဖြစ်ရတာ"

ရာဇဝန် ဝန်ထောက် မစ္စတာ ဂျိုးဇက်က သူ့ရှေ့ရှိ ပုလိပ်အရာရှိများကို ဆူနေခြင်းဖြစ်၏။ ပုလိပ်အရာရှိများက သူတို့ကို ဘာအကြောင်းနှင့်ဆူသည်ကို သူတို့ကိုယ်တိုင်ပင် မသိကြသေးပေ။

"မင်းကြီးက ပြောတယ်၊ ကျွန်ုပ်တို့ စီအိုင်ဒီက စုံထောက်တွေ ဘာလုပ်နေကြလဲတဲ့၊ စကော့တလန်ယာဒ်က စုံထောက်တွေရဲ့ ချေးကိုစားခိုင်းရမယ်တဲ့၊ မကောင်းတော့ဘူး၊ လူကလေးတို့ ဒီအမှုကို အမြန်ဆုံးမဖော်နိုင်ရင် ကျွန်ုပ် လန်ဒန်ကို ပြန်ရမလား၊ လူကလေးတို့ အလုပ်ထွက်ကြမလား"



ဘာအကြောင်းမှန်းမသိဘဲ ဆူခံနေရသောကြောင့် အင်စပက်တော်တစ်ယောက်က ရဲရဲဝံ့ဝံ့ ရှေ့တစ်လှမ်းတိုးရပ်ကာ. .

"ဝန်ထောက်မင်း ခင်ဗျား ခု ဝန်ထောက်မင်း ပြောနေတာ ဘာအမှုလဲဆိုတာ ကျွန်တော်မျိုးတို့ သိပါရစေ၊ အဆူသာခံနေရတယ်၊ ဘာအမှုကြောင့် ခုလိုဖြစ်တယ်ဆိုတာ အားလုံး မသိကြပါဘူး"

မစ္စတာဂျိုးဇက်က အင်စပက်တာကို စေ့စေ့ကြည့်ပြီး. .

"ဖူးဗလယ်ဒီဖူး. . မင်းတို့အားလုံး အရူးတွေပဲ၊ အေး. . မင်းတို့ သိအောင်ပြောပြမယ်၊ လပွတ္တာမြို့နယ်မှာ လူပျောက်မှုတွေ ဖြစ်နေတယ်"

"လူပျောက်မှုတွေဆိုတော့ ဘယ်နှစ်မှုတောင်ဖြစ်နေတာပါလဲခင်ဗျ"

"ဘယ်နှစ်ခုလို့ထင်လဲ၊ မင်းပြောစမ်း. ."

ဝန်ထောက်မင်းက အရာရှိငယ်တစ်ယောက်ကို လက်ညှိုးထိုး၍ ပြောလိုက်သည်။

"သုံးမှု ဒါမှမဟုတ် လေးမှု ဒီလောက်ပဲပေါ့၊ ဟုတ်တယ်နော် ဝန်ထောက်မင်း"

"မဟုတ်ဘူးကွ. . . စုစုပေါင်း ဆယ်မှု . . ဆယ်မှု၊ မင်းတို့ သိကြရဲ့လား၊ အဲဒီဆယ်မှုကြောင့် မင်းကြီးက ကျွန်ုပ်ကို ဆူတယ်၊ ကျွန်ုပ်က မောင်မင်းတို့ကို ဆူတယ်၊ မောင်မင်းတို့ ဒီအမှုကို ရအောင်ဖော်ထုတ်ပါ၊ ဖော်ထုတ်နိုင်သူကို ရာထူး တစ်ဆင့် တိုးပေးမယ်"

ပုလိပ်အရာရှိငယ်များအားလုံး တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ရာထူးတစ်ဆင့်တိုးပေးမည်ဆို၍. .

www.burmeseclassic.com

www.burmeseclassic.com



ထိုအမှုကို ရှာဖွေဖော်ထုတ်ရန်စိတ်ဝင်စားသွားကြ၏။ သို့သော်. . အမှုက. . ဘယ်သူကိုင်ထား၍. . မည်သူလက်တွင်၌ ရှိမှန်းမသိကြ. . ။

"ကျွန်တော်မျိုးတို့ အမှုကိုထောက်လှမ်းတာတော့. . ဟုတ်ပါပြီ . . ဒါပေမယ့်. . အမှုက. . ဘယ်သူကိုင်ထားတာလဲ. . ဘယ်မှာဖြစ်တာလဲ. . ဆိုတာ"

"အမှုက. . လပ္ပတ္တာ ပုလိပ်ရဲဌာနအုပ်. . ကိုကျော်သောင်းဆီမှာ"

"ကောင်းပါပြီ. . ဝန်ထောက်မင်း. . ကျွန်တော်မျိုးတို့. . ဒီအမှုအကြောင်းကို စုံစမ်းပြီး အမြန်ဆုံး တရားခံဖော်ထုတ်ပေးပါ့မယ်. . ခင်ဗျာ"

"သက်(စ်)ရိုက်. . လူကလေးတို့ အမြန်ဆုံးဖော်ထုတ်ပါ. . တရားခံမိပြီဆိုတာနဲ့. . ကျွန်ုပ်ဘက်က. . လူကလေးတို့ကို ရာထူးတိုးပေးဖို့ရယ်ဒီပဲ. . ကယ်ရီး. . အွန်. . "

ဝန်ထောက်မင်း ခြေသံပြင်းပြင်းနှင့်ထွက်သွားသောအခါ ပုလိပ်အင်စပက်တော်များ. . ခေါင်းချင်းဆိုင်ကာ. . လပ္ပတ္တာကိစ္စ ဆွေးနွေးကြလေသည်။

"အိုင်ဆေး. . ကျုပ်တော့. . လပ္ပတ္တာကို. . မှိုရောကားနဲ့ အမြန်ဆုံးသွားမယ်. . ဌာနအုပ်ဆီ အမှုအကြောင်းစုံစမ်းပြီး တရားခံကို. . ရအောင်ဖမ်းမယ်. . "



"ကျုပ်လည်း. . လိုက်မယ်. . အိုင်ဆေး. . ကျုပ်တို့နှစ်ယောက်ပူးပေါင်းပြီး . . တရားခံကို. . ရအောင်ဖမ်းရမယ်"

"ဖမ်းတာပေါ့ဗျာ. . လာဗျို့. . ဟိုလူတွေလက်မဦးခင် ဒီနေ့ည. . မော်တော်နဲ့. . လပ္ပတ္တာကို သွားကြရအောင်. . အိုင်ဆေး. . "

"ဟုတ်ပြီဗျာ. . သွားစို့"

နှစ်ယောက်တစ်တွဲက. . ဤသို့. . တိုင်ပင်ပြီးထွက်သွားသကဲ့သို့. . အခန်းထောင့်ရှိ အိုင်ပီသုံးယောက်ကလည်း. . ခေါင်းချင်းဆိုင်လျက်တိုင်ပင်နေကြသည်။

"ဘယ်နှယ့် အိုင်ဆေး. . ကိုမြမောင်. . ကျွန်ုပ်တို့ ဘာလုပ်ကြရင်ကောင်းမလဲ. . ဗျ. . "

ကိုမြမောင်ဆိုသူက. . ဘေးဘီ ဝဲယာကိုကြည့်လိုက်သည်။ မည်သူမျှ မရှိကြောင်းသေချာသောအခါမှ. . "

"ကျုပ် သဘောကတော့. . ဒီကိစ္စကို. . ကျုပ်တို့လက်ဦးမှုရမှဖြစ်မယ်. . နော်. . ဒါမှ. . ကျုပ်တို့ ရာထူးတက်မှာ. . ကိုလှဘူးရဲ့ . . ဒီတော့ကာ. . ခင်ဗျားရယ်. . ကျုပ်ရယ် ကိုဝင်းရယ်. . မနက်စောစော. . သင်္ဘောနဲ့. . လပ္ပတ္တာကို လိုက်သွားကြမယ်. . "

"ကောင်းတယ်. . ကိုမြမောင်. . အဲဒီဌာနအုပ် ကိုကျော်သောင်းဆိုတာ ကျုပ်နဲ့ ဆပ်လေ. . ပညာတတ်သူဌေးသား . . သူ့ကိုအကျိုးအကြောင်းပြောပြပြီး. . စုံစမ်းရင်. . မနက်ဖြန်တစ်ရက်တည်းနဲ့တောင်. . ကိစ္စပြတ်သွားနိုင်မယ်. . ထင်တယ်. . "

www.burmeseclassic.com



"ဒါဆို. . ကောင်းတာပေါ့ဗျာ. . မနက်ဖြန်လပွတ္တာမှာ. မသကာ်တဲ့လူ အကုန်ဖမ်းပြီး ခပ်ကြမ်းကြမ်းလေး၊ ရိုက်စစ် လိုက်ရင်. . အဖြေပေါ်မှာပဲ. . အင်း. . . အဖြေပေါ်တာနဲ့တရားခံကိုနောက်နေ့ မနက်သင်္ဘောနဲ့တင်ပြီး. . ရန်ကုန်ပြန်လာ. . ဝန်ထောက်မင်းဆီ အကျိုးအကြောင်းတင်ပြ. . ဟင်း. . ဟင်း. . ဟင်း. . နောက်တစ်ပတ်ဆို ကျုပ်တို့သုံး ယောက် ရာထူးတစ် ဆင့်တိုးနဲ့. . ဟား. . ဟား. . . ဟား"

ကိုလှဘူးဆိုသူက သူ့အတွေးနှင့်သူ ကျေနပ်စွာရယ်မော ပြောဆိုနေသည်။ ဤနှစ်ယောက်ကလည်း မရသေးသည့် ရာထူးအတွက် ကြိုတင်ဘဝင်မြင့်နေကြ၏။

×××××

"တိုက်ဆိုင်လိုက်တာ ဆရာဦးထွန်းလူရာ၊ ဒီနေ့က လပြည့်ညဗျ၊ ကောင်းကင်မှာ လမင်းကြီးကို ထိန်ထိန်သာနေတာပဲ ကြည့်ပါလား"

ကျွန်ုပ်တို့လည်း အမှုမဲ့ အမှတ်မဲ့ သတိမထားမိလိုက်ကြပါ။ သူကြီးမှ၍ ကောင်းကင်ကို ကြည့်မိတော့ ဖိုးလမင်းကြီးက ကျွန်ုပ်တို့ကို ပြုံးပြနေသယောင်ရှိ၏။ မိုးသားတိမ်တိုက်အနည်းငယ်ကြားမှာ ကြယ်ပွင့်တချို့နှင့်လမင်းကြီး ဝင့်ထယ်နေ၏။



"ကောင်းတာပေါ့ သူကြီးရာ၊ လပြည့်ညမှာ ရွာဦးစေတီကို ဆီမီးတစ်ထောင် ပူဇော်ပြီး ဒါနပြုတော့ ရွာမှာဖြစ်ပျက်နေတဲ့ လူမှုဒုက္ခတွေ ပျောက်ပျက်စေပေါ့ဗျာ၊ မဟုတ်ဘူးလားသူကြီး"

"ဟုတ်ပါ့. . ဆရာကိုအောင်ပွင့်ရေ၊ ဟုတ်ပ. . ဟား. . ဟား. . ဟား"

သူကြီးလည်း ပျော်ရွှင်ကျေနပ်စွာ စိတ်လွတ်လက်လွတ် ရယ်လေသည်။

အမှောင်ဝင်ရောက်၍ လမင်းအလင်းစထင်ထောက်ပနေချိန်ထိ ကျွန်ုပ်တို့ သူကြီးခြံတွင်းမှ မထွက်ဖြစ်ကြသေး။ ဖရောင်းဆိုင်များကို နှစ်တိုင်တစ်တွဲစီ အပ်ချည်ကြိုးကလေးများနှင့် ချည်နှောင်နေ၏။ သည်ကနေ့ည ပွဲတွင်တော့ ယောကျ်ားလေးများသာမက မိန်းကလေးများပါ ဆီမီးပူဇော်ပွဲပါဝင်ဆင်နွှဲမည်မို့ သူကြီးခြံတွင်းမှာ ရွာသူရွာသားငါးဆယ်ကျော်ခန့်ရှိနေသည်။ ကလေးများကလည်း သူတို့မိဘများနှင့် လိုက်ပါလာကြ၏။

လူငယ်များ၏ လက်တွင်းမှာ မီးမရှို့ရသေးသော မီးတုတ်များကို ကိုင်ဆွဲထားကြ၏။ သူကြီးအိမ်မှ ဘုရားအရောက် မီးတုတ်များနှင့် သွားကြမည့် ဆီမီးတစ်ထောင်ပွဲမှာ ရွာသူရွာသားကလေးသူငယ်များပါမကျန် သီတင်းကျွတ်၊ တန်ဆောင်တိုင်ပွဲတော်နှယ် ပျော်ပွဲဆင်ကြမည့်ပွဲဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"မောင်ခန့် မင်းတို့ ဖရောင်းတိုင်တွဲတဲ့ကိစ္စတွေ ပြီးပြီလား ကွ"

"ပြီးပါပြီ သူကြီး"

"ကဲ ဒါဆို မီးတုတ်တွေ မီးရှို့တော့ပေါ့၊ ဘုရားသွားကြမယ် ကိုထွန်းလူရော . . "

"ကျုပ် ဒီမှာပါ သူကြီး၊ သူကြီးဦးဆောင်ပြီး ရှေ့ဆုံးကသွား ပါ၊ ကျုပ်တို့နောက်ဆုံးက လိုက်ခဲ့မယ်"

"ကဲ ဒါဆိုလဲ သွားကြပါစို့"

မီးတုတ်ကိုင်ထားသူများ ဘုရားဘက်သို့ စတင်ထွက်ခွာသွား ကြပြီး . .

လူအုပ်ကြီး ရွေ့လျားသည်နှင့် မှောင်တွင်းမှာ မီးတုတ် မီးရောင်များ စီတန်းလျက် တရွေ့ရွေ့ ရွေ့နေကြ၏။ လွန်စွာ ပဏာရသော မြင်ကွင်းပင်ဖြစ်တော့သည်။

"အိုင်မဆေး . . ကိုထွန်းလူ၊ ဟိုမှာ ကြည့်စမ်းပါဦး မီးတုတ်တွေ စီတန်းပြီး ရွေ့နေတာ ဘယ်လောက်ကြည့်လို့ ကောင်းလဲ"

"ကြည့်လို့ကောင်းရုံ ဘယ်ကမလဲဗျ၊ ဒါ ဒီရွာရဲ့စည်းရုံးညီ ညွတ်မှုကို ပြလိုက်တာပဲ ကိုအောင်ပွင့်ရဲ့၊ ဒါဟာ တစ်ဘက် က ရန်သူသာ စောင့်ကြည့်နေမယ်ဆိုရင် အတော်ထိတ်လ သွားစေမယ့် မြင်ကွင်းပဲ၊ သတ္တိရှိရင် မင်းလာခဲ့ တို့ကတော့ ညီညွတ်မှုနဲ့ ပြန်တိုက်ပစ်မယ်လို့ ပြောနေတာပဲလေ"



"ဟုတ်ပါ့ဗျာ၊ အိုင်ဆေး စိတ်ကူးသိပ်ကောင်းတာပဲ၊ အဲဒီလူ စောင့်ကြည့်နေပါစေလို့တောင် ဆုတောင်းပေးရမလိုဖြစ် နေပြီ"

ကျွန်ုပ်တို့နှစ်ယောက် လူအုပ်ကြီး၏ နောက်ဆုံးမှ လိုက် လျှောက်လာနေကြ၏။

ရွာလည်လမ်းမှ ဖြတ်လျှောက်လာစဉ် တချို့အဘိုးကြီး အ ဘယ်ကြီးများ အိမ်ရှေ့မှ ရပ်ကြည့်ကာ သာဓုခေါ်ကြသည်။ တချို့ အမျိုးသမီးများနှင့်လူငယ်တို့က လုပ်လက်စအလုပ်များ စားလက် စထမင်းပန်းကန်တို့ကို ထားခဲ့ပြီး လူအုပ်ကြီးနောက်ထ လိုက် လာကြသည်။ ငါးဆယ်ကျော်ခန့်ရှိသော လူအုပ်ကြီးမှသည် ခုနစ် ဆယ်ကျော် ရှစ်ဆယ်ခန့်ရှိလာခဲ့လေပြီ။

"ကျုပ်တို့စီစဉ်တာ တစ်ခုလိုသွားတယ် ကိုအောင်ပွင့်"

"ဘာများလိုအပ်သွားလို့လဲ၊ ကျုပ်တော့ ပြည့်စုံတယ် ထင်တာပဲဗျာ"

"ဒိုးပတ်ဝိုင်းလေ၊ ဒိုးပတ်ဝိုင်းနဲ့သာဆိုရင် အရမ်းကို တက်ကြွ သွားမှာပဲဗျာနော်၊ ကဲ ဘုရားပရဂုဏ်ရောက်ပြီ ကိုအောင်ပွင့် ရေ၊ ကျုပ်တို့ သူကြီးဆီသွားကြစို့"

ကျွန်ုပ်တို့နှစ်ယောက်လည်း လူအုပ်ကြီးကိုကျော်ကာ သူကြီး ဆီခပ်သွက်သွက်လျှောက်လာကြ၏။ သူကြီးနှင့် မောင်ခန့် အပါ အဝင် မိန်းကလေးများ၏လက်တွင်းမှာ နှစ်တိုင်စီပူးကပ်ထား သော ဖရောင်းတိုင်များရှိကြလေသည်။

"ဆရာကိုထွန်းလူ . . ဆီမီးပူဇော်ဖို့"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ရောက်ပြီ သူကြီး၊ လာကြ လာကြ ကောင်မလေးတွေ က ဒီဘိနပ်ခုံပေါ်မှာ ပတ်ပြီး ဖရောင်းတိုင်စိုက်ကြ၊ အကွာ အဝေးကို တစ်ထွာစီလောက် ညီညီညာညာ ခွာပြီးစိုက်နော်၊ ယောက်ျားလေးတွေက ဘိနပ်ခုံပေါ်တက်ပြီး ပစ္စယံအဆင့် ဆင့်တွေမှာစိုက်ကြ"

ကိုထွန်းလူ၏ စီစဉ်ညွှန်ကြားမှုကြောင့် ယောက်ျားလေးများ ဘိနပ်ခုံပေါ်တက်ကာ ပစ္စယံများပေါ်၌ နှစ်တိုင်တွဲဖရောင်းတိုင် များကို တစ်ထွာခန့်စီခွာ၍ ညီညီညာညာ စိုက်နေကြလေသည်။

"ငါ့ညီတို့ ညီမတို့ ဖရောင်းတိုင်ကို မီးတို့ဖို့ အချိန်ပြောမယ် နော်၊ အဲဒီအချိန်ရောက်မှ တပြိုင်တည်း မီးပူဇော်ကြမယ် အားလုံး ပူဇော်ပြီးကြရင် ဆီမီးကပ်မယ်၊ မီးတုတ်တွေကို ရင်ပြင်တော်ပတ်လည်မှာ ခပ်ကြဲကြဲလေးစိုက်လိုက်ကြ ဟော့. ."

အားလုံးက ကိုထွန်းလူစကားကို နားထောင်ကြ၏။

ယောက်ျားလေးများလက်တွင်းရှိ မီးတုတ်များကို ရင်ပြင် တော်ရှိ အင်္ဂတေအက်ကြောင်းများ ဟနေသော အုတ်ကျိုးနေ ရာများမှာ စိုက်လိုက်ကြသဖြင့် ရင်ပြင်တော်တစ်ခုလုံး မီးရောင် ထိန်ထိန်လင်းသွားတော့သည်။ ရင်ပြင်တော်မှ မီးရောင်တို့၏ အရောင်ဟပ်မှုကြောင့် ထုံးဖွေးဖွေးစေတီကလေးမှာ ဖြူစွတ်ဝင်း ဝနေတော့သည်။



အရှေ့၊ အနောက်၊ တောင်၊ မြောက် ရင်ပြင်ပတ်လည်တွင် မီးရောင်သည် ပတ်လည်ရှိနေပြီမို့. . ရွာသူရွာသားများ လေးရပ် လေးမျက်နှာမှာ နေရာယူထားကြသည်။ တချို့က လမ်းမှ ခူး လာသော၊ တစ်ချို့ကလည်း နေ့လည်ကတည်းက ကြိုခူးထား သော တောပန်းကလေးများကို ညောင်ရေအိုးများ အတွင်း လှူဒါန်းနေကြ၏။

ထိုစဉ် . . .

"အမယ်လေး လုပ်ကြပါဦး"

"သူကြီးရေ . . သူကြီး . . မြွေ . . မြွေကြီး"

"ဆရာတို့ ဒီဘက်ကိုလာကြပါဦး"

အုတ်အော်သောင်းနင်းဖြစ်ကာ ဆူညံသွားသည်မို့ ကျွန်ုပ် နှင့်ကိုထွန်းလူတို့ မြောက်ဘက်ရင်ပြင်တော်သို့ အပြေးလာခဲ့ ကြသည်။ သူကြီးနှင့်ဆယ်အိမ်ခေါင်ဦးဖိုးမှန်တို့လည်း ကျွန်ုပ်တို့ နောက်မှ ကပ်လျက်ပါလာ၏။

"ဘာလဲ . . ဘာဖြစ်လို့လဲ"

ထိုနေရာမရောက်ခင်မှာပင် ကျွန်ုပ်က လှမ်းအော်မေးလိုက် သည်။

ယောက်ျား မိန်းမကလေးသူငယ်ပါမကျန် အားလုံးမြောက် ဘက်ရင်ပြင်သို့ ရောက်လာကြ၏။ ရှိနှင့်သူများက ရင်ပြင်တော် အစပ်ကို ဝိုင်းပြုံကြည့်နေကြသည်။

ကျွန်ုပ်သူကြီးနှင့်ကိုထွန်းလူတို့ အပါအဝင်. လူကြီးများ ရောက်လာသောအခါ. . လူအုပ်မှာရှဲပေးလိုက်၏

"ဘာတွေ့လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မြွေလေ. . ဆရာရဲ့ မြွေကြီး. ."

ကျွန်ုပ်တို့ မေးရင်းပြောရင်း. . လူအုပ်ကြီး၏ရှေ့ဆုံးသို့ ရောက်သွားကြသည်။

"ဟာ. . မြွေကြီး. ."

အော်လည်းအော်ရင်း. . မြင်တွေ့လိုက်ရသော မြင်ကွင်းကြောင့်. . ကျွန်ုပ်ခြေလှမ်းတို့တုန့်သွားရုံမက. . နောက်သို့ပင် ယိုင်သွားသည်။

"ကို. . ကိုထွန်းလူရေ. . မြွေ. . မြွေကြီး. . အကြီးကြီးပဲဗျ. . ."

ကျွန်ုပ်နှင့်ယှဉ်လျှက်ပါလာသော ကိုထွန်းလူကို ပြောလိုက်သော်လည်း သူက. . မြွေကြီးကို မြင်ပြီးသားဖြစ်ပါသည်။ သူမြွေကြီးကို စိတ်ဝင်တစား ကြည့်နေ၏။ မြွေကြီး၏ လုံးပတ်မှာ ယောကျ်ားကြီးတစ်ယောက်၏ပေါင်လုံးခန့် ရှိလောက်ပြီး အရှည်ဆယ်ပေမက ရှိမည်ထင်ရသည်။

ဆူညံနေသော လူအုပ်ကြီးကြားမှ စေတီတော်သို့ တရွေ့ရွေ့ သွားနေသည်။

"မောင်ခန့်တို့ ဘုရားမီးတွေ ပူဇော်ကြပေ့"

ကိုထွန်းလူပြောလိုက်သည်နှင့် တပြိုင်နက် မောင်ခန့်ခေါင်းဆောင်သော မီးပူဇော်ရေးအဖွဲ့ဝင်တို့သည် ၂တိုင်တွဲစီပူး၍ ထောင်ထားသော ဖရောင်းတိုင်များကို တပြိုင်တည်း မီးထွန်းညှိလိုက်ကြလေတော့သည်။ တစ်ချိန်တည်း ပူဇော်လိုက်သောကြောင့် စေတီတစ်ဆူလုံး မီးရောင်များဝင်းလက်ကာ ထုံးဖွေးဖွေးစေတီကလေး ထင်ထင်လင်းလင်း ပွင့်ထွန်းပေါ်ပေါက်လာလေတော့သည်။



မီးရောင်အလင်းကြောင့် စေတီဆီ တရွေ့ရွေ့သွားနေသော မြွေကြီး တစ်ချက်ရပ်လိုက်လေသည်။ ထို့နောက် ခေါင်းထောင်ကာ စေတီတော်သို့ တစ်ချက်လှမ်းကြည့်၏။ ပြီးနောက် ထိုသို့ ခေါင်းထောင်မော်ဖူးလျက် စေတီနှင့်နီးသည်ထက် နီးအောင် ကပ်သွားသည်။ အနီးဆုံးသို့ရောက်သော် ထောင်ထား သော ခေါင်းကို ရင်ပြင်တော်နှင့်ထိသည့်အထိ သုံးကြိမ်သုံးခါ ပြုလုပ်လေသည်။

"ဟာ မြွေကြီး ဘုရားရှိခိုးနေတယ်ဟေ့"

တစ်စုံတစ်ယောက်၏ အလန့်တကြားအော်လိုက်သံကြောင့် ကိုထွန်းလူအသံထွက်လာရာဘက်သို့ လှမ်းကြည့်ပြီး နှုတ်ခမ်းပေါ် လက်ညှိုးကန့်လန့်တင်လိုက်ပြီး . . .

"ရှူး သူ ဘုရားဝတ်ပြုနေတာကို မနှောင့်ယှက်ကြပါနဲ့ဗျာ၊ ကျုပ်တို့လည်း ဘုရားဆီမီးပူဇော်ကြပါစို့. ."

သူကြီးမှစ၍ ရင်ပြင်တော်ရှိသူအားလုံး သူတို့ရောက်ရှိနေရာ နေရာများမှာပင် ထိုင်လိုက်ကြပြီး မီးစုံခပူဇော်ထားသော စေတီတော်သို့ လက်အုပ်ချီမိုးဦးခိုက်ကြလေသည်။ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့၏ ထုံးစံအတိုင်း ဩကာသကို သံပြိုင်ညီညီ ဆို၍ ဘုရားတရားသံဃာတို့ကို ရှိခိုးကြ၏။ လူခုနစ်ဆယ်ကျော်၏ အသံသည် စေတီတော်ရင်ပြင်ထက်မှသည် စကြာဝဠာအနှံ့သို့ ကျက်သရေရှိစွာ ပျံ့နှံ့နေလေပြီ။ ဤမျှ သံပြိုင်ကျယ်လောင်စွာ ဟစ်ဆိုဘုရားကန်တော့နေသော အသံကြောင့် မြွေကြီးများ ထွက်သွားလေမလားဟု ကျွန်ုပ်မျက်လုံးဖွင့်ကြည့်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



မြွေကြီးကား ဦးခေါင်းကြီးထောင်လျက် ငြိမ်သက်စွာ အာရုံယူနေဆဲပင် . . .

လူအုပ်ကြီးကား ပန်း၊ ရေချမ်းနှင့် ဆီမီးတစ်ထောင်တို့ကပ်လှူကြောင်း သံပြိုင်ညီညီ လက်အုပ်ချီလျှက် သီဆိုနေကြလေပြီ။

ထို့နောက် အားလုံးဝတ်ပြုကန်တော့ကြ၏။

လူသားများနည်းတူ မြွေကြီးလည်း သုံးကြိမ်သုံးခါ ဝပ်တွားဦးခိုက်လေသည်။ ကျွန်ုပ်မှာ မျက်မြင်ကိုယ်တွေ့မို့သာ ယုံကြည်ရခြင်းဖြစ်၏။ တစ်စုံတစ်ယောက်ကသာ ပြန်ပြောပြခြင်းဖြစ်ပါက ယုံကြည်မိမည် မဟုတ်ပါပေ။

လူအုပ်ကြီး၏ အသံငြိမ်သက်သွားသော် သူကြီး၏ မေတ္တာပို့အမျှဝေသံထွက်ပေါ်လာသည်။

"အရှေ့အနောက် တောင်မြောက်လေးရပ်လေးမျက်နှာ ရှစ်ရပ်ရှစ်မျက်နှာနှင့် အထက်ကိုဘဝဂ် အောက်ကိုအဝီစိရှိ သမျှ လုံးစုံဘုံ (၃၁)၊ ဖြစ်ဖြစ်သမျှ သုခိတာ၊ ဒုက္ခိတဝေနေယျအပေါင်း တို့နှင့်တကွ စကြဝဠာတိုက်တစ်သောင်းရှိ ကြွင်းမဲ့ ဥဿုံအလုံးစုံကုန်သော ကြောက်ရွံ့ထိတ်လန့်တတ်သော ပုထုဇဉ်များ၊ မထိတ်မလန့်စိတ်ကြံ့ခိုင်သော ရဟန္တာများ၊ ခန္ဓာကိုယ်ရှည်လျား သော မြွေနဂါးစသော သတ္တဝါများ။ ခန္ဓာကိုယ်အလယ်အလတ် ဖြစ်ကြကုန်သော ကျွဲ၊ နွား၊ မြင်းစသော သတ္တဝါများ၊ ပုကွနိမ့်တို ခန္ဓာကိုယ်ရှိကြကုန်



သော ကြက်၊ ငှက်စသောသတ္တဝါ၊၊ မှုံမွှား မသေးသွယ်ခန္ဓာငယ်သော ရေပိုး၊ ရေမွှားစသော သတ္တဝါများ ဝိုင်းစက်ဆူဖြိုးသည့် ခန္ဓာကိုယ်ရှိကြကုန်သော ငါး၊ လိပ်၊ ခရု ကောက်သွားစသော သတ္တဝါဝေနေယျအပေါင်းတို့နှင့်တကွ ကျွန်ုပ်တို့မြင်ဖူးသော သတ္တဝါ၊ ကျွန်ုပ်တို့ မမြင်ဖူးသော သတ္တဝါများ၊ ဘဝဆက်၌ ဖြစ်ခဲ့ဖူးသော ရဟန္တာများ နောင်ဖြစ်ရမည့် ဘဝသစ်ကို ရှာနေကြကုန်သော ပုထုဇဉ်များနှင့်တကွ ၆ဌ ပါးသော ဝိဇ္ဇာမိုစ်သောင်းသော ဆ႑ာအပေါင်းတို့နှင့် ဘိုးတော်သိကြား၊ သာသနာ၊ ရာဇာ၊ ကမ္ဘာစောင့်နတ်မင်းများ၊ ဆူးလေနတ်၊ ဗိုလ်တထောင်နတ်၊ မော်ဘီနတ်၊ သံလျင်နတ် သက်န်းကျွန်း နတ်မင်းကြီးများနှင့် သူရဿတီ၊ စန္ဒီ၊ ပရမိသွာ၊ မဟာပိန္နဲ၊ ဂေါရ မန္တနတ်မင်းကြီးများနှင့် မိုးနတ်သား၊ နေနတ်သား၊ လေနတ် သားတို့နှင့် အတွင်း ၃၇-မင်းအပြင် ၃၇-မင်း၊ ဝန်း ၃၇-မင်း အပေါင်းတို့အပါအဝင် သိုက်နန်းရှင်များ မြို့တော်ရှင်၊ ရွာတော်ရှင် တောစောင့်နတ်၊ တောင်စောင့်နတ်၊ ကွင်းစောင့်နတ်၊ လယ် စောင့်နတ်၊ ဘုမ္မစိုး ရုက္ခစိုး အာကာသစိုး မြေပေါ်မြေအောက် သိုက်စောင့်အပေါင်းနှင့်တကွ ယခုရောက်ရှိလာကြသူအပေါင်း တို့၏ ကိုယ်စောင့်နတ် အိမ်စောင့်နတ်အပေါင်းတို့အားလုံး . . အားလုံး . . . အားလုံး ကျန်းမာကြပါစေ၊ ချမ်းသာကြပါစေ၊ ဘေးရန်ခပ်သိမ်းကင်းငြိမ်းပါစေ၊ ဆင်းရဲခပ်သိမ်းကင်းငြိမ်းပါစေ၊ဒေါသခပ်သိမ်းကင်းငြိမ်းပါစေ၊ နှလုံးစိတ်သိမ်းအေးချမ်း

www.burmeseclassic.com

www.burmeseclassic.com



ကြပါစေ၊ အားလုံး ကြားကြသမျှ . . အမျှ . . အမျှ . . အမျှ ယူတော်မူကြပါကုန်သော် . . သာဓု . . သာဓု . . . သာဓု။"

သာဓုခေါ်သံက ဘဝင်လျှံမျှ ရှိကြသည်။

အားလုံး သာဓုခေါ်ပြီးနောက် မြွေကြီးလည်း လာရာလမ်းအတိုင်း ပြန်လှည့်ကာ တရွေ့ရွေ့ ထွက်ခွာသွားလေတော့သည်။

"အိုင်ဆေး ကိုထွန်းလူကြည့်စမ်းပါဦး၊ မြွေကြီးက အမျှပေးတာ သာဓုခေါ်တာတွေကို နားလည်သလိုပဲဗျနော်၊ အားလုံး လည်းပြီးရော သူလာရာလမ်းအတိုင်း ပြန်သွားပါရောလား"

"အေးဗျ ဒါထူးခြားမှုပဲ၊ မြွေကြီးရေ မင်းကို ငါ အမျှပေးပါတယ်ကွာ၊ သာဓုခေါ်နိုင်ပါစေ၊ အမျှ . . အမျှ . . အမျှ"

ကိုထွန်းလူက မြွေကြီးအနီးသို့တိုးကပ်သွားကာ အမျှပေးစဉ် မြွေကြီးက ရပ်လျှက်နေပြီးမှ ဆက်သွားလေတော့သည်။

"ဟာ . . တယ်ဟုတ်ပါလား အိုင်ဆေး"

"ကျုပ်လည်း ကြားဖူးနားဝရှိလို့ လုပ်တာပေါ့ဗျာ၊ ခု ဘုရားကုန်းပေါ် ရောက်နေတဲ့ လူတွေကို ကျေးဇူးတင်ဖို့ကောင်းပါတယ်၊ တကယ်လို့ မြွေကြီးကိုများ ဒဏ်ရာယ်ပြုမိရင် ရွာသူရွာ သားတွေ ဒုက္ခထပ်ရောက်နိုင်တယ်ဗျ၊ ခုလို ဘာမှ မလုပ်လိုက် တော့ သူကြီးတို့ ရွာလည်း အန္တရာယ်အပေါင်းက လွတ်ပြီပေါ့ဗျာ"



"ဟုတ်တယ် ဆရာကိုထွန်းလူပြောတာ မှန်တယ်၊ ဆီမီးတစ်ထောင် ပူဇော်ပြီးကတည်းက ကျုပ်စိတ်ထဲမှာ အေးချမ်းသွားသလိုပါပဲ ဗျာ၊ ကဲ . . ဟော့ အားလုံး ရွာထဲကို ပြန်ကြမယ်၊ မီးတုတ်တွေ ပြန်ကောက်ကြ . ."

သူကြီးအမိန့်သံအဆုံးမှာ မီးတုတ်များကို တစ်ယောက်တစ်ခု ကောက်ကိုက်လိုက်ကြသည်။ မီးတုတ်များ တန်းစီလျက် ရွာသူရွာသားများ ရွာဘက်ဆီသို့ ပြန်လာကြပုံမှာ ကြည့်၍ပင် ကောင်းလှပါတော့သည်။

xxxxx

လပွတ္တာမြို့နယ်၊ ပုလိပ်ဌာနအတွင်းသို့ စီအိုင်ဒီမှ စုံထောက်နှစ်ယောက် ဝင်လာသည်။ ပုလိပ်သားလေးက အရပ်ဝတ်နှင့် ဝင်လာသူ နှစ်ယောက်ကို လှမ်းတားပြီး . . .

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ ဆပ် ဘာကိစ္စပါလဲ"

"မင်းက ဘာကောင်မို့ တို့ကိုတားရတာလဲ၊ ငါတို့က အင်းစိန် စီအိုင်စီက အင်စပက်တော်တွေကွ"

"ဗျာ ဟုတ် . . ဟုတ်ကဲ့၊ ကျွန်တော်မသိလို့ပါခင်ဗျာ၊ ဌာနအုပ်မင်း သူ့ရုံးခန်းထဲမှာ ရှိနေပါတယ်"

ထိုအင်းစပက်တော်များသည် ဗျူရိုကရေစီယန္တရားပေါ်သားကောင်များပီသလှပေသည်။ သူတို့ဝန်ထောက်မင်းရှေ့တွင် ယုန်သူငယ်ကလေးများသဖွယ်ဖြစ်သော်လည်း သူတို့ထက်

www.burmeseclassic.com

www.burmeseclassic.com



ရာထူးနိမ့်သော သူများရှေ့တွင်မူ ခြင်္သေ့မင်းများလို မာန်ခဲ ဟောက်ငန်းလေ့ရှိ၏။ အထက်ဖါးအောက်ဖိလေ့ရှိသော ဗျူရို ကရက်စစ်စစ်များဖြစ်တော့သည်။

"ဟဲလို . . ဌာနအုပ်မင်း၊ ကျန်းခန့်သာလို့ မှာပါရဲ့နော်"

"ဟဲလို . . ဂွတ်အီးဗနင်း ဆာ"

ရုံးခန်းတွင်းဝင်လျက်ဝင်ချင်း နှုတ်ဆက်လာသော စကားသံ နှစ်ခုကြောင့် ဌာနအုပ်မင်း မည်သို့ပြန်နှုတ်ဆက်ရမည်မသိ ဖြစ်သွားရသည်။ ဝင်လာသူနှစ်ယောက်ကို ခပ်စွေ့စွေ့ တစ်ချက် ကြည့်လိုက်သည်။

"မိတ်ဆွေတို့က"

"ကျွန်ုပ်က စီအိုင်စီက အိုင်ပီ ဝင်းမြင့်ပါ"

"ကျွန်ုပ်က အိုင်ပီအုန်းမောင်ပါ။ စီအိုင်စီက အထူးအေးဂျင် တွေပါ"

"သြော် လူကြီးမင်းတို့ကြွကြွပါ၊ ထိုင်ကြပါခင်ဗျား၊ ကျွန်ုပ် အကူအညီ ဘာများပေးရမှာလဲခင်ဗျာ"

ဌာနအုပ်ကျော်သောင်း၏ အသံက အနည်းငယ်နိမ့်သွား သည်။

အိုင်ပီနှစ်ယောက်သည် ဌာနအုပ်စားပွဲရှေ့ရှိ ကုလားထိုင် တွင် ဝင်ထိုင်လိုက်ပြီး . . .

"ကျွန်ုပ်တို့ ဒီကိုလာတာ ဒီမြို့မှာဖြစ်နေတဲ့ အလွန်တရာ အရေးကြီးလှတဲ့ ပြစ်မှုတစ်ခုကို ထောက်လှမ်းပြီး တရား ခံတွေကို ဖမ်းဖို့ပဲ ကိုကျော်သောင်း"



"ဟုတ်တယ်၊ ဒီမြို့ခံပုလိပ်တွေ ဘာမှလုပ်လို့မရနိုင်အောင် ဖြစ်နေတဲ့ ရာဇဝတ်မှုတစ်ခုဖြစ်နေတယ်ဆိုလို့ ဝန်ထောက် မင်းရဲ့ အမိန့်နဲ့လာခဲ့တာပါ"

ဌာနအုပ်မင်း ကိုကျော်သောင်းခမျာ သူတို့စကားများကို နား မလည်နိုင်အောင် ဖြစ်နေရသည်။ သည်မြို့ကလေး၌ စီအိုင်စီမှ ကိုင်ရလောက်သည်အထိ ကြီးမားသောအမှုမျိုးမရှိဟု သူသိ ထားသည်။

"အိုင်ပီတို့ပြောတဲ့အမှုဆိုတာ ကျုပ်တို့မြို့မှာ လုံးဝမရှိပါဘူး"

"အိုး . . ဟိုး . . ဒီလိုမလို့မိချင်ပါနဲ့ ကိုကျော်သောင်း၊ မလို့မိပါနဲ့၊ ခင်ဗျားတို့မြို့မှာ လူဆယ်ယောက်ပျောက်ထားတဲ့ အမှုရှိနေတယ်၊ ခုချိန်ထိ တရားခံကို မဖော်ထုတ်နိုင် သေးဘူး၊ ဟုတ်တယ် မဟုတ်လား"

ကိုကျော်သောင်းသည် ကိုဝင်းမြင့်ကို တစ်လှည့် ကိုအုန်း မောင်ကို တစ်လှည့်ကြည့်နေရင်း သူသိထားသော လူပျောက်မှု အမှုတွဲကို ပြသနိုင်ရန် စားပွဲကို ခပ်ကြမ်းကြမ်းထု၍ လူခေါ် လိုက်၏။

"ဒုန်း . . ဒုန်း . . ဒုန်း"

ချက်ချင်းဆိုသလိုပင် ပုလိပ်သားလေးတစ်ယောက်ဝင်လာ ပြီး . .

"ဘာခိုင်းချင်ပါသလဲ ဆပ်"

"အိုင်ပီ ဘတင့်ကို လူပျောက်တိုင်ထားတဲ့အမှုတွဲတွေ အကုန်ယူပြီးလာခဲ့ဖို့ ချက်ချင်းပြောလိုက် . ."

"ဟုတ် . ."

www.burmeseclassic.com

www.burmeseclassic.com



မကြာခင်မှာ အိုင်ပီမောင်ဘတင့် အမှုတွဲများနှင့် ရုံးခန်းထဲရောက်လာသည်။

"ကျွန်တော် ဘာလုပ်ပေးရမလဲ၊ အမိန့်ရှိပါ ဌာနအုပ်မင်း"

"စီအိုင်စီက အိုင်ပီတွေကို လူပျောက်စာရင်းတွေပြလိုက်ပါ မောင်ဘတင့်"

အင်စပက်တာကိုဘတင့်လည်း လူပျောက်တိုင်ထားသော တိုင်ချက်ကို စီအိုင်ဒီမှ စုံထောက်များရှေ့တွင် ချပြလိုက်၏။ စုံထောက်နှစ်ယောက်လည်း တိုင်စာကို ဖတ်ကြည့်သောအခါ တိုင်စာမှာ ဘာမှထူးခြားမှုမရှိသော တိုင်စာတိုကလေးဖြစ်နေ၍ စုံထောက်များ စိတ်ပျက်သွားကြလေသည်။

"တိုင်စာက ဒါပဲလားဗျ"

"ဟုတ်ပါတယ် အိုင်ပီ ဒါပါပဲ"

စုံထောက်နှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ ကိုဝင်းမြင့်က . . .

"အိုင်ဆေး ကိုအုန်းမောင် ဝန်ထောက်မင်းပြောလိုက်တုန်းက လပွတ္တာမြို့နယ်မှာ လူပျောက်တာ စုစုပေါင်း၁၀ယောက်ဆိုဗျ၊ ခုတော့ တိုင်ထားတာက တစ်ယောက် မတိုင်ထားတာက တစ်ယောက်နဲ့ နှစ်ယောက်တည်းပါလား"

"ဟုတ်တယ်ဗျာ၊ ဒီတစ်ယောက်တိုင်ထားတာကလည်း ဘာမှမထူးခြားလို့ ကျွန်တော်တို့ စုံစမ်းပေမယ့်လည်း ဘယ်လိုမှ စုံစမ်းလို့မရဘူးဖြစ်နေတယ်၊ နောက် ကျန်တဲ့နှစ်ယောက်ကလည်း လပွတ္တာက မဟုတ်ဘူး"



စုံထောက်နှစ်ယောက် စိတ်ရှုပ်သွားပုံရ၏။ သူတို့သိထားသည်က လပွတ္တာမှ လူ ၁၀ယောက်ပျောက်မှုဖြစ်သော်လည်း ယခုလက်တွေ့၌မူ ပျောက်မှုတိုင်ထားသည်က လူတစ်ယောက်တည်း။

"ဝန်ထောက်မင်းကတော့ နောက်တာမဖြစ်နိုင်ပါဘူးဗျာ၊ ဟုတ်တယ်နော် ကိုဝင်းမြင့်"

"ဪ ဒီလူ့နှယ် ဝန်ထောက်မင်းကတော့ နောက်ပါ့မလားဗျ၊ ဒါနဲ့ ကိုဘတင့် ကျန်တဲ့ရှစ်ယောက်က ဘယ်က လူတွေလဲဗျ"

"သက္ကယ်သောင်ရွာက လူတွေပါ၊ ဌာနမှာတော့ အမှုမဖွင့်ပါဘူး၊ ဒါပေမယ့် မြို့ပိုင်ကို ပြော မပြောတော့ ကျွန်တော်တို့လည်း မသိပါဘူး"

စုံထောက်များ ခြေကုန်လက်ပန်းကျသွားဟန် ဖြစ်နေကြသည်။ သူတို့အတွက် ခဲလေမျှ သဲရေကျဖြစ်ရချေပြီ။ သက္ကယ်သောင်ရွာသို့ ဆက်လိုက်သွားသင့် မသွားသင့်ကို ချိန်ဆနေကြဟန်တူသည်။ မိနစ်အတော်ကြာသည်အထိ နှစ်ယောက်သားစကားမထွက်ကြပေ။

"အိုင်ပီတို့ သက္ကယ်သောင်ကို လိုက်သွားကြမလား၊ ခင်ဗျားလိုက်သွားချင်ရင်တော့ ကျွန်တော်ကူညီပေးလို့ရပါတယ်"

"နိုး. . . နိုး. . . ကိုဘတင့် ကျုပ်တို့သက်ကယ်သောင်ကိုတော့ မသွားပါဘူး၊ ဒီကနေ ရန်ကုန်ပြန်ပြီး ဝန်ထောက်မင်းကို အစီရင်ခံစာတင်ပါအုံးမယ်"

www.burmeseclassic.com

www.burmeseclassic.com



သူတို့ ထရပ်လိုက်ကြသည်။

"ဌာနအုပ်မင်းခင်ဗျာ ကျွန်ုပ်တို့ကို ပြန်ခွင့်ပြုပါဦး"

"ကောင်းပါပြီခင်ဗျာ ကောင်းပါပြီ"

အိုင်ပီကိုဝင်းမြင့်နှင့် အိုင်ပီကိုအုန်းမောင်တို့ ဌာနအုပ်ရုံးခန်းမှ လေးလံထိုင်းမှိုင်းစွာ ထွက်သွားကြလေသည်။ ဌာနအုပ်မင်းလည်း ခေါင်းကို ဖြည်းဖြည်းခါလျက် . .

"ဒီအမှုတွဲကို မောင်ဘာတင့်ပဲ သိမ်းထားလိုက်ပါ၊ ဒါနဲ့ မောင်ဘာတင့် ဒီအမှုအကြောင်းကို ဘယ်လောက်သိလဲ"

"ကျွန်တော်လည်း အပြည့်အစုံတော့ မသိပါဘူး၊ ဒါပေမယ့် ဒီအမှုဟာ တော်တော်လေးကြီးကျယ်နေတာတော့ သေချာပါတယ်၊ ဘာကြောင့်လဲဆိုတော့ ဟိုတလောက ဌာနအုပ်မင်းဆီ လာတဲ့ ဒေါက်တာထွန်းလူနဲ့ ကိုအောင်ပွင့်ဆိုတဲ့ ပုဂ္ဂိုလ်ကြီးကလည်း ဒီအမှုကို လိုက်နေတာပါ"

"ဟေ သူတို့က ဒီအမှုကိစ္စနဲ့ ကျွန်ုပ်ဆီလာသွားတာပေါ့ ဟုတ်လား မောင်ဘာတင့်"

"မှန်ပါတယ် ခင်ဗျာ၊ ခုလဲ သူတို့ သက္ကယ်သောင်ကို ရောက်နေကြပါတယ်"

ဌာနအုပ်မင်းကိုကျော်သောင်းမှာ စကားဆိတ်လျက် ငူငူကြီးထိုင်နေ၏။

ထိုစဉ် ပုလိပ်သားကလေးတစ်ယောက် ထပ်ရောက်လာပြီး . .

"ဌာနအုပ်မင်းခင်ဗျား အပြင်မှာ စီအိုင်ဒီက စုံထောက်တွေ တွေ့ဖို့ ရောက်နေပါတယ်"



"အိုးမိုင်ဂေါ့ . . . ဒီလူတွေ ထပ်လာကြပြန်ပြီလား"

"ထပ်လာတာ မဟုတ်ပါဘူးခင်ဗျား၊ ခုနလူတွေမဟုတ်ပါဘူး၊ နောက်ထပ်သုံးယောက်ပါ"

"ဝင်လာခိုင်းလိုက်ပါ လူကလေး မောင်ဘာတင့်၊ အမှုတွဲပြပြီး ရှင်းပြပေးလိုက်ပါကွယ်"

"ဟုတ်ကဲ့ပါခင်ဗျာ"

ပုလိပ်ကလေး ရုံးခန်းအပြင်ပြန်ထွက်သွားပြီး ချက်ချင်းဆိုသလို ကာကီရောင်ယူနီဖောင်းဝတ် အင်စပက်တာရာထူးရှိသူ သုံးဦးဝင်လာပြီး ယူနီယံဂျက်အလံကို အလေးပြုလိုက်၏။

"ထိုင်ကြပါ အိုင်ပီတို့ အိုင်ပီတို့သိချင်တဲ့ လူပျောက်မှုနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို ဟောဒီက အိုင်ပီမောင်ဘာတင့် ရှင်းပြပါလိမ့်မယ်"

စုံထောက်အင်စပက်တော်သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သူတို့လာရင်းကိစ္စကိုသိနေသော ဌာနအုပ်မင်းကို အံ့ဩစွာကြည့်နေကြ၏။

"ဒီမှာ လပွတ္တာမြို့က လူပျောက်တိုင်စာပါ အိုင်ပီ"

မောင်ဘာတင့်က သူ့ရှေ့မှ တိုင်စာကိုဖွင့်ရင်း စုံထောက်များကို ပြောလိုက်သည်။

"ဘယ့်နှယ် အိုင်ဆေးကိုမြမောင် . . ကျုပ်တို့လာတဲ့ကိစ္စကို ဒီဌာနအုပ်မင်းက . . သိနေပါလားဗျ . . "

www.burmeseclassic.com

www.burmeseclassic.com



"အိုင်ဆေး. . ကိုလှဘူးရေ. . ဒီဌာနအုပ်ဟာ. . ကျုပ်
စီအိုင်ဒီစုံထောက်ဘဝကနေဖြစ်လာတဲ့ လူလားမှ မသိ
ဒါကြောင့်. . ဒီလို. . ကြိုသိနေတာဖြစ်မှာပေါ့. . ဟု
တယ်မဟုတ်လား. . အိုင်ဆေး ကိုဝင်းရေ. . "

ထိုအခါ. . မောင်ဘတင့်မှာ. . မနေသာတော့ပဲ. .
ပြောရလေသည်. . သူဝင်မပြောပါက. . စုံထောက်များလွဲ
စွာ ယူဆကြတော့မည်ဖြစ်သည်. ။

"ဒီလိုရှိပါတယ် . . အိုင်ပီတို့. . ကျွန်တော်တို့ကြိုသိနေ
အကြောင်းကတော့ . . အိုင်ပီတို့ရောက်မလာခင်က
ကမှ. စီအိုင်ဒီက. . အိုင်ပီကိုဝင်းမြင့်နဲ့ အိုင်ပီကိုအုန်းမော
တို့ရောက်လာကြပါတယ်. . သူတို့စီအိုင်ဒီက. .
ထောက်မင်းညွှန်ကြားချက်နဲ့. . လူပျောက်မှုကို စုံ
ဖို့ ရောက်လာကြတာလို့ ပြောပါတယ်. . ခင်ဗျာ"

"ဒီလူတွေ တော်တော်လျင်ပါလား. . ဗျ. . အိုင်ဆေး က
တို့က . . ကျုပ်တို့ပထမဆုံးလို့ထင်နေတာ. . ဒီလူတွေ
ကိုယ့်ထက်ဦးနေပါလား. . "

"အမှုကိုစုံစမ်းတာ ဦးဖို့ထက်. . တရားခံကို ဖမ်းတာ ဦ
လိုပါတယ်. . အိုင်ပီ . . ကဲ. . မောင်ဘတင့်. . သူတို့
ဘာဆက်လုပ်ကြလဲ. . ပြောပြစမ်းပါဦး. . "

"သူတို့ ရန်ကုန်ပြန်သွားကြပါပြီ. . ခင်ဗျာ. . ဒီအမှု
ဆက်လိုက်မယ်ဆိုရင်. . ပင်လယ်ကမ်းခြေက သင်္ကာယ်သော



ရွာကိုသွားရပါလိမ့်မယ်. . ဟိုမှာ. . ပျောက်တဲ့လူက . .
စုစုပေါင်း ၈-ယောက်ရှိပါတယ်"

အိုင်ပီကိုမြမောင်က. . မရယ်ချင်ရယ်ချင်နှင့် ခြောက်ကပ်
ရယ်ကာ. . .

"ဟင်း. . ဟင်း. . ဟင်း ဒီလူတွေ. . သင်္ကာယ်သောင်ဆိုတဲ့
ရွာကို မသွားရဲကြဘူးမဟုတ်လား၊ ဘယ်သွားရဲကြပါ့မလဲ၊
သူတို့ သတ္တိအဲဒီလောက် မရှိပါဘူးလေ"

"ဟုတ်တယ်. . အိုင်ဆေး အဲဒီရွာမှာ ရှစ်ယောက်တောင်
ပျောက်ထားတာဆိုတော့ ရာထူးမတက်ပဲ လူပျောက်စာရင်း
ဝင် သွားမှာတော့ သူတို့ကြောက်ကြတာပေါ့ဗျာ၊ ကြောက်
သင့်ပါတယ်. . ကြောက်သင့်ပါတယ် . . ဟင်း. .
ဟင်း . . ဟင်း"

အိုင်ပီကိုလှဘူးကလည်း ကိုမြမောင်စကားနောက်မှ သံ
ယောင်လိုက်ကာ ကိုဝင်းမြင့်နှင့် ကိုအုန်းမောင်တို့ကို လူကြောက်
များဖြစ်ကြောင်း ချိုးချိုးနှိမ်နှိမ်ပြောလေသည်။ ထို့ကြောင့်
မောင်ဘတင့်က အလောတကြီးဝင်ပြောလိုက်မိသည်။

"ဒါ. . ဒါဆို. . အိုင်ပီတို့က သင်္ကာယ်သောင်ကို လိုက်သွား
ကြမယ်ပေါ့ ဟုတ်လား"

"ဘာ. . ဘာလို့ သင်္ကာယ်သောင်ကို လိုက်ရမှာလဲ"

"ဟုတ်သားပဲ ဒီကိစ္စ ဒီတင်ပြီးပေါ့ ဝန်ထောက်မင်းကို အမှု
ပြတ်စဲနေကြောင်း အစီရင်ခံစာ ရေးတင်လိုက်ရုံပဲပေါ့"

"ဩော် အိုင်ပီတို့ကလည်း ဟိုအိုင်ပီတွေလိုပဲနေ"

xxxxx

www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့ ရုံးပိတ်ရက်မို့ ကျွန်ုပ် အတော်နေမြင့်သည်အထိအိပ်ပျော်နေခဲ့သည်။ အိပ်ရာမှနိုးလျှင်နိုးခြင်း နာရီလှမ်းကြည့်မိရာ နံနက် ကိုးနာရီကျော်နေပြီ။ ကမန်းကတန်းထ မျက်နှာသစ်ပြီး ကိုထွန်းလူတစ်ယောက် ရှိမရှိကြည့်မိ၏။ ကိုထွန်းလူမှာ ဝရံတာတွင် ပက်လက်ကုလားထိုင်ထုတ်၍ ထိုင်နေသည်။

ကျွန်ုပ်လည်း ကော်ဖီတစ်ခွက်ထည့်ယူပြီး ကုလားထိုင်တစ်လုံးဆွဲကာ ဝရံတာသို့ထွက်လာခဲ့၏။

"နိုးလာပြီလားဗျ ကိုအောင်ပွင့်"

"အေးဗျာ အိပ်ကောင်းကောင်းနဲ့အိပ်လိုက်တာ ကိုးနာရီထိုးပြီးမှပဲ နိုးတော့တယ် ခင်ဗျားကော်ဖီသောက်ပြီးရောပေါ့"

သူ ခေါင်းညိတ်ပြပြီး မိုးကောင်းကင်သို့ တွေတွေကြီးစိုက်ကြည့်နေသည်။

ကျွန်ုပ်သတိထားမိသည်မှာ သတ္တယ်သောင်ရွာမှ ပြန်လာပြီးကတည်းက ကိုထွန်းလူ မိုးလင်းကမိုးချုပ် ဝရံတာမှာသာ ထိုင်နေတော့သည်။ အကြောင်းတစ်ခုတစ်ခုရှိမည်ဟု သိသော်လည်း မည်သည့်အကြောင်းဖြစ်သည်ကို မမေးဖြစ်ခဲ့ပါ။

သူ့နံဘေးရှိစားပွဲပေါ်တွင် စာအိတ်ညိုကြီးတစ်လုံးနှင့် လက်နှိပ်စက်ရိုက်ထားသော အင်္ဂလိပ်ဘာသာနှင့်ရေးထားသည့် စာရွက်များကိုတင်ထားသည်။

"ဒါက ဘယ်သူ့ဆီက စာလဲဗျ ကိုထွန်းလူ"

"အင်္ဂလန်က ကျုပ်မိတ်ဆွေ ပရော်ဖက်ဆာတစ်ယောက်ဆီကပါဗျာ သိချင်တာလေးတွေရှိလို့ လှမ်းမေးထားတာ၊ သူက အစုံအလင် ရေးပေးလိုက်တဲ့အပြင် ကျုပ်ကိုတောင် လန်ဒန်လာလည်ဖို့ ဖိတ်ထားသေးတယ်"



"ဟန်ကျတာပေါ့၊ ကျုပ်တို့ အားရင်သွားလည်ကြရအောင်ဗျာ၊ ခင်ဗျားမိတ်ဆွေဆီမှာ တည်းလို့ရတာပေါ့"

"သွားတာပေါ့ဗျာ၊ ဒါပေမယ့် ခုလောလောဆယ်တော့ ဒီလူပျောက်မှုကို အာရုံစိုက်ပြီး ဖော်ထုတ်လိုက်ဦးမယ်"

ထိုစဉ် ခိုကလေးတစ်ကောင် တဖျတ်ဖျတ်နှင့်ဝရံတာသက်တန်းပေါ်တွင် လာနားသည်။

"ဟာ မျှော်လိုက်ရတာ ခိုကလေးရာ၊ မင်းကို ငါမျှော်နေတာ၊ ဒီနေ့ပါဆို သုံးရက်ရှိသွားပြီကွ"

ပြောပြောဆိုဆို ကိုထွန်းလူက ခိုကလေးကို တယုတယ ဖမ်းယူပြီး ခိုခြေထောက်တွင် ပါလာသော စာရွက်လိပ်ကလေးကို ဖြုတ်သည်။

"ခိုစာပါလားဗျ၊ ဘယ်သူကများ ခိုစာပို့လိုက်တာလဲ ကိုထွန်းလူ"

"တစ်ကျွန်းတစ်မြေကို ရောက်နေတဲ့ ကျုပ်ရဲ့မိတ်ဆွေတစ်ယောက်ပေါ့ဗျာ၊ သူရောက်နေတဲ့နေရာက စာတိုက်တို့ လူကြုံတို့မရှိလို့ အဆင်ပြေသလို ခိုကလေးနဲ့ပဲ ပို့လိုက်ရရှာတာ"

ကိုထွန်းလူ စာရွက်လိပ်ကလေးကို ဖြေနေရင်း . . .

"ကိုအောင်ပွင့်ရေ ပေါင်မုန့်တစ်ချပ်လောက်သွားယူပါလားဗျာ၊ ကျုပ်တို့ရဲ့ခိုကလေး အဝေးကြီးကနေ ပျံလာရတော့ သူ့ခမျာ မောရှာမယ်၊ ဆာလည်းဆာနေရှာမယ်"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်လည်း စားဖိုဆောင်တွင်းဝင်သွားပြီး ပေါင်မုန့်တစ်ချပ်ယူကာ ဝရံတာလက်တန်းပေါ်မှ ခိုကလေးရှေ့တွင် ချပေးလိုက်သည်။ အတော်ဆာလာဟန်တူသော ခိုကလေးခမျာ ပေါင်မုန့်ကို မြိန်ရည်ယှက်ရည် စားနေလေသည်။

"ခင်ဗျားပြောတာ မှန်သာဗျ၊ အိုင်ဆေး သူ့ခမျာ တော်တော်ဆာလာပုံရတယ်၊ စားလိုက်တာ ကျွန်တော်တောင် မဆည်တော့ဘူး"

"ဒါပေါ့ဗျာ၊ ကြိုက်မရှက် ငတ်မရှက်ဆိုတာ၊ သူလည်း သွေးသားခန္ဓာအရိုးအကြောနဲ့ ဖွဲ့စည်းထားတဲ့ ရုပ်တစ်ခုပဲ၊ အစာအိမ်ရှိသမျှ သတ္တဝါမှန်သမျှတွေဟာ အချိန်တန်ရင်ဆာမှာပေါ့ ဟုတ်တယ် မဟုတ်လား၊ သူ ဒီကို ပျံသန်းလာရတဲ့ ခရီးက ဟိုးသက္ကယ်သောင်ရွာထက်တောင် ဝေးတဲ့အရပ်က လာခဲ့ရတာ"

"သက္ကယ်သောင်ထက်ဝေးတာဆိုတော့ ပင်လယ် . . . အင်း . . ပင်လယ်ထဲက ကျွန်းပဲရှိတော့တာပေါ့"

"ဟုတ်တယ် ကိုအောင်ပွင့်၊ ရော့ ဒီစာလေးကို ဖတ်ကြည့်လိုက် . . ."

ကိုထွန်းလူပေးသော စာရွက်လိပ်သေးသေးကလေးကို ဂရုတစိုက်ဖွင့်ဖတ်ကြည့်လိုက်သည်။

"သူ . . . ၁၂. ၁၁. ၁၉၃၆ နေ့က . . . R ကိုပြန်တယ် . . သင်ထင်တာတွေ အကုန်မှန်တယ်၊ အချိန်မှီအောင် လုပ်ပါ ဒီမှာလူတွေ ဒုက္ခရောက်နေတယ် . . ."





စာကို နှစ်ခေါက်တိတိ ဖတ်ကြည့်မိသည်။

အဓိပ္ပါယ်ဖော်မရ . . စာက ရှင်းသော်လည်း အဓိပ္ပာယ်ကရှုပ်ထွေးပါ၏။

"၁၂ရက်နေ့က ပြန်တာ ဘယ်သူလဲဗျ၊ ကျုပ် စဉ်းစားလို့မရဘူးကိုထွန်းလူ"

"မစဉ်းစားပါနဲ့ ကိုအောင်ပွင့်၊ မနက်ဖြန် ရုံးမတက်နဲ့ဗျာ၊ ခွင့်ယူလိုက်"

"ဘာကြောင့်လဲဗျ၊ ကျုပ် ခွင့်ယူတာ များနေပြီ"

"ကျုပ်တို့ မနက်ဖြန် တရားခံဖမ်းကြမယ်၊ ဒီနေ့ ညနေဆိုလပွတ္တာက ကိုဘတင့်ရောက်လာလိမ့်မယ်ဗျ၊ သူဖမ်းတဲ့ပုံစံနဲ့ တရားခံကိုဖမ်းမယ်၊ ပြီးတော့ စီအိုင်ဒီကို အပ်မယ်၊ ဒါဆို . . ကိုဘတင့်လည်း ရာထူးတစ်ဆင့်တိုးသွားရောပေါ့၊ ကျုပ်တို့လည်း လူတွေဖမ်းပြီး ဒုက္ခပေးနေတဲ့ တရားခံကိုမိ . . "

"ဘယ်သူ့ကိုဖမ်းမှာလဲ၊ ဖမ်းပြီး သက်သေအထောက်အထားတွေမရှိရင် ခင်ဗျားပြဿနာတက်နေမယ်နော် ကိုထွန်းလူ"

"ဒါတော့ မပူပါနဲ့ ကိုအောင်ပွင့်၊ တရားခံကိုယ်တိုင်က သူလုပ်ခဲ့တဲ့ အမှုတွေကို ကိုယ်တိုင်ဖော်ထုတ်လာမှာပါဗျာ၊ ကဲ . . လာဗျို့ ကျုပ်တို့ ရွှေတိဂုံဘုရားသွားဖူးကြရအောင်၊ ဘုရား မရောက်တာတောင် အတော်ကြာလှပြီ၊ ကျုပ် ဝရံတာမှာ စောင့်တဲ့ကိစ္စပြီးသွားပြီလေဗျာ"

ကျွန်ုပ်ကိုယ်တိုင် လွန်စွာအထင်ကြီးခဲ့သော ကိုထွန်းလူကို မယုံသည့်မျက်လုံးများနှင့် ကြည့်မိနေပြီ။ အကယ်၍ တလွဲတချော်ဖြစ်ခဲ့လျှင် . . . ဟူသော အတွေးက ဝင်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ လျှောက်တွေးနေတာလဲဗျာ၊ ကျုပ် ဘာတွေ လုပ်တယ်၊ ဘယ်လိုလုပ်တယ်ဆိုတာ ခုချိန်မှာ ခင်ဗျား စဉ်းစားလို့မရဖြစ်ချင်လည်း ဖြစ်နေလိမ့်မယ်၊ အကြောင်းမ ဟုတ်ဘူး၊ ကိုအောင်ပွင့် စဉ်းစားလို့မရရင် မစဉ်းစားနဲ့၊ မကြာ ခင်မှာ သူ့ကွင်းဆက်နဲ့ သူ ပေါ်လာလိမ့်မယ်"

"ဟင်း . . မစဉ်းစားတော့ပါဘူးဗျာ၊ ကဲ . . ကျုပ်အဝတ် အစားလဲလိုက်ဦးမယ်"

xxxxx

ကျွန်ုပ်တို့နှစ်ယောက် . . ကြားတောရလမ်းအတိုင်း ရွှေတိဂုံစေတီတော်ဆီသို့ လျှောက်လာခဲ့ဖြစ်သည်။ ကြားတော ရလမ်းဟုသာခေါ်သော်လည်း လမ်းမည်...ာမတ္တဖြစ်သည်။ လက်ဝဲဘက်တွင် သံယှတ်ဆရာတော်ဘုရားကြီး၏ကျောင်း၊ လက်ျာဘက်တွင် မင်းတုန်းမင်းတရားကြီးဝတ္တုကဲကြွေးချခဲ့သော ရွှေကျင်ကျောင်းပရဝုဏ်။ ထို့နောက် ဓမ္မသုခကျောင်းအာရမ် မြေတို့တွင် ဘုန်းတော်ကြီးကျောင်းများ၊ ဇရပ်များနှင့် လူနေအိမ် များရောထွေးနေသည်။

လက်ျာဘက်ဓမ္မသုခကျောင်းပရဝုဏ်အစပ် လိပ်ကန်ကြီး နောက်ကပ်လျက်၌ အမိုးနိမ့်နိမ့်ကြီးနှင့် သံတန်ဆောင်းကြီးတစ်ခု ကို တွေ့ရသည်။



"အိုင်ဆေး ကိုထွန်းလူ၊ ဒါ ဘာကြီးလဲဗျ တန်ဆောင်းနိမ့်နိမ့် ကြီး"

"ကြေးသွန်းဘုရားကြီးလေဗျာ၊ ဓမ္မသုခတိုက်ကျောင်းဆရာ တော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဇာဂရဆရာတော် တည်ထား ခဲ့တဲ့ ကြေးသွန်းဘုရားကြီးလေ"

ကြေးသွန်းဘုရားကြီးရှေ့မှ ဖြတ်လျှောက်ခဲ့ကြပြီး အရှေ့ ဘက်စောင်းတန်းအတိုင်း ရွှေတိဂုံရင်ပြင်တော်ကို တက်လာခဲ့ ကြသည်။

ရင်ပြင်တော်သို့ရောက်သည်နှင့် အရှေ့ဖက်မုခ်မှ အာရုံခံ တန်ဆောင်းတွင်း ဝင်ထိုင်လိုက်ကြသည်။

"ခုလို . . ရာသီဥတုကလေးသာယာတဲ့အချိန် ဘုရားရင် ပြင်တော်မှာ အချိန်ဖြုန်းရတာ ကျက်သရေမရှိဘူးလားဗျာ ကိုအောင်ပွင့်"

"ရှိတာပေါ့ဗျ၊ ဘုရားဖူးပြီး ထိုင်ကောင်းမယ့်တစ်နေရာရာ မှာ အေးအေးဆေးဆေးထိုင်နေကြတာပေါ့ဗျာ"

"ကောင်းတယ်ဗျို့၊ ခင်ဗျားနှင့်ကျုပ် စိတ်ကူးချင်းတူတယ်ဗျ၊ ခုလောလောဆယ် ဟောဒီအာရုံခံတန်ဆောင်းထဲက ကကု သန် မြတ်စွာဘုရားဦးဆုံး ရှိခိုးကြပါဦးဗျာ"

ကျွန်ုပ်တို့နှစ်ယောက် ဘုရားရှင်ရှေ့အရောက် တိုးသွားပြီး ဘိခြင်းငါးဖြာဖြင့် ဝပ်တွားရှိခိုးလိုက်ကြပါသည်။ ဦးသုံးကြိမ်ချပြီး ထိုင်နေရာ၌ ခေတ္တထိုင်နေခိုက် ကိုထွန်းလူက ကျွန်ုပ်ကိုမေးခွန်း တစ်ခုမေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



"ခု . . ဒီတန်ဆောင်းထဲက ရုပ်ပွားတော်တွေမှာ ဘာထူးခြားမှုရှိလဲဆိုတာ ခင်ဗျားရှာကြည့်စမ်းပါဗျာ"

ထိုအခါ ကျွန်ုပ်လည်း ထိုင်ရာမှထ,ကာ ရုပ်ပွားတော်များကို အနီးကပ်ကြည့်လျက် ကိုထွန်းလူပြောသည့် ထူးခြားမှုဆိုသည်ကို ရှာကြည့်နေမိသည်။ ဉာဏ်တော်သုံးပေခန့်ရှိသော ရုပ်ပွားတော်များနှင့် ခြောက်ပေခန့်ရှိသော ရုပ်ပွားတော်ကြီးများအဆုံး အားလုံးရှေ့မှ ဖြတ်လျှောက်ကာ ထူးခြားမှုကို ကြည့်မိသော်လည်း ကျွန်ုပ် မမြင်မိပါ။

"ဘယ့်နှယ်လဲ . . ကိုအောင်ပွင့်၊ ထူးခြားမှုတွေ့ပြီလား"

ရောက်ရာနေရာတွင် ရပ်တာ ရုပ်ပွားတော်အားလုံးကို အစ,အဆုံးတစ်ခေါက်ပြန်ကြည့်နေမိပါသည်။ ထို့နောက် ကျွန်ုပ်ခေါင်းကို ဖြည်းလေးစွာ ခါပြလိုက်ရင်း . .

"မတွေ့ပါဘူး၊ ကိုထွန်းလူရာ၊ ခင်ဗျားပြောမှ သိတော့မှာပါ"

ထိုအခါ ကိုထွန်းလူထိုင်ရာမှ ထ,လာပြီး ကျွန်ုပ်ကို လည်ပင်းဖက်ခေါ်လာပြီး ခြောက်ပေခန့်ဉာဏ်တော်ရှိသော ရုပ်ပွားတော်ကြီးနှစ်ဆူကို ညွှန်ပြကာ

"ဒီရုပ်ပွားတော်ကြီးနှစ်ဆူကို ကြည့်လေဗျာ၊ တခြားရုပ်ပွားတော်တွေဆို ဘူမိဖဿမုဒြာလို့ခေါ်တဲ့ လက်နေဟန်ရှိကြပေမယ့် ဒီရုပ်ပွားတော်ကြီးတွေကြတော့ လက်ျာဘက်လက်က ပက်လက်ဖြစ်နေတယ်တွေ့လား ကိုအောင်ပွင့်"



သူ ညွှန်ပြသော ရုပ်ပွားတော်ကြီး၏ လက်ျာဘက်လက်ကို ကြည့်လိုက်တော့ လက်တော်များက ပက်လက်ဖြစ်နေကြောင်း တွေ့ရလေသည်။

"အေးဗျာ၊ လက်ပက်လက်နဲ့ဘုရား"

"ဟုတ်တယ် ကိုအောင်ပွင့်၊ ဒီတန်ဆောင်းတော်နဲ့ ဒီရုပ်ပွားတော်ဟာ ရွှေတိဂုံစေတီရင်ပြင်တော်မှာရှိတဲ့ ၉-ဌာနထဲမှာ တစ်ခု အပါအဝင်ပေါ့ဗျ၊ ရွှေတိဂုံစေတီတော်ကြီးဟာ ခေတ်အဆက် ဘုရင်အဆူဆူနဲ့ လောကီလုပ်ရပ်လမ်းကြောင်းတွေမှာ ပေါက်မြောက်အောင်မြင်ခဲ့တဲ့ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ မဗ္ဗစေတီ၊ ဘားမဲ့ဆရာတော်ဘုရား၊ ရှင်မထီး၊ ရှင်အဇ္ဇဂေါဏစတဲ့ လောကီဝိဇ္ဇာဓိုရ်တွေ အဓိဋ္ဌာန်အောင်ရာစခန်းအောင်ရာနေရာတွေ သူတို့တည်ထားကိုးကွယ်ခဲ့တဲ့ ဘုရားပုထိုးတွေ အများကြီးရှိတယ်ဗျ"

ကိုထွန်းလူနှင့်ကျွန်ုပ်တို့ အရှေ့ဖက်အာရုံခံတန်ဆောင်းတွင်းမှ ဖြည်းဖြည်းဆင်းလာကြသည်။

"ဘယ်မှာ သွားထိုင်ကြမလဲ ကိုထွန်းလူ"

"ထိုင်မနေပါနဲ့ဦးဗျာ၊ ရွှေတိဂုံရင်ပြင်တော်ပေါ်က ကိုးဌာနကို ခင်ဗျား မသိချင်ဘူးလား"

"သိချင်တာပေါ့ဗျာ"

"ဒါဆိုလည်း ကိုးဌာနကို လှည့်ပတ်ပူဇော်ပြီးမှ ရာဇာ့ထောင့်က ဗောဓိပင်ရင်းမှာ ထိုင်ကြတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား ရင်ပြင်တော်ထက်ဘွင် လကျာ်ရစ် လျှောက်မည်ပြင်ပြီးမှ ကိုထွန်းလူက လက်ဝဲရစ်လှည့်ရန် ပြန်လှည့်လိုက်၏။

"လာဗျ . . အထက်ပစ္စယံကိုတက်ကြရအောင်၊ အဲဒီမှာ ဆုရုပ်ပွားတော်တစ်ဆူရှိတယ်၊ ပတ္တမြားမျက်ရှင်ဘုရားလို့ ခေါ်ကြတယ်ဗျ"

ကျွန်ုပ်တို့နှစ်ယောက် သံလှေကားကလေးနှင့် အထက်ပစ္စယံသို့ တက်လာခဲ့သည်။ အထက်ပစ္စယံကို မိန်းမများတက်၍ မရပေ။ ထို့ကြောင့် အမျိုးသမီးများမှာ ပတ္တမြားမျက်ရှင် အထက်တစ်ဝဂူရုပ်ပွားတော်ကို ဖူးမျှော်ခွင့်မရကြပေ။ နှစ်ယောက်သား အထက်ပစ္စယံထက် ခြေချလိုက်မိသည်နှင့် . . .

"ကျုပ်တို့နှစ်ယောက် ဘုရားဆုပန် မင်းယောကျ်ားစစ်စစ်တွေ ကေန်ဖြစ်ရခြင်းဟာ ဒီနေရာမှာ ဂုဏ်ယူစရာပဲဗျ၊ ကျုပ်တို့ဘယ်လောက်ပဲ ဆင်းရဲဆင်းရဲ . . ဆိုပါတော့ဗျာ၊ ကျုပ်တို့ဟာ သူဖုန်းစားတွေဖြစ်နေပါစေ၊ အထက်ပစ္စယံက ပတ္တမြားမျက်ရှင်ဘုရားကို ဖူးခွင့်ရှိတယ်ဗျ၊ ဝိတိုရိယဘုရင်မကြီးဟာ နေမဝင်အင်ပါယာကြီးရဲ့ အရှင်သခင်ဖြစ်ပေမယ့် ဒီဘုရားကို ဖူးခွင့်မရနိုင်ဘူးဗျ"

"ကျုပ် ကြားဖူးတာတော့ ဒီဘုရားဟာ ဆုတောင်းပြည့်တယ်ဆိုပဲ ကိုထွန်းလူရဲ့"



"သိပ်ဟုတ်တာပေါ့ဗျာ၊ ရှေးရှေးအခါကတည်းက မင်းညီမင်းသားတွေ ဆုတောင်းပြည့်ဘုရားမှာ ဆုတောင်းဆုယူပြုလုပ် ကြတယ်တဲ့ဗျ၊ သစ္စာဓိဋ္ဌာန်ပြုကြတယ်တဲ့၊ ပြုလုပ်တဲ့အတိုင်းလည်း အောင်မြင်ကြတယ်တဲ့၊ သူတို့ခေတ်တုန်းကတော့ထီးနန်းကိစ္စတွေပေါ့ဗျာ၊ နောက်ပိုင်းရှင်ဘုရင်တွေလက်ထဲမှာ နန်းတွင်းက မင်းညီမင်းသားတွေ ဒီတစ်ဝဂူဘုရားကို မဖူးမျှော်ရလို့တောင် အမိန့်ထုတ်ပြန်ခဲ့ဖူးတယ်လို့ စာဟောင်းတွေမှာ ဖတ်ဖူးတယ်ဗျ"

"ဒါကြောင့်မို့လို့လဲ ဒီရုပ်ပွားတော်ကို ရင်ပြင်တော်မှာ မထားဘဲ အထက်ပစ္စယံမှာ ထားတာဖြစ်မယ်ဗျနော်"

ကိုထွန်းလူ ပြုံးလျက် ခေါင်းညိတ်ပြ၏။

ကျွန်ုပ်တို့နှစ်ယောက် ဘုရားရှင်၏ ရှေ့မလှမ်းမကမ်းတွင် ရှိသေစွာ ဒူးတုတ်ဝပ်တွားကာ ရှိခိုးဦးခိုက်မိပါသည်။ ကျွန်ုပ်က ထုံးစံအတိုင်း လူဖြစ်ရင်လည်း လူချမ်းသာ၊ နတ်ဖြစ်လျှင်လည်း နတ်ချမ်းသာ၊ ဗြဟ္မာဖြစ်လျှင်လည်း ဗြဟ္မာချမ်းသာဖြစ်ရပြီး အဆုံးစွန်သောဘဝ၌ နိဗ္ဗာန်ချမ်းသာကိုရ, ရပါစေ. . ဟု ဆုတောင်းခဲ့သည်။

"ကျွန်ုပ်သည် ဘာသာသာသနာအကျိုးသယ်ပိုးထမ်းဆောင်နိုင်သည့်ကိုယ်ဖြစ်ရပြီးလျှင် သာသနာပြုနိုင် . . သတ္တဝါကယ်တင်နိုင်သော ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ယောကျ်ားထူး ယောကျ်ားမြတ် နိဗ္ဗာန်မာဂ်ဖိုလ်ကို ဘဝတိုတို့နှင့်ရောက်ရပါစေသား အရှင်မြတ်ဘုရား"

www.burmeseclassic.com

www.burmeseclassic.com



ကိုထွန်းလူကမူ အထက်ပါအတိုင်း ဆုတောင်းလေသည်။

"ကဲ လာဗျို့၊ နံပါတ်နှစ်ဖြစ်တဲ့ ဝိဇ္ဇာဇော်ဂျီဘုရားကို သွားကြစို့ . ."

အထက်ပစ္စယံမှ ဆင်းလာခဲ့ကြပြီး စနေထောင့်သို့ လျှောက်လာခဲ့ကြ၏။ စနေထောင့်သို့ရောက်သော် ကျွန်ုပ်က ဒုတိယထူးခြားသည့်နေရာဆိုသည်ကို ရှာဖွေနေမိ၏။

"ဟောဒါ . . ဝိဇ္ဇာဇော်ဂျီဘုရား ထူးခြားအံ့ဖွယ် နံပါတ် ၂ ပဲ ကိုအောင်ပွင့်"

ဂူပါသော စေတီငယ်သဏ္ဍာန်ပေါ်၌ ဝိဇ္ဇာ၊ ဇော်ဂျီရုပ်တုများ အစီအရီရှိနေသည်။

"လောကီပညာကိုလိုက်စားကြသူတွေအတွက် ဒီဘုရားဟာ အဓိဋ္ဌာန်ပြုရာနေရာတစ်ခုပဲဗျ၊ ဘာကြောင့်လဲဆိုတော့ ရှေးရှေးက ဝိဇ္ဇာဇော်ဂျီများ ဘုရားဖူးလာရင်း သူတို့ရဲ့ ဆေးဓါတ်၊ သံ ဓါတ်၊ ပြဒါးဓါတ်၊ အင်းဓါတ်၊ မန္တန်ရွတ်ဖတ်ပူဇော်ရာနဲ့ စမများ စီမံရာ ဓါတ်ပန္နက်ချရာနေရာကို ယူဆကြလို့"

ကိုထွန်းလူ ထိုင်ကန်တော့ပြန်သောကြောင့် ကျွန်ုပ်လည်း ကန်တော့မိပါသည်။

ထိုမှ လက်ျာရစ်ဆက်လျှောက်ခဲ့ကြရာ သံတန်ဆောင်းကြီးတစ်ခုအနီးရောက်လာ၏။ ၎င်းတန်ဆောင်းကြီး၏ တောင်ဘက်တွင် စဥ့်ကူးမင်းခေါင်းလောင်းတော်ကြီးရှိသည်။ ထိုခေါင်းလောင်းနဘေးမှ ဖြတ်လျှောက်ကာ သံတန်ဆောင်းကြီးနဘေး စကားပင်များအနီးရှိ ရုပ်ပွားတော်သို့ ရောက်လာကြသည်။



"ဒါက နံပါတ် ၃ ဆုတောင်းပြည့်ဘုရား တချို့ကတော့ ဘားလေးဘားဘုရားလို့လည်း ခေါ်ကြတယ်၊ ဒါပေမယ့် ရှင်စောပုဘုရင်မကြီးတည်ခဲ့လို့ ရှင်စောပုဘုရားလို့လဲခေါ်တယ်၊ တန်ခိုးကြီးပြီး ဆုတောင်းပြည့်တယ်လို့ ယုံကြည်ကြတယ်"

"ဒါဆိုလည်း နို့ဗ္ဗာန်ဆုတောင်းဦးမယ်ဗျာ"

သည်တစ်ကြိမ်တွင် ကျွန်ုပ်က ဦးစွာထိုင်ချလိုက်ပြီး မျှပ်ဝပ်ရှိကျိုးစွာ ရှိခိုးဆုတောင်းလိုက်၏။

ကျွန်ုပ်တို့နှစ်ယောက် စကားတပြောပြောနှင့် လက်ျာရစ်ဆက်လျှောက်လာကြ၏။ ဘုရားရင်ပြင်တော်ရှိ တန်ဆောင်းများအတွင်း၌ ဥပုသ်သီလဆောက်တည်နေကြသူများ၊ မိသားစုအလိုက် ဘုရားဖူးလာကြသူများ အစုလိုက်၊ အစုလိုက် . . . ထိုင်သူထိုင်၊ ပုတီးစိတ်သူစိတ်၊ လှဲလျှောင်းသူ လှဲလျှောင်းနှင့် အေးချမ်းသာယာရှိလှ၏။

ဂြိုဟ်တိုင်ထောင့်များတွင်လည်း ရေသပ္ပါယ်နေကြသူများ၊ ဆီမီးရေချမ်းလှူဒါန်းနေကြသူများနှင့် ပြည့်နေသည်။

"ခုသွားမှာက နံပါတ်လေးပေါ့ ဟုတ်လား အိုင်ဆေး"

"ဟုတ်တယ်ဗျ၊ ရှင်မထီးဘုရားလို့ခေါ်တယ်၊ နောင်တော်ကြီးစေတီခြေတော်ရင်းက ရှင်မထီးတန်ဆောင်းအတွင်းမှာရှိတဲ့ ရုပ်ပွားတော်ပဲဖြစ်တယ်၊ ရှင်မထီးဆရာတော်ဘုရား

www.burmeseclassic.com

www.burmeseclassic.com



က လွန်ခဲ့သော နှစ်တစ်ထောင်ကတည်ခဲ့တာ၊ လောကီကိစ္စ အောင်မြင်ခဲ့တဲ့ ဆရာတော်ဖြစ်လေတော့ သူတည်ခဲ့တဲ့ ဘုရားမှာလည်း လောကီအစီအမံတွေနဲ့ သစ္စာပြု အဓိဋ္ဌာန် ဝင်ပြီး ဆုတောင်းဆုယူလုပ်ရင် မလွဲမသွေ အောင်မြင်တဲ့ နေရာပေါ့"

ထို့နောက် ကျွန်ုပ်တို့သည် ရွှေတိဂုံရင်ပြင်တော် တနင်္ဂနွေထောင့်၊ နောင်တော်ကြီးစေတီတော်၏ တောင်ဘက်အာရုံခံ တန်ဆောင်းတွင်းရှိ ရှင်အဇ္ဇဂေါဏတည်ခဲ့သော ရုပ်ပွားတော်ကိုလည်းကောင်း၊ ရွှေတိဂုံစေတီတော်ကိုတည်စဉ် မဟာသက္ကရာဇ် ၁၀၃-ခုနှစ်က မြတ်စွာဘုရား၏ ဆံတော်များကို ဆေးကြောရာနေရာဟု ယူဆကာ တည်ထားသော ဆံတော်တွင်း ရုပ်ပွားတော်ကိုလည်းကောင်း၊ အရှေ့ဘက်မုခ်အနီးရှိ ဘိုးဘိုးအောင်တည်ခဲ့သည့် ဘိုးဘိုးအောင်ဆုတောင်းပြည့်ဘုရားကိုလည်းကောင်း၊ ရွှေတိဂုံရင်ပြင်တော် အရှေ့မုခ်နှင့် အင်္ဂါထောင့်အကြားရှိ စေတီတစ်ဆူ၏ တောင်ဘက်မုခ်အတွင်းရှိ ကြေးဆင်းတုတော်မှာ လွန်စွာအချိုးကျပြေပြစ်ပြီး နဖူးတော်တွင် မို့မောက်နေ၍ ပြဒါးရှင်လုံးဌာပနာထားသည်ဟု ပြောစမှတ်ပြုကြသော ပြဒါးရှင်ဘုရားကိုလည်းကောင်း၊ အစဉ်အတိုင်းဖူးကာ ရာဟုထောင့်ရှိ ဗောဓိပင်နှင့် မလှမ်းမကမ်းအေးချမ်းသော နေရာကလေးတစ်ခု၌ ထိုင်မိကြသည်။

"ကိုအောင်ပွင့် ကျုပ်တို့ ပြန်မှနဲ့တူတယ်ဗျ"



"ဟာ ထိုင်တာမှ ငါးမိနစ်မပြည့်သေးဘူး"

"မဟုတ်ဘူးလေဗျာ၊ မနက်ဖြန်အတွက်လည်း ပြင်ဆင်ရဦးမယ်၊ နောက်ပြီး ကိုဘတင့်ရောက်နေရင် ယောင်လည်လည် ဖြစ်နေမှာစိုးလို့ပါဗျ"

"ကောင်းပြီလေ ခင်ဗျားသဘောပဲပေါ့"

ကိုထွန်းလူသဘောကို မလွန်ဆန်လို၍ ကျွန်ုပ်ထိုင်ရာမှ ထ လိုက်သည်။

xxxxx

ညစာကို ဟိုတယ်မှ မှာစားခြင်းဖြစ်၍ ကျွန်ုပ်တို့ လွန်စွာ အဆင်ပြေလှသည်။ အင်စပက်တော် ကိုဘတင့်လည်း ခေါင်းငုံ့ပြီး ကော်တမ်းစားနေ၏။

"စားဗျ ကိုဘတင့်၊ ကျုပ်တို့နှစ်ယောက်ထဲကတော့ ဖြစ်သလိုပဲစားနေတာပါ၊ ဒီနေ့ ညနေစာက ခင်ဗျားလာလို့ ဟိုတယ်က မှာစားလိုက်တာ"

"ဒါကြောင့် ခင်ဗျားအရမ်းကို ခံတွင်းတွေ့တယ် မဟုတ်လားကိုအောင်ပွင့်"

ကျွန်ုပ်လည်း ရယ်ကျဲကျဲမျက်နှာဖြင့် . . .

"ဒါပေါ့ဗျ၊ ကိုဘတင့်မှိုပြီး ဟင်းကောင်းကျွေးကောင်းစားရတယ်လို့ပဲ ပြောကြပါစို့ဗျာ၊ ကိုဘတင့်ရော ခံတွင်းတွေ့ရဲ့လားဗျ"

www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပါတယ်ဆရာ၊ တွေ့ရုံမဟုတ်ဘူး၊ အရမ်းကိုစားကောင်းပါတယ်၊ ကျွန်တော်တို့ဘဝက ဒီလိုဟိုတယ်စာတွေနဲ့ သိပ်မတွေ့ဖူးလှပါဘူး"

ကျွန်ုပ်တို့ညနေစာစားပြီးချိန်မှာ ည ၇း၀၀နာရီထိုးပြီးခဲ့ပြီ။ သုံးယောက်သား ပြည့်နှင့်နေသော ဗိုက်ကို သယ်ဆောင်လျက် အိမ်ရှေ့ဧည့်ခန်းသို့ ထွက်လာခဲ့ကြ၏။ ကျွန်ုပ် ဆေးတန်တွင်း ဆေးတစ်ဆုံထည့်နေခိုက် . .

"ကိုဘတင့်မှာ သေနတ်ပါလာရဲ့လားဗျာ"

"ပါ၊ ပါတယ် ဆရာ၊ ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ လိုရမယ်ရ သုံးသင့်ရင် သုံးရအောင်ပါ၊ ဪ ကိုအောင်ပွင့် ခင်ဗျားသေနတ်တော့ ပစ်ရဲတယ် မဟုတ်လား"

"ပစ်ရဲတာပေါ့ဗျာ၊ ဘယ့်နှယ့်ပြောလိုက်ပါလိမ့်၊ သေနတ်ပစ်တယ်ဆိုတာဟာဒီလို လက်ညှိုးကလေး ကွေးလိုက်ရုံပဲ မဟုတ်လားဗျ"

ကျွန်ုပ်က လက်ညှိုးကလေးကို ကွေးပြလိုက်သည်။ ကိုထွန်းလူ ခေါင်းကို တွင်တွင်ခါရင်း . .

"မဟုတ်ဘူး ကိုအောင်ပွင့်၊ သေနတ်ကိုင်တဲ့ လူတစ်ယောက်ရဲ့စိတ်ထဲမှာ အဲဒီလို လက်ညှိုးကလေးကွေးရုံလောက်ပဲဆိုတဲ့ အတွေးအခေါ်အယူအဆမျိုး မထားသင့်ဘူးလို့



ကျုပ်ထင်တယ်၊ ခင်ဗျားရဲ့လက်ညှိုးအကွေးဟာ တစ်ဘက်သားအတွက် အသက်လည်း ဖြစ်သွားနိုင်သလို ဘဝလည်းဖြစ်သွားနိုင်တယ်၊ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုခုလည်း ဖြစ်သွားနိုင်တယ်"

ကျွန်ုပ်လုံးဝမတွေးမိသော အကြောင်းအရာများမို့ စိတ်ဝင်စားမိသည်။ ကျွန်ုပ်နည်းတူ ကိုဘတင့်လည်း သောက်တော့မည့် ရေနွေးခွက်ကို ပြန်ချပြီး သူ့စကားကို နားစိုက်ထောင်နေ၏။

"ဒီတော့ လက်နက်ကိုင်သူရဲ့စိတ်မှာ သစ္စာ၊ မေတ္တာ၊ ဥပေက္ခာ တရားတွေ ထားရှိဖို့တော့ အထူးလိုအပ်တယ်ဗျ၊ သစ္စာ ဘာကို သစ္စာထားရမှာလဲ၊ လောကမှာ ရှိသင့်ရှိအပ်ထားသင့်ထားအပ်သော သစ္စာတရားမျိုးရှိဖို့လိုတယ်၊ သစ္စာရှိမှ လုပ်ရပ်မှန်မယ် လုပ်ရပ်မှန်မှ လက်ညှိုးလေးကွေးတာ တရားမယ်"

"ဟာ အမှန်အတိုင်း ဝန်ခံရရင် ကျွန်တော်ခုအသက်အထိ ဆရာတွေးသလိုမျိုး တစ်ခါမှ မတွေးခဲ့ဖူးသေးဘူး၊ ဒီနေ့ကတော့ အစားကောင်းလည်းစားရ၊ အတွေးကောင်းလဲ ကြားရ သိပ်တန်တယ် ဆရာ"

"ဟင်း . . . ဟင်း . . . ဟင်း၊ နောက်ဆို ဒီထက်ပိုတန်ဦးမှာပါ ကိုဘတင့်၊ အဲ ကျုပ်စကားဆက်ရရင် နောက်မေတ္တာ ခင်ဗျား လက်ညှိုးကွေးခဲ့ရတဲ့သူအပေါ်မှာ မေတ္တာမပျက်

www.burmeseclassic.com

www.burmeseclassic.com



သင့်ဘူး၊ ဆိုပါတော့ဗျာ၊ ခင်ဗျားပစ်လို့ သူသေသွားတယ်ပေါ့၊ ဒါပေမယ့် ခင်ဗျား စိတ်မှာ သေစေလိုတဲ့ ဆန္ဒရှိမနေသင့်ဘူး၊ မဖြစ်မနေ ပစ်လိုက်ရလို့ သေသွားတာမျိုးဖြစ်လို့ ပိုကောင်းတာပေါ့"

ကိုထွန်းလူ၏ ဤစကားကို ကျွန်ုပ်ဘဝင်မကျနိုင်ပါ။ သူပစ်ကိုယ်ပစ် ပစ်ကြရသော တိုက်ပွဲတစ်ပွဲတွင် မေတ္တာဘယ်သို့ ထားနိုင်ပါအံ့နည်း။ ကျွန်ုပ် မဖြစ်မနေ မေးရန် စိတ်ကူးလိုက်၏။ သို့သော် ကျွန်ုပ် မမေးရသေးခင် ကိုထွန်းလူက လက်ကာပြတာ . .

"ခင်ဗျား မေးချင်တာကို ကျုပ် သိတယ်ကိုအောင်ပွင့်၊ ရင်ဆိုင်တိုက်ပွဲဖြစ်နေကြချိန်မှာ ဘယ်လိုမေတ္တာထားနိုင်မလဲဆိုတဲ့ မေးခွန်းအတွက် ကျုပ် ဖြေပါ့မယ်၊ ခင်ဗျား မေတ္တာထားဖို့ အရမ်းခက်မှာပါ၊ အဲဒါ ဘာကြောင့်လဲဆိုတော့ သူ့ဘက်က မေတ္တာမပါဘဲ တိုက်ပွဲဝင်နေလို့ မေတ္တာဆိုတာ အလျားအနံ မသိပေမယ့် အသွားအပြန်ရှိတယ်ဆိုတာ ခင်ဗျားလည်း ကြားဖူးမှာပေါ့ဗျာ"

"ဟုတ်တယ်၊ အဲဒါတော့ ခြွင်းချက်ထားသင့်တာပေါ့ ဆရာဟုတ်လား"

"မှန်တယ် ကိုဘတင့်၊ အဲဒါ ခြွင်းချက်ပေါ့၊ နောက်ဥပက္ခာ ခင်ဗျား လက်ညှိုးကလေးကွေးပြီးမှတော့ သူ့ကို ဥပက္ခာပြုရမှာ ပေါ့၊ ဒီလိုမှ မပြုနိုင်ရင် ခင်ဗျား စိတ်ပျော့ရင် တရားခံကို ဘယ်လိုလုပ်ဖမ်းလို့ရမလဲ၊ အဲဒါ မနက်ဖြန်တွေ့ကြမယ်"



"ဒါတွေထားပါတော့ဗျာ၊ ခင်ဗျားက ကျုပ်ကို သေနတ်ပစ်ရဲလားဆိုတာက. . ."

ကိုထွန်းလူ ကုလားထိုင်မှ ထ,ကာ အံဆွဲကို ဆွဲဖွင့်ပြီး သူလိုင်စင်နှင့်ကိုင်သော ၃၈ဗို့ ခြောက်လုံးပြူးသေနတ်နှင့် ကျည်ဆံခြောက်တောင့်ထုတ်ပေးသည်။

"ဒီသေနတ်ကို ခင်ဗျား ဆောင်လာခဲ့"

"ခင်ဗျားကရော"

"ကျုပ်အတွက် မပူပါနဲ့လေ၊ ကိုဘတင့် လက်ထိပ်လည်းပါ, ပါစေနော်"

"စိတ်ချပါ ဆရာ၊ ကျွန်တော် အားလုံးအဆင်သင့်ပါလာပါတယ်"

"ကောင်းပြီ ဒါဆို ကျုပ်တို့ မနက်ဖြန်အတွက် ပူစရာမလိုတော့ဘူးဆိုတော့ တယောလေးထိုးပြီး သီချင်းတစ်ပုဒ်လောက် ဆိုလိုက်ရအောင်ဗျာ"

ကိုထွန်းလူ သူ့တယောနှင့် ဘိုးတန်ကို ယူကာ အသင့်ကိုင်ပြီး တယောသားပေါ် မေးဖျားတင်ကာ အသံစမ်းလိုက်သည်။ ချွဲနှဲ့နှဲ့တယောသံက ကြားရသူ၏ ရင်တွင်းသို့ အိနှဲ့စွာ ဖောက်ထွင်းဝင်ရောက်လေတော့သည်။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



မနက်စောစောကတည်းက ကမ်းနားသို့ ရောက်နေကြ၏။

မြစ်ပြင်တွင် လက်ခတ်သမ္ဗာန်ကလေးများ တစ်ဘက်ကမ်းနှင့် လူသားခေါက်တုန့်ခရီးသည်ပို့ဆောင်နေကြသည်။ ကျွန်ုပ်တို့လည်း သံဘောတံတားကြီးအတိုင်း သင်္ဘောကပ်ရန် ပြုလုပ်ထားသော ရေလည်ကမ်းဆီသို့ လျှောက်ခဲ့ကြသည်။ ကိုထွန်းလူက သံဘောကြီးပေါ်ရှိ သင်္ဘောကြိုးချည်ရန် ပြုလုပ်ထားသော တိုင်ကလေးတစ်တိုင်ပေါ်တွင် ထိုင်ကာ မြစ်ပြင်ကို ဖြတ်တိုက်လာသော လေနုအေးကို အားပါးတရ ခံစားနေ၏။

"လာလေဗျာ ကိုအောင်ပွင့်၊ ဒီနေရာလေး လေတဖြူးဖြူးနဲ့ ကောင်းတယ်ဗျ"

ကျွန်ုပ်လည်း သူနှင့်ကပ်လျက် ကြိုးချည်တိုင်တွင် ဝင်ထိုင်လိုက်၏။ သူနည်းတူ မြစ်ဖြတ်လေကို ခံစားနေမိသည်။ ကိုဘတင့်က ကျွန်ုပ်တို့အနီးမှာ ရပ်လျက် မြစ်ပြင်ကျယ်ကို ငေးမောကြည့်နေသည်။ သို့သော် သူ့ဟန်က ဂဏှာမငြိမ်ဖြစ်နေ၏။ တရားခံကို ဖမ်းရန်စိတ်စောနေသည့်အပြင် တရားခံကို စီအိုင်ဒီသို့ အပ်ရန်မှာလည်း ကိုဘတင့်၏ တာဝန်သာဖြစ်သည်။ ကိုထွန်းလူက ကိုဘတင့်ကိုတာဝန်လွှဲပေးထားပြီး ဖြစ်၏။ သို့မှသာ ကိုဘတင့် ရာထူးတစ်ဆင့်တိုးမည်။ မကြာခင်လပိုင်းကမှ ဤအင်စပက်တာရာထူးကို ရခဲ့သည်။ ယခုနောက်တစ်ဆင့် ထပ်တက်ဦးမည်မို့ ကိုဘတင့်စိတ်လှုပ်ရှားနေခြင်းဖြစ်လိမ့်မည်။



"ကိုဘတင့် . . ခင်ဗျားအိတ်ဇိုက်တင်းဖြစ်နေတယ် မဟုတ်လား"

ကိုဘတင့် ရှက်စနိုးအမူအရာနှင့် ကျွန်ုပ်တို့ကို ရယ်ပြသည်။

"ဟုတ်တယ်ဆရာ၊ ဒါပေမယ့် တရားခံဖမ်းရမှာမို့ တုန်လှုပ်နေတာမဟုတ်ပါဘူး၊ ဖမ်းပြီးရင် ကျွန်တော်ရာထူးတက်ဦးမယ်ဆိုတော့၊ ကျွန်တော့်အသက်နဲ့ ဒီရာထူးနဲ့ မလိုက်ဖက်သလိုဖြစ်နေသလားလို့"

"ဟာ . . ကိုဘတင့်ကလည်း မလိုက်ဖက်ရယ်လို့ မရှိပါဘူးဗျာ၊ ရေမြင့်လိုကြာတင့်တာပဲ၊ အလကားရတဲ့ရာထူးမှ မဟုတ်တာ၊ ကျွန်ုပ်တို့လိုက်တာဆိုပေမယ့် ခင်ဗျားရဲ့ ပံ့ပိုးကူညီမှုတွေလည်း အများကြီးပါတာပဲ၊ မဟုတ်လားဗျ"

"ဟုတ်သားပဲ ကိုဘတင့်ရဲ့၊ ဒေါက်တာထွန်းလူနဲ့ ပေါင်းသင်းရတာ အကျိုးမယုတ်ဘူးလို့ ခင်ဗျားကို ကျုပ်ပြောထားသားနဲ့"

"ဟုတ်ပါတယ် ဆရာအောင်ပွင့်၊ ဒါနဲ့ တရားခံက ဘယ်မော်တော်နဲ့လာမှာလဲ ဆရာ"

သူ့မေးခွန်းကို ကျွန်ုပ်လည်း မဖြေနိုင်ပါ။ ကျွန်ုပ်တို့မှာ အိပ်မက်မက်နေခြင်းဖြစ်ပြီး ကိုထွန်းလူတစ်ယောက်သာ ရေရေရာရာ သိနိုင်မည်ဖြစ်၏။

"ကျုပ် မသိဘူးဗျ၊ ကိုထွန်းလူတော့ သိမှာပေါ့"

www.burmeseclassic.com



"ကျုပ်လည်း မသိဘူး ကိုအောင်ပွင့်၊ တရားခံ ဘယ်မော်တော်နဲ့လာမယ်၊ ဘယ်အချိန်လာမယ်ဆိုတာ ဘာမှ မသိလို့ စောစောစီးစီး ထွက်လာစောင့်တာပေါ့၊ အခြေအနေအရ ညနေစောင်းရင်လည်း စောင်းသွားနိုင်တယ်"

သူ့စကားကြောင့် ကျွန်ုပ်နှင့် ကိုဘတင့်တို့ အားအင်ကုန်ခမ်းသွားသလို ခံစားရလိုက်ရသည်။

"ဒါဆို တရားခံကိုတော့ ခင်ဗျားသိတာပေါ့ ဟုတ်လား အိုင်ဆေး"

"အင်း . . နှစ်ခါလောက်တော့မြင်ဖူးတယ်၊ အသက်ငါးဆယ်ကျော်လောက် ဆံပင်တွေတစ်ခေါင်းလုံး ဖွေးနေအောင် ဖြူနေတယ်၊ အရပ်မြင့်မြင့် ပိန်ပိန်ပါးပါး ကြိုးဝါးတဲ့မျက်မှန်သေးသေးလေးကို တတ်လေ့ရှိတယ်"

ထိုအခါမှ ကျွန်ုပ်တို့ သက်ပြင်းချနိုင်သည်။ ကိုထွန်းလူ၏ ထူးခြားသော အာရုံခံစားမှုမှာ တရားခံ သို့မဟုတ် သူ စိတ်ဝင်စားသော လူတစ်ယောက်ကို တစ်ကြိမ်မျှ မြင်ထားရုံနှင့် သုံးလေးနှစ်ကြာမှ ထပ်တွေ့လျှင်လည်း ချက်ချင်းမှတ်မိတတ်ခြင်းပင်ဖြစ်သည်။ ယခု နှစ်ကြိမ်မြင်ဖူးသည်ဟု ဆိုထားသည့်အတွက် ပူစရာမလိုတော့။ ဆံပင်ကလေးမြင်ရုံ၊ လက်လွှဲသွားတာလေးတွေ့ရုံနှင့် မှတ်မိမှာ သေချာသည်။

"ဒီလိုပုံစံသိထားရတော့ တော်သေးတာပေါ့ ဆရာရယ်၊ ဒီကမ်းနားတစ်လျှောက်ကပ်သမျှလှေ၊ သမ္ဗာန်၊ မော်တော်



ပေါ်က ခုနဆရာပြောတဲ့ ပုံစံမျိုးဆင်းလာရင် လှမ်းတားပြီး မေးလို့ရတာပေါ့"

ထိုစဉ် . . ကျွန်ုပ်တို့ထိုင်နေသော ဆိပ်ခံဗောကြီးနှင့် ယှဉ်လျက်ရှိနေသည့် ဆိပ်ခံဗောသို့ စက်တတ်မော်တော်တစ်စင်း ကမ်းကပ်ရန် ကြိုးစားနေသည်။

"လာဗျို့၊ ဟိုမှာ မော်တော်တစ်စင်း ကမ်းကပ်တော့မယ်"

ကျွန်ုပ်တို့သုံးယောက် ဗောတံတားမှသည် တစ်ဘက်ဆိပ်ခံဗောသို့ လျှောက်လာခဲ့ကြ၏။

"ဆိပ်ခံပေါ်မသွားကြနဲ့ဗျာ၊ တံတားထိပ်ကပဲ စောင့်နေကြမယ်"

မော်တော်ပေါ်မှ ဆင်းလာသည်က စုစုပေါင်းမှ ဆယ်ယောက်ပင် မပြည့်။ အကယ်၍ တရားခံသာပါလာမည်ဆိုပါက မသိစရာမရှိပါ။ ထင်ထင်ရှားရှား ပေါ်နေမည် ဖြစ်သည်။ ကျွန်ုပ်ကိုထွန်းလူကို လှမ်းကြည့်လိုက်သည်။ တရားခံနှင့်တူသူမပါဟု မြင်လိုက်ရသောကြောင့် ကျွန်ုပ်နှင့်ကိုဘတင့်တို့ ခေါင်းလိပ်မီးညှိသောက်သူသောက် ဟိုငေးသည်ငေးကြည့်သူကြည့် ဖြစ်သွားကြသော်လည်း ကိုထွန်းလူကတော့ တံတားပေါ်မှ ဖြတ်လျှောက်သူများကို တစ်ဦးချင်း စေ့စေ့စပ်စပ် ကြည့်နေစဉ် . . .

"ဘယ့်နှယ် တရားခံမပါဘူး မဟုတ်လား အိုင်ဆေး"

ကျွန်ုပ်မေးသည်ကို ကိုထွန်းလူ ဘာမှပြန်မပြော။ ရှေ့မှ ဖြတ်လျှောက်နေသော အဘိုးကြီးနှစ်ယောက်ကို သေသေချာ

www.burmeseclassic.com



ချာ လိုက်ကြည့်နေသည်။ ထိုလူကြီးနှစ်ယောက် တံတားထိပ်ရောက်သည်အထိ လိုက်ကြည့်ပြီးမှ . . .

"ဖျတ်ခနဲကြည့်ရုံနဲ့ တရားခံမပါဘူးဆိုပြီး အမှတ်တမဲ့နေလို့ မဖြစ်ဘူးဗျ။ ဒီတရားခံဟာ ပေါ့တီပေါ့ဆလူ မဟုတ်ဘူး၊ ပညာတတ် တစ်ဘက်စွန်းသမားမို့ အထူးကိုဂရုစိုက်ရမယ်"

"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော့်စိတ်ထဲမှာ ဆင်းလာတဲ့ လူကလည်းနည်းခုန ဆရာပြောတဲ့ ပုံစံမျိုးနဲ့လူကလည်းမတွေ့တော့ မပါပါဘူးလေလို့ ထင်ပြီး လှည့်မကြည့်ဖြစ်တာပါ"

ထိုဖောတံတားထိပ်၌ အချိန်တစ်နာရီခန့်ကြာအောင် ထိုင်လိုက်၊ ထလိုက်နှင့် အချိန်ကုန်ခဲ့ရသည်။ နေအတော်မြင့်လာပြီမို့ ကျွန်ုပ် အပေါ်အင်္ကျီကို ချွတ်ပစ်လိုသော်လည်း ချိုင်းကြားတွင် ချိုင်းကပ်အိတ်နှင့်ထည့်ထားသော ကိုထွန်းလူ၏ ခြောက်လုံးပြူး သေနတ်ကြီးကြောင့် ချွတ်၍မဖြစ်ပေ။ ကျွန်ုပ်နည်းတူ ကိုဘတင့်ခမျာလည်း နဖူးစပ်မှ တပေါက်ပေါက်ကျနေသော ချွေးတို့ကိုသာ တွင်တွင်သုတ်နေလေသည်။ သူ့ချိုင်းတွင်လည်း သေနတ်ပါနေ၍ အပေါ်အင်္ကျီမချွတ်သာ။

ကိုထွန်းလူကတော့ ဖရေဇာကုတ်ကိုချွတ်ကာ တုတ်ကောက်တစ်ဘက် ဖရေဇာတစ်ဘက်ကိုင်လျက် လူးလာခေါက်တုန့်သွားနေသော လှေကလေးများကို ကြည့်နေရာမှ . . .

"ကဲ . . လာဗျို့၊ ကျုပ်တို့ တံတားစောင့်အရုပ်ကြီးတွေ ဖြစ်တော့မယ်၊ တံတားထိပ်က ဆိုင်မှာ လက်ဘက်ရည် သောက်ကြရအောင်"



"အတော်ပဲဗျို့၊ ကျုပ်လည်း တော်တော်ဗိုက်ဆာနေပြီ"

သုံးယောက်သား ဖောတံတားထိပ်ရှိ လမ်းဘေးလက်ဘက်ရည်ဆိုင်ကလေးတွင် ဝင်ထိုင်လိုက်ကြသည်။

လက်ဘက်ရည်သောက်ကြမည်ဆိုသော်လည်း အချိန်က ထမင်းစားချိန်ရောက်နေပြီ။ သုံးယောက်သား လာမည် မလာမည် မသေချာသည့် တရားခံကို နေကုန်အောင် စောင့်ကြရတော့မည်။

"ဘယ့်နှယ် ဆာနေပြီလား၊ ကိုအောင်ပွင့်"

"အင်း ဆာတော့ ဆာတာပေါ့ဗျာ၊ ဒါပေမယ့် ခုလောလောဆယ်တော့ လက်ဘက်ရည်တစ်ခွက် ပေါင်မုန့်သုံးချပ်လောက်နဲ့ အဆာဖြေထားရတော့မှာပေါ့၊ ကဲ . . . ကိုဘတင့် စားလေဗျာ၊ ဝအောင်စားထားဗျို့၊ ဒီနေ့ မနက်စာက မသေချာဘူး"

ကျွန်ုပ်ကိုယ်တိုင် ပေါင်မုန့်ကို ပလုပ်ပလောင်းစားနေသကဲ့သို့ ကိုဘတင့်ကိုလည်း ဝအောင်စားထားရန် ဆော်ဩပေးလိုက်သည်။ ကိုထွန်းလူကတော့ သူ့အတွက် လာချပေးသော လက်ဘက်ရည်ကို တစ်ငုံသောက်လိုက် ဆိပ်ကမ်းဘက်သို့ တစ်ချက်ကြည့်လိုက်နှင့် ကြည့်နေလေသည်။ နောက်ဆုံး၌ ဆိပ်ကမ်းသို့ မျက်လုံးမခွာတမ်းကြည့်နေပြီး လက်ဘက်ရည်ကိုပင် စိတ်မပါလက်မပါ သောက်နေ၏။

ကျွန်ုပ် ပေါင်မုန့်သုံးချပ်ကုန်သွားသည့်အချိန်လောက်၌ ကိုထွန်းလူ ဆတ်ခနဲ ထ, ခုပ်လိုက်သည်။

"ဘာလဲဗျ အိုင်ဒေး၊ ဘာတွေ့လို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



သူကြည့်နေရာသို့ ကျွန်ုပ်လိုက်ကြည့်သော်လည်း ဆိပ်ကမ်းတွင် မည်သည့်မော်တော်မှ ရပ်ထားခြင်းမရှိ။ ကျွန်ုပ်နှင့် ကိုဘာတင့် ဘာမှန်းမသိဘဲ မတ်တပ်ရပ်နေလိုက်သည်။ ပါးစပ်ထဲမှာ စားလက်စတို့နှင့် ပလုပ်ပလောင်းနှင့်. . .။

"မကြာခင် သူ ရောက်လာတော့မယ်၊ ခင်ဗျားတို့ စားလက်စကို ဖြတ်လိုက်တော့ဗျာ၊ ဂျက်တီကို ဆင်းကြမယ်"

ပြောပြောဆိုဆို သူ့ဖရောဇာကုတ်ကို ပြန်ဝတ်လိုက်၏။ တုတ်ကောက်ကို လက်ျာဘက်လက်မှ ကိုင်ကာ ဆိပ်ခံဇော တံတားမှ ဆင်းသွားတော့သည်။ ကျွန်ုပ်တို့နှစ်ယောက်လည်း ကမန်းကတန်း ငွေရှင်းကာ သူ့နောက်မှ အပြေးတဝက်လိုက်ခဲ့၏။

ကျွန်ုပ်တို့ ဆိပ်ခံဘောသို့ ရောက်သည်နှင့် မြစ်ပြင်ကျယ်တွင် နှစ်ထပ်သင်္ဘောတစ်စီး ဆိပ်ခံဘောဆီ ဦးတည်လာနေသည်။

"ဟာ ဟိုမှာ နှစ်ထပ်သင်္ဘောတစ်စင်းလာနေတယ် ဆရာ"

"ဒီသင်္ဘောကို မျက်ခြေမပြတ်ကြည့်ဗျာ၊ တရားခံဟာ ဒီသင်္ဘောပေါ်မှာ ပါလာလိမ့်မယ်လို့ ကျုပ်ထင်နေတယ်၊ ကိုအောင်ပွင့် ခင်ဗျားဒီမှာနေ ကိုဘာတင့်သင်္ဘောဦးဘက်ကို သွားစောင့်၊ ကျုပ် တံထားထိပ်အလယ်ကနေ စောင့်နေမယ်၊ အားလုံးသတိဝီရိယတော့ ရှိပါစေဗျာ၊ လိုအပ်လာရင်တော့ သေနတ်ကို သုံးပေ့ါ၊ ဒါပေမယ့် လူတွေအများကြီးနဲ့ဆိုတော့ မဆိုင်တဲ့လူတွေ အန္တရာယ်ရှိမှာ စိုးရတယ်"

ကိုထွန်းလူ လူခွဲပေးသည့်အတိုင်း ကျွန်ုပ်သုံးယောက်သတ်မှတ်နေရာများတွင် ရပ်နေလိုက်ကြ၏။ မကြာခင် နှစ်ထပ်သင်္ဘောဆိပ်ခံဇောကို ကပ်မိလေပြီ။

ကျွန်ုပ် သတိထားလိုက်သလို ကိုထွန်းလူနှင့် ကိုဘာတင့်တို့ကို လှမ်းကြည့်လိုက်မိသည်။ ကိုဘာတင့်က ရေသောက်ဆင်းလာသည့် သမင်ငယ်ကို ချောင်းနေသည့် ကျားတစ်ကောင်နှယ် သင်္ဘောသို့ မမှိတ်မသုန် စူးစိုက်ကြည့်လျက် ချောင်းနေပုံရှိ၏။ ကိုထွန်းလူကတော့ သင်္ဘောကပ်သည့်နေရာကို မကြည့်ဘဲ ဆိပ်ခံတံတား၏ သံပေါင်ကြီးကိုမှီကာ တုတ်ကောက်ကို ရှေ့တွင် ကြမ်းပေါ် ထောက်ထားလျက် လက်နှစ်ဘက်ကို တုတ်ကောက်လက်ကိုင်ပေါ် တင်ထားသည်။

ကျွန်ုပ်ကိုယ်တိုင်လည်း သင်္ဘောပေါ်မှ ဆင်းလာမည့် ခရီးသည်များကို အာရုံစိုက်ကြည့်နေမိ၏။ မကြာခင် သင်္ဘောတစ်စီးလုံး ဆိပ်ခံဇောပေါ် ရပ်မိလျက်သားဖြစ်သွားခဲ့ပြီ။ သင်္ဘောငြိမ်သက်သွားအောင် ကြိုးချည်နေစဉ်မှာပင် ခရီးသည်များ တိုးဝှေ့ဆင်းလာကြလေသည်။

တစ်ယောက်နှစ်ယောက် သုံးယောက်ဆယ်ယောက်ကိုထွန်းလူပြောထားသော ဆံပင်ဖြူဖြူ ပိန်ပိန်ရှည်ရှည် အရပ်မြင့်မြင့်လူကို ရှာနေမိသည်။ တစ်ခေါင်းလုံးဖြူဖွေးနေသူဟူ၍ တစ်ယောက်မှ မတွေ့ခဲ့ရပေ။ လူအုပ်ကြီးတံတားအတိုင်း တိုးဝင်ရန် ဆိပ်ခံထက်တွင် အစုလိုက်၊ အပြုံလိုက်ဖြစ်နေ၏။ ကျွန်ုပ်ကြိုးချည်သည့်သံတိုင်ပေါ် တက်ကာ အပေါ်စီးမှ ကြည့်သော်လည်း မတွေ့ပါ။

ကိုဘာတင့်ရပ်နေရာသို့ လှမ်းကြည့်လိုက်၏။

နဖူးမှ ချွေးပေါက်များကို လက်ညှိုးနှင့်သပ်ချပြီး ကျွန်ုပ်ဆီလှမ်းကြည့်သော ကိုဘာတင့်နှင့် အကြည့်ချင်းဆုံသွားသည်။ သူ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းကို လေးပင်စွာခါပြ၍ ကျွန်ုပ်က မသိမသာ လက်ခါပြလိုက်သည်။ ထို့နောက် နှစ်ယောက်စလုံး တံတားထိပ်သံပေါင်ကို မှီလျက်ရပ်နေသော ကိုထွန်းလူကို လှမ်းကြည့်ဖြစ်သွားကြ၏။

ကိုထွန်းလူက သူ့ရှေ့မှ ဖြတ်လျှောက်နေသူများကို တစ်ယောက်မှ မလွတ်စေရအောင် စောင့်ကြည့်နေကြောင်း တွေ့ရ၏။ ကိုဘတင့်တစ်ယောက် ကိုထွန်းလူဆီ လျှောက်လာသည်ကို တွေ့၍ ကျွန်ုပ်လည်း ကိုထွန်းလူကို ကူကြည့်ပေးနိုင်ရန် သူ့ဆီ လျှောက်လာခဲ့တော့သည်။ ကျွန်ုပ်တို့အနားရောက်ချိန်မှာ ကိုထွန်းလူ သူ့ရှေ့မှဖြတ်လျှောက်သော ဘောင်းဘီအနက်ရောင် ရှူးဘိနပ်အနက်ရောင်ဝတ်ခြေအစုံကြားသို့ သူ့ တုတ်ကောက်ကို ထိုးထည့်လိုက်သည်။

"ဒုတ်"

"အား . . ."

"အမယ်လေး ဘယ်လိုဖြစ်တာလဲဟ"

"လူချော်လဲတာ၊ လူချော်လဲတာ"

ဖြစ်ရပ်က အလွန်လျင်မြန်လှသည်။

အနက်ရောင် အနောက်တိုင်းဝတ်စုံကို ချပ်ချပ်ရပ်ရပ်ဝတ်ထားသော လူကြီးတစ်ယောက် တံတားပေါ်တွင် ချော်လဲကျသွား၏။ ဆောင်းထားသော ဦးထုပ်လွင့်ထွက်သွားသည်။ သူများတွေ ပြန်ထူရန် ပြောသော်လည်း ကိုထွန်းလူက ထိုလူနှင့်အတူ ချော်လဲဟန်ဆောင်ကာ ထိုလူကို ဖိထားလိုက်သည်။



"ဟာ ကိုထွန်းလူ ဘယ်လိုဖြစ်တာလဲ"

သူက အနောက်တိုင်းဝတ်စုံရှင်ကို မလှုပ်နိုင်အောင် ဖိထားခြင်းဖြစ်ကြောင်း ကျွန်ုပ်တို့ သိလိုက်၏။

"ကိုဘတင့် ဒီလူ့ကို လက်ထိပ်ခတ်လိုက်"

ရုတ်တရက်မို့ ကြောင်နေသော်လည်း အခြေအနေကို ရုတ်ချည်းနားလည်လိုက်သော ကိုဘတင့် လျင်မြန်စွာ လက်ထိပ်ခတ်လိုက်၏။

"မင်း . . . မင်းတို့ ဘာလုပ်ကြသလဲဟင်"

"ဒီမှာ . . လူများပါတယ် ဒေါက်တာကျော်သာ၊ ကျုပ်တို့ စိတ်ချရတဲ့ နေရာတစ်ခုမှာ သွားပြောကြတာပေါ့ဗျာ"

"ဘာ . . ဘာကွ၊ မင်းက ငါ့ကို"

"ဟုတ်ပါတယ် ဒေါက်တာ၊ ကျုပ် ထွန်းလူပါ၊ ဒေါက်တာနဲ့ ပတ်သက်သမျှတွေဟာ ဒီလိုလူပုံအလယ်မှာ ပြောရမယ့် ကိစ္စတွေ မဟုတ်ပါဘူး၊ လာပါ ကိုဘတင့် သူ့ကို ခေါ်ခဲ့ပါဗျာ"

ခရီးသည်များ နားမလည်စွာဖြင့် ဝိုင်းကြည့်နေကြသည်။ တချို့ ဒေါက်တာကျော်သာဘက်မှ ဝိုင်းကူရန် လှုပ်ရှားကြသော်လည်း ကိုဘတင့်က . . .

"ကျွန်တော်တို့ ပုလိပ်တွေပါခင်ဗျား၊ ဒီလူဟာ ရာဇဝတ်မှု ကျူးလွန်ထားသူမို့ ပုလိပ်က အလိုရှိနေတဲ့သူပါ၊ ဒါကြောင့် ဖမ်းရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



အသံကုန်အောင်ပြောလိုက်သည့်အတွက် ခရီးသည်များ ကိုယ့်လမ်းကိုယ် ဆက်သွားကြလေတော့သည်။ ထိုအခါမှ ကိုထွန်းလူနှင့် ကိုဘတင့်တို့ ဒေါက်တာကျော်သာကို ဘယ်, ညာ တွဲလျက် တံတားအတိုင်း ကမ်းနားလမ်းဘက် လျှောက်လာခဲ့ ကြသည်။

"ကိုအောင်ပွင့်၊ ကားတစ်စီး သွားငှားဗျာ၊ ကျုပ်တို့ ဒီလူကို ခေါ်သွားရအောင်"

ကျွန်ုပ်လည်း ကမ်းနားလမ်းဆီ ကမန်းကတန်းပြေးထွက် သွားစဉ် ကိုထွန်းလူတို့ ဆိုင်တစ်ဆိုင်ရှေ့ ဣန္ဒြေမပျက် ထိုင်နေ ကြ၏။

×××××

"ဒေါက်. . . ဒေါက်. . . ဒေါက်. . ဒေါက်"

ဘိနပ်သံ ခပ်ပြင်းပြင်းနှင့်အတူ. . . အထူးစစ်ဆေးရေး အခန်းတွင်းသို့ဝင်လာသူက . . . စီအိုင်ဒီမှ ဝန်ထောက်မင်း မစ္စတာဂျိုးဆက်ဖြစ်လေသည်။

"လူကလေး. . . မောင်တို့ လူဘယ်လောက်ကို ဖမ်းလိုက် တယ်ဆိုတဲ့ တရားခံက ဘယ်မှာလဲ ဘယ်သူလဲ၊ ဒီတရားခံကို ဖမ်းလာတာကရော မောင်မင်းက"

ရာဇဝတ်ဝန်ထောက်သည် ကျွန်ုပ်ကို လက်ညှိုးထိုး၍ မေး လာသည်။ ကျွန်ုပ်ဘာပြောရမည်မသိဖြစ်နေစဉ် ကိုထွန်းလူ က. .



"သူ မဟုတ်ပါဘူး ဝန်ထောက်မင်း၊ သူနဲ့ကျုပ်က ကူညီတာ ပါ၊ ဒီတရားခံကို ဖမ်းလာတာက ဟောဒီ အင်စပက်တာ မောင်ဘတင့်ပါပဲ"

ထိုအခါ မစ္စတာဂျိုးဇက်သည် ကျွန်ုပ်တို့ကို လှည့်၍ပင် မကြည့်တော့ဘဲ မောင်ဘတင့်ဘက်သို့လှည့်ကာ. . . .

"လူကလေးက ဘယ်မြို့ကလဲ"

"ကျွန်တော်မျိုးက လပွတ္တာမြို့နယ် ပုလိပ်ရဲဌာနက အင်စ ပက်တာပါ ဝန်ထောက်မင်း"

"အိုး. . . ဟိုး . . မောင်မင်းက မြို့နယ်ပုလိပ်ကလေး ဖြစ်ပေမယ့် ဒီလိုတရားခံကြီးကိုတောင် ဖမ်းနိုင်တယ်ဆို တော့ အရည်အချင်းရှိတဲ့ ပုလိပ်ပဲ၊ မောင်မင်းတို့ မြန်မာထဲ မှာ ဒီလို အစွမ်းရှိသူတွေရှိသေးတာကိုး. . ကွယ်. . . ကျွန်ုပ်. . မောင်မင်းကို. . ရာထူးတစ်ဆင့်တိုးပေးပြီး စီအိုင် ဒီမှာ ခေါ်ထားမယ်၊ မောင်မင်းက နေမလား"

ကိုဘတင့်လည်း ဘာပြောရမည် မသိဖြစ်နေ၍ ကိုထွန်းလူ ကို လှမ်းကြည့်သည်။ ကိုထွန်းလူက မသိမသာ ခေါင်းညိတ်ပြ လိုက်သော်ကြောင့် . . .

"မှန်ပါ သခင်၊ ကျွန်တော်မျိုး စီအိုင်ဒီကို လာချင်ပါတယ်"

"အိုကေ . . သက်(စ်)ရိုက်. . ဒီကိစ္စကို ကျွန်ုပ် မင်းကြီးဆီ တင်ပြပြီး အမြန်ဆုံး ဆောင်ရွက်ပေးမယ်"

ထို့နောက် ဝန်ထောက်မင်း မစ္စတာဂျိုးဇက်သည် တရားခံ ဒေါက်တာကျော်သာဘက်သို့ လှည့်ကာ မေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မောင်မင်း. . . လပွတ္တာမြို့နယ်က လူဆယ်ယောက်ကို ဖမ်းဆီးခဲ့တယ်ဆိုတာ ဟုတ်ပါသလား"

"မဟုတ်ပါဘူး သခင်၊ အဲဒါ သူတို့ မတရားစွပ်စွဲကြတာပါ၊ ကျွန်တော်မျိုးဟာ လန်ဒန်ဆွတ္တာသိုလ်ကြီးက ပါရဂူဘွဲ့ရခဲ့သူပါ၊ ဒီလို ရာဇဝတ်မျိုးတွေ ကျူးလွန်ဖို့ မဖြစ်နိုင်ပါဘူး၊ သခင် ချင့်ချိန်ပေးပါ"

မစ္စတာဂျိုးဇက်သည် ဒေါက်တာကျော်သာ၏ စကားကို ငြိမ်သက်စွာ နားထောင်နေ၏။

"ကျွန်တော်မျိုးဟာ ရုက္ခဗေဒနဲ့ သတ္တဗေဒပညာရပ်တွေမှာ သူမတူအောင် ကျွမ်းကျင်လွန်းသူမို့ ဝိတိုရိယဘုရင်မကြီးက တောင် ဂုဏ်ပြုချီးကျူးခဲ့ရဖူးပါတယ်၊ သင်မယုံရင် လန်ဒန်က တော်ဝင်သုတေသနဌာနကို မေးကြည့်လို့ရပါတယ်၊ ကျွန်တော်မျိုးဟာ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ်ယောက်ပါ"

ဒေါက်တာကျော်သာ၏စကားကြောင့် ဝန်ထောက်မင်းကိုဘတင့်ဘက်သို့လှည့်လာသည်။ ဒေါက်တာကျော်သာထိုင်နေရာ စားပွဲရှည်ကြီးအနီးမှာ ခေါက်တုန့်ခေါက်ပြန်လမ်းလျှောက်နေသည်။ တိုနေပြီဖြစ်သော ဆေးပြင်းလိပ်ကို ဆက်တိုက်ဖွာရှိုက်နေသောကြောင့် အခန်းကျဉ်းကလေးအတွင်း၌ ဆေးပြင်းလိပ်နံ့များ မွှန်ထူနေတော့သည်။



"လူကလေး အင်စပက်တာ မောင်မင်းတို့ တရားခံဆိုပြီးဖမ်းလာတဲ့သူဟာ ပါရဂူတစ်ယောက်ပါလား၊ တော်ဝင်သုတေသနဌာနရဲ့မှတ်တမ်းတင်ခြင်း ခံနေရသူလို့ဆိုနေပါလား လူကလေး"

ကိုထွန်းလူက သူအသင့်ဆောင်လာသော စာရွက်စာတမ်းတစ်ချို့ကို ကိုဘတင့်လက်သို့ပေးလိုက်၏။

"ဒါတော်ဝင်သုတေသနဌာနက မနုဿဗေဒပညာရှင် ပရော်ဖက်ဆာ ဂျော်နသန်စမစ် ပို့ပေးလိုက်တဲ့ စာရွက်စာတမ်းတွေနဲ့ သူရဲ့စာပါ၊ အဲဒါ ပြလိုက်"

ကိုဘတင့် စာရွက်စာတမ်းများ ယူပြီး ဝန်ထောက်မင်းရှေ့တွင်ရပ်ကာ . .

"ဒီစာရွက်စာတမ်းအထောက်အထားတွေဟာ တော်ဝင်သုတေသနဌာနက မနုဿဗေဒပညာရှင် ပရော်ဖက်ဆာ ဂျော်နသန်စမစ် ပို့ပေးလိုက်တဲ့ အထောက်အထားတွေဖြစ်ပြီးအတူပါတဲ့စာကတော့ ဒေါက်တာကျော်သာနဲ့ပတ်သက်ပြီး သီးခြားရေးပို့လိုက်တဲ့ စာဖြစ်ပါတယ် သခင်၊ သခင်ဖတ်ကြည့်ရင် ဒေါက်တာကျော်သာ ဒီလူတွေကို ဘာကြောင့် ဖမ်းရတယ်ဆိုတာ ပေါ်လာပါလိမ့်မယ်"

ဝန်ထောက်မင်းလည်း စာရွက်များကို ဆွဲယူကာ အနီးရှိ ထိုင်ခုံတွင် ထိုင်ပြီး ချက်ချင်း ဖတ်ကြည့်လေသည်၊ အမှတ် (၁) စာရွက်မှာ တော်ဝင်သုတေသနဌာနမှ ဒေါက်တာ ကျော်သာ နှင့် လန်ဒန်မှ ရုက္ခဗေဒပညာရှင် ဒေါက်တာ

www.burmeseclassic.com

www.burmeseclassic.com



သတ္တဗေဒပညာရှင် ဒေါက်တာဂျော့တို့အား အင်္ဂလန်ပိုင် ကျွန်းစု အတွင်းရှိ ကျွန်းငယ်တစ်ခုတွင် ရုက္ခဗေဒနှင့် သတ္တဗေဒဆိုင်ရာ စမ်းသပ်မှုများပြုလုပ်ရန် ခွင့်ပြုခဲ့ကြောင်း ထုတ်ပေးထားသော စာရွက်စာတမ်း ကော်ပီများ။

အမှတ် (၂)တွင် ပရောက်ဖက်ဆာ ဒေါက်တာ ဂျင်မီ လူးဝစ်(စ်)မှ ဒေါက်တာထွန်းလူသို့ ပုဂ္ဂိုလ်ရေးအရ ရေးပို့လိုက်သော စာဖြစ်သည်။ ထိုစာကို ဆီလျော်အောင် ဘာသာပြန်ဆို၍ ထည့်သွင်းလိုက်ပါသည်။

ခင်မင်ရသော ဒေါက်တာထွန်းလူ . .

ကျွန်ုပ် လူးဝစ်(စ်) ခင်မင်စွာဖြင့် စာရေးလိုက်ပါသည်၊ သင်နှင့် သင့်မိသားစု ကျန်းမာကြောင်း ကြားသိရ၍ ဝမ်းမြောက်ပါသည်၊ ကျွန်ုပ်တို့လည်း ကျန်းမာကြပါသည်။ ယခုအခါ ကျွန်ုပ်ဇနီးမှ ဒုတိယမြောက် သမီးကလေးကျန်းမာစွာ မီးဖွားပြီး၍ ကျွန်ုပ်မှာ ကလေးနှစ်ယောက်ဖခင်ဖြစ်နေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည် ကိုထွန်းလူ . . .။

သင်သိလိုသောအကြောင်းအရာများကို ကျွန်ုပ်တော်ဝင် သုတေသနဌာနနှင့်တကွ အခြားသော ရဲဖက်ဥပဒေဖက်များ ကိုပါ စုံစမ်းပြီး ရေးသားပေးပို့လိုက်ပါသည်။ ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် စုစည်းထားသည်မို့ သင့်အတွက် အသုံးဝင်လိမ့်မည်ဟု ယူဆပါသည်။

"သတ္တရုက္ခပညာဖြင့် ကမ္ဘာကြီးကို ကယ်တင်အံ့"



တု ကြေးကြော်ကာ ကျွန်းငယ်တစ်ခုတွင် သုတေသနဓါတ်ခွဲခန်း တစ်ခုတည်ဆောက်ကာ ရုက္ခဗေဒနှင့်သတ္တဗေဒဆိုင်ရာစမ်းသပ်မှုများပြုလုပ်ခဲ့သော ရုက္ခဗေဒပညာရှင် ဒေါက်တာဖီးလစ်၊ သတ္တဗေဒပညာရှင် ဒေါက်တာဂျော့နှင့် သင်တို့တိုင်း ပြည်မှ ရုက္ခဗေဒပညာရှင် ဒေါက်တာကျော်သာတို့သည် ကျွန်ုပ်တို့မတွေးမိသော စမ်းသပ်မှုကိုပြုလုပ်ခဲ့ကြပေသည်။

၎င်းတို့သုံးယောက်သည် ကျွန်းပေါ်၌ဓါတ်ခွဲခန်း တစ်ခု တည်ဆောက်ခဲ့ကြသည်။ ထို့ပြင် ၎င်းတို့ကျွန်းနှင့် အနီးဆုံး ကျွန်း၌နေထိုင်ကြသော တံငါသည်မျိုးနွယ်စုတို့ဆီမှ လူငါး ယောက်ခန့်ကိုတိတ်တဆိတ် ဖမ်းဆီးခဲ့ကြသည်။ ဖမ်းဆီးလာသောလူများ၏ အသွေးအသား၊ ဗီဇဟိုမုန်း၊ ဦးနှောက်၊ ရိုးတွင်းချဉ်ဆီနှင့် ရင်တွင်းကလီဇာများကို တစ်စစီပြုလုပ်ကာ သစ်ပင်တို့၏ မျိုးပွားဗီဇများနှင့် ရောနှောဆက်စပ်ကာ ဆန်းသစ်သော သစ်ပင်များ၊ ရုက္ခမျိုးနွယ်စုများကို စိုက်ပျိုးခဲ့ကြသည်။ ထိုစဉ်က ၎င်းတို့နှင့်အဆက်အသွယ်ရှိ၍ ကျွန်းပေါ်သို့လိုက်သွားဖြစ်ခဲ့သော လူတစ်ယောက်၏ မျက်မြင်ကိုယ်တွေ့တစ်ခုကို ကျွန်ုပ်မှတဆင့် ရေးပြလိုက်ပါမည်။

ထိုလူသည် ကျွန်းပေါ်သို့ရောက်လာသောအခါ ဒေါက်တာများကိုခွင့်တောင်းကာ ကျွန်းပေါ်၌ လည်ပတ်ခဲ့သည်။ ကျွန်းပေါ်ရှိ သစ်ပင်တစ်ချို့မှာ အမည်မဖော်နိုင်ကြောင်း သိရသည်။ အကြောင်းမှာ ပင်စည်လုံးပတ်မှ အကိုင်းများထွက်နေပြီး ၎င်း

www.burmeseclassic.com

www.burmeseclassic.com



အကိုင်းများတွင် တွဲခိုနေသော အရွက်များမှာ အကြောပြတ်နေသည့် လူသား၏ နားရွက်များနှင့်တူကြောင်း ထိုအပင်၏အမည်ကို မေးကြည့်သောအခါ လူ့နားရွက်ပင်ဟု ခေါ်ကြောင်း သိရသည်။

ဇင်းအပင်မှာ နားရွက်အတွင်းရှိ အဆီတစ်မျိုးနှင့် သစ်ပင်၏ မျိုးပွားဝတ်ဆံတို့ ပေါင်းစပ်စိုက်ပျိုးထားခြင်း ဖြစ်သည်။ သူရောက်ခဲ့ချိန်က အသီး၊ အပွင့်မရှိသေး၍ မည်သည့်တို့ပွင့်ပြီး မည်သည့်အရာများ ပွင့်ကြောင်းမသိခဲ့ရဟု ပြောပြခဲ့ဖူးသည်။

ထိုလူမှာ သစ်ပင်များအကြားလျှောက်သွားရင်း ဘာပင်မှန်း မသိသော အပင်တစ်ပင်မှ အကိုင်းကို ချိုးယူလိုက်ရာ အဖြူရောင်အစေးများထွက်ရမည့်အစား သွေးများထွက်လာကြောင်း သိခဲ့ရသည်။

ထိုမျှမက ထူးခြားသော လုပ်ရပ်များကိုလည်း ဇင်းဒေါက်တာများ လုပ်ကိုင်ကြသည်ဟု သိရသောကြောင့် တာဝန်ရှိသူ စုံထောက်များ လျှို့ဝှက်စွာ သွားရောက်စုံစမ်းခဲ့၏။ ထိုစုံထောက် ထပ်မံသိရှိခဲ့ရသောအကြောင်းအရာများမှာ ထိုကျွန်းပေါ်၌ သစ်ပင်၊ ပန်းပင်နှင့် သီးနှံပင်များ၏ အသက်ရှင်သန်ဖွံ့ထွားရေး အတွက် လူတို့၏ သွေး၊ သား၊ ရိုးတွင်းချဉ်ဆီနှင့် မျိုးပွားဟိုမုန်းတို့ ကို အသုံးပြုသကဲ့သို့ လူတို့၏ ရှင်သန်မှု လှုပ်ရှားသွားလာမှုနှင့် ခြေ၊ လက်၊ အင်္ဂါအစိတ်အပိုင်းများတွင်လည်း သစ်ပင်တို့၏ အကိုင်းအခက် အရွက်များနှင့် အစားထိုးအသုံးပြုကြောင်း ဇင်း ကိုယ်တိုင်မျက်မြင်တွေ့ခဲ့ရဖူးလေသည်။



ဤသို့ စမ်းသပ်မှုများကို ပြုလုပ်ရာတွင် သစ်ပင်၊ ပန်းပင်များမှာ ပြဿနာတစ်ရပ်မဟုတ်သော်လည်း လူသားများကို စမ်းသပ်ခြင်းမှာ ပြဿနာတစ်ရပ်ဖြစ်နေ၏။ ကျွန်းနားနီးချင်းများ မှလူပျောက်မှုများဖြစ်လာ၍ အုပ်ချုပ်သူများကို တိုင်ကြားရာမှစ၍ ဇင်းတို့သည် လူများဖမ်းဆီးကာ ကိုယ်ချင်းမစာ လူသားကို ရက္ခဗေဒနှင့်ဆိုင်သော စမ်းသပ်မှုများပြုလုပ်ခြင်းကြောင့် လူသုံးယောက်မှာ အသက်ဆုံးရှုံးခဲ့ရပြီး နှစ်ယောက်မှာ ဆေးရုံတွင် အတွင်းလူနာအဖြစ် တင်ရောက်ကုသခဲ့ရ၏။ မစမ်းသပ်ရသေးသော လူနှစ်ယောက်ကိုမူ အကောင်းပကတိပြန်လည် ကယ်တင်နိုင်ခဲ့ကြောင်း ကျွန်ုပ်သိရှိခဲ့ရပါသည်။

သို့ဖြစ်ပါသောကြောင့် စုံထောက်၏ စုံစမ်းဖော်ထုတ်ချက်အရ ဇင်းတို့၏ သတ္တရက္ခပညာလက်တွေ့စမ်းသပ်မှုများသည် လူသားမျိုးနွယ်စုကြီးတစ်ခုလုံးကို ခြိမ်းခြောက်နေကြောင်း လူ့အသက်များကို စမ်းသပ်မှုပြုနေကြောင်း ထင်ရှားသောကြောင့် စကော့ဒ်တလန်ယာဒ်စုံထောက်အဖွဲ့ကြီးအစီရင်ခံစာကြောင့် ဇင်းတို့၏ စမ်းသပ်မှုများကို ဆက်လက်လုပ်ဆောင်ခွင့်မပြုဘဲ တာဝန်ရှိသူများမှ ကျွန်းကို ပြန်လည်သိမ်းပိုက်ပြီး ပညာရှင်သုံးယောက်ကိုလည်း နယ်နှင်ဒဏ်ပေးလိုက်ကြောင်း စုံစမ်းသိရှိရပါသည် ကိုထွန်းလူ . .

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ ဒေါက်ကျော်သာလည်း သင်တို့တိုင်းပြည်၌ သတ္တ ရက္ခပညာဖြင့် မြန်မာပြည်ကြီးကို ကယ်တင်အံ့ဟု ခေါင်းစဉ်တတ် ကာ အလားတူစမ်းသပ်မှုများကို ပြုလုပ်နေခြင်းပင် ဖြစ်လိမ့်မည် ဟု ကျွန်ုပ်ယူဆပါသည်။ သို့ဖြစ်ပါ၍ ကိုထွန်းလူစွမ်းနိုင်ပါက ၎င်းတို့၏ စမ်းသပ်သုတေသနပြုမှုကို သက်ဆိုင်ရာ အစိုးရသို့ အသိပေးကာ တားမြစ်သင့်ပါကြောင်း စေတနာကောင်းဖြင့် အ ကြံဉာဏ်ပေးလိုက်ပါသည် မိတ်ဆွေကြီး. . .

သင် အောင်မြင်ပါစေ ဟု ဆုမွန်ကောင်းတောင်းလျက်. . .

သင့်

J လူးဝစ်(ဗ)

လန်ဒန်မြို့

"ဒုန်း. . ."

"ဖူး. . . ယူဖူး. . . ဒန်ဗလယ်ဒီဖူး. . မောင်မင်းဟာ ဒေါက်တာကျော်သာ မဟုတ်လား၊ ကျွန်ုပ် လန်ဒန်မှာ တာ ဝန် ထမ်းဆောင်နေစဉ်တုန်းက ဒီသတင်းကို ကြားဖူးတယ် ဒါပေမယ့် ကျွန်ုပ်က ဒါ မဖြစ်နိုင်ဘူးလို့ ထင်ခဲ့တာ၊ ခုတော့ ဒီကိစ္စရဲ့ တရားခံကို မိပြီ၊ မောင်မင်း ဝန်ခံပါ"

ဝန်ခံရန်မဆိုထားနှင့် ဒေါက်တာ ကျော်သာသည် ကိုထွန်းလူ ကို ဒေါသမျက်လုံးများနှင့် စိုက်ကြည့်နေ၏။ ပြီးနောက် ကိုဘတင့် ကို ကြည့်သည်။ ကျွန်ုပ်ကိုမူ အမှုမဲ့အမှတ်မဲ့သာ ယူဆခဲ့သည်၊



"မောင်မင်းဟာ ဂုဏ်သရေရှိ လူကြီးလူကောင်းတစ် ယောက်ဖြစ်ပါလျက် လူတွေရဲ့အသက်ကို အစမ်းသပ်ခံ ပစ္စည်းတစ်ခုလို သဘောထားတဲ့အတွက် မောင်မင်းကို တရားဥပဒေအရ အရေးယူရမယ်"

"ကျွန်ုပ် လက်မခံဘူး၊ ကျုပ်ဟာ တရားခံမဟုတ်ဘူး၊ မြန်မာ ပြည်ကြီးကို ကယ်တယ်ဖို့ တစ်ကမ္ဘာလုံးက လူသားမျိုးနွယ် တွေကို ကယ်တင်ဖို့ ကျုပ်လုပ်တာ၊ ကျုပ် လုပ်ငန်းကြီး အောင်မြင်ခဲ့ရင် သေသူတွေရဲ့ အသက်ကို သစ်ပင်တွေ ဆီကနေ လူတွေဆီ ကူးပြောင်းပြီး အသက်ရှင်အောင်လုပ် လို့ ရလာမယ်၊ လူ့အသက်က ခုနစ်ဆယ်ဆိုရင် သစ်ပင် သက်နဲ့ ဆက်သွယ်ယူလိုက်တဲ့အခါ အဲဒီလူဟာ ခုနစ်ရာ လည်း ဖြစ်သွားနိုင်သလို တစ်ထောင်လည်း ဖြစ်သွားနိုင် တယ်"

စိတ်ကူးယဉ်ဆန်လွန်းသော ဒေါက်တာကျော်သာ၏ စကား လုံးများမှာ ကြားရသူတို့အတွက် မယုံကြည်နိုင်စရာ စကားများ ပင် ဖြစ်နေပါသည်။

"ဒါဟာ သိပ်လွယ်တဲ့အလုပ်ပါ၊ ဥပမာ ကုက္ကိုလ်ပင် ဆိုပါ တော့၊ သက်တမ်း ငါးရာလောက်ခံတယ်၊ ဒါကို ကျုပ်ကနှစ် နှစ်ရာလောက်ပဲ ယူသုံးမှာ၊ ဘာကြောင့်လဲဆိုတော့ အပင်ရဲ့ ခံနိုင်ရည်အားဟာ နောက်နှစ်ပိုင်းတွေမှာ ဆွေးမြေ့အိုမင်း သွားလို့ပဲ၊ ဒီတော့ လူ့အသက် (၇၀)နဲ့ သစ်ပင်သက် နှစ်ရာ ပေါင်းရင် ဒီလူဟာ လောကမှာ (၂၇၀) နေလို့ရမယ်၊

www.burmeseclassic.com



သို့သော် ဒီလူ့ကိုယ်ထဲက အရိုးတွေ၊ အသွေးတွေ၊ အရည်ကြည်တွေဟာ နှစ်တစ်ရာကျော်ကျော်လောက်ပဲ ခံနိုင်ရည်ရှိတယ်၊ ဒါကြောင့် နောက်ထပ်နေရမယ်နှစ်တွေကို ဆွဲဆန့်နိုင်မယ်၊ လူတွေ ဒီထက်ပို အသက်ရှည်လာကြမယ်"

ဒေါက်တာကျော်သာ၏ အယူအဆမှာ အဓိပ္ပါယ်ရှိသည်ဟု ထင်ရသော်လည်း လွဲချော်နေမှုများစွာပါဝင်နေ၏။ ကိုထွန်းလူက သူ့အနီးသို့ လျှောက်သွားကာ . .

"ခင်ဗျားပြောတဲ့ အသက်ကို ဆွဲဆန့်တဲ့နည်းဟာ အောင်မြင်မယ်၊ မအောင်မြင်ဘူးဆိုတာ မသေချာပေမယ့် လောလောဆယ်မှာတော့ အစမ်းသပ်ခံလူတွေရဲ့ အသက်နဲ့ဘဝတွေ ထိခိုက်နေပြီ၊ သူတို့မိသားစုတွေ ပူဆွေးသောကရောက်နေကြရတယ်၊ သူတို့ရပ်ရွာတွေ စိုးရိမ်နေကြရတယ်"

"ဒါတွေဟာ ပေးဆပ်မှုတွေပဲ အောင်မြင်မှုတစ်ခုရဖို့အတွက် သူနဲ့တန်ဘိုးညီတဲ့ ပေးဆပ်မှုဆိုတာရှိရမယ်လေ၊ ဒါသဘာဝပဲ မဟုတ်လား၊ တစ်ကျပ်တန်တဲ့ ပစ္စည်းကို တစ်မူး၊ တစ်မတ်နဲ့ လိုချင်ရင် ဒါဟာ အချောင်နိုက်တာပဲ၊ လိုချင်တဲ့သူဟာ အချောင်သမားပဲ၊ ကျုပ် ခုလုပ်နေတာ လူ့အသက်တွေကို တစ်ရာတန်ကနေ ငါးရာတန်လောက် ရောက်လာဖို့၊ ကြိုးစားနေတာ၊ အသက်တွေရှည်ဖို့ အသက်တွေပေးဆပ်ရတာ တန်ပါတယ်"



မစ္စတာဂျိုးဇက်. . ဒေါက်တာကျော်သာကို ဒေါသတကြီးလှမ်းကြည့်လိုက်သည်။ သူသည် ပုလိပ်ဝန်ထောက်ပီပီ ဥပဒေကိုသာ အဓိကထားသူဖြစ်၏။ လောကကောင်းကျိုးတွေ အသက်ရှည်ဖို့တွေ သူ့အသိထဲတွင် မရှိ။

"ဘာတန်တာလဲ မောင်ကျော်သာ၊ မောင်မင်း လူတွေကို ဖမ်းတယ်၊ ပြီးတော့မဟုတ်တာတွေ လုပ်တယ်၊ လူတွေသေတယ်ဆိုရင် မောင်မင်းဟာ ရာဇဝတ်မှုကျူးလွန်တာပဲ၊ ဘာပဲပြောပြော မောင်မင်းဟာ တရားခံ တရားဥပဒေအရ မောင်မင်းကို အရေးယူရမယ်"

"သခင်က ဥပဒေအကြောင်းပြောတော့ ကျွန်တော်မျိုးလဲ ဥပဒေစကား ပြောပါ့မယ်၊ သခင်တို့မှာ ဘာသက်သေရှိပါသလဲ၊ တရားခံတစ်ယောက်ကို ဆွဲချက်တင်တယ်ဆိုတာ လူသက်သေ ပစ္စည်းသက်သေရှိဖို့လိုတယ်၊ သက်သေ ဘယ်မှာလဲ၊ လူတွေကို ကျွန်တော်မျိုးဖမ်းပါတယ်လို လူသက်သေ ဘယ်လိုပြမလဲ၊ ပစ္စည်းသက်သေ ဘယ်မှာရှိလဲ၊ ဘာမှမရှိရင် ဘာမှလုပ်လို့မရဘူး"

ထိုစကားက မစ္စတာဂျိုးဇက်၏ ဥပဒေစကားကို ရိုက်ချိုးလိုက်သလို ဖြစ်သွား၏။ သူ ကိုဘတင့်ကို လှည့်ကြည့်ကာ . .

"လူကလေး. . . မောင်ဘတင့် . . ဒီတရားခံပြောတာတွေ မောင်မင်းကြားတယ်နော်၊ သူ့အတွက် ပြည့်စုံတဲ့လူသက်သေ ပစ္စည်းသက်သေတွေ ရအောင်ရှာခဲ့၊ လူကလေး ပြည့်စုံတော့မှ သူ့ကို တရားဥပဒေအရ စီရင်လို့ရမယ်"

www.burmeseclassic.com



"ခုန . . ဝန်ထောက်မင်း ဖတ်တဲ့ ဂျေလူးဝစ်(စ်)ရဲ့ စာ ဟာလည်း သူ့နောက်ကြောင်းအတွက် ခိုင်လုံတဲ့စာ သက်သေပဲ"

"မှန်တယ် မောင်မင်း၊ ဒါပေမယ့် ဒီထက်ပိုပြီး ခိုင်လုံတဲ့ သက်သေတွေ လိုအပ်တယ်၊ လူကလေးတို့ ကြိုးစားကြပါ"

ဝန်ထောက်မင်းက စကားနိဂုံးချုပ်ပြီး လှမ်းထွက်သွားပြီးမှ အခန်းထောင့်တွင် ရပ်နေသော ပုလိပ်နှစ်ယောက်ကို အမိန့် ပေးလိုက်၏။

"သူ့ကို အချုပ်ထဲ ပြန်ထည့်လိုက်"

ဒေါက်တာကျော်သာ၏အမှုကို တရားစွဲဆို၍ ရုံးတင်ခဲ့ သည်။

ထိုအမှုအတွက် ခိုင်လုံသော သက်သေအထောက်အထား များရရန် ကျွန်ုပ်နှင့်ကိုထွန်းလူတို့ ကြိုးစားရှာဖွေခဲ့ရ၏။ ၎င်း၏ သုတေသနဓါတ်ခွဲခန်းနှင့် စမ်းသပ်ရာဖြစ်သော ကျွန်းကို သွား နိုင်ရန်အတွက် လွန်စွာအခက်တွေ့နေရသည်။

"ဘယ့်နှယ်လုပ်မလဲ . . အိုင်ဆေး၊ သက်သေမရှိရင် ဒီအမှု က အလကားဖြစ်သွားတော့မယ်"

"ဒီလောက်ထိလုပ်လာခဲ့ပြီးမှတော့ သက်သေကိစ္စ ခေါင်းရှုပ် ခံမနေပါနဲ့တော့ဗျာ၊ ကျုပ်တို့ အဲဒီကျွန်းကို သွားဖို့ ကြိုးစား ကြတာပေါ့"

"အင်းလေး ဒီနည်းပဲ ရှိတော့တာပဲ၊ လုပ်ကြတာပေါ့"

သူ့စကားနောက်မှ လုပ်ကြတာပေါ့ဟု ပြောလိုက်မိသော် လည်း ကျွန်ုပ်တွင် လုပ်ရန်နည်းလမ်းမရှိသေး။ သို့သော် စိတ်ထဲ



တွင် ကိုထွန်းလူ ကြံပါလိမ့်မယ်ဟု ကြိုတွေးထားပြီးသားဖြစ် သည်။ သူသည် စာရေးစက္ကူနှင့်ဖေါင်တိန်ပင်န်ကို လှမ်းယူကာ စာတစ်စောင်ရေးနေရင်း . .

"ကျုပ်တို့ ကိုကျော်ဇောဆီ စာပို့ရမယ်၊ သူ့ဆီက လမ်းညွှန် ချက်နဲ့လိုက်ရင်း အဲဒီကျွန်းကို ရောက်မှာပဲ"

"ကိုကျော်ဇောဆီ ဘယ်လိုစာပို့မလဲဗျ"

ကိုထွန်းလူ ယဲ့ယဲ့ပြုံးသည်။

"သူ ကျုပ်တို့ဆီပို့တဲ့နည်းနဲ့ ပို့ရမှာပေါ့ဗျာ၊ ထမင်းကျန်နဲ့ ပေါင်မုန့်တွေ ဖွဲ့ပြုပြီး ဝရံတာမှာ ချထားပေးဗျာ၊ ခိုကလေး တွေ လာစားမှာပဲ"

ကျွန်ုပ် သူ့ကို ဘာမှ ပြန်မပြောလိုက်တော့ပါ။ သူပြောသည့် အတိုင်း လုပ်ရန်သာရှိတော့သည်မို့ ပေါင်မုန့်အပဲ့ကလေးများနှင့် ထမင်းကျန်များ ဝရံတာလက်တန်းပေါ်တွင် တင်ထားပေးလိုက် သည်။ ကျွန်ုပ်လည်း ထိုင်စောင့်ကြည့်မနေတော့ဘဲ စာဖတ်ခန်း တွင်း၌ စာအုပ်တစ်အုပ် ဖတ်ရင်း အချိန်ဖြုန်းနေလိုက်တော့ သည်။

မေ့ခနဲ ဖြစ်သွားသည်ဟု ထင်မိပါသည်။ နိုးလာတော့ ညနေသုံးနာရီကျော်ပြီ။ ခိုကလေးများ ချထားပေးခဲ့သော အစာ ကို စား၊ မစားသိလို၍ ဝရံတာသို့ ထွက်ကြည့်မိ၏။

"ဟာ ခိုတွေ အများကြီးပါလား ကိုထွန်းလူ"

အစာစားနေသော ခိုများနဘေးတွင် ကိုထွန်းလူ ပေါင်မုန့် တစ်လုံးကို ဖွဲ့လိုက် ပစ်ကျွေးလိုက်ပြုလုပ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နိုးလာပြီလား ကိုအောင်ပွင့်၊ ခင်ဗျား ချပေးခဲ့တဲ့ အစာပြတ်သွားလို့ ကျုပ် ဆက်ကျွေးနေတာလေ၊ ဟောဟို စာအုပ်ကြားမှာ ကျုပ်ရေးထားတဲ့စာ ခိုကလေးတွေရဲ့ ခြေထောက်မှာ အဆင်ပြေပြေချည်လို့ရအောင် ခေါက်လိုက်ဗျာ"

စာအုပ်ကြားမှာ စာရွက်ပိုင်းတလေးကို ထုတ်ယူဖတ်ကြည့်မိ၏။

"KZ

သူ့ကို မိပြီ၊ သက်သေအတွက် ကျုပ်လာမယ်

လမ်းညွှန်ပါ. . .။

HL

"ဒါပဲလားဗျ ခင်ဗျားစာက"

"လိုရင်းတိုရှင်းပေါ့ဗျာ၊ ကဲ ခေါက်ပြီးရင်လည်း ကျုပ်ကို ပေး၊ ဟောဟိုက ခိုပြာလေး ခြေထောက်မှာ ချည်ပေးလိုက်မယ်"

ကျွန်ုပ် ခေါက်ရိုးသေးသေးကလေး ခေါက်လိုက်ပြီး ပလပ်စတစ်အပိုင်းကလေးနှင့် ထပ်ပတ်လိုက်ပါသည်။ မိုးရေ ရာသီ ဥတုဒဏ်ခံနိုင်ရန်ဖြစ်၏။

ကိုထွန်းလူက ထိုစာရွက်ခေါက်ကို ခိုကလေးတစ်ကောင်၏ ခြေထောက်တွင် သေသေချာချာချည်နှောင်ပြီး နှုတ်မှလည်း တဖွဖွပြောနေသည်။ အတန်ကြာအောင် ပြောဆိုမှာကြားပြီးမှ ခိုကလေးကို လွှတ်ပေးလိုက်လေ၏။



"သွားတော့ ခိုကလေးရေ၊ မင်း ဘေးမသီရန်မခဘဲ ကျွန်းတစ်ကျွန်းပေါ်က ကိုကျော်ဇောလက်ထဲကို ရောက်ပါစေကွာ"

သူ အနီးရှိ ပက်လက်ကုလားထိုင်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

ခိုကလေးသည် သူ့လက်မှ လွတ်သည်နှင့် မျက်နှာမူရာကောင်းကင်ဆီသို့ တဟုန်ထိုးပျံပြေးသွားလေ၏။

"အမှန်တရားကို နတ်သိကြားတွေ စောင့်ရှောက်ပါတယ်ဗျာ၊ ကျုပ်တို့ရဲ့ မှန်ကန်တဲ့ လုပ်ရပ်ကြောင့် ဒီခိုကလေးဟာ ကိုကျော်ဇောဆီ ချောချောမောမော ရောက်သွားမှာပါ"

"ဟာ သေချာလို့ချည်လား၊ ကိုထွန်းလူရဲ့"

"သေချာတယ် ကိုအောင်ပွင့်၊ ဒါဟာ ကျုပ်က ပြောတာ မဟုတ်ဘူး၊ ကျုပ်ရဲ့ သစ္စာက ပြောနေတာ"

သူ့စကားကြောင့် ကျွန်ုပ် ကြောင်တောင်တောင်ကြီးကြည့်နေမိသွားသည်။ သည်ကိစ္စမှာ မည်သည့်အတွက် သစ္စာက ပြောနေရသနည်း။

"ဘာသစ္စာလဲ အိုင်ဆေး၊ ခင်ဗျားက ကျုပ်မေးတာကို စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူးဗျာ၊ ဘာသစ္စာလဲဆိုတာ ကျုပ် ပြောပြပါ့မယ်၊ ဒါပေမယ့် ခင်ဗျား ကော်ဖီနှစ်ခွက်လောက်နဲ့ ပေါင်မုန့်ထောပတ်သုတ်ကလေး လုပ်ပေးပါလားဗျာ၊ အဲဒါလေး စားရင်းပြောကြတာပေါ့"

"ကောင်းပါပြီဗျာ ကောင်းပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ကော်ဖီနှစ်ခွက်နှင့်ပေါင်မုန့်ထောပတ်သုတ်လေးချပ် လုပ်ကာ ကိုထွန်းလူဆီ ပြန်ရောက်လာသည်။ သူက ကျွန်ုပ်ကို ပြုံးပြုံးကြီးကြည့်ကာ . .

"တယ်မြန်ပါလား ဗျ"

"မြန်ဆို ခင်ဗျားရဲ့ သစ္စာအကြောင်းက ကျုပ်စိတ်ကို ဆွဲဆောင်ထားတော့ မြန်တော့တာပေါ့ဗျာ၊ ကဲ ခင်ဗျားသစ္စာအကြောင်း စ, တော့ဗျာ"

"ကောင်းပြီလေ၊ ကျုပ် ပြောတော့မယ်ဗျာ"

ကိုထွန်းလူလည်း ကော်ဖီနှင့် ပေါင်မုန့်ထောပတ်ကို စားသောက်ပြီးမှ သူ့စကားကို ပြန်စလေသည်။

"သစ္စာအကြောင်းကို ပြောဖို့ဆိုရင်တော့ ပရိတ်ကြီး (၁၁) သုတ်ထဲက ဝဋ္ဋသုတ်ပရိတ်တော်ကို ဦးဆုံးပြောရလိမ့်မယ်ဗျ၊ သစ္စာဆိုတာ မှန်သောစကားကို ဆိုခြင်းလို့ပဲ အနက်ဖွင့်ရမှာပေါ့၊ အခါတစ်ပါးမှာ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးဟာ မာဂဓတိုင်းကို ဒေသစာရီကြွတော်မူတယ်၊ မာဂဓရွာကလေးတစ်ရွာမှာ ဆွမ်းခံကြွ ဆွမ်းဘုန်းပေးပြီး နောက်ပါရဟန်းများနဲ့အတူ ဆက်လက်ကြွချီလာကာ တောမီးလောင်နေတာနဲ့ ဆုံပါလေရော၊ ဘုရားရှင်ဟာ ရဟန်းအပေါင်းခြံရံပြီး တစ်နေရာမှာ ရပ်နေတော်မူတဲ့အခါ အရှိန်ပြင်းတဲ့တောမီးဟာ ဘုရားရှင်ရပ်နေတဲ့ နေရာရောက်တဲ့အခါ မီးငြိမ်းသွားပါလေရောတဲ့။ မြတ်စွာဘုရားက ဤသို့ တောမီးငြိမ်းခြင်းဟာ ရှေးကပြုခဲ့ဖူးသော သစ္စာ၏



အစွမ်းကြောင့်သာဖြစ်ကြောင်း ဘဒ္ဒကပ် ကမ္ဘာပတ်လုံး ဤအရပ်၌ မီးမလောင်နိုင်ကြောင်း မိန့်တော်မူ၏"

သူ စကားကို ရပ်လိုက်သည်။ ကျွန်ုပ် ဘယ်မှ စိတ်ဝင်စားမှုရှိသည် မရှိသည်ကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်ပြီး ယက်ကျန်ကော်ဖီကို သောက်ချလိုက်လေသည်။ ပြီးမှ သူ့စကားတို ဆက်ပြော၏။

"အဲဒီအခါမှာ ရဟန်းတွေက အဲဒီသစ္စာရဲ့ အတိတ်ဇာတ်ကြောင်းကို ဟောပြောဖို့ လျှောက်ထားကြတော့ ဝဋ္ဋသုတ်ကို ဟောကြားတော်မူခဲ့တယ်၊ တိုတိုပြောရရင် မြတ်စွာဘုရားရှင်ငုံးမျိုးမှာ ဖြစ်ရစဉ်က ဘုရားအလောင်းငုံးငှက်ကလေးဟာ အသိုက်မှာနေရပြီး အစာကို မိဘက ခွံ့ကျွေးနေရတဲ့အခါပေါ့ဗျာ၊ အဲဒီအရပ်မှာ နှစ်တိုင်းတောမီးလောင်လေ့ရှိလေတော့ တစ်နေ့မှာ တောမီးလောင်ပါလေရော၊ ငှက်တွေလည်း သေဘေးက လွတ်မြောက်ဖို့ အသိုက်ကနေ အသီးသီးပြေးကြတယ်၊ ဘုရားလောင်းခမျာ အသိုက်မှာ ဝပ်လျက်ကျန်ခဲ့ရရှာတယ်၊ တောမီးကနေ ဘယ်လိုမှ မလွတ်နိုင်သောကြောင်း တွေးမိတဲ့အခါ သီလကျေးဇူး၊ သစ္စာကျေးဇူး၊ သီလ၊ မေတ္တာဂုဏ်ရှိသော တရားတို့ဖြင့် အတုမရှိ မြတ်သော သစ္စာပြုရန် သတိပြုမိလိုက်ပါတယ်၊ ဒါကြောင့် ဘုရားလောင်းဟာ လွန်လေပြီးသောအခါ၌ ပရိနိဗ္ဗာန်ပြုပြီး ကုန်သော ဘုရားရှင်တို့၏ ကျေးဇူးတော်ကို ဆင်ခြင်ကာ

www.burmeseclassic.com

www.burmeseclassic.com



မိမိ၌ထင်ရှားသော သစ္စာသဘောကို အာရုံပြု၍ မိမိ၌ အတောင်တို့သည် ရှိ၏၊ သို့သော် ကောင်းကင်သို့ မပျံနိုင်ခဲ့၊ မိမိ၌ ခြေတို့သည် ရှိကုန်၏၊ သို့သော် ကြွ၍ သွားလာနိုင်ခြင်းမရှိခဲ့၊ မိဘတို့သည်လည်း စွန့်ပြေးသွားကြကုန်ပြီ၊ ဤအဖြစ်တို့သည် မှန်ကန်ကြ၏။ ဤမှန်သော သစ္စာစကားကြောင့် အို. . . တောမီး ဤအရပ်မှ ကွင်းရှောင်လေတော့ ဘုရားလောင်းဟာ အဲဒီသစ္စာကို ပြုတယ်ဆိုရင်ပဲ တောမီးဟာ ဘုရားလောင်းရဲ့ ၃၂-ပေအကွာမှာ ရေထဲနစ်တဲ့ မီးရှူးလို ငြိမ်းသွားပါလေရော”

“ဒါ ခင်ဗျား မကြာခဏရွတ်နေတဲ့ ငုံးမင်းပရိတ်တော် မဟုတ်လား”

ဤပရိတ်တော်ကို ကိုထွန်းလူက ပါဠိရော အနက်ပါ တစ်ခါတစ်လေ နေ့စဉ် သို့မဟုတ် တစ်ရက်ခြားရွတ်ဖတ်ပူဇော်မြဲဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်ကြားဖူးနေခြင်းဖြစ်၏။

“ဟုတ်တယ် ကိုအောင်ပွင့်၊ ဒါဝဋ္ဋသုတ်တော်အကြောင်းပဲ ဒီသုတ်တော်ဟာ လောင်နေတဲ့ မီးကို တားနိုင်သလိုသော မီး၊ ဒေါသမီး အစရှိတဲ့ ဆယ့်တစ်ပါးသော မီးအပူတို့ ခံစားရတဲ့အခါ ရွတ်ရင်လည်း သောကကင်းဝေးနိုင်တယ်ဗျ အဲဒါ မီးအပူကို သစ္စာနဲ့ အနိုင်ယူတာပဲ၊ နောက်သစ္စာတစ်ခု က ကောသလတိုင်း၊ သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်မှာ ဗုဒ္ဓမြတ်စွာ သီတင်းသုံးနေခိုက် ကောသလတစ်တိုင်းလုံး



မိုးခေါင်လို့ ချောင်း၊ မြောင်း၊ အင်း၊ အိုင်တွေ ခမ်းခြောက်၊ ကောက်ပဲသီးနှံတွေ ပျက်စီးခြင်းဖြစ်တာမို့ ဘုရားရှင်ဟာ သတ္တဝါများကို ကယ်ဖို့ မဟာဂရုဏာတော်ဖြစ်တော်မူခဲ့တယ်”

“ဒါကြောင့် ဘုရားရှင်ဟာ ရေသပ္ပါယ်တော်မူမယ်ဆိုပြီး ရှင်အာနန္ဒာကိုရေသ နုတ်တော်ယူခိုင်းလို့ ရှင်အာနန္ဒာက ယူလာတဲ့အခါ ဇေတဝန်ကန်မှ ရေချိုးမယ်ဆိုပြီး စောင်းတန်းမှ ရပ်တော်မူတယ်. . .

ဒီတော့ သိကြားမင်း ကျောက်ဖျာတင်ပြီး မိုးနတ်သားကို မိုးရွာစေခဲ့တယ်၊ ကောသလတစ်တိုင်းလုံး မိုးကြီးသည်းစွာရွာ၍ ရေသတ္တဝါတို့ ချမ်းသာရပြီး ကောက်ပဲသီးနှံတို့လည်း ဖွံ့ဖြိုးလန်းဆန်းလာခဲ့ရတယ်၊ ဒီအတိတ်ဇာတ်မှာ ဘုရားအလောင်းဟာ “အို . . . မိုးနတ်မင်း၊ ငါနှင့်ဆွေမျိုး ငါးအပေါင်းတို့ ဆင်းရဲလှသည်။ သီလရှိသော ငါသည် ဆင်းရဲနေပါလျက် အဘယ်ကြောင့် မိုးမရွာစေသနည်း။ ငါသည် ဇာတ်တူဖြစ်သော သတ္တဝါတို့ကို စားတတ်သော အမျိုးဖြစ်ပါ၍ ဆန်လုံးပမာဏရှိသော ငါးကိုပင် စားဖူးခဲ့ခြင်းမရှိ၊ ငါသည် တစ်ပါးသော သတ္တဝါတို့၏ အသက်ကိုလည်း မသတ်ခဲ့ဖူးပါ။ ဤမှန်သော သစ္စာစကားကြောင့် မိုးကိုရွာစေလျက် ဆွေမျိုးအပေါင်းနှင့်တကွ ငါ့ကို ဆင်းရဲခြင်းမှ လွတ်စေတော့” ဟု သစ္စာဓိဋ္ဌာန်ပြုရာ မိုးကြီးသည်းစွာရွာ၍ သတ္တဝါတို့ ချမ်းသာရကြတယ်. . .

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . သစ္စာရဲ့တန်ခိုးဟာ တကယ့်ကိုကြီးမားတာပဲဗျ နော်"

"ဒါတင်မကသေးပါဘူး၊ သစ္စာကြောင့် သုဝဏ္ဏသာမဇာတ်တော်မှာ သုဝဏ္ဏသျှံမင်းသားလေး အသက်ဘေးက လွတ်ခဲ့ရတယ်၊ လောကမှာ ဘယ်ခေတ်၊ ဘယ်အခြေအနေရောက်နေပေမယ့် သစ္စာဆိုတာ တည်မြဲလျက်ပဲဗျ ကိုအောင်ပွင့်ရ"

"ကျုပ် ယုံကြည်ပါတယ် ကိုထွန်းလူ"

"ကျုပ်တို့ဟာ လူတွေရဲ့ အသက်တွေ ဘဝတွေအတွက် ဒီအမှုကို မှန်ရာ ဖော်ထုတ်ရတာ ဒီသစ္စာမှန်တဲ့အတွက် ကျုပ်တို့စာဟာ ကိုကျော်ဇောဆီ ချောချောမောမော ရောက်သွားမှာ သေချာပါတယ်ဗျာ"

xxxxx

တစ်ပါတ်ခန့်ကြာသော် ခြေတွင် စာလိပ်ကလေးချည်ထားသော ခိုကလေးတစ်ကောင် ခရံတာ၌ လာနားလေသည်။ ကျွန်ုပ်တို့ လွှတ်လိုက်သော ခိုပြာကလေးပင်ဖြစ်၍ ကျွန်ုပ်စိတ်ထဲမှာ ပို့လိုက်သော စာမရောက်ဘဲ ကျွန်ုပ်ထံ ပြန်ရောက်လာသည်ဟု ထင်ကာ ခိုကလေးကို ဖမ်းပြီး ခြေမှ စာလိပ်ကို ကမန်းကတန်း ဖြေကြည့်မိပါသည်။

" H.L

သဏ္ဍာယ်သောင်မှ မြောက်စူးစူးသို့ တစ်နာရီ၊ ထိုမှ လက်ျာသို့တစ်နာရီခွဲ. . . . ထိုမှ အရှေ့စူးစူးသို့ သုံးနာရီ. . ဦးစွာ တွေ့သောကျွန်း. . "

စက်ကောင်းသော မော်တော်ကို သုံးပါ

**K.Z**



"ဟာ ဒါ ကိုကျော်ဇောရဲ့စာပဲ ကိုထွန်းလူဗျို့၊ ကိုထွန်းလူ ဟောဒီမှာ ကိုကျော်ဇောဆီက စာပြန်လာပြီဗျို့"

ကျွန်ုပ်ဝမ်းသာအားရဖြင့် စာကို ကိုထွန်းလူလက်သို့ ပေးလိုက်သည်။

ကိုထွန်းလူက မည်သို့မှ ထူးခြားဟန်မပြ စာရွက်ကလေးကို မမှိတ်မသုန် စိုက်ကြည့်နေ၏။ ကြည့်ချိန် ငါးမိနစ်ခန့်ကြာသည်ဟု ထင်ပါသည်။ ထိုအခါမှ . .

"ကျုပ်ကို မီးခြစ်ခဏပေးပါ ကိုအောင်ပွင့်"

ကျွန်ုပ် အမြဲဆောင်လေ့ရှိသော မါတ်မီးခြစ်ကို ထုတ်ပေးလိုက်ရာ သူ့လက်တွင်းရှိစာကို မီးရှို့လိုက်လေတော့သည်။ ကျွန်ုပ်ကြောင်ကြည့်နေရာမှ ကမန်းကတန်း လှမ်းဆွဲလိုက်သော်လည်း မမှီတော့ပါ"

"ဟော့လူ ဒါ ဘာလုပ်တာလဲ ဗျ"

"မီးရှို့တာလေဗျာ၊ ဒီ ခရီးစဉ်ကို ခင်ဗျားလည်း ဖတ်ပြီးပြီ၊ ကျုပ်လည်း ဖတ်ပြီးပြီ၊ အဲဒီတော့ ဘာလိုသေးလဲ၊ စာရွက်အတိုင်းရှိနေရင် တခြားလူတွေ သိကုန်မှာပေါ့"

"ဟာ ကျုပ်က ဖတ်တယ်ဆိုပေမယ့် မမှတ်မိဘူးဗျ"

"မပူပါနဲ့ ကိုအောင်ပွင့်ရာ၊ ကျုပ် အလွတ်ကျက်ထားလိုက်တာပါ၊ ကဲ လာဗျို့ ကျုပ်တို့ခရီးထွက်ဖို့ကိစ္စ စီစဉ်ရအောင်"

"ကိုဘတင့်ရော"

"သူလည်းပါရမှာပေါ့၊ ဒီကိစ္စမှာ သူကဇာတ်လိုက်လေဗျာ၊ သူ့ကိုပါခေါ်သွားပြီး ကြည့်စေမှ ရုံးတော်မှာ သူပြောလို့ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့နှစ်ယောက် ကမ်းနားသို့ ထွက်လာကြသည်။ ခိုင်ခန့်၍ စက်ကောင်းသော မော်တော်တစ်စင်းကို ရှာရန်ဖြစ်၏။ မော်တော်ကိုရှာဖွေငှားရမ်းပြီးမှ ရိက္ခာများတင်ရမည်။ ထို့နောက် လိုအပ်သော ပစ္စည်းများဝယ်ခြမ်းရအုံးမည်။

တစ်နာရီခန့်လိုက်လံရှာဖွေရာ မော်တော် (၇) စီးတွေ့ရသည်။

ထိုမော်တော်များထဲမှ အကောင်းဆုံးမော်တော်နှစ်စီးကို ရွေးချယ်ခဲ့၏။ ဈေးသက်သာသော "ပပဝင်း" ဆိုသည့် မော်တော်ကို ငှားရမ်းလိုက်ပါသည်။

"ဘယ့်နှယ်လဲ ကိုအောင်ပွင့် ဒီမော်တော် ကြိုက်ရဲ့လား"

"ဒီကိစ္စမှာ ခင်ဗျားက ပိုနားလည်ပါတယ် အိုင်ဆေးရား ခင်ဗျားသဘောကျရင် ပြီးတာပဲ"

"ကဲ မော်တော်ကိစ္စတော့ ပြီးပြီဗျာ၊ သွားကြစို့၊ ကိုဘတင့်ကို အကြောင်းကြားပြီး ပြင်ဆင်သင့်တာ ပြင်ဆင်လို့ရအောင် လုပ်ထားရမယ်၊ နောက်ပြီး ဓါတ်ပုံမှတ်တမ်းတင်ရအောင် ကင်မရာတစ်လုံးလည်း ရှာရမယ်ဗျာ"

ကျွန်ုပ်တို့နှစ်ယောက် ကမ်းနားမှ ပြန်လာခဲ့ကြပြီး ကိုဘတင့်ရှိရာ စီအိုင်ဒီဝင်းအတွင်းသို့ လာခဲ့ကြသည်။ ယူနီဖောင်းတကားကားနှင့် ကြွကြွရွရွဖြစ်နေသော ကိုဘတင့် စကြံန်အတိုင်း လျှောက်လာရင်း ကျွန်ုပ်တို့ကို လှမ်းတွေ့သွားသည်။

"ဟဲလို ဆရာတို့၊ ကျွန်တော့်ဆီ သာကြတာမှတ်တယ်"



"ဟုတ်ပါတယ် ကိုဘတင့်၊ ကျုပ်တို့ မော်တော်ငှားပြီးပြီ၊ မနက်ဖြန်တစ်ရက် ရိက္ခာအတွက် ပြင်ဆင်ပြီး သဘက်ခါ မနက်စောစော ရန်ကုန်ဆိပ်ကမ်းက ခွာကြမယ်၊ အဲဒါ ခင်ဗျား ပြင်ဆင်ထားဖို့လာပြောတာဗျ"

ကျွန်ုပ်စကားကြောင့် ကိုဘတင့် လွန်စွာအားနာသွားပုံဖြင့်

"ဟာ ဆရာတို့က လာပြောရတယ်လို့ဗျာ၊ ကျွန်တော် ညနေဘက် ဆရာတို့ဆီလာမှာပဲ၊ အဲဒီကြမှ ပြောလည်းဖြစ်တာပါပဲဗျာ"

"ရပါတယ်ဗျာ၊ ကျုပ်တို့နဲ့ ကိုဘတင့်က လုပ်ဖော်ကိုင်ဘက်တွေဖြစ်သွားပြီပဲ၊ တစ်ယောက်နဲ့တစ်ယောက် တွက်ကပ်စရာမလိုပါဘူး"

ကျွန်ုပ်တို့သုံးယောက် စီအိုင်ဒီရုံးဝင်းအတွင်းရှိ ကာကာဆိုင်တွင် ထိုင်ဖြစ်ကြသည်။ ကိုဘတင့်က လက်ဘက်ရည်နှင့် မုန့်များ သွားမှာပြီး စားပွဲသို့ ဝင်ထိုင်လိုက်ရင်း မလုံမလဲ မျက်နှာဖြင့် ပြောလာ၏။

"ဆရာတို့က ကျွန်တော့်ကို ရှေ့တန်းတင်လို့သာ ပါလာရတာ၊ တကယ်တော့ . . . ကျွန်တော်က ဘာမှလုပ်ရတာလဲ မဟုတ်ဘူး၊ ကိုယ့်လိပ်ပြာတောင် ကိုယ်မလုံချင်ပါဘူး ဆရာရယ်"

"ဟင်း . . ဟင်း . . ဟင်း . . လိပ်ပြာမလုံ့မဖြစ်ပါနဲ့ ကိုဘတင့်ရာ၊ ဒီအမှုမှာ ကျုပ်ဖော်ထုတ်လို့ပေါ်တယ်ဆိုရင်တောင် အမှုပေါ်သွားတာပဲရှိမယ်၊ ဒီအတွက် အကျိုးအမြတ်

www.burmeseclassic.com

www.burmeseclassic.com



ရစရာမရှိဘူးလေ၊ ခုဆို ခင်ဗျား ဖမ်းတာပါ ခင်ဗျား ဖော်ထုတ်တာပါဆိုတဲ့အတွက် အမှုလည်းပေါ် ခင်ဗျားလည်း အကျိုးရှိ ဘယ်နှယ့် တစ်ချက်ခုတ် နှစ်ချက်ပြတ်တာပေါ့ဗျာ"

ကိုထွန်းလူပြောသမျှကို ကိုဘတင့် ရိုသေစွာ နားထောင်နေရှာသည်။ သူ့မျက်လုံး သူ့မျက်နှာတွင် ကိုထွန်းလူအပေါ် ကြည်ညိုလေးစားမှုများ ပြည့်နှက်နေ၏။

"ဒါဟာလည်း ခင်ဗျားမို့လို့ ကျုပ် လွှဲပေးမိတာပါ။ အကယ်၍ လပွတ္တာဌာနက ဌာနအုပ် ကိုကျော်သောင်းဆိုရင် ကျုပ် ဘယ်လွှဲပေးပါ့မလဲ၊ သူ့စိတ်က အထက်ဖါး အောက်ဖိ ဗျူရိုကရက်စိတ်နဲ့ သူ့ကို ရာထူးကြီးတွေပေးမိရင် ကျုပ်တို့ အမျိုးသားတွေ ပိုဒုက္ခရောက်ရမှာပေါ့၊ ကျုပ်အမြင် ခင်ဗျားဟာ မြန်မာဆိုတာ မမေ့တတ်သလို မျိုးချစ်စိတ်ဓာတ် ရှိနေသေးတယ်လို့ ယူဆလို့ပဲ ကိုဘတင့်"

ကိုဘတင့်သည် အလွန်ရိုသေလေးစားဟန်ဖြင့်

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဆရာရဲ့ အခုစိတ်ဓာတ်ကို သိရတာနဲ့တင် ကျွန်တော် နဂိုရှိရင်းထက် ပိုလေးစားသွားရပါတယ်၊ ကျွန်တော့်ကိုလည်း တပည့်ရင်းတစ်ယောက်လို့ မှတ်ပါ၊ ဆရာ. . ကျွန်တော့်တစ်သက် ဆရာ့တစ်သက် ဆရာ့ကိစ္စကို ကျွန်တော်အသက်စွန့် ဆောင်ရွက်ပါ့မယ်"



"သာဓုဗျာ. . သာဓု. . . သာဓု. . ခင်ဗျား ခုလောက်ပြောတာတင် ကျုပ် အားရပါတယ်၊ ခင်ဗျားထိခိုက်နစ်နာမယ့် အကူအညီမျိုးလည်း ကျုပ် မယူပါဘူးဗျာ"

ကျွန်ုပ် ကော်ဖီသောက်ပြီးသွားပြီ. . . .

ကိုထွန်းလူလည်း သူ့လက်ဘက်ရည်ခွက်ကို အကုန်မော့ချလိုက်လေ၏။ စကားလက်စလည်း သပ်ပြီမို့ ကျွန်ုပ်ထိုင်ရာမှ ထပြီး. . .

"ကဲ ကိုဘတင့်ရေ သဘက်ခါမနက် ခရီးထွက်ဖို့သာ ပြင်ထားလိုက်ပေတော့၊ ကျုပ်တို့ ပပဝင်းမော်တော် မနက်ခြောက်နာရီတိတိ ရန်ကုန်ကနေ ထွက်မယ်"

"ကျွန်တော် မနက်ဖြန်ည ဆရာတို့အခန်းမှာ လာအိပ်မယ်လေ ဆရာ"

"ကောင်းတယ်၊ ဒါ အဆင်ပြေတာပေါ့။ ကျုပ်တို့ သွားကြမယ် ကိုဘတင့်"

"ဟုတ်ကဲ့ပါ ဆရာ မနက်ဖြန်ညနေ ရောက်အောင်လာခဲ့ပါ့မယ်"

ကျွန်ုပ်တို့နှစ်ယောက် ကိုဘတင့်ကို နှုတ်ဆက်ထွက်ခွာလာချိန်မှာ မွန်းလွဲချိန်ဖြစ်နေပြီ။

×××××

www.burmeseclassic.com

www.burmeseclassic.com



မွန်းလွဲနှစ်နာရီကျော်ပြီ။

ကိုထွန်းလူသည် မော်တော်ဦးမှ ရပ်ကာ ကမ်းမမြင် လမ်းမမြင် ပင်လယ်ကြီးကို ငေးကြည့်နေ၏။ သူ့လက်တွင်းမှ နာရီကိုလည်း မကြာခဏ ကြည့်နေသည်။ လက်ျာဘက်သို့ တစ်နာရီခွဲ မောင်းလာသော ခရီးမှာ အချိန်မပြည့်သေး။ ကျွန်ုပ်က သူ့နောက်နားကပ်လျက်မှရပ်ကာ သူနှင့်တူ ပင်လယ်ပြင်သို့ ကြည့်လျက်လိုက်လာနေမိသည်။

ကိုဘတင့်တစ်ယောက် မော်တော်ဝမ်းထဲတွင် ငိုက်မြည်းလျက် လိုက်ပါလာသည်။ ကျွန်ုပ်တို့ မနက်ခြောက်နာရီကတည်းက မော်တော်ထွက်လာခဲ့သည်မှာ ပင်လယ်ပြင်တွင် လေးနာရီခန့်ရှိပြီ။

"စက်ဆရာ အရှေ့စူးစူးကို ကွေ့လိုက်တော့"

ကိုထွန်းလူက သူ့လက်တွင်းရှိ သံလိုက်အိမ်မြှောင်ကို ကြည့်ကာ အရှေ့စူးစူးသို့ ညွှန်ပြလိုက်သည်။ စက်ဆရာက သူညွှန်ပြရာ အရှေ့စူးစူးကို တဖြည်းဖြည်း ချိုးကွေ့လိုက်သည်။

"ဒီအတိုင်းသာ တည့်တည့်မောင်းတော့ဗျာ၊ တစ်စုံတစ်ခု ကျွန်းတို့ ကမ်းတို့ တွေ့ရင် ကျုပ်တို့ကို အသိပေး၊ ကျုပ် ခဏနားလိုက်ဦးမယ်၊ လာဗျ ကိုအောင်ပွင့်၊ အမိုးအောက်မှ ခဏနေကြဦးစို့၊ ၃နှစ်နာရီ သုံးဆယ့်ငါးနော်၊ နောက်ထပ် သုံးနာရီ ပေါင်းရင် ငါးနာရီ သုံးဆယ်ငါး ကျွန်းအရောက် သုံးနာရီဆိုတော့ ငါးနာရီကျော်မှ ရောက်မှာ"



ကိုဘတင့်နဘေး၌ ကျွန်ုပ်တို့နှစ်ယောက် မြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

ကိုထွန်းလူက သူ့လက်ကိုင်တုတ်၏ လက်ကိုင်နေရာအရင်းမှ ဘုကလေးကို နှိပ်လိုက်ရာ ဟ,သွား၏။ လက်ကိုင်ရိုးမှ ဆွဲထုတ်လိုက်သောအခါ လွန်စွာထက်သော ဓါးတစ်လက်ကိုတွေ့ရ၏။ အသွားအရှည်တစ်ထောင့်ထွာခန့်ရှိပြီး အပြားလိုက်လှုပ်လိုက်လျှင် ကော်ပြားကလေးလို တဖျတ်ဖျတ် လှုပ်ခါနေသည်။ လွန်စွာပါးလှ၍ စတီးရောင်လက်နေသော ဓါးပြားဖြစ်သည်။

"ဟာ ခင်ဗျား ဓါးက ထက်ကောထက်သေးရဲ့လားဗျ၊ ပါးလွန်းတော့ ခုတ်ရတာ အားတောင်ရှိပါ့မလားလို့"

"အမှန်တော့ ဓါးတစ်လက် ထက်မထက်ဆိုတာ ခုတ်သူရဲ့ အားပေါ်မှာလည်း မူတည်သေးတယ်ဗျ၊ ဒါပေမယ့် ကျုပ် ဓါးက အားမလိုဘူး၊ ဟောဒီမှာကြည့်"

သူ ဓါးသွားကို ပက်လက်လှန်လိုက်သည်။

ထို့နောက် သူ့ခေါင်းမှ ဆံပင်သုံးလေးချောင်းကို ဖျတ်ခနဲနှုတ်ပြီး ဓါးသွားပေါ်တင်ကာ လေနှင့်မှုတ်လိုက်၏။ လေမှုတ်သည့် အရှိန်ကြောင့် ဆံပင်ကလေးများ တိခနဲ ပြတ်ကျသွားလေသည်။ ကျွန်ုပ် တအံ့တဩဖြစ်ကာ သူ့မျက်နှာကို လှမ်းကြည့်မိ၏။ ပြီးမှ ဓါးကို တစ်ချက်ဝှေ့ခနဲ လှည့်ပတ်ကာအားပြီး ဓါးအိမ်ထဲပြန်ထည့်လိုက်၏။ ထိုအခါ အရှည်တစ်တိုက်ခန့်ရှိသော လက်ကိုင်တုတ်အဖြစ် တွေ့နေရသည်။ ကျွဲဟုတ်ကောက် အတွင်း၌ ဓါးပါသည်ကို မည်သူမျှ သတိထားမိမည် မဟုတ်ပါ။

www.burmeseclassic.com



"ကျုပ်လက်ထဲမှာ ဒီတုတ်ကောက်ရှိရင် တော်ရုံလူ လေးငါးယောက်လောက်ကတော့ အသာလေးပါဗျာ"

"ဟင်း. . . ဟင်း. . ကျုပ်ကတော့ ခင်ဗျား တုတ်ကောက်နဲ့ မဖြစ်ပါဘူးဗျာ၊ သေနတ်ကြပြန်တော့လည်း ပစ်ရမှာ မဝံ့မရဲကြီးဗျ"

ကိုထွန်းလူ ခပ်ယဲ့ယဲ့ပြုံးပြီး

"ဒါ မဆန်းပါဘူး ကိုအောင်ပွင့်၊ ခင်ဗျားက သေနတ်ကို အစမ်းသဘောတောင် မပစ်ဘူးတော့ ဒီလိုပဲပေါ့ဗျာ၊ ဘယ်ဝံ့ပါ့မလဲ၊ ပစ်လိုက်လို့ ချက်ကောင်းထိသွားရင် သေမယ်ဆိုတာ သိနေပြန်တော့ ပိုဆိုးတာပေါ့၊ ဒါပေမယ့် ခင်ဗျားစိတ်ထဲမှာ သိထားဖို့က သေနတ်နဲ့ခင်ဗျားနဲ့ တွေ့လိုက်တဲ့အခါ ဟန်ကိုယ့်ဖို့ပဲ၊ ကိုယ့်ဘက်က ဟန်မကောင်းရင် တစ်ဖက်လူက သေနတ်ကိုရော ခင်ဗျားကိုရော ကြောက်မှာမဟုတ်ဘူး၊ ခင်ဗျားဟန်ကောင်းရင်တော့ တစ်ဘက်လူက သေနတ်ကိုသာမက ခင်ဗျားကိုပါ ကြောက်သွားမှာ သေချာတယ်"

သူပြောသမျှကို နားထောင်ရင်း ကျွန်ုပ် မှေးခနဲ အိပ်ပျော်သွားမိသည်။ မော်တော်စက်သံတဘုတ်ဘုတ်သည် ခတ်ဆတ်ဆတ် သီချင်းတစ်ပုဒ်ကို သီဆိုနေသည့်နှယ်. . .။

လှိုင်းနုကလေးများပေါ်မှာ လူးလွန့်နေသော မော်တော်ကလေးသည် ကျွန်ုပ်တို့ငယ်စဉ်က အိပ်စက်ခဲ့ရသော ဆောင်ပန်းပုခက်ကလေးနှယ် လွန်စွာငြိမ့်ငြောင်းလှ၏။



"ဆရာ. . . ဟိုးရှေ့မှာ တမ်းညိုညိုတွေ့တယ်"

စက်ဆရာ လှမ်းခေါ်၍ ကိုထွန်းလူ မော်တော်ဦးဆီ ခပ်သွက်သွက်ထွက်သွား၏။

အလွန်ဝေးသော တစ်နေရာမှာ ကျွန်းညိုညိုကလေးတစ်ခုကို တွေ့ရသည်၊ သွားလိုသော ခရီးကိုရောက်တော့မည်။

"ရောက်တော့မလား ဆရာ ထွန်းလူ"

ကိုဘတင့် သူ့ကို လှမ်းမေး၏။

"အေးဗျာ ရောက်တော့မယ်၊ ကျွန်းကိုလှမ်းတွေ့နေရပြီ၊ ကိုအောင်ပွင့်ကို နှိုးလိုက်ပါဗျာ"

"ဆရာ ကိုအောင်ပွင့်၊ ထတော့လေဗျာ၊ ရှေ့မှာ ကျွန်းကိုတွေ့နေရပြီ၊ ရောက်တော့မယ်တဲ့ဗျ၊ ဆရာကိုအောင်ပွင့်"

ကိုဘတင့်၏ ခပ်ကျယ်ကျယ်အော်လိုက်သံကြောင့် ကျွန်ုပ်ဆတ်ခနဲ ထ,ထိုင်လိုက်သည်။

"ရောက်ပြီလား ကိုဘတင့်"

"မရောက်သေးဘူး၊ ဒါပေမယ့် ကျွန်းကိုတော့ တွေ့နေရပြီတဲ့"

ကျွန်ုပ်တို့နှစ်ယောက် ကိုထွန်းလူရပ်နေရာ မော်တော်ဦးသို့ထွက်လာခဲ့ကြသည်။

မော်တော်ခန်းမှ ခေါင်းပြူကြည့်လိုက်သည်နှင့် ကျွန်းညိုညိုကို လှမ်းတွေ့နေရပါပြီ။ ကျွန်ုပ်လက်မှ နာရီကိုကြည့်မိသည်။ ၅း၁၀ နာရီကို ညွှန်ပြနေ၏။ ကျွန်းပေါ်ရှိ သစ်ပင်များကိုပင် ပီပီသသ မြင်နေရပါပြီ။

"နောက်ထပ် မိနစ် ၂၀-၄လောက်မောင်းရင် ရောက်ပြီဗျနော်"

www.burmeseclassic.com

www.burmeseclassic.com



"ခုအတိုင်းဆိုရင် သေချာတာပေါ့ဗျာ၊ ကိုကျော်ဇော ပို့လိုက်တဲ့ လမ်းညွှန်ကလည်း မှန်၊ ရာသီဥတုကလည်း မဖောက်ပြန်တော့ အချိန်မှန်ရောက်တာပေါ့"

ကိုထွန်းလူက သူ့လက်ကိုင်တုတ်ကောက်ကို မော်တော်ကြမ်းပြင်ပေါ် ထောက်ကိုင်ထားသည်။ သူ့စကားကို ကြားသော မော်တော်စက်ခန်းမှ စက်ဆရာ ကိုမြင့်က. . . .

"ဟာဆရာတို့ကလည်း ရာသီဥတုမဖောက်ပြန်တာကို ပြောနေတယ်၊ ကျွန်တော့်မော်တော် မချို့ယွင်းတာလည်း ထည့်ပြောဦးလေ ဆရာ. ."

"ဟုတ်ပါတယ် ဗျာ၊ ဟုတ်ပါတယ်၊ ဟောဒီ ပပဝင်းမော်တော်ကလေးကလည်း သဘောမနောကောင်းပြီး စက်ပိုင်းဆိုင်ရာ မချို့ယွင်း စက်ဆရာကလည်း မော်တော်ကို နိုင်နိုင်နင်းနင်း မောင်းနိုင်တော့ ကျုပ်တို့ အချိန်မှီရောက်တာပေါ့"

ကျွန်ုပ်က စက်ဆရာကျေနပ်အောင် လှမ်းပြောလိုက်မှ စက်ဆရာကိုမောင်မြင့် သဘောကျသွားပုံရသည်။

"ကိုအောင်ပွင့်နဲ့ ကိုဘုတင့်၊ ခင်ဗျားတို့ သေနတ်တွေ ကျည်ထိုးပြီး ကိုယ်နဲ့မကွာ ထားကြနော်၊ ကျုပ်သိရသလောက် ပြောရရင် ဒေါက်တာကျော်သာဟာ သစ်ပင်တွေတင်မဟုတ်ဘူး၊ သက်ရှိတိရစ္ဆာန်တွေကိုလည်း စမ်းသပ်မှုတွေ လုပ်ထားတတ်တယ်ဆိုတော့ သေနတ်သုံးမှုဖြစ်လိမ့်မယ်"



"ဟုတ်ကဲ့ပါ ဆရာ၊ ကျွန်တော့်သေနတ်ကတော့ ကျည်ထိုးပြီး အသင့်ပါပဲ၊ ဆရာကိုအောင်ပွင့်ရော အသင့်ပဲလား"

"နေဦးဗျ၊ ကျုပ် သေနတ်က အိတ်ထဲမှာ ချိုင်းကြားမှာထားဖို့ အိတ်လည်း မပါဘူး၊ ဘယ်လိုလုပ်မလဲ ကိုထွန်းလူ"

စက်လှေသည် ကျွန်းကိုဦးတည်ကာ တရွေ့ရွေ့ခုတ်မောင်းနေဆဲ။ တဖြည်းဖြည်း ကျွန်းနှင့်နီးသည်ထက်နီးလာပြီ။ ကိုထွန်းလူက ကျွန်ုပ်ကို ပြုံးပြုံးကြီး လှည့်ကြည့်ရင်း. . .

"ဒီကျွန်းပေါ်မှာ ခင်ဗျား သေနတ်ကို ဝှက်ကိုင်ကိုင် ပြောင်ပဲကိုင်ကိုင် ပြဿနာမရှိဘူးဗျ၊ ခါးကြားသာထိုးလာခဲ့"

ကိုမြင့် စက်မောင်းထားခဲ့ပြီး ကျွန်ုပ်တို့အနီးသို့လျှောက်လာသည်။ မော်တော်ဦးပေါ်တက်ကာ ကျွန်း၏ အခြေအနေကို အကဲခတ်နေ၏။

"ဒီဘက်မှာ ရပ်ဖို့နေရာ အခက်အခဲရှိမယ် ဆရာတို့၊ ကျွန်တော် မော်တော်ရပ်ဖို့ နေရာကောင်းကောင်းရှာလိုက်ဦးမယ်"

"လုပ်ပါ ကိုမြင့်၊ ဒီကိစ္စကြတော့ ခင်ဗျားမှ ပိုနားလည်တာလေ"

ကိုမြင့် စက်ခန်းထဲပြန်ဝင်သွားပြီး ကျွန်းသို့ ဦးတည်ထားသော မော်တော်ကို အနည်းငယ်ကွေ့ဝိုက်ကာ ကျွန်းကို လက်ယာရစ်ပတ်ဝိုက်မောင်းတော့သည်။ အချိန်အနည်းငယ်မောင်းမိတော့ မလှမ်းမကမ်းတွင် ကျွန်းနှင့်တဆက်တည်းလိုဖြစ်နေသော မညီမညာ ကျောက်တန်းတစ်ခုရှိနေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဟိုမှာ ကျောက်တန်းတစ်ခု ကိုမြင့်ရေ၊ ဟိုကျောက်တန်းအနားမှာ ရပ်လိုက်ပါလား၊ အဲဒီကနေတဆင့် ကျွန်းပေါ်တက်လို့ လွယ်နိုင်မယ်ဗျ"

"ဟုတ်တယ် ဆရာ၊ ကျွန်တော် အဲဒီနားမှာ ရပ်ကြည့်မယ်၊ အဆင်ပြေရင် အဲဒီမှာ ကျောက်ချမယ် ဆရာ"

ကိုမြင့်သည် ဤပပဝင်းမော်တော်နှင့် လက်တွဲနေသည်မှာ နှစ်အတန်ကြာပြီဟု သူပြောပြခဲ့သည်မှာ ဟုတ်လောက်ကြောင်း ကျွန်ုပ် လက်ခံလိုက်ပါသည်။ အကြောင်းမှာ ကိုမြင့်သည် မော်တော်ကို ပိုင်နိုင်ကျွမ်းကျင်စွာဖြင့် ကျောက်စွန်းကြား၌ စက်သတ်ရပ်လိုက်၏။ ချက်ချင်းဆိုသလို သူပြေးထွက်လာသည်။

"ဒီနေရာ ကြိုက်ရဲ့လား ဆရာ"

"မင်းရပ်ရတာ အဆင်ပြေရဲ့မဟုတ်လား၊ မင်းအဆင်ပြေရင် ပြီးတာပါပဲ ကွာ"

"ပြေပါတယ် ဆရာ၊ ကိုဘတင့် မော်တော်ကြိုးပစ်ချပေးလိုက်ပါဗျာ"

သူ့ မော်တော်ပေါ်မှ ကျောက်စွန်းသို့ လွှားခနဲ ခုန်ချလိုက်သည်။ ကိုဘတင့်က မော်တော်ကြိုးကို ကိုမြင့်ဆီပစ်ပေးလိုက်သည်။ ကိုမြင့်ကျောက်စွန်းတစ်ခုမှာ ကြိုးချည်ပြီး. . .

"ဆရာတို့ ခဏနေကြဦး၊ ကျွန်တော် ဒီကျောက်တန်းအတိုင်း ကျွန်းပေါ်တက်ကြည့်လိုက်ဦးမယ်"

ကျောက်တန်းကလေးအတိုင်း ကျွန်းပေါ်သွားရန် လှည့်ထွက်သည်။



"မသွားနဲ့ ကိုမြင့်၊ ဒီကျွန်းပေါ်ကို လက်လွတ်စပယ်မတက်သင့်ဘူး၊ နောက်ပြီး ဒီအမှုမှာ မဆိုင်တဲ့ခင်ဗျားကို ကျွန်းပေါ်ခေါ်ဖို့ဆိုတာ မဖြစ်နိုင်ဘူး၊ ဒီတော့ ခင်ဗျား မော်တော်ပေါ်မှာပဲ စောင့်နေပါ"

"ဟာ ဆရာကလည်း မဟုတ်တာ၊ ကျွန်တော်လည်း ရောက်တုန်းရောက်ခိုက် ဗဟုသုတအဖြစ် လိုက်ပါရစေ"

ကိုထွန်းလူဆန္ဒကို ကျွန်ုပ်မှန်းဆမိပါသည်။ သူ့သဘောက အန္တရာယ်ဆုံတွေ့ပါက မဆိုင်ဘဲ မထိခိုက်လို၍ ဖြစ်ပါသည်။

"ဘယ်လိုသဘောရလဲ ကိုအောင်ပွင့်"

"သူ သိပ်လိုက်ချင်ရင်လည်း လိုက်ပါစေဗျာ၊ ဟို ပုဂ္ဂိုလ်ကြီးလည်းရှိတာမှ မဟုတ်တာ၊ ဒီလောက် အန္တရာယ်မဖြစ်နိုင်ပါဘူး"

"ဒါဆိုလဲ သွားကြစို့၊ ခင်ဗျားလည်း လက်နက်တစ်ခုခုတော့ ယူပေါ့ဗျာ"

ကိုမြင့်လည်း မော်တော်ပေါ်ကမန်းကတန်းပြန်တက်ပြီး သူ့ဆက်ခန်းတွင်းမှ မျောက်လက်ခေါ် ခွရှင်ကြီးတစ်ချောင်းယူကာ ပြန်ရောက်လာ၏။

"ကဲ သွားကြစို့၊ အားလုံးသတိဝီရိယတော့ ရှိပါစေဗျာ"

ရှေ့ဆုံးမှ ကိုထွန်းလူ သူ့နောက်မှ ကျွန်ုပ်၊ ကျွန်ုပ်နောက်မှ ကိုမြင့်. . . နောက်ဆုံးမှ ကိုဘတင့်ဖြစ်၏။ ကိုဘတင့်က သူ့စတိုလ့်ခြောက်လုံးပြူးကို လက်တွင်းမှ အသင့်ကိုင်ကာ လွှမ်းခြုံသတိထားလျက် ရှေ့နောက် ဝဲယာလှည့်ပတ်ကြည့်ရင်း လိုက်ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျောက်တန်းကလေး ဆုံးသွားပြီးနောက် သဲသောင်ပြင်ခပ်တိုတိုကို ဖြတ်လျှောက်လာကြရသည်။ သဲမြေပွပွသည် ဆယ်ပေခန့်သာ ရှည်၏။ သဲမြေပွဆုံးသည်နှင့် အုန်းပင်နှင့် အခြားသစ်ပင်များ ခြုံနွယ်များပိတ်ဆီးနေသော တောသို့ စတင်ခြေချရပြီ။ အုန်းသီးကြွေများက အုန်းပင်အောက်တွင် ဟိုနားသုံးလေးလုံး သည်နားသုံးလေးလုံး ကြွေနေ၏။

"ရှော . . . ဝရော"

ခြုံနွယ်များကြားမှ အသံတစ်ခုကြောင့် ကျွန်ုပ် လှမ်းကြည့်မိ၏။

"ဟင် မြွေကြီး"

ကျွန်ုပ်စိတ်ထင် မြွေကြီးဟု ယူဆမိပါသည်။ သို့သော် ထိုမြွေလို ရှည်မျောမျော သတ္တဝါကြီးမှာ အကွက်အစင်းများမပါ စိမ်းဖန့်ဖန့်တစ်ရောင်တည်းသာ ရှိနေသည်မို့ မြွေစိမ်းကြီးများလားဟု ထင်မိသည်။

"ကိုမြင့် . . . ခင်ဗျား ဘာမြင်လိုက်လဲဗျ"

လမ်းလျှောက်နေရင်း ကျွန်ုပ် ကိုမြင့်ကို လှမ်းမေးလိုက်သည်။ ကိုမြင့်လည်း အသံကြားခဲ့ရာ နေရာဘက်သို့ တစ်ချက်လှည့်ကြည့်လိုက်၏။

"စိမ်းဖန့်ဖန့် . . . မြွေကြီးတစ်ကောင်၊ ပေါင်လုံးလောက်ရှိတယ် ဟုတ်လား ဆရာ"

"အေးဗျ ကျုပ်လည်း ဒီအတိုင်းတွေ့လိုက်ရတယ်၊ ကိုဘတင်ရောတွေ့သေးလား"



"မတွေ့လိုက်ရဘူးဆရာ၊ ခြုံတွေ လှုပ်သွားတာပဲ သိလိုက်ရတယ်"

ကိုထွန်းလူကတော့ ဘာကိုမှ ဂရုစိုက်ပုံမရ။ သူ့တုတ်ကောက်ကို အသင့်အနေအထားကိုင်လျက် တူရူသို့သာလျှောက်နေလေသည်။

"ဟော့လူတွေ စကားများမနေကြနဲ့"

သူတစ်ချက်ရပ်စောင့်ရင်း လှည့်အကြည့်မှာ ကျွန်ုပ်ကို သေသေချာချာ ကြည့်လျက် . . .

"ကိုအောင်ပွင့် သေနတ်ကို အသင့်ကိုင်ထားလေဗျာ၊ ဘာကြောင့် ခါးထိုးထားရတာလဲ"

ထိုအခါမှ ကျွန်ုပ် သေနတ်ကို ကမန်းကတန်း ဆွဲထုတ်လိုက်ရသည်။ ကိုထွန်းလူလည်း ကိုမြင့်နှင့်ကိုဘတင်တို့ကို တစ်ချက်ကြည့်ကာ လှည့်ဆက်လျှောက်သွားတော့သည်။

ထိုစဉ်

"ဝရော . . လျှော"

ခြုံနှင့်မြက်များကို လျှောထိုး၍ တောတိုးသံတစ်ခုကြားလိုက်ရပြီး မကြာခင်က ကျွန်ုပ်မြင်လိုက်သော စိမ်းဖန့်ဖန့် မြွေတစ်ကောင်၏အမြီးကြီးသည် နောက်ဆုံးမှ လိုက်လာသော ကိုဘတင်၏ ခြေထောက်များကို လှမ်းဆွဲလိုက်လေသည်။

"အား ဆရာ . . . ဒီမှာ မြွေ . . . မြွေ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ဘာလုပ်ရမည်မသိ။ ကိုမြင့်က သတ္တိကောင်းသူတစ်ယောက်မို့ စိမ်းဖန့်ဖန့် ပေါင်လုံးလောက်ရှိသော မြွေကြီးတစ်ကောင်၏ အမြီးသဏ္ဌာန်ထိုအရာကြီးကို သူ့လက်မှ ခွရှင်နှင့် ပြေးရိုက်သည်။

"ဒုတ် . . ဒုတ် . . . ဒုတ်"

"ဟာ . . မြွေ . . . မဟုတ်ဘူး . . မြွေ . . . မဟုတ်ဘူး"

"ဒိုင်း . . . ဒိုင်း"

ကိုဘတင့် သူ့ပေါင်ကို ပတ်ထားသော ထိုအရာကြီးကို နှစ်ချက်ဆက်တိုက်ပစ်လိုက်သည်။ ထိုအရာကြီးမှာ သူ့ပေါင်ကို ပတ်ထားရုံမဟုတ် ပတ်ပြီး တောထဲသို့ ဆွဲသွားနေ၏။

"ရှော . . . ရှော"

လွှန်စွာလျင်မြန်သော ကိုထွန်းလူ သူ့တုတ်ကောက်တွင်းမှ သံမဏိဓါးရှည်ကို ထုတ်ကာ . .

ကိုဘတင့်နှင့်အတူ တောထဲဆွဲဝင်သွားသော ထိုအရာကြီးနောက်သို့ပြေးလိုက်ကာ သံမဏိဓါးနှင့် ခုတ်ချလိုက်လေသည်။

"ဒုတ်"

ဆံချည်မျှင်ကို တင်ရုံနှင့်ပြတ်ထွက်နိုင်သော သူ့ဓါး၏ထက်မြက်မှု ကိုထွန်းလူစိုက်ထုတ်သော အား၏ ပြည့်ဝမှုတို့ကြောင့် တိခနဲ ပြတ်ကျသွားလေသည်။

"ဝေါ . . . ရှလော . . ."

"ဟာ . . . သွေးတွေ"



ထိုအပြတ်ကြီးမှ သွေးများ ဒလစပ်ကျကာ တောထဲပြန်ဝင်သွားတော့သည်။ ကိုဘတင့်ကို ပတ်ထားသော အပိုင်းကြီးမှာလည်း အိမ်မြှောင်အမြီးပြတ်၍ တုန်နေသကဲ့သို့ တဆတ်ဆတ်ခုန်ကာ တုန်ရီနေပြီ။ စာစ်မိနစ်ခန့်အကြာတွင် ကိုဘတင့်ကိုပတ်ထားသော အဖျားပိုင်းမှ ပြေလျော့သွားပြီး ငြိမ်သက်သွားတော့သည်။

ကျွန်ုပ်တို့သတိကြီးစွာထားလျက် တရွေ့ရွေ့ အနားကပ်လာကြ၏။

"ကိုဘတင့် . . . ဘယ်လိုနေလဲ"

"သူပတ်ထားတာ ပြေသွားပါပြီ ဆရာ"

"ဒါဆိုလည်း ဒီအတိုင်းခဏနေဦးဗျာ၊ ကိုအောင်ပွင့် ဒါကို မှတ်တမ်းဓါတ်ပုံရိုက်ဗျာ"

"ဟာ ဟုတ်သားပဲ"

ကျွန်ုပ်လည်း သေနတ်ကို ခါးတွင်ထိုးကာ အသင့်ပါလာသော ၃၅-မီလီမီတာကင်မရာဖြင့် ဓါတ်ပုံရိုက်ယူလိုက်သည်။

ကိုထွန်းလူက သွေးမတိတ်သေးသော မြွေကြီးတစ်ကောင်၏ အမြီးသဏ္ဌာန်ဖြစ်နေသည့် အရာကို ကိုင်ကြည့်နေ၏။ သွေးစ များကို လက်နှင့်တို့ကာ နမ်းကြည့်ပြန်သည်။

"ဒါဟာ မြွေမဟုတ်ဘူးဗျ"

"ဒါဆို ဘာကြီးလဲ ဆရာ"

ကိုဘတင့်ကို သွားထူးပေးရင်း ကိုမြင့်က မေးလိုက်သည်။

"သစ်မြစ်ကြီးတစ်ခုပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဗျာ သစ်မြစ်ကြီး"

ကိုမြင့်နှင့် ကျွန်ုပ် ထိုသစ်မြစ်ကြီးကို အပြေးအလွှားသွားကိုင်ကြည့်မိသည်။ မှန်ပါသည်။ သစ်ပင်တစ်ပင်မှ အမြစ်ကြီးဖြစ်နေ၏။ မာတောင့်တောင့်နှင့် သစ်သား၏ ဂုဏ်သတ္တိတို့ ရှိနေသည်။

"ကျုပ်ထင်ထားတဲ့အတိုင်းပဲ ကိုအောင်ပွင့်၊ တောဟာ ကြောက်စရာကောင်းတယ်၊ ဒေါက်တာကျော်သာရဲ့ ပညာနဲ့ ထပ်ပေါင်းလိုက်တဲ့အခါ အတိုင်းမသိ ကြောက်စရာကောင်းသွားတော့တာပေါ့"

"ဒါနဲ့ ဆရာ သစ်မြစ်က ခုတ်ရင် အစေးပဲထွက်ရမှာပေါ့၊ ဘာကြောင့် သွေးတွေထွက်လာရတာလဲ"

"ဒါ ဒေါက်တာကျော်သာရဲ့ ပညာပဲပေါ့ ကိုဘတင့်၊ လူဒါမှမဟုတ် သက်ရှိသတ္တဝါတစ်ကောင်ကောင် ဒါမှမဟုတ် အကောင်များစွာတွေရဲ့ သွေး၊ သား၊ ဟိုမုန်းဓါတ်၊ မျိုးပွားစေတဲ့ သွေးတွေကို သစ်ပင်၊ သစ်ကိုင်း၊ ပန်းပွင့်စေတဲ့ အရာတွေရဲ့ မျိုးရိုးဗီဇဓါတ်နဲ့ ပူးပေါင်းပြီး ရှင်သန်စေတဲ့ပညာ ခု အမြစ်ရှင်ကြီးဟာလည်း ဒါပဲ ဒီအမြစ်ကြီးဟာ သတ္တဝါတစ်ကောင်လိုပဲ၊ သွေးသားနဲ့ တည်ဆောက်ထားတဲ့ အရာဖြစ်အောင် ဖန်တီးထားလိုက်တာ"

"ဟာ တတ်တည်း တတ်နိုင်တဲ့လူဗျာ၊ ကျွန်တော်ဖြင့် ဒီလို စိတ်ကူးမျိုးတစ်ခါမှ မရဖူးခဲ့ပါဘူး၊ ဒါဆို ခု သူ ဘာဖြစ်သွားပြီလဲ ဆရာ"



"သေပြီ၊ သူ သေသွားတယ်လို့ပြောရမှာပေါ့၊ ကိုဘတင့် လမ်းလျှောက်နိုင်လား"

"ရပါတယ် ဆရာ၊ လျှောက်နိုင်ပါတယ်"

ကိုဘတင့် ထိုင်ရာမှ ထ, ကာ ကိုထွန်းလူရှိရာသို့ ထော့ကျိုးထော့ကျိုးလျှောက်လာနေသည်။

"ဒါဆို ကျုပ်တို့ အမြစ်ကြီးရှိရာကို သွားကြရအောင်"

ကျွန်ုပ်တို့လေးယောက် အစုအစည်းမပျက် သွေးစက်များအတိုင်း ခြေရာခံ၍ လိုက်သွားခဲ့ကြ၏။ မြေတချို့နှင့် မြက်တချို့တွင် သွေးစက်များ သွေးစ, သွေးနများ ဆက်တိုက်ဆိုသလို တွေ့ရပြီး ယောကျ်ားကြီးနှစ်ယောက်ဖက်စာခန့်ရှိသော သစ်ပင်တစ်ပင်အရင်း၌ အဆုံးသတ်သွားတော့သည်။ ထိုအပင်၏ အမြစ်မှာ တိတိရိရိ ပြတ်နေပြီး ပြတ်နေရာ နေရာ၌ သစ်စေးများကဲ့သို့ သွေးစများက မခြောက်သေး။

"ဟာ . . ဒီမှာ ကြည့်စမ်း၊ သွေးစတွေတောင် မခြောက်သေးဘူး"

ကျွန်ုပ်တို့ သစ်မြစ်ကို ဝိုင်းကြည့်နေချိန်မှာ ကိုထွန်းလူက သစ်ပင်၏ ပတ်လည်ကို လိုက်ကြည့်နေ၏။ တစ်မတ်ပြည့်အောင် ကြည့်ပြီးမှ . . .

"ကိုအောင်ပွင့်တို့ ကိုကျော်ဇောနဲ့ အမြန်တွေ့မှ ဖြစ်မယ်၊ တော်ကြာဆိုမှောင်တော့မှာ. . . သွားကြစို့"

ကိုထွန်းလူလောဆော်၍ ပတ်ဝန်းကျင်ကို သတိပြုကြည့်မိတော့ တောထဲတွင် မှောင်စပျိုးနေပြီ. . . ။

xxxxx

www.burmeseclassic.com

www.burmeseclassic.com



တောကြို့အုံကြား ကွန်းကလေးထက်မှာ မီးစဆန့်နှီးသံတဘုန်းဘုန်းကြားရသည့်အတွက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လိုက်မိကြ၏။ အားလုံးအသိထဲတွင် စက်သံလာရာသို့ ဦးတည်သွားကြရန် မြိုင်တူစိတ်ကူးပေါ်ကြ၏။ တိုင်ပင်ရန်မလိုတော့ဘဲ စက်သံကြားရာသို့ လျှောက်သွားကြ၏။ ကျွန်ုပ်တို့ဦးတည်သွားမိကြသည်ကား စက်သံအပြင် မီးရောင်လဲ့လဲ့ကိုပါမြင်နေရပါသည်။

မကြာခင် ကျွန်ုပ်တို့ သစ်တပ်မြို့တစ်ခုလို သစ်လုံးများစီတန်းလျက် မြို့ရိုးသဖွယ် စည်းရိုးသဖွယ် ကာရံထားသော သစ်မြို့တစ်ခုရှေ့သို့ ရောက်လာကြသည်။ စည်းရိုးတံခါးပေါက်ရှေ့၌ ကျွန်ုပ်တို့ရပ်လိုက်ကြသည်နှင့် မီးမောင်းကြီးတစ်ခု ကျွန်ုပ်တို့ကို ထိုးထားသည်။

"တံခါးသွားခေါက်လိုက်ရမလား ကိုထွန်းလူ"

"ခေါက်လိုက်ဗျာ ကျုပ်တို့ရောက်မယ် မရောက်ဘူးဆိုတာကိုကျော်ဇောသိမထားတော့ ထွက်စောင့်နေမှာ မဟုတ်ဘူးဗျ"

"ဒေါက်. . . ဒေါက်. . . ဒေါက်"

လက်နှင့်ခေါက်လျှင် အသံမမြည်မည်စိုးရိမ်သောကြောင့် ကျွန်ုပ် သေနတ်ဒင်နှင့် ခေါက်လိုက်၏။ အတန်ကြာသောအခါ တံခါးဖွင့်သံကြားလိုက်ရသည်။ ဝန်းကျင်တစ်ခုလုံး ညအမှောင်ဖုံးသွားပြီဖြစ်သော်လည်း မီးမောင်းကြီးကြောင့် တံခါးဝတစ်ခုလုံး လင်းထိန်နေသည်။



"ကျွိ . . . ကျွိ"

လေးလံသော သစ်သားတံခါးကြီးကို ဆွဲဖွင့်လိုက်သံက ကြက်သီးထဖွယ်ကောင်းလှသည်။ ထို့ပြင် ဆွဲဖွင့်လာသူကို တွေ့ရသောအခါ ကြက်သီးထရုံတင်မက ကြောက်လန့်တကြားဖြစ်သွားရပါသည်။ ကိုထွန်းလူမှ လွဲ၍ ကျန်သူများ နောက်သို့ ခြေတစ်လှမ်းဆုတ်သွားမိလျက်သားဖြစ်ခဲ့ရ၏။ တံခါးလာဖွင့်သူကို တွေ့လိုက်ရသောကြောင့်ဖြစ်ပါသည်။

တံခါးဖွင့်လာသူ၏ အရပ်မှာ ကျွန်ုပ်တို့ထက် နှစ်ပေခန့်မြင့်နေသည်။ ၇-ပေကျော်ခန့်ရှိမည်ထင်ရ၏။ ကိုယ်လုံးကြီးကလည်း ထွားကြိုင်းပြီး လက်များ၊ ခြေများက လွန်စွာ တောင့်တင်းသန်မာပုံရသည်။ တံခါးဖွင့်ပြီး မီးစလိုက်အောက်ရှေ့ရပ်ကာ ကျွန်ုပ်တို့ကို ကြည့်နေသော မျက်လုံးများက အသက်မပါအရုပ်မျက်လုံးများနှင့်တူ၏။

"ခင်ဗျားက ဒေါက်တာထွန်းလူလား"

သူ့အသံက သစ်သားချောက်ချင်းထိရိုက်မိသော အသံမျိုးဖြစ်နေသည်။

"ဒေါက်တာ ထွန်းလူက သူပဲ"

ကျွန်ုပ်လည်း လေသံခပ်မာမာနှင့် ကိုထွန်းလူကို ညွှန်ပြလိုက်သည်။ ထိုအခါမှ လူထွားကြီးသည် သူ၏တုတ်ခိုင်သော လက်ကြီးကို ဒေါက်တာထွန်းလူဆီသို့ ကမ်းပေးလိုက်သည်။ သူ့လက်

www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ကျွန်ုပ်ဂရုတစိုက်ကြည့်လိုက်မိ၏။ လက်ချောင်းများမှာ သစ်ကိုင်းများနှင့်တူနေ၏။ သူ၏ ကြီးမားသော လက်ဖျံကြီးများက ပင်စည်မှ ဖြာထွက်နေသော သစ်ကိုင်းနွယ် အပွေးများပင် တက်နေသည်။

"တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တာ"

"ဝမ်းသာပါတယ် ခင်ဗျာ"

ပြီးနောက် ကျွန်ုပ်တို့အား တစ်ယောက်ချင်း လက်ဆွဲနှုတ်ဆက်လာ၏။ ကျွန်ုပ်လက်နှင့် လူထွားကြီး၏ သစ်ခြောက်လက်တို့ ထိတွေ့လိုက်သောအခါ ကျွန်ုပ်မှာ သစ်သားတုံးတစ်တုံးကို ဆုပ်ကိုင်လိုက်ရသလို ခံစားလိုက်ရသည်။ တစ်ကိုယ်လုံး တောင့်တင်းသွားမိ၏။

"ခင်ဗျားတို့ကို ဒေါက်တာကျော်ဇောစောင့်နေပါလိမ့်မယ်၊ ကျုပ်နောက်က လိုက်ခဲ့ပါ"

ကျွန်ုပ်တို့ သူ့နောက်မှ လိုက်လာခဲ့ကြရာ သစ်သားအိမ်ကြီးတစ်လုံးတွင်း ဝင်ခဲ့ကြရသည်။ အိမ်နှင့်တံခါးဝအကြား လူသွားလမ်းကလေး၏ လက်ဝဲလက်ျာဘက်တို့တွင် သစ်ပင်မျိုးစုံနှင့် မြင်ခင်းကြီးရှိလေသည်။ ညဖက်ဖြစ်နေသည့်အတွက် မည်သည့်အရာကိုမှ သဲသဲကွဲကွဲ မမြင်ခဲ့ရပေ။

"ကျေးဇူးတင်ပါတယ် ကိုကျော်ဇော၊ ခင်ဗျားရဲ့ကူညီမှုကြောင့် ကျုပ်တို့တရားခံကို ဖမ်းမိလိုက်ပါတယ်၊ ဒါပေမယ့် ဒီအမှုကို ရုံးတင်တဲ့အခါ ခင်ဗျားရဲ့ သက်သေခံချက် အဓိကလိုအပ်ပါတယ် အဲဒါ. . ."



"ကျုပ် သဘောပေါက်ပါတယ် ကိုထွန်းလူ၊ ကျုပ် စရောက်ကတည်းက ခုချိန်အထိ မြင်တွေ့ကြားသိရသမျှကို အစီရင်ခံစာတစ်စောင်ရေးထားပါတယ်"

"တယ်ဟုတ်ပါလား ဗျာ၊ ဒါနဲ့ ဖမ်းဆီးခံထားရတဲ့လူတွေကရော"

ကိုထွန်းလူ၏မေးခွန်းကြောင့် ဒေါက်တာကျော်ဇော မျက်နှာတစ်ချက်ပျက်သွား၏။ သို့သော် ချက်ချင်း ဣန္ဒြေဆည်ကာ. . .

"ရှိပါတယ် ကိုထွန်းလူ၊ မနက်ကြမှ ကြည့်ပါတော့ဗျာ"

"ကောင်းပါပြီ ကိုကျော်ဇော"

"ပျဉ်းကတိုး ဧည့်သည်တွေအတွက် ညစာပြင်ပြီးပြီလား"

"ဟုတ်ကဲ့ ပြင်ပြီးပါပြီ ဒေါက်တာ"

ဒေါက်တာကျော်ဇော ထိုင်ရာမှ ထ,လိုက်သည်။

"ကဲ ကိုထွန်းလူတို့ ညစာစားဖို့ ကြွကြပါ ခင်ဗျာ"

×××××

ညစာစားပြီး ကျွန်ုပ်တို့အတွက် သီးသန့်ပြင်ပေးထားသော အိပ်ခန်းတွင်း၌ အိပ်ခဲ့ကြသည်။

နောက်နေ့မနက် ကျွန်ုပ်တို့ကို ပျဉ်းကတိုးလာခေါ်၍ အိမ်အနောက်ဘက်အဆောင်သို့ ခေါ်လာခဲ့လေသည်။ အနောက်ဆောင်သို့ရောက်လာသောအခါ ဧည့်ခန်းအတွင်း၌ လူငယ်တချို့ ကလေးတစ်ယောက်နှင့် လူကြီးများပါ တွေ့ရ၏။ ထိုလူများမှာ ပျဉ်းကတိုးကို မြင်လိုက်သည်နှင့် ထိတ်လန့်ကြောက်ရွံ့နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ငါ့ကိုလည်း ကြောက်စရာသည်းမလိုဘူး၊ ခုငါဟာ ဒေါက်တာကျော်သာရဲ့တပည့် မဟုတ်တော့ဘူး၊ ဒေါက်တာကျော်ဇောရဲ့အမန့်ကိုပဲ ငါနာခံတော့မယ်၊ မင်းတို့နဲ့ငါ ရန်သူမဟုတ်တော့ဘူး၊ မိတ်ဆွေဖြစ်သွားပြီ၊ ဒေါက်တာ ဒါဒေါက်တာ ကျော်သာအဖမ်းခံထားတဲ့ လူအကုန်ပါပဲ"

ကိုထွန်းလူလည်း ထိုလူများကို လိုက်လံစွာပြုံးပြလိုက်ပြီး. .

"ဒီအချိန်ကစပြီး ခင်ဗျားတို့အားလုံးလွတ်လပ်သွားပါပြီ ဘယ်သူရဲ့ဖမ်းဆီးချုပ်နှောင်မှုမှ မရှိတော့ပါဘူး"

"ဗျာ ကျုပ် ကျုပ်တို့လွတ်ပြီပေါ့"

"ဟုတ်ပါတယ်ဦးကြီး ဦးကြီးရဲ့အမည်ကလေး သိပါရစေ"

"ကျုပ် ဦးအုန်းပါ"

ကျွန်ုပ်ကဦးအုန်းနှင့် ကပ်လျက်ထိုင်နေသော ဘကြီးကိုကြည့်ကာ. . . .

"ဘကြီးကဦးအုန်းဆိုတော့ ဒီဘက်က ဘကြီးဖိုးခွားပေါ့"

"ဟုတ်တာပေါ့ သူငယ်ရား သူငယ်ကကျုပ်တို့ကို သိလို့လား"

"ဒါဆိုကျုပ်နာမည်ခေါ်တဲ့အခါ ထရပ်ပြပါ ခင်ဗျာ"

ဒေါက်တာထွန်းလူသည် ထိုင်နေသူများကို တစ်ယောက်ချင်း လိုက်ကြည့်လိုက်ပြီး. .

"မောင်တင်မြင့် နဲ့ကိုအောင်ဘော်"

လူငယ်နှစ်ယောက်ထရပ်သည်။ နောက်မောင်ကြိုင် ထရပ်ပြ၏။ သူ့နောက်နားတွင် အတော်အတန်လှသော မိန်းကလေးတစ်ယောက်ရှိသည်။



"ဒါဆို ပူစူးမဆိုတာ မင်းပေါ့"

"ဟုတ်ပါတယ်ရှင် ကျွန်မ ပူးစူးမပါ"

"ဒါဆို ဒေါ်ခွေးမတစ်ယောက်ရော ကိုယ်ဝန်ကြီးနဲ့ ဒေါ်ခွေးမလေ"

ကိုထွန်းလူက ပျဉ်းကတိုးဆိုသူကြီးဘက်သို့ လှည့်မေးလိုက်ခြင်း ဖြစ်သည်။ ပျဉ်းကတိုးက ဘာမှပြန်မဖြေဘဲ ခေါင်းကြီးငုံ့နေ၏။

"ပျဉ်းကတိုး ခင်ဗျားသိတယ်မဟုတ်လား"

ထိုအခါမှ သူခေါင်းညိတ်ဖြေလိုက်ပြီး. . .

"သိပါတယ်ဒေါက်တာ သူ့ကိုဆရာကြီး အသုံးချလိုက်ပါပြီ၊ နောက် နောက်ပြီးမိန်းမတစ်ယောက်နဲ့ ယောက်ျားတစ်ကို လည်း ဆက်လက်စမ်းသပ်ဖို့ ဟိုဘက်က အခန်းမှာ ချုပ်ထားပါတယ်"

"ဟော. . . ဒါ. . လပွတ္တာက နှစ်ယောက်ဖြစ်မယ် မင်းသွားခေါ်လာခဲ့စမ်းပါကွာ. . "

ပျဉ်းကတိုးထွက်သွားသောအခါ ကိုထွန်းလူက ကျွန်ုပ်ကို မိတ်ပုံရိုက်ခိုင်းသောကြောင့် သက္ကယ်သောင်မှ လူအုပ်ကို အုပ်စုလိုက်မိတ်ပုံရိုက်ယူလိုက်သည်။ ခဏကြာသောအခါ မိန်းကလေးတစ်ယောက်နှင့် ယောက်ျားလေးတစ်ယောက်တို့. . ပျဉ်းကတိုးနှင့်ပါကသည်. . မိန်းကလေးပုံစံက သိပ်မထူးခြားသော်လည်း ယောက်ျားလေးက သွက်ချာပါဒဝေဒနာသည်တစ်ယောက်နှယ် ဖြစ်နေ၍ ပျဉ်းကတိုးတွဲခေါ်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့အားလုံး ဘာမှ စိတ်မပူကြပါနဲ့တော့ တစ်ရက်နှစ်ရက်လောက်သည်းခံပြီးစောင့်ကြပါ . . ဒီသူငယ်ကိုလည်း ဝိုင်းဝန်းစောင့်ရှောက်ကြပါ . . ကျုပ်တို့ ကျွန်းပေါ်မှာ လုပ်စရာရှိတာလေးတွေ လုပ်ပြီး ပြန်ကြတာပေါ့ ခုချိန်ကစပြီး ခင်ဗျားတို့ ဒီခြံဝင်းထဲမှာ လွတ်လွတ်လပ်လပ်နေကြပါခင်ဗျား"

"ခြံပြင်ကိုတော့ မထွက်ပါနဲ့ . . ဘာကြောင့်လဲ ဆိုတော့ . . ကျွန်းပေါ်မှာ မျက်စိလည်မှာစိုးလို့ပါခင်ဗျား"

ကိုထွန်းလူစကားကို ကျွန်ုပ်က ထပ်မံဖြည့်စွက်ပြောပြီး ဒေါက်တာကျော်ဇော်ရှိရာ အရှေ့ဆောင်သို့ ထွ လာခဲ့ကြ၏။

ဒေါက်တာကျော်ဇောက ကျွန်ုပ်တို့ကိုခြံထဲသို့ လိုက်ပြသည်။ ခြံတံခါးနှင့် ၎င်းအိမ်သွားရာလမ်းကလေး၏ တစ်ဘက်တစ်ချက်ရှိ မြက်ခင်းများမှာ အစိမ်းရောင်များမဟုတ်ဘဲ အဖြူရောင်ဖွေးဖွေးဖြစ်နေသည်။

"တကယ်တော့ ဆရာကြီးဟာ အလွန်တော်တဲ့ ပုဂ္ဂိုလ်ပါခင်ဗျာ . . ဟောဒီမြက်ခင်းတွေကိုပဲကြည့် မြက်ခင်းစိမ်းစိမ်းဆိုတဲ့ စကားကို သူက မြက်ခင်းဖွေးဖွေးဖြစ်အောင် လုပ်နိုင်တယ် . ."

"အေးဗျာ . . သူ့ပညာကတော့ တကယ့်ကို နှမြောစရာပါပဲ ဒါပေမယ့် အစွန်းရောက်သွားတဲ့အခါ သူ့ပညာစွမ်းဟာ သူ့အတ္တအောက်မှာ ပြားပြားဝပ်သွားရတော့တာပေါ့ . ."



ကျွန်ုပ်တို့လူစု ဒေါက်တာကျော်ဇောနောက်မှ လိုက်လာခဲ့ကြရာ ခြံထောင့်ရှိ လူတစ်ရပ်ခန့်သစ်ပင်များဆီ လျှောက်လာခဲ့ကြသည်။

အနီးသို့ရောက်သော် ပထမဆုံးတွေ့ရသော အပင်မှာ လွန်စွာထူးဆန်းသော အသီးများ သီးနေ၍ ကျွန်ုပ်တို့ တဲအံ့တသြဖြစ်သွားရသည်။ ထိုအသီးများမှာ လူ၏ဦးခေါင်းခွံများသဏ္ဍာန်ဖြစ်နေကြသည်။ ကိုထွန်းလူက ထိုအသီးများကို ကိုင်ကြည့်ရင်း

"သူ့စိတ်တွေဟာ . . ဒီလိုအဆင့်မျိုးတွေ ဘာကြောင့်ဖြစ်ချင်ရတယ်ဆိုတာ ခင်ဗျားသိမှာပေါ့ . . ကိုကျော်ဇော"

ကိုကျော်ဇောက ပင်စည်လုံးကလေးကို ပွတ်သပ်ရင်း ဖြည်းလေးစွာ ပြန်ရှင်းပြ၏။

"သူ့စိတ်ကူး သူ့အတွက် သူရဲ့ခါတ်ခွဲခန်း ရောစပ်မှုတွေ အားလုံးကို ကျုပ်သိခွင့်မရခဲ့ဘူး ကိုထွန်းလူ၊ စိတ်မကောင်းစရာက ဟောဒီအပင်ရဲ့ မျိုးပွားဗီဇကို မိန်းမတစ်ယောက်ရဲ့ သန္ဓေသားနဲ့ ရောစပ်ပြီး စိုက်ရာက ဒီအပင်ပေါက်လာခဲ့တယ်၊ ဒီအပင်ရဲ့အသီးဟာ လူဦးခေါင်းပုံဖြစ်ပြီး ဒီအသီးကို ထပ်စိုက်ရန် အသားအရည်ပြည့်တဲ့ လူတစ်ယောက်ရဲ့ မျက်နှာမျိုးသီးတဲ့အပင်ပေါက်ရမယ်တဲ့"

ထိုစကားကြောင့် ကျွန်ုပ်မျက်လုံးထဲမှာ . . . သက်တ္တယ်သောင်ရှာမှ မမြင်ဖူးသော ကိုယ်ဝန်ဆောင်ကို မြင်ယောင်မိသလိုပင် . .

www.burmeseclassic.com

www.burmeseclassic.com



"သူဟာ အလွန်ကြောက်စရာကောင်းသွားပြီ ကိုထွန်းလူ၊ သူ့ကို မထိန်းချုပ်နိုင်ခဲ့ရင် ရှေ့ဆက် ဒီထက်ဆိုးဖို့ပဲ ရှိတော့မယ်၊ သန္ဓေသားနဲ့ ဒီအပင်ကို မျိုးဆက်ပွားစေပြီး သူ့မိခင်ကို ဟောဒီအပင်တွေအတွက် ပေါင်းစပ်ဖြစ်ထွန်းစေတော့တာပဲ၊ နောက် ဟောဟိုက ပျဉ်းကတိုး"

ကိုကျော်ဇော၏ ညွှန်ပြမှုကြောင့် ကျွန်ုပ်တို့ ပျဉ်းကတိုးဟု အမည်ပေးထားသူကြီးကို လှမ်းကြည့်လိုက်ကြ၏။ သူ လက်ယက်ခေါ်၍ ပျဉ်းကတိုး သူ့အနားသို့ ရောက်လာသည်။

"သူ့ကို ဘာကြောင့် ပျဉ်းကတိုးလို့ခေါ်သလဲဆိုတာ ကျုပ်ပြမယ်"

ကိုထွန်းလူ၊ မလှမ်းမကမ်းရှိ သစ်ချောင်းတစ်ချောင်းကို ကောက်ယူပြီး ပျဉ်းကတိုး၏ခေါင်းကို အရှိန်ပြင်းစွာ ရိုက်ချလိုက်သည်။

"ဖျောင်း. ."

ရိုက်သည့်အရှိန်မည်မျှပြင်းထန်သည်ကို အသံကြားရုံနှင့် သိနိုင်သည်။

သို့သော် ပျဉ်းကတိုးကား မျက်စိပင်ယောင်၍မမှတ်လိုက်။ ရိုက်သည့်သစ်ချောင်းသာ ကျိုးသွားလေသည်။ ကိုကျော်ဇော်က အားမရသေးဘဲ လက်မောင်းကို နောက်တစ်ချက်ထပ်ရိုက်သည်။

"ဖျောင်း. . ."

သစ်ချောင်းကျိုးသွား၏။ ပျဉ်းကတိုးက မဖြုံ။



ကျွန်ုပ်လည်း ပျဉ်းကတိုးကို ကိုင်ကြည့်လိုသော ဆန္ဒများ တဖွားဖွားပေါ်ပေါက်လာသည်။

"ခင်ဗျားကို ကျုပ် ကိုင်ကြည့်ချင်တယ်ဗျာ"

"ရပါတယ် ဆရာ ကြည့်ပါ"

လေသံပျော့ပျော့ပြောသောအခါ သစ်ရွက်များ လေတိုက်၍ အချင်းချင်းထိခတ်သံထွက်ပေါ်လာ၏။ ကျွန်ုပ် သူ့ကျောကုန်းကြီးကို ပွတ်သပ်ကြည့်သည်။ အခေါက်ထူထူ ပင်စည်ကြီးကို ကိုင်ရသလိုပင်။

"ကျုပ်အထင်ပြောရင် ပျဉ်းကတိုး၊ သစ်မာ၊ အင်ကြင်း အဲဒီလို သစ်မာပင်တွေရဲ့ အတွင်းကစီတွေကို စုဆောင်းပြီး ဒီလူကြီးကို ပျိုးထောင်ပေးတာ ဖြစ်မယ်"

"ဟုတ်မယ် ကိုထွန်းလူ၊ ဒီလူကြီးအကြောင်းကိုတော့ ကျုပ်မသိဘူး၊ သူ့အပြောအရ ဒေါက်တာဟာ သူဆယ်နှစ်သားလောက်ကတည်းက စမ်းသပ်မှုတွေ လုပ်လာခဲ့တာဖြစ်မယ်၊ ပျဉ်းကတိုး မင်းအသက် ခု ဘယ်လောက်ရှိပြီလဲ"

"ကျုပ်အသက် ခြောက်ဆယ်လောက်တော့ ရှိပါပြီ"

ကျွန်ုပ်တို့ စကားတပြောပြောနှင့် မြက်ခင်းဖြူကြီးဘက်သို့ ခြေဦးလှည့်လာကြသည်။ မြက်ခင်းဖြူကြီးမှာ အနံပေ သုံးဆယ်၊ အရှည်ပေ ငါးဆယ်ခန့်ရှိမည်ထင်ရသည်။ ဆရာကြီးကို တရားခံတစ်ယောက်အဖြစ် ဖမ်းဆီးဆွဲချက်တင်ရသော်လည်း သူ၏ ရုက္ခဗေဒပညာစွမ်းကိုတော့ မချီးကျူးဘဲ မနေနိုင်ပါ။

www.burmeseclassic.com

www.burmeseclassic.com



"သူသာ သတ္တဝါအကျိုး တိုင်းပြည်အကျိုးလုပ်ရင် သိပ်ကောင်းမယ်ဗျာ၊ ပေါဒီမြင်ခင်းကြီးကို ခါတ်ပုံရိုက်ပြီး ကမ္ဘာဖြန့်လိုက်ရင် တစ်ကမ္ဘာလုံး တအံ့တသြဖြစ်သွားမှာ သေချာတယ်၊ သူ့ပညာ ကမ္ဘာကျော်သွားမှာဗျ"

"ဟုတ်တယ် ကိုကျော်ဇော၊ ဒါပေမယ့် ခုတော့ ခင်ဗျား မြင်တဲ့အတိုင်းပဲလေဗျာ၊ သူဖမ်းထားတဲ့လူတွေ အသက်နဲ့ တွေ့ရတာကိုပဲ ကျုပ်တို့မှာ ဝမ်းသာရပါပြီ၊ ဒီလူတွေကို ဘယ်လိုတွေ ဆက်ပြီးစမ်းသပ်ဦးမယ်ဆိုတာ မတွေးဝံ့စရာပါပဲဗျာ"

"ဟာ ဒီမှာကြည့်ပါဦး ကိုထွန်းလူ၊ မြေကြီးမှာ ကပ်နေပါတ်နေတဲ့ အပင်တွေ. . ."

ကျုပ်ညွှန်ပြရာသို့ အားလုံးစုပြုံကြည့်ကြသည်။ နာနတ်ပင်များကဲ့သို့ မြေတွင် ကပ်လျက်ပေါ်ပေါက်နေပြီး အရွက်များမှာ လက်ဖဝါးများ ဖြန့်ထားသည်နှင့် သဏ္ဍာန်တူ၏။ အသီးများမှာ မျောက်ခေါင်းများပုံပေါ်နေသည်။

"အကြမ်းအားဖြင့်တော့ မျောက်ခေါင်းပင်ပေါ့ဗျာ၊ ဒီလူတွေကို ဖမ်းမလာရသေးခင် တောထဲမှာရှိတဲ့ မျောက်တွေကို ဖမ်းပြီး စမ်းသပ်ခဲ့စဉ်က စိုက်ထားတဲ့ အပင်တွေပေါ့၊ ဒီဥယျာဉ်ကြီးနဲ့ ပတ်သက်ပြီး ကျုပ်လက်လှမ်းမှီသမျှ သိသမျှတွေကို သက်သေခံစာတမ်းမှာ ရေးမြှထားတယ်၊ ဟိုသူငယ်



နဲ့ သူငယ်မတို့ရဲ့ အဖြစ်အပျက်တွေပါ ရေးထားတယ်၊ ဒီက အပြန်မှာ အဲဒီစာတမ်းကို ခင်ဗျားတို့နဲ့အတူ ထည့်ပေးလိုက်ပါ့မယ်ဗျာ၊ ကဲ. . . ခင်ဗျားတို့လည်း ပြန်ဖို့စီစဉ်ရဦးမယ် ပြန်ကြပါစို့"

ကျွန်ုပ်တို့ ထိုနေ့တစ်နေ့လုံး မနက်ပြန်ရန် စီစဉ်ကြသည်။

နောက်နေ့ မနက်စောစောမှာ အသက်ရှင်သမျှ လူအားလုံးကိုကျော်ဇောနှင့်ပျဉ်းကတိုးတို့ကိုပါ ခေါ်ကာ သက္ကယ်သောင်အရောက်ပြန်လာခဲ့၏။ ကိုထွန်းလူ၏ အစီအစဉ်မှာ သက္ကယ်သောင်တွင် တစ်ညအိပ်ပြီး လွှတ်လာသူများကို မိသားစုနှင့် တွေ့စေမည်ဖြစ်သည်။ ပင်လယ်ပြင်သည် လှိုင်းလေငြိမ်သက်လျက် လွန်စွာသာယာကောင်းနေသည်မို့ ကျွန်ုပ်တို့ ညနေ သုံးနာရီခန့်တွင် သက္ကယ်သောင်ရွာသို့ ရောက်ကြသည်။

ကျွန်ုပ်တို့တစ်ဖွဲ့လုံး မော်တော်ပေါ်မှ ဆင်းပြီး သူကြီးအိမ်သို့ လျှောက်လာစဉ် ရွာထဲမှာ ကျွန်ုပ်တို့ကို မြင်သူအားလုံး အုတ်အော်သောင်းနင်းဖြစ်ကြသည်။

"ဟင် ဟိုမှာ ဘကြီးအုန်းတို့ပါလားတယ်ဟေ့"

"မောင်တင်မြင့်လေးလည်းပါတယ်ဟ၊ တို့ရွာက ပျောက်နေတဲ့လူတွေ ပြန်လာပြီဟေ့"

ဟစ်အော်သံများကြောင့် အိမ်တွင်းရှိလူများပါ ထွက်လာကြပြီး ကျွန်ုပ်တို့နောက်မှ လိုက်လာကြသည်မို့ လူတန်းရှည်ကြီး သူကြီးအိမ်သို့ ရောက်လာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ဆရာတို့ ကျွန်တော်တို့ရွာက လူတွေကို ကယ်လာပြီး ဟာ ကျေးဇူးတင်လိုက်တာ ဆရာတို့ရယ်၊ တကယ်ကို ကျေးဇူးတင်ပါတယ်"

ကိုထွန်းလူလည်း သူကြီးနှင့်ရွာသူရွာသားများကို ဒေါ်ခွေးမအတွက် စိတ်မကောင်းကြောင်းပြောကာ သည်ည ကျွန်းမှ လွတ်လာသူများ မိသားစုနှင့်တွေ့ဆုံပြီး မနက်ဖြန်တွင် ရန်ကုန်လိုက်ခဲ့ရန်နှင့် ရန်ကုန်မှ အမှုကိစ္စအစစ်ဆေးခံပြီးမှ ပြန်ပို့ပေးမည့်အကြောင်း ရှင်းပြလေသည်။ သူကြီးနှင့်ရွာသာများ ကျေနပ်စွာဖြင့် လွတ်လာသူများအားလုံး မိသားစုများနှင့်အတူ အိမ်ပြန်သွားကြသည်။

ကျွန်ုပ်တို့ တစ်ညအိပ်ပြီး နောက်နေ့ မနက်စောစော လပွတ္တာသို့ ထွက်ခဲ့ကြ၏။

လပွတ္တာရောက်သော် မခင်မြင့်နှင့် မောင်တိုးအောင်တို့၏ မိဘများကို ရဲဌာနသို့ခေါ်ကာ နှစ်ယောက်စလုံးမိဘများလက်သို့ ပြန်အပ်ခဲ့၏။ မခင်မြင့်မှာ ဘာမှမဖြစ်သော်လည်း မောင်တိုးအောင်မှာ စမ်းသပ်ခံရန်အတွက် ရုက္ခဗေဒဆိုင်ရာ ဆေးရည်များထိုးနှံ့ထား၍ လေဖြတ်သကဲ့သို့ ဖြစ်နေပြီး ၎င်းကို ကုသရန်လိုအပ်၏။

မိဘများထံပြန်လည်အပ်နှံခြင်း၊ ဌာနအုပ်ကိုကျော်သောင်းကို ဝင်ရောက်နှုတ်ဆက်ခြင်းများပြုလုပ်ပြီး ကျွန်ုပ်တို့အဖွဲ့ ရန်ကုန်သို့ ပြန်ခဲ့ကြသည်။

xxxxx



ရာဇဝတ်တရားသူကြီးရှေ့မှောက်၌ ဒေါက်တာကျော်သာ၏ အမှုကို တရားစွဲဆိုသည်။

အမှုလိုက်အရာရှိက ရာဇဝတ်အုပ် ကိုဘတင့်။

အဓိကသက်သေများအဖြစ် ဒေါက်တာကျော်ဇောနှင့် ပျဉ်းကတိုးတို့ဖြစ်ကြပြီး မျက်မြင်သက်သေများမှာ ကိုထွန်းလူနှင့် ကျွန်ုပ်တို့ဖြစ်၏။ အခြားသက်သေများမှာ ဖမ်းဆီးခံရသူများဖြစ်သည်။

အမှုစစ်ဆေးချိန်တစ်လကျော်ကျော်ကြာ၏။

အမှုပြီးမြောက်သောအခါ ဒေါက်တာကျော်သာသည် လူသတ်မှု၊ အလောင်းဖျောက်ဖျက်မှုနှင့် အခြားလူတို့ မတရားစမ်းသပ်မှုကြောင့် သေဒဏ်ချမှတ်ခံလိုက်ရသည်။

သို့သော် ကျွန်ုပ်ရိုက်လာခဲ့သော ဓါတ်ပုံမှတ်တမ်းများအရ တရားခံသည် စိတ်မနှံ့သော စိတ်ဝေဒနာတစ်ယောက်ဟု ယူဆသောကြောင့် စိတ္တဇဆေးရုံတွင် တက်ရောက်ကုသရန် ပြီးမှ သေဒဏ်ပေးရန် ဆုံးဖြတ်ခဲ့လေသည်။

အမှုကြီးတစ်ခုလုံး၏ အဓိကအချက်ဖြစ်သော ဒေါက်တာကျော်ဇော၏ အစီရင်ခံစာကြီးကို မဖတ်ရသေး၍ ကျွန်ုပ်မှာ မပြည့်စုံသေးဟု ယူဆနေမိသည်။ ထို့ကြောင့် အမှုပြီးဆုံးပြီးနောက် တစ်ပါတ်ကျော်ကျော်အကြာ ရုံးပိတ်ရက်ဖြစ်သော တနင်္ဂနွေနေ့၌ ကျွန်ုပ်သည် ဒေါက်တာကျော်ဇော၏ စာတမ်းကို ဖတ်ကြည့်မိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဍင်းစာတမ်းမှာ အချက်အလက်အဖြစ်အပျက်များကို အဓိကရေးသားထားသည်မို့ စာဖတ်သူအတွက် အမှုတွဲတစ်ခုကို ဖတ်ရသည့်နှယ် ဖြစ်နေပေလိမ့်မည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်ကပင် ဖတ်ရအဆင်ပြေစေရန် ဝတ္ထုတစ်ပုဒ်နှယ် ပြန်လည်ပြင်ဆင်၍ ရေးသားတင်ပြလိုက်ပါသည်။

×××××

အလိုရှိသည်။

ရုက္ခဗေဒ (သို့မဟုတ်) သတ္တဗေဒ အထူးပြုဘာသာရပ်ဖြင့် ဒေါက်တာဘွဲ့ရထားသူ အမျိုးသားပညာရှင်တစ်ယောက် အလိုရှိသည်။ လခကောင်းမည်။ နေစရာပေးမည်။

ဆက်သွယ်ရန်

ဒေါက်တာ ကျော်သာ **M.A, F.R.G.S**

ရုက္ခဗေဒပါရဂူ

ခေတ္တ စထရင်းဟိုတယ်

ကမ်းနားလမ်း၊ ရန်ကုန်မြို့။

အထက်ပါကြော်ငြာဖတ်ရပြီး ကျွန်တော် ဘာလုပ်ရမည် စဉ်းစားနေခိုက် ကျွန်တော့်အိမ်သို့ ဒေါက်တာထွန်းလူ ရောက်လာပါသည်။ သူနှင့်ကျွန်တော်သည် ရုက္ခဗေဒဆိုင်ရာပါရဂူဘွဲ့ရသူလေးယောက်အနက်မှ နှစ်ယောက်ဖြစ်ပါသည်။ တစ်ယောက်မှာ ယခုသတင်းစာတွင် ကြော်ငြာထည့်သူ ဒေါက်တာ



ကျော်သာဖြစ်ပြီး နောက်တစ်ယောက်မှာ အိန္ဒိယနိုင်ငံတွင် ပြုလုပ်သော ရုက္ခဗေဒဆိုင်ရာ ညီလာခံတက်ရောက်ရန်သွားရောက်နေ၍ မြန်မာပြည်တွင် မရှိပါ။ ယခုလောလောဆယ် မြန်မာပြည်၌ ကျွန်တော်နှင့် ကိုထွန်းလူတို့သာရှိပါသည်။

"ကိုထွန်းလူ ဘယ်ကဘယ်လိုရောက်လာတာလဲဗျ၊ ကျွန်တော့်အထင်တော့ သတင်းစာကြော်ငြာကြောင့် ရောက်လာတာဖြစ်မယ်"

"ဟုတ်ပါတယ် ကိုကျော်ဇော၊ ကြော်ငြာကြောင့်လို့ပဲ ပြောရမှာပေါ့ဗျာ၊ ဩော် ဒါနဲ့ ခင်ဗျား ဟောဒီသတင်းကြားလိုက်မိသေးလား"

သူက အသင့်ကိုင်လာသော စာအုပ်ကြားမှ သတင်းစာဖြတ်ပိုင်းလေးတစ်ခု ထုတ်ပြပါသည်။ ကျွန်တော်ဖတ်ကြည့်ရာ ဒေါက်တာကျော်သာနှင့် အင်္ဂလန်မှ ဒေါက်တာနှစ်ယောက် အင်္ဂလန်ပိုင်ကျွန်းတစ်ကျွန်း၌ စမ်းသပ်မှုများပြုလုပ်ကြောင်း ရေးထားသော ဖြတ်ပိုင်းဖြစ်သည်။

"သေသေချာချာတော့ ခုမှပဲ ဖတ်လိုက်ရတယ်၊ ဒီသတင်းတော့ ကြားဖူးလိုက်ပါတယ် အဲဒါ. . ."

"အဲဒါ ခု သတင်းစာကြော်ငြာထည့်တဲ့ ဒေါက်တာကျော်သာပဲဖြစ်မယ်လို့ ကျုပ်ထင်တယ်၊ ဒါကြောင့်. . ."

စကားစကိုရပ်ပြီး ကျွန်တော့်ကို လှမ်းကြည့်သည်။ သူ့မျက်လုံးများမှာ တစ်ခုခုကို တောင်းဆိုချင်ကြောင်း သိသာလှသည်မို့. .

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့် ဘာလုပ်ပေးရမလဲ ကိုထွန်းလူ၊ အစ်ကို အဲဒီအလုပ်ကို လိုချင်လို့လား"

"နိုး . . . နိုး . . . မဟုတ်ဘူး ကိုကျော်ဇော၊ ဒီအလုပ်ကို ခင်ဗျား မလျှောက်ဖြစ်မှာစိုးလို့ လျှောက်ဖို့လာတိုက်တွန်းတာပါ"

"ဗျာ ကျွန်တော်လုပ်ရမယ် ဟုတ်လား အစ်ကို"

ဒေါက်တာဘွဲ့ရသည်မှာ သူက ကျွန်တော့်ထက် လေးနှစ်ခန့်စောသော စီနီယာတစ်ယောက်မို့ တလေးတစား အစ်ကိုဟုခေါ်လိုက်ခြင်းဖြစ်ပါသည်။

"ဟုတ်ပါတယ်၊ ဘာလို့လုပ်စေချင်သလဲဆိုတော့ . ."

သည်စကား အစချီပြီး ကိုထွန်းလူက သက္ကယ်သောင်ရွာ လူပျောက်မှုနဲ့ လပွတ္တာလူပျောက်မှုတွေကို ရှည်လျားစွာ ပြောပြပါသည်။ ထိုအကြောင်းကို ပုံပြင်တစ်ပုဒ်နှယ် ရှည်လျားစွာ ပြောပြပြီးနောက် ဤအမှုကို သူလိုက်နေကြောင်းနှင့် အမှုတာရှာခံမှာ ဒေါက်တာကျော်သာဖြစ်နိုင်ကြောင်း။ ထို့ကြောင့် ကိုထွန်းလူက တခြားသက်သေများ ရှာဖွေနေချိန်၌ ကျွန်တော်က ဒေါက်တာကျော်သာနှင့် လိုက်သွားကာ အတွင်းကျကျစုံစမ်းရန်ဖြစ်ပါသည်။

ကျွန်တော်လည်း ကိုထွန်းလူကို ကူညီလိုသည်ကတစ်ကြောင်း၊ ပျောက်ဆုံးနေသူမိသားစုများကို ကိုယ်ချင်းစာသောကြောင့်လည်းကောင်း၊ အလုပ်လျှောက်ရန် သဘောတူလိုက်ပါသည်။



"ခင်ဗျားလျှောက်ရင် ရမှာပါ ကိုကျော်ဇော"

ကိုထွန်းလူပြောသည့်အတိုင်းပင် ကျွန်တော် ဒေါက်တာကျော်သာနှင့် သွားတွေ့သောအခါ ဒေါက်တာက ကျွန်တော့်ကို ပွင့်လင်းရင်းနှီးစွာဖြင့် . .

"မောင်ရင်က မောင်ကျော်ဇောလား"

"ဟုတ်ပါတယ် ဆရာကြီး"

"ပညာအရည်အချင်းကိုတော့ စစ်ဆေးဖို့မလိုတော့ပါဘူး၊ ကျုပ် မောင်ရင်ကို တစ်ခုပဲ မေးမယ်"

"မေးပါခင်ဗျာ"

"မောင်ရင် မိသားစုနဲ့ခွဲခွာပြီး ရေမြေခြားမှာ သွားနေနိုင်ပါ့မလား"

ထိုမေးခွန်းအတွက် ကျွန်တော်ခေတ္တမျှ စဉ်းစားပြီး နေနိုင်ကြောင်း ပြန်ပြောလိုက်ပါသည်။

အမြီးတန္နံ့နှင့် သူ့ခြေရင်းမှာ တအိအိအသံပြုကာ ဝပ်နေသည့် ကျားဆိုသော ခွေးကြီး၏ ထွားကျိုင်းမှုမှာ ကြောက်စရာပင်ကောင်းလှသည်။ ထို့အပြင် ခွေးကြီး၏ ကျောထက်၌ အမွေးများရှိရမည့်အစား သစ်ခေါက်နှယ် အခေါက်များရှိနေသည်ကို အံ့ဩဖွယ်တွေ့ရလေသည်။

"သူနဲ့ကျုပ်ဟာ ဘဝတူတွေပေါ့ဗျ"

ကျွန်တော်တို့နှစ်ယောက် မြေလမ်းကျဉ်းကလေးအတိုင်း အိမ်ဆီသို့ လျှောက်ခဲ့ကြ၏။

တစ်ဘက်တစ်ချက်ရှိ ပန်းပျိုးပင်များနှင့်မြက်ခင်းများကို ကြည့်ရင်း ကျောစိမ့်လာသည်။ သို့သော် ကျွန်တော်နောက်

www.burmeseclassic.com

www.burmeseclassic.com



မဆုတ်သာတော့ချေ။ ရှေ့သို့ ဆက်တိုးရန်သာရှိတော့သည်။ ကိုထွန်းလူ၏စိတ်ကူးနှင့် သူလိုက်နေသော အမှုအတွက် မိမိသတ္တိကို မွေးလိုက်ရသည်။

ပန်းပျိုးခင်း၌ လူ၏ဦးခွံပုံ၊ လက်ဖြန့်ရိုးပုံ၊ ကင်းမြီးကောက်ပုံ၊ မြွေပုံတို့အပြင် မျက်လုံးနှင့် မျက်ဝံ့ပုံများကိုလည်း တွေ့မြင်ရသည်။ ထို့နောက် မြက်ခင်းမှာ ပို၍ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ အစိမ်းရောင်မဟုတ်ဘဲ အဖြူရောင်ဖွေးဖွေးမြက်ခင်းဖြစ်နေခြင်းပင်။ ဤအရပ်ရှိ သစ်ပင်၊ မြက်ပင်မှန်သမျှမှာ ရုက္ခဗေဒပညာကို တစ်ဘက်ကမ်းခတ်ကျွမ်းကျင်သူတစ်ယောက်၏ သဘာဝလွန်စိတ်ကူးများကို အကောင်အထည်ဖော်ထားခြင်းဖြစ်ပေမည်။

ကျွန်တော်တို့ အိမ်ကြီးတံခါးဝရောက်သည်နှင့် သစ်သားတံခါးကြီးပွင့်သွား၏။

ခန်းမကျယ်ကြီးကိုဖြတ်၍ နောက်ထပ်တံခါးတစ်ခုကို ဖွင့်လိုက်ရာ ဧည့်ခန်းတစ်ခန်းအတွင်းသို့ ရောက်ရှိခဲ့ပါသည်။ ဧည့်ခန်းမှာ ပေ၂၀ ပတ်လည်ခန့် ကျယ်ဝန်းပြီး အနက်ရောင်ကော်ဇောတစ်ခု ခန်းလုံးပြည့် ခင်းထား၏။ ဧည့်ခန်းအလယ်ရှိ ပုံစံမမှန်သော ကျွန်းဖြတ်သားစားပွဲပေါ်တွင် အနက်ရောင် အရိုးခွံတစ်ခု တင်ထားသည်။

ဧည့်ခန်းနံဘေးပါတ်လည်တွင် သီးသန့်ပြုလုပ်ထားသော သစ်သားတန်းပေါ်၌ အလှစိုက်ပန်းအိုးများနှင့် သစ်ပင်များစိုက်ထားသည်။ ၎င်းအပင်တို့မှာ အပင်ငယ်မျိုးဖြစ်သော နှင်းဆီ၊



စံပယ်၊ ပိန်းပင်၊ သစ်ခွစသည်တို့မဟုတ်ဘဲ ကုက္ကိုလ်ပင်၊ ထန်းပင်၊ အုန်းပင်၊ ညောင်မုတ်ဆိတ်ပင်နှင့် အပင်ကြီးမျိုးများကို တစ်ပေခန့်ထက်ပိုမကြီးအောင် ရုက္ခဗေဒပညာဖြင့် ထိန်းထားခြင်းဖြစ်သည်။

ကျွန်တော်အပင်များကိုငေးနေခိုက် တံခါးတစ်ချပ်ပွင့်လာပြီး ကိုင်းမပါသော မျက်မှန်ငယ်နှင့် ဒူးဆစ်ခန့်ရှည်သော ကုတ်အင်္ကျီအနက်ကိုဝတ်ဆင်ထားသည့် ဒေါက်တာကျော်သာထွက်လာသည်။

"ကျုပ် ညနေကတည်းကမျှော်နေတာ မောင်ရင်ဗိုက်ဆာရော့မယ်၊ ပျဉ်းကတိုး ထမင်းပွဲပြင်ဖို့ ဘုကြီးကိုပြောလိုက်"

"ဟုတ်ကဲ့ ဆရာကြီး"

ထိုနေ့ညက ရောက်စခရီးပန်းသည်မို့ အနားယူရန်ပြောပြီး ထမင်းအတူစားပြီးသည်နှင့်-ဆရာကြီးမှာ ကျွန်တော့ကိုထားခဲ့ပြီး ပြန်သွားလေတော့သည်။

(ကျွန်တော်ရောက်ပြီး နေ့စဉ်တွေ့ကြုံရသည်များကို တစ်ခုချင်းရေးနေရပါက လွန်စွာရှည်လျားတော့မည် စိုးပါသော ကြောင့်အားလုံးကို ချုံ့ရေးသားလိုက်ရပါသည်။)

ဆရာကြီးသည် တိရိစ္ဆာန်များ၏ အသွေးအသားမျိုးပွါးသန္ဓာန်တို့နှင့် သစ်ပင်များကိုရောစပ်ကာ ထူးဆန်းသော သစ်ပင်များ၊ လူ (သို့မဟုတ်) တိရိစ္ဆာန်များဖြစ်စေသည်။ သူသည်ပျဉ်းကတိုးကို စမ်းသပ်ခဲ့ရာ အောင်မြင်ခဲ့၏။ သစ်ပင်နှင့်လူရောစပ်ရာ ထွားကြိုင်း၍ သစ်ပင်နှင့်တူသောလူကြီးတစ်ယောက်ဖြစ်တည်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် လူ၏အရိုးခေါင်းသီးသောအပင်များ၊ လက်ဖဝါးသဖွယ်အရွက်များနှင့် မြက်ခင်းဖြူတို့အပြင် အခြားထူးဆန်းသောလူနှင့် ရက္ခ (သစ်ပင်) တို့၏ ထူးခြားထိတ်လန့်ဖွယ်ပေါင်းစပ်မှုများကို ဆက်တိုက်ပြုလုပ်ပါသည်။ တစ်နေ့သ၌ လူများကိုတစ်ယောက်ပြီး တစ်ယောက် ဖမ်းခေါ် လာခဲ့ပါသည်။ ထိုသူများထဲမှ ကိုယ်ဝန်ဆောင်တစ်ယောက်ပါလာပြီး ထိုကိုယ်ဝန်ဆောင်၏ သန္ဓေသားကို ထုတ်ယူ၍ သစ်ပင်တစ်ပင်နှင့်မျိုးစပ်စိုက်ပျိုးရာ အရိုးခေါင်းများသီးသော အပင်ပေါက်လာခဲ့ပါသည်။

ဆရာကြီးက နောင်ဆိုလျှင် မွေးခါစကလေးများသီးသောအသီးမျိုးဖြစ်အောင် ကြိုးစားရမည်။ ယခုရောက်လာသောမိန်းကလေးနှင့် ယောကျ်ားလေးတို့ကို လက်ထပ်ပေးကာ သွေးသားရောစပ်ပေးပြီး ၎င်း၏ မျိုးပွားစွမ်းရည်ကို မြှင့်တင်ကာ ရက္ခပညာစွမ်းဖြင့် ပူးပေါင်းဆောင်ရွက်ပါက လူသားကလေးများသီးပွင့်လာစေသော ရက္ခမျိုးနွယ်တစ်ခုဖြစ်လာနိုင်ကြောင်း ပြောပါသည်။

ကျွန်တော့်ကိုလည်း ပူစူးမဆိုသည့်မိန်းကလေးနှင့် ရင်းနှီးမှုရှိအောင် ကြံစည်ပါသည်။ ထိုရင်းနှီးမှုမှသည် ပူစူးမကိုလက်ထပ်ပြီး ကျွန်တော်တို့၏သွေးသားကိုလည်း စမ်းသပ်ရန်စီစဉ်ထားပြီး ဖြစ်လေသည်။ ထို့ကြောင့် ကျွန်တော်က ပျဉ်းကတိုးကို သွေးတိုးစမ်းကာ ကိုယ့်လူဖြစ်အောင် ကြိုးစားပြီး ဒေါက်တာထွန်းလူတို့နှင့်အဆက်အသွယ်မပြတ်ထားရှိခဲ့၏။ တစ်နေ့အလွန်အရေးကြီးသော ပစ္စည်းများဝယ်ရန် ဒေါက်တာ



ကျော်သာ ရန်ကုန်သို့သွားမည်သိ၍ ကျွန်တော် ကိုထွန်းလူထံသတင်းကြိုတင်ပေးပို့ပြီး ဆရာကြီးကို ထိန်းသိမ်းစေလိုက်ခြင်းဖြစ်ပါသည်။

ပြီးနောက် ကျွန်တော်နှင့်ပျဉ်းကတိုးတို့ ပူးပေါင်းကာ ဖမ်းဆီးခံထားရသူများကို အခြေအနေများ ကြိုတင်ပြောပြထားခဲ့ပါသည်။ ကျားကြီးဆိုသော ကျားတစ်ကောင်၏ သွေးသား၊ ရက္ခဗေဒလျှို့ဝှက်ချက်တစ်ချို့နှင့် ခွေးမကို သန္ဓေဆောင်စေပြီးမွေးထားသည့် ခွေးကြီးကို ပျဉ်းကတိုးအကူအညီဖြင့် သုတ်သင်ခဲ့သောကြောင့် ဖမ်းဆီးခံထားရသူများ ခြံတွင်း၌ လွတ်လပ်စွာသွားလာ၍ ရလာသည်။

ဒေါက်တာထွန်းလူတို့ရောက်လာကြသောအခါ ယခုကဲ့သို့ရန်ကုန်သို့ ပြန်လာနိုင်ခဲ့ခြင်း ဖြစ်ပါတော့သည်။

ရေးသားတင်ပြသူ
ဒေါက်တာကျော်ဇော
ရက္ခဗေဒပါရဂူ
ရန်ကုန်မြို့

သဗ္ဗေသတ္တာ
အဝေရာ
အနီဃာ
သုခီအတ္တာနံ ပရိဟရန္တု . . .

**နေမင်းသူရိန်**

www.burmeseclassic.com